

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ
# နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်
# ပြောကြားခဲ့သည့် မိန့်ခွန်းများ

( ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ )

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ
# နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်
# ပြောကြားခဲ့သည့် မိန့်ခွန်းများ

( ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ )

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စီစဉ်ထုတ်ဝေသည်။

# ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| ပြန်ကြားရေးဝန်ကြီးဌာန | - | စာအုပ်အမှတ်စဉ် ( ၇ / ၂၀၂၄ ) |
| ထုတ်ဝေသည့်ခုနှစ် | - | ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ |
| ထုတ်ဝေသည့်အကြိမ် | - | ပထမအကြိမ် |
| အုပ်ရေ | - | ၁၀၀၀ အုပ် |
| ပုံနှိပ် | - | ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန |

Online တွင်ဖတ်ရှုရန် Scan ဖတ်ပါ။

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စီစဉ်ထုတ်ဝေသည်။


## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH, NUG, PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့် လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH, NUG, PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်း ဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## Public Notice for Elimination of Violence

1. **Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.**
2. **Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.**
3. **Giving information secretly to the authorities on terrorists and on the possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ
# နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်
# ပြောကြားခဲ့သည့် မိန့်ခွန်းများ

( ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ )

# မာတိကာ


- နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅)ရပ် ၅
- နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် (၉) ရပ် ၆

**မိန့်ခွန်းများ**

၁။ ၂၀၂၄ ခုနှစ် နှစ်သစ်ကူး နှုတ်ခွန်းဆက်စကား ၇

၂။ (၇၆)နှစ်မြောက်လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ဂုဏ်ထူးဆောင်ဘွဲ့များ ချီးမြှင့်အပ်နှင်းခြင်း အခမ်းအနားတွင် ပြောကြားသည့်အမှာစကား ၉

၃။ တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်ချီးမြှင့်အပ်နှံခြင်း အခမ်းအနားတွင် ဂုဏ်ပြုပြောကြားသည့်အမှာစကား ၁၂

၄။ မှတ်ပုံတင်ခွင့်ပြုပြီး နိုင်ငံရေးပါတီများမှ တာဝန်ရှိသူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံဆွေးနွေးစဉ် ပြောကြားသည့် အမှာစကား ၁၅

၅။ လှိုင်သာယာမြို့ မြို့ပြဖွံ့ဖြိုးတိုးတက်ရေးတာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးစဉ် ပြောကြားသည့် အမှာစကား ၂၀

၆။ ရန်ကုန်အနောက်ပိုင်းနည်းပညာတက္ကသိုလ်၌ ပါမောက္ခချုပ်၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား တွေ့ဆုံစဉ် ပြောကြားသည့် အမှာစကား ၂၃

၇။ ပုသိမ်တက္ကသိုလ် ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ဆရာ၊ ဆရာမများနှင့်တွေ့ဆုံစဉ် ပြောကြားသည့် အမှာစကား ၂၇

၈။ ဧရာဝတီတိုင်းဒေသကြီး တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် မြို့မိမြို့ဖများအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးစဉ် ပြောကြားသည့် အမှာစကား ၃၀

၉။ အနောက်တောင်တိုင်းစစ်ဌာနချုပ် ပုသိမ်တပ်နယ်မှ အရာရှိ၊ စစ်သည် မိသားစုများအား တွေ့ဆုံစဉ် ပြောကြားသည့် အမှာစကား ၃၅

၁၀။ (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုဖွင့်လှစ်သည့် ကျန်းမာရေးဝန်ကြီးဌာနရန်ကုန် ပြည်သူ့ဆေးရုံကြီး ခုနစ်ထပ်ကုသဆောင်သစ် ဖွင့်ပွဲအခမ်းအနားတွင် ပြောကြားသည့် အမှာစကား ၃၈
၁၁။ "(၅၂) ကြိမ်မြောက် မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံ" ဖွင့်ပွဲအခမ်းအနားတွင် ပြောကြားသည့်ဂုဏ်ပြုမိန့်ခွန်း ၄၁
၁၂။ ၂၀၂၃ ခုနှစ်အတွင်း အာရှအဆင့်နှင့် ကမ္ဘာ့အဆင့်အားကစားပြိုင်ပွဲများတွင် ဆုတံဆိပ်ရရှိခဲ့သည့် မြန်မာအားကစားအဖွဲ့များအား နိုင်ငံတော်ကဂုဏ်ပြုဆုချီးမြှင့်သည့် အခမ်းအနားတွင် ပြောကြားသည့် အမှာစကား ၄၅
၁၃။ (၂၃)ကြိမ်မြောက် ဝိဇ္ဇာနှင့်သိပ္ပံ သုတေသနညီလာခံဖွင့်ပွဲအခမ်းအနားတွင် ပြောကြားသည့် အမှာစကား ၄၉
၁၄။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး ကော်မတီ အစည်းအဝေး အမှတ်စဉ် (၁/၂၀၂၄) တွင်ပြောကြားသည့် အမှာစကား ၅၃
၁၅။ မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်နှင့် ကွန်ပျူတာအသင်းများ၏ (၂၅) နှစ်ပြည့် ငွေရတု အထိမ်းအမှတ် ဖွင့်ပွဲအခမ်းအနားတွင် ပြောကြားသည့် အမှာစကား ၅၇
၁၆။ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၁/၂၀၂၄)တွင် ပြောကြားသည့်အမှာစကား ၆၁
၁၇။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ အစည်းအဝေး(၁/၂၀၂၄) တွင် ပြောကြားသည့် အမှာစကား ၆၇

## သဝဏ်လွှာများ

၁။ ၂၀၂၄ ခုနှစ်၊ (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာ ၈၇
၂။ (၇၆) နှစ်မြောက် ကချင်ပြည်နယ်နေ့အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာ ၉၁
၃။ ကရင်အမျိုးသားနှစ်သစ်ကူးနေ့သို့ ပေးပို့သည့် သဝဏ်လွှာ ၉၄
၄။ (၇၂) နှစ်မြောက် ကယားပြည်နယ်နေ့အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာ ၉၇
၅။ (၇၆) ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲတွင် တိပိဋကဓရ တိပိဋကကောဝိဒ ဘွဲ့တံဆိပ်တော်မြတ်အလှူခံရရှိတော်မူမည့် ဘဒ္ဒန္တပညာသိရီလင်္ကာရ ဆရာတော်ထံသို့ ပေးပို့ဆက်ကပ်သည့် ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာ ၁၀၀

■ ■ ■

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
# ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ် စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
# ဦးတည်ချက် (၉) ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာ ဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူ တစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံး အကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

# ၂၀၂၄ ခုနှစ် နှစ်သစ်ကူး နှုတ်ခွန်းဆက်စကား

( ၁ - ၁ - ၂၀၂၄ )



၂၀၂၃ ခုနှစ်ဆိုတဲ့ အချိန်ကာလကုန်ဆုံးလို့ ၂၀၂၄ ခုနှစ် နှစ်သစ်ကို ကူးပြောင်းရောက်ရှိတဲ့အချိန် အခါသမယမှာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြတဲ့ မိဘပြည်သူ တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေလို့ ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကမ္ဘာတစ်ဝန်းလုံးမှာရှိကြတဲ့ ကမ္ဘာသူ ကမ္ဘာသားများအားလုံးကိုလည်း ဘေးဘယာများ ဝေးကွာကြပါစေကြောင်းနဲ့ အေးချမ်းသာယာတဲ့ လူ့ဘောင်အသိုက်အဝန်းတစ်ခုမှာ ချစ်ခင်စည်းလုံးစွာ နေထိုင်နိုင်ကြပါစေကြောင်းလည်း ဆန္ဒပြု ဆုတောင်းပေးလိုက်ရပါတယ်။

ကျွန်တော်တို့နိုင်ငံမှာ ပြီးခဲ့တဲ့ ၂၀၂၃ ခုနှစ် ကာလအတွင်း တွေ့ကြုံခဲ့ရတဲ့ အခက်အခဲအချို့နဲ့ စိန်ခေါ်မှုများကိုလည်း နိုင်ငံတော်အစိုးရနဲ့ တိုင်းရင်းသားပြည်သူအားလုံး လက်တွဲပူးပေါင်းပြီး အောင်မြင်စွာရင်ဆိုင်ကျော်လွှားနိုင်ခဲ့ကြပါတယ်။ ဒီမိုကရေစီနည်းလမ်းတကျနဲ့ ငြိမ်းချမ်းစွာ ကိုယ့်နိုင်ငံတိုးတက်စေဖို့ ဆန္ဒမရှိသူတွေကတော့ ပြည်သူပြည်သားတွေကို နည်းမျိုးစုံနဲ့ နှောင့်ယှက်ခဲ့ကြတာလည်း ရှိပါတယ်။ အဖျက်လုပ်ငန်းအမျိုးမျိုးကြောင့် နိုင်ငံပိုင်၊ ပြည်သူပြည်သားတွေရဲ့ပိုင်ဆိုင်မှုများ ထိခိုက်ပျက်စီးဆုံးရှုံးမှုဟာ တိုင်းပြည်အတွက် အနုတ်လက္ခဏာပဲ ဖြစ်ခဲ့ပါတယ်။ ဒါတွေသာ မရှိခဲ့၊ မဖြစ်ခဲ့ဘူးဆိုရင် ကျွန်တော်တို့နိုင်ငံဟာ များစွာကို တိုးတက်နေမှာဖြစ်ပါတယ်။ ဒါဟာ ကျွန်တော်တို့အတွက် သင်ခန်းစာပါ။ ကျွန်တော်တို့အားလုံး နိုင်ငံကိုချစ်တဲ့၊ အမျိုးကိုချစ်တဲ့စိတ်၊ ညီညွတ်တဲ့အားနဲ့ကျော်လွှားရပါမယ်။ ၂၀၂၄ ခုနှစ်မှာလည်း ကျွန်တော်တို့အစိုးရအနေနဲ့ ချမှတ်ထားတဲ့ အမျိုးသားရေးရည်မှန်းချက်များ၊ နိုင်ငံရေးရည်မှန်းချက်များ၊ ရှေ့လုပ်ငန်းစဉ်များနဲ့ ဦးတည်ချက်များကို အောင်မြင်စွာအကောင်အထည်ဖော်နိုင်ဖို့ ပြည်သူလူထုနဲ့ လက်တွဲပြီး ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ အဓိကအားဖြင့် စီးပွားရေးပိုမိုကောင်းမွန်အောင် ကြိုးပမ်းဆောင်ရွက်သွားပါမယ်။

စိုက်ပျိုးရေးနဲ့ မွေးမြူရေးကို အခြေခံတဲ့ MSME လုပ်ငန်းများ ယခုထက် ပိုမိုအားကောင်းလာအောင် ဆောင်ရွက်ပေးသွားပါမယ်။ ပညာရေးကိုလည်း ပိုမိုအားပေးဆောင်ရွက်သွားပါမယ်။ ဒါကြောင့် ကျွန်တော်တို့ တိုင်းရင်းသားပြည်သူအားလုံးအနေနဲ့ တည်ငြိမ်အေးချမ်းပြီး မိမိတို့ရဲ့လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာအောင် ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ကြဖို့လည်း ပြောကြားလိုပါတယ်။ ကျွန်တော်တို့ အစိုးရရဲ့ "ရှေ့သို့ချီမည် ပန်းတိုင်ဆီ" ဆိုသည့်အတိုင်း နိုင်ငံအကျိုး၊ တိုင်းရင်းသားပြည်သူအားလုံးရဲ့အကျိုးကို ရှေးရှုပြီး ပိုမိုကောင်းမွန်တဲ့နိုင်ငံတော်နဲ့ လူမှုစီးပွားဘဝများကို ကြိုးစားတည်ဆောက်ပေးသွားမှာဖြစ်ပါတယ်။

၂၀၂၄ ခုနှစ်အတွင်းမှာ ကျွန်တော်တို့နိုင်ငံအတွင်းပြည်လုံးကျွတ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်းတွေကို ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ သန်းခေါင်စာရင်းမှ ရရှိတဲ့ လူဦးရေဆိုင်ရာကိန်းဂဏန်းအချက်အလက်များက ကျွန်တော်တို့နိုင်ငံရဲ့လူမှုရေး၊ စီးပွားရေး၊ စီမံခန့်ခွဲရေးကိစ္စရပ်များမှာ အကျိုးရှိရှိလုပ်ဆောင်နိုင်မှာဖြစ်ပါတယ်။ ဒါ့အပြင် ကျွန်တော်တို့အစိုးရရဲ့ အဓိကရည်မှန်းချက်ဖြစ်တဲ့ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးဖြစ်ပေါ်စေရေးအတွက် အခြေခံအချက်ဖြစ်တဲ့ မဲစာရင်းများ မှန်ကန်ပြည့်စုံရေးမှာလည်း အသုံးပြုနိုင်မှာ ဖြစ်ပါတယ်။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးအနေနဲ့လည်းဆောင်ရွက်မယ့် သန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်းစဉ်များမှာ ပူးပေါင်းပါဝင်ပေးကြဖို့လည်း ပြောကြားလိုပါတယ်။

ကျွန်တော်တို့နိုင်ငံဟာ လွတ်လပ်ရေးရတာ (၇၆)နှစ်ရှိပြီ ဖြစ်ပါတယ်။ အကြောင်းအမျိုးမျိုးကြောင့် ထိုက်သင့်သော တိုးတက်မှု မရသေးပါဘူး။ ကိုယ့်နိုင်ငံကို တိုးတက်သာယာဝပြောစေချင်ရင် (၁) တရားဥပဒေကို လေးစားလိုက်နာရပါမယ်၊ (၂) စည်းကမ်းရှိရှိနဲ့ စည်းစည်းလုံးလုံးနေထိုင်ကြရပါမယ်၊ (၃) အနာဂတ်ကိုမျှော်တွေးပြီး ပညာသင်ကြားသင့်တဲ့အရွယ်မှာ ပညာသင်ကြားရေးသက်ဆိုင်သူအားလုံးက ဝိုင်းဝန်းကြိုးပမ်းပေးရပါမယ်၊ (၄) တတ်နိုင်သူများ၊ အလုပ်လုပ်နိုင်သူများအားလုံးကုန်ထုတ်လုပ်မှုမြင့်မားရေး ရင်းနှီးမြှုပ်နှံအလုပ်လုပ်ကြဖို့လိုပါတယ်။ ဘာအလုပ်ပဲ လုပ်ကြလုပ်ကြ အင်အားရှိမှရမှာဖြစ်လို့ ပျော်ရွှင်ဖွယ်ရာမိသားစုများ တည်ဆောက်ကြဖို့လည်း တိုက်တွန်းလိုပါတယ်။ ကုန်လွန်ခဲ့တဲ့ နှစ်ဟောင်းထဲမှ ကျွန်တော်တို့ နိုင်ငံတော်အတွက် အကျိုးဖြစ်ထွန်းစေမယ့် အရာတွေကို ဆက်လက်သယ်ဆောင်ကြပြီးမကောင်းသောအတွေး မကောင်းသောအမြင်များနဲ့မကောင်းသော လုပ်ရပ်များကို ချန်ရစ်ခဲ့ကာ လူမျိုးရေး၊ ဘာသာရေး၊ ဒေသအရေးအစွဲများကင်းဝေးခြင်းနဲ့အတူ တစ်ဦးအပေါ်တစ်ဦး ကိုယ်ချင်းစာတရား၊ မုဒိတာတရား၊ မေတ္တာတရားများနဲ့ ကျွန်တော်တို့အားလုံး မျှော်လင့်တောင့်တနေတဲ့ နိုင်ငံတော်သစ်ဆီ ဆက်လက်လျှောက်လှမ်းကြပါစို့လို့ တိုက်တွန်းပြောကြားရင်း နှစ်သစ်ကူးနှုတ်ခွန်းဆက်စကား ပြောကြားအပ်ပါတယ်ခင်ဗျား။

■ ■ ■

# (၇၆)နှစ်မြောက်လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ဂုဏ်ထူးဆောင်ဘွဲ့များ ချီးမြှင့်အပ်နှင်းခြင်းအခမ်းအနားတွင် ပြောကြားသည့်အမှာစကား

( ၄ - ၁ - ၂၀၂၄ )





(၇၆)နှစ်မြောက်လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဂုဏ်ထူးဆောင်ဘွဲ့များ ချီးမြှင့်အပ်နှင်းခြင်းအခမ်းအနားကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး သဘင်ဆောင်၌ ဇန်နဝါရီလ(၄)ရက်နေ့ နံနက်ပိုင်းတွင် ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားပြီး ဂုဏ်ထူးဆောင်ဘွဲ့များ ချီးမြှင့်အပ်နှင်းသည်။

**တက်ရောက်**

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီး ဒေါ်ကြူကြူလှ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး သီရိပျံချီ မဟာသရေစည်သူ စိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်၊ ကောင်စီအတွင်းရေးမှူးနှင့်ဇနီး၊ တွဲဖက်အတွင်းရေးမှူးနှင့်ဇနီး၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဝင်များနှင့်ဇနီးများ၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ဂုဏ်ထူးဆောင်ဘွဲ့ရရှိကြသည့် ပုဂ္ဂိုလ်များနှင့်မိသားစုဝင်များ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကား ပြောကြားရာတွင် မိမိတို့နိုင်ငံတော်သည် ရှေးနှစ်ပေါင်းများစွာကတည်းက ကိုယ်ပိုင်ယဉ်ကျေးမှု၊ ကိုယ်ပိုင်ဓလေ့ ထုံးတမ်းအစဉ်အလာများကို ထိန်းသိမ်းစောင့်ရှောက်ခဲ့ပြီး ကိုယ့်ထီးကိုယ့်နန်း ကိုယ့်ကြငှန်းနှင့် တိုင်းရင်းသားညီအစ်ကိုမောင်နှမများ စည်းလုံးညီညွတ်စွာ အတူတကွစုပေါင်း နေထိုင်ခဲ့ကြသည့် အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်နိုင်ငံအဖြစ် ကမ္ဘာ့အလယ်တွင် ထည်ဝါစွာရပ်တည်ခဲ့ပါကြောင်း၊ သို့သော် ၁၉ရာစုနှောင်းပိုင်းတွင် ကိုလိုနီနယ်ချဲ့များက ကျူးကျော်စစ်သုံးကြိမ်ဆင်နွှဲပြီး မတရားကျူးကျော်သိမ်းပိုက်ခဲ့သည့်အတွက် ၁၈၈၅ ခုနှစ်တွင် နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ လက်လွတ်ဆုံးရှုံးခဲ့ရပါကြောင်း။

နိုင်ငံတစ်နိုင်ငံ၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဆိုသည်မှာ တစ်ခဏတာအတွင်း ဆုံးရှုံးသွားနိုင်သော်လည်း လွတ်လပ်ရေးရရှိရန် ကြာမြင့်စွာ ကြိုးပမ်းအားထုတ်ရခြင်းဖြစ်ပါကြောင်း၊ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ ဦးဆောင်မှုအောက်တွင် ပြည်ထောင်စုဖွားတိုင်းရင်းသား

နိုင်ငံတစ်နိုင်ငံ၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဆိုသည်မှာ တစ်ခဏတာအတွင်း ဆုံးရှုံးသွားနိုင်သော်လည်း လွတ်လပ်ရေးရရှိရန် ကြာမြင့်စွာ ကြိုးပမ်းအားထုတ်ရခြင်းဖြစ်၊ ဗိုလ်ချုပ်အောင်ဆန်း၏ ဦးဆောင်မှု အောက်တွင် ပြည်ထောင်စုဖွားတိုင်းရင်းသား အားလုံးက စည်းလုံးညီညွတ်စွာ ဇွဲ၊ လုံ့လ၊ သတ္တိအပြည့်ဖြင့် ညီညီညွတ်ညွတ် ကြိုးပမ်းခဲ့ကြသောကြောင့် လွတ်လပ်သည့် နိုင်ငံတစ်နိုင်ငံအဖြစ် ကမ္ဘာ့အလယ်တွင် ဝင့်ထည်ခံ့ညားစွာ ပြန်လည်ရပ်တည်နိုင်ခဲ့။

အားလုံးက စည်းလုံးညီညွတ်စွာ ဇွဲ၊ လုံ့လ၊ သတ္တိအပြည့်ဖြင့် ညီညီညွတ်ညွတ်ကြိုးပမ်းခဲ့ကြသောကြောင့် ၁၉၄၈ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် လွတ်လပ်သည့်နိုင်ငံ တစ်နိုင်ငံအဖြစ် ကမ္ဘာ့အလယ်တွင် ဝင့်ထည်ခံ့ညားစွာ ပြန်လည်ရပ်တည်နိုင်ခဲ့ခြင်း ဖြစ်ပါကြောင်း၊ ထို့ကြောင့် ယနေ့သည် မိမိတို့နိုင်ငံအတွက် အလွန်အင်မတန်ထူးမြတ်သည့် (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယဖြစ်ပါကြောင်း။

ပြည်ထောင်စုကြီး ထာဝရတည်တံ့ရေးကြိုးပမ်းမှုနှင့်အတူ တစ်ဖက်တွင်လည်း ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေး၊ နိုင်ငံ့စီးပွားမြှင့်တင်ရေး၊ ပြည်သူလူထု တစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြှင့်တင်ရေး၊ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံ ဒီမိုကရေစီစနစ်ခိုင်မာစေရေး စသည့်နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းစဉ်များကိုလည်း အထူးအလေးထားပြီး ဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း။

**လက်တွဲကြိုးပမ်းနေကြ**

နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများကိုအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ ပြည်ထောင်စုအစိုးရစသည့် တိုင်းပြည်၏ အဓိကမဏ္ဍိုင်ကြီးများက တာဝန်ရှိသူများနှင့်အတူ ကဏ္ဍပေါင်းစုံ၊ ဘက်ပေါင်းစုံက ပုဂ္ဂိုလ်အသီးသီးတို့ကလည်း လက်တွဲကြိုးပမ်းနေကြခြင်းဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံ၏ (၇၆)နှစ်မြောက် နေ့ထူးနေ့မြတ် အခါသမယတွင် နိုင်ငံတော်အတွက် ထူးကဲသာလွန်စွာ အကျိုးပြုခဲ့ကြသူများကို ဂုဏ်ပြုချီးမြှင့်နိုင်ရန်အတွက် ယခုအခမ်းအနားကို ကျင်းပရခြင်းဖြစ်ပါကြောင်း။

အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်တည်ဆောက်ရာတွင် ထူးကဲစွာဆောင်ရွက်ခဲ့ကြသည့် ပုဂ္ဂိုလ်များ၊ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်ရာတွင် သက်စွန့်ကြိုးပမ်းထမ်းဆောင်ခဲ့ကြသည့် ပုဂ္ဂိုလ်များ၊ နိုင်ငံတော်၏ စီးပွားရေး၊ လူမှုရေး၊ ပြည်သူ့ရေးရာ စီမံခန့်ခွဲရေးကဏ္ဍများတွင် ထူးခြားထက်မြက်စွာ စွမ်းဆောင်နိုင်ခဲ့ကြသည့် ပုဂ္ဂိုလ်များ၊ နယ်ဘက်နှင့် စစ်ဘက်ဆိုင်ရာတွင် တိုင်းကျိုးပြည်ကျိုးကို အများနှင့်မတူအောင် ထူးခြားစွာ စွမ်းဆောင်နိုင်ခဲ့ကြသည့် ပုဂ္ဂိုလ်များ၊ နိုင်ငံနှင့်လူမျိုးအတွက် သိပ္ပံပညာ၊ ဝိဇ္ဇာပညာနှင့် အခြားပညာရပ်တစ်ခုခုတွင် ကမ္ဘာ့အဆင့်မီစွာတီထွင်ဖန်တီးအောင်မြင်အောင် စွမ်းဆောင်နိုင်သည့်ပုဂ္ဂိုလ်များ၊ စာပေနှင့် အနုသုခုမပညာရပ်များတွင် ထူးခြားကောင်းမွန်စွာ တတ်မြောက်သူပုဂ္ဂိုလ်များ၊ နိုင်ငံတော်လုံခြုံရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးတို့အတွက် မဆုတ်မနစ်သော ဇွဲ၊ လုံ့လ၊ ဝီရိယဖြင့် ကြိုးပမ်းထမ်းဆောင်ကြသည့် ပုဂ္ဂိုလ်များကို ယခုကဲ့သို့ ထူးခြားလေးနက်သည့်(၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အဖြစ် ဂုဏ်ထူးဆောင်ဘွဲ့များကို ချီးမြှင့်အပ်နှင်းသွားမည်ဖြစ်ပါကြောင်း။

**စုစုပေါင်း ၁၅၃ ဦး**

ယနေ့အခမ်းအနားတွင် သရေစည်သူဘွဲ့ ကိုးဦး၊ စည်သူဘွဲ့ ငါးဦး၊ သူရဘွဲ့ ခြောက်ဦး၊ သီရိပျံချီ ဘွဲ့ ၄၂ ဦး၊ ဝဏ္ဏကျော်ထင်ဘွဲ့ ၈၃ ဦး၊ အလင်္ကာကျော်စွာဘွဲ့ လေးဦး၊ သိပ္ပကျော်စွာဘွဲ့ လေးဦး၊ စုစုပေါင်း ၁၅၃ ဦးကိုသက်ဆိုင်ရာ ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်များ ချီးမြှင့်အပ်နှင်းသွားမည် ဖြစ်ပါကြောင်း၊ ယခုကဲ့သို့ ဂုဏ်ပြုချီးမြှင့်ခြင်းခံရသည့်အတွက် ဘွဲ့ခံပုဂ္ဂိုလ်များအနေဖြင့် ဝမ်းမြောက်ဝမ်းသာ

ဖြစ်သကဲ့သို့ ဘွဲ့ခံပုဂ္ဂိုလ်များအတွက်သာမက သက်ဆိုင်ရာ မိသားစုဝင်များအတွက်လည်း သားစဉ်မြေးဆက် ဂုဏ်ယူ ဝင့်ကြွားစရာ အထိမ်းအမှတ်သင်္ကေတများ အဖြစ်ဖြင့် ဆက်လက်တည်ရှိနေကြမည် ဖြစ်ပါကြောင်း။

လွတ်လပ်ရေးခရီး (၇၆) နှစ်ပြည့်မြောက်လာပြီ ဖြစ်သည့် ယနေ့အချိန်တွင် နိုင်ငံတော်အစိုးရအနေဖြင့် စစ်မှန်ပြီး စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံ သည့် ပြည်ထောင်စုတည်ဆောက်ရေး၊ တိုင်းပြည်သာယာ ဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေး၊ တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးစသည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဦးတည်ချက်များ ခိုင်ခိုင်မာမာ ချမှတ် ပြီး နိုင်ငံတော်ခေတ်မီဖွံ့ဖြိုး တိုးတက်ရေးလုပ်ငန်းများကို အားသွန်ခွန်စိုက် အကောင်အထည်ဖော် ဆောင်ရွက်နေ ပါကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် နိုင်ငံတော်အစိုးရ နှင့်အတူ ကဏ္ဍပေါင်းစုံ၊ ဘက်ပေါင်းစုံက အသိပညာရှင်၊ အတတ်ပညာရှင်များ၊ တိုင်းရင်းသားပြည်သူများ၏ ကြိုးပမ်းအားထုတ်မှုများ ဆက်လက်၍ လိုအပ်နေဦးမည် ဖြစ်သည့်အတွက် နိုင်ငံတော်ကြီး ရေရှည်တည်တံ့ခိုင်မြဲရေး၊ အေးချမ်းသာယာရေး၊ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးတို့ အတွက် အတူတကွလက်တွဲဆောင်ရွက်သွားကြပါဟု အလေးအနက် တိုက်တွန်းမှာကြားလိုပါကြောင်း ပြော ကြားသည်။

■ ■ ■

# တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ် ချီးမြှင့်အပ်နှံခြင်း အခမ်းအနားတွင် ဂုဏ်ပြုပြောကြားသည့်အမှာစကား

( ၄ - ၁ - ၂၀၂၄ )





တပ်မတော် စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင် တံဆိပ်များ ချီးမြှင့်အပ်နှင်းခြင်း အခမ်းအနားကို ဇန်နဝါရီလ ၄ ရက်နေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် တက်ရောက်အမှာ စကားပြောကြားပြီး ဂုဏ်ထူးဆောင်တံဆိပ်များကို ချီးမြှင့်အပ်နှင်းပေးသည်။

**တက်ရောက်**

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိ သုဓမ္မ မင်းအောင်လှိုင်နှင့်အတူ ဇနီး ဒေါ်ကြူကြူလှ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် သီရိပျံချီမဟာသရေ စည်သူ စိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်၊ ညှိနှိုင်းကွပ်ကဲ ရေးမှူး (ကြည်း၊ ရေ၊ လေ)ဗိုလ်ချုပ်ကြီး သီရိပျံချီ စည်သူ မောင်မောင်အေးနှင့်ဇနီး၊ ကာကွယ်ရေး ဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင် စည်သူ မိုးအောင်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင် စည်သူထွန်းအောင်နှင့်ဇနီး၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ် များနှင့် ဇနီးများ၊ ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှတပ်မတော် အရာရှိကြီးများ နှင့်ဇနီးများ၊ တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူး ဆောင်တံဆိပ် လက်ခံရယူကြမည့်အရာရှိ စစ်သည်များနှင့် အမွေခံများ တက်ရောက်ကြသည်။

**ချီးမြှင့်အပ်နှင်းလျက်ရှိ**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်က ဂုဏ်ပြုအမှာစကား ပြောကြားရာတွင် ရဲဘော်အချင်းချင်းအပေါ် ထားရှိသည့် မေတ္တာတရား၊ သံယောဇဉ်တရား၊ သစ္စာစောင့်သိမှုတရား များကို ရှေ့တန်းတင်ပြီး တိုင်းပြည်နှင့် လူမျိုးအတွက် နိုင်ငံတော်ကာကွယ်ရေး တာဝန်များကို ရွပ်ရွပ်ချွံချွံ ရဲစွမ်းသတ္တိပြောင်မြောက်စွာ စွမ်းဆောင်ခဲ့ကြသူများကို နှစ်စဉ် ဇန်နဝါရီလ ၄ ရက် ရောက်သည့်အခါတိုင်း တပ်မတော်စွမ်းရည်သတ္တိနှင့် စွမ်းဆောင်မှုဆိုင်ရာ ဂုဏ်ထူးဆောင်ဘွဲ့/တံဆိပ်နှင့် လက်မှတ်များ ချီးမြှင့် အပ်နှင်းလျက်ရှိကြောင်း၊ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ် အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေး သုံးပါးကို ကာကွယ်စောင့်ရှောက်ရမည့် တာဝန်သည်

> **နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို သွေးတိုးစမ်းသည့် အဖျက်အမှောင့် လုပ်ရပ်များရှိခဲ့သောကြောင့် မြန်မာ့တပ်မတော်၏ အစဉ်အလာကောင်း များနှင့်အညီ ပြန်လည်ချေမှုန်းခဲ့ရသည့် သမိုင်းဝင် တိုက်ပွဲပေါင်းများစွာလည်း ရှိခဲ့ပြီးဖြစ်၊ ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုး အကျိုးအတွက် နိုင်ငံတော်ကာကွယ်ရေး တာဝန်များကို အပြောမဟုတ် အလုပ် သက်သေများနှင့် ဆောင်ရွက်ပြသည့် ပါရမီ ဖြည့်ဖက်များ၏ ဆောင်ရွက်ချက်များသည် သာမန်အမျိုးသမီးတိုင်း လုပ်နိုင်ခဲ့သည့် စွမ်းဆောင်ရည်များပင်ဖြစ်။**

နိုင်ငံသားတိုင်း၏ တာဝန်ပင်ဖြစ်ကြောင်း၊ **မိမိတို့ထံရောက်ရှိလာသည့် သမိုင်းပေးတာဝန်များကို ရဲစွမ်းပြောင်မြောက်သည့် သူရသတ္တိအပြည့်ဖြင့် အသက်၊ သွေး၊ ချွေး၊ ခန္ဓာတို့ ရင်းနှီးပေးဆပ်ပြီး တိုက်ပွဲဝင်ခဲ့ကြသည့် နိုင်ငံ့သားကောင်းများကို ယခုကဲ့သို့ လွတ်လပ်ရေးနေ့အခါသမယရောက်တိုင်း ဂုဏ်ပြုချီးမြှင့်လျက်ရှိခြင်းသည် ဂုဏ်ပြုထိုက်သူကို ဂုဏ်ပြုခြင်းဟူသည့် မင်္ဂလာတရားတော်နှင့်အညီ ချီးမြှင့်ပေးခြင်း ဖြစ်သကဲ့သို့ မျိုးဆက်သစ်လူငယ်များနှင့် မျိုးဆက်သစ် တပ်မတော်သားများအတွက် အဖိုးတန်စိတ်ဓာတ်ကောင်းများကို အားကျအတုယူစေရန်ပင်ဖြစ်**ကြောင်း။

အတိတ်ကာလမှ ယနေ့ထက်တိုင် နယ်ချဲ့အင်အားကြီးနိုင်ငံများသည် ၎င်းတို့၏ အကျိုးစီးပွားကိုသာ ဦးစားပေးပြီး နိုင်ငံငယ်များအပေါ် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစသည့် နည်းလမ်းမျိုးစုံသုံးပြီး ထိုးဖောက်ဝင်ရောက်ခြယ်လှယ်နေကြကြောင်း၊ ထိုသို့လုပ်ဆောင်နိုင်ရန်အတွက် ၎င်းတို့သည် ယင်းနိုင်ငံငယ်များကို ဦးစွာ တိုင်းရင်းသားလူမျိုးအချင်းချင်း စည်းလုံးညီညွတ်မှုပျက်ပြားအောင်၊ အစိုးရနှင့်ပြည်သူ၊ ပြည်သူနှင့် တပ်မတော်ကြား သွေးကွဲသွားအောင် နည်းပညာအား၊ မီဒီယာအားများဖြင့် အရင်ဆုံးထိုးနှက်တိုက်ခိုက်မှုများ ပြုလုပ်လျက်ရှိကြောင်း၊ ထို့ကြောင့် တပ်မတော်သားများ အပါအဝင် တိုင်းရင်းသားပြည်သူများအနေဖြင့် အသိ၊ သတိနှင့်ယှဉ်ပြီး မိမိတို့နိုင်ငံ၏ အမျိုးသားအကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ကြရန်လိုအပ်ကြောင်း။

**ကမ္ဘာ့နိုင်ငံများနှင့် မိတ်ဝတ်မပျက် ဆက်ဆံနေထိုင်**

မိမိတို့နိုင်ငံသည် သမိုင်းကနေ ရရှိခဲ့သည့် အတွေ့အကြုံသင်ခန်းစာများကြောင့် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကြီး(၅)ရပ်နှင့်အညီ ကမ္ဘာ့နိုင်ငံများနှင့် မိတ်ဝတ်မပျက်ဆက်ဆံနေထိုင်လျက်ရှိကြောင်း၊ နိုင်ငံတကာရေးရာကိစ္စရပ်များတွင် ဘက်လိုက်မှုမရှိဘဲ လွတ်လွတ်လပ်လပ်တရားမျှတမှုအပြည့်နှင့် ရပ်တည်နေသကဲ့သို့ လူသားအချင်းချင်းအပေါ်တွင်သာမက နိုင်ငံအချင်းချင်း အပေါ်၌ပါ တန်းတူညီတူ ဆက်ဆံသည့် နိုင်ငံတစ်ခုဖြစ်ကြောင်း၊ ထိုကဲ့သို့ နေထိုင်သည့်တိုင် နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို သွေးတိုးစမ်းသည့် အဖျက်အမှောင့် လုပ်ရပ်များ ရှိခဲ့သောကြောင့် မြန်မာ့တပ်မတော်၏ အစဉ်အလာကောင်းများနှင့်အညီ ပြန်လည်ချေမှုန်းခဲ့ရသည့် သမိုင်းဝင် တိုက်ပွဲပေါင်းများစွာလည်း ရှိခဲ့ပြီးဖြစ်ကြောင်း၊ နိုင်ငံတော်ကာကွယ်ရေးအတွက် **“ရဲသော်မသေ သေသော်ငရဲမလား”** ဟူသည့် ခံယူချက်ကို ရင်ဝယ်ပိုက်ပြီး တုံးတိုက်တိုက်၊ ကျားကိုက်ကိုက် စိတ်မျိုးဖြင့် တိုက်ပွဲဝင်ခဲ့ကြသူများသည် စစ်မှန်သည့် အာဇာနည်သူရဲကောင်းများဖြစ်ကြပြီး မြန်မာ့သမိုင်းမှတ်တမ်းတွင် မော်ကွန်းထိုးထားဆဲဖြစ်ကြောင်း၊ ထိုကဲ့သို့ မျိုးချစ်တပ်မတော်သားသူရဲကောင်းများ၏ အမည်နာမများသည် ဘယ်သောအခါမှ တိမ်မြုပ်ပျောက်ကွယ်သွားမှာ မဟုတ်ဘဲ ခေတ်အဆက်ဆက် သမိုင်းစဉ်ဆက်ထာဝရမွှေးပျံ့နေမည် ဖြစ်ကြောင်းကို ပြောကြားလိုကြောင်း။

**အရေးကြုံပါက သက်လုံကောင်း**

ယနေ့အခါတွင်ဘက်စုံစစ်ပွဲသဘောတရားများကြောင့် တိုက်ပွဲများသည် တောတောင်များအတွင်း၌သာ တိုက်ခိုက်ကြရသည် မဟုတ်တော့ဘဲ မြို့ပြနေရာများအထိ ဆင်နွှဲလာကြသည်ကို တွေ့ရှိရသည့်အတွက် ရှေ့တန်းနယ်မြေသည် ပိုမိုကျယ်ပြန့်လာသည်ကို တွေ့ရှိရကြောင်း၊ ကိုယ့်

နိုင်ငံ၊ ကိုယ့်လူမျိုး အကျိုးအတွက် နိုင်ငံတော်ကာကွယ်ရေး တာဝန်များကို အပြောမဟုတ် အလုပ်သက်သေများနှင့် ဆောင်ရွက်ပြသည့် ပါရမီဖြည့်ဖက်များ၏ ဆောင်ရွက်ချက်များသည် သာမန်အမျိုးသမီးတိုင်း လုပ်နိုင်ခဲသည့် စွမ်းဆောင်ရည်များပင်ဖြစ်ကြောင်း၊ ထိုကဲ့သို့ စွမ်းဆောင်ရည်များ ပေါ်ထွက်လာခြင်း၏ အခြေခံသည် မိမိနိုင်ငံအပေါ်ထားရှိသည့်စစ်မှန်သည့် မျိုးချစ်စိတ်ကြောင့်ပင်ဖြစ်ကြောင်း၊ တပ်မတော်၏ အဓိကအမာခံ အရန်အင်အားများဖြစ်သည့် ရဲမေမိသားစုဝင်များသည် အရေးကြုံပါက သက်လုံကောင်းစွာ မိသားစုဂုဏ်နှင့် တပ်မတော်ဂုဏ်ကို စောင့်ထိန်းသူများဖြစ်ခဲ့ကြသောကြောင့် စစ်မှန်သည့် မျိုးချစ်စိတ်များကို ဆက်လက် ထိန်းသိမ်းသွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

အများတကာ လုပ်ဆောင်နိုင်ရန် ခဲယဉ်းသည့် တာဝန်များကို စွန့်လွှတ်စွန့်စားမှု အပြည့်ဖြင့် ကျေကျေပွန်ပွန် ထမ်းဆောင်ခဲ့သူများအတွက် နှစ်စဉ်လွတ်လပ်ရေးနေ့ အခမ်းအနားများတွင် တပ်မတော်စွမ်းရည်သတ္တိနှင့် စွမ်းဆောင်မှုဆိုင်ရာ ဂုဏ်ထူးဆောင်ဘွဲ့/တံဆိပ်နှင့် လက်မှတ်များ ချီးမြှင့်ခြင်းအခမ်းအနားများ ကျင်းပပေးလျက်ရှိရာ ယခုအခမ်းအနားတွင် သူရဲကောင်းမှတ်တမ်းဝင်တံဆိပ်ရရှိသူ ၂၅ ဦးကို ချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း၊ ရဲသူရတံဆိပ်ရရှိသူ ကိုးဦး၊ ရဲဗလတံဆိပ်ရရှိသူ ၉၉ ဦး၊ စီမံထူးချွန်တံဆိပ်(ပထမ)ဆင့်ရရှိသူ ၁၄ ဦး၊ စီမံထူးချွန်တံဆိပ်(ဒုတိယ)ဆင့်ရရှိသူ ၂၈ ဦး၊ စီမံထူးချွန်တံဆိပ်(တတိယ)ဆင့်ရရှိသူ ၃၄ ဦး၊ လူမှုထူးချွန်တံဆိပ်(ပထမ)ဆင့်ရရှိသူ သုံးဦး၊ လူမှုထူးချွန်တံဆိပ်(ဒုတိယ)ဆင့်ရရှိသူ ခြောက်ဦး၊ လူမှုထူးချွန်တံဆိပ်(တတိယ)ဆင့်ရရှိသူ သုံးဦး၊ နည်းပညာထူးချွန်တံဆိပ် (ပထမ)ဆင့်ရရှိသူ ငါးဦး၊ နည်းပညာထူးချွန်တံဆိပ်(ဒုတိယ) ဆင့်ရရှိသူ ၁၀ဦး၊ နည်းပညာထူးချွန်တံဆိပ်(တတိယ) ဆင့်ရရှိသူ ၃၃ ဦး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ သူရဲကောင်းလက်မှတ်ရရှိသူ ၁၁၁ ဦး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဂုဏ်ထူးဆောင်လက်မှတ်ရရှိသူ ၄၈၀ တို့ကိုလည်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား သက်ဆိုင်ရာ တိုင်းမှူးများက တစ်ချိန်တည်း တစ်ပြိုင်တည်း ချီးမြှင့်အပ်နှင်းသွားမည်ဖြစ်ကြောင်း။

ယနေ့ တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်းခြင်း ခံကြရသူများသည် နိုင်ငံတော်ကာကွယ်ရေးတာဝန်များ ထမ်းဆောင်ရာတွင် မိမိတို့ကျရာတာဝန်များကို အသက်ကိုပင်မငဲ့ကွက်ဘဲ ဇွဲ၊ လုံ့လ၊ ဝီရိယစိုက်ထုတ် တာဝန်ထမ်းဆောင်ပြီး မှတ်တမ်းကောင်းရေးထိုးခဲ့ကြသူများဖြစ်သဖြင့် ပြည်သူ့သားကောင်း အာဇာနည်များအဖြစ် အမှတ်တရ လေးစားဂုဏ်ယူနေမည်ဖြစ်ကြောင်း။

**အမိန့်နှင့် တာဝန်ကို ဦးထိပ်ပန်ဆင်ပြီး စွန့်စွန့်စားစား တာဝန်ထမ်းဆောင်ခဲ့ကြသည့် ပြည်သူ့သားကောင်း ဇာနည်များ၏ ဖြူစင်မြင့်မြတ်သည့် နှလုံးသားများကို မျိုးဆက်သစ်များအနေဖြင့် လေးစားအားကျ အတုယူလျက် နိုင်ငံတော်က အားကိုးရပြီး ပြည်သူလူထုက လေးစားအားထားရသည့် မျိုးချစ်တပ်မတော်သားကောင်း ဇာနည်များဖြစ်အောင် ကြိုးပမ်းဆောင်ရွက်သွားကြရန် အလေးအနက်တိုက်တွန်းမှာကြား**လိုကြောင်း ပြောကြားသည်။

■ ■ ■

# မှတ်ပုံတင်ခွင့်ပြုပြီး နိုင်ငံရေးပါတီများမှ တာဝန်ရှိသူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံဆွေးနွေးစဉ် ပြောကြားသည့် အမှာစကား

( ၆ – ၁ – ၂၀၂၄ )



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် မှတ်ပုံတင်ခွင့်ပြုပြီး နိုင်ငံရေးပါတီများမှ တာဝန်ရှိသူများနှင့် ဇန်နဝါရီလ ၆ ရက်နေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး ငုရွှေဝါခန်းမ၌ ရင်းရင်းနှီးနှီးတွေ့ဆုံဆွေးနွေးသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေး၊ တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သီတာဦး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုး၊ ဥပဒေဆိုင်ရာ အကြံပေးအဖွဲ့ဝင်များ၊ ကော်မရှင်အဖွဲ့ဝင်များ၊ မှတ်ပုံတင်ခွင့်ပြုပြီး နိုင်ငံရေးပါတီ ၃၉ ပါတီမှ ဥက္ကဋ္ဌများ၊ ဒုတိယဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**မဲမသမာမှုများဖြစ်ပွားခဲ့**

ထိုသို့တွေ့ဆုံဆွေးနွေးစဉ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဆွေးနွေးပြောကြားရာ၌ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် မဲမသမာမှုများ ဖြစ်ပွားခဲ့ခြင်းကြောင့် မိမိတို့အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) အရ နိုင်ငံ့တာဝန်များကို မဖြစ်မနေထမ်းဆောင်ခဲ့ရခြင်းဖြစ်ကြောင်း၊ မဲစာရင်းမှားယွင်းမှုများကို ဖြေရှင်းပေးရန်အတွက် အကြိမ်ကြိမ်ပြောကြားခဲ့သော်လည်း ဖြေရှင်းပေးခဲ့မှု မရှိကြောင်း၊ ရွေးကောက်ပွဲတစ်ခုတွင် မဲစာရင်းမှားယွင်းမှုများမှာ မည်သို့မျှလက်ခံ၍မရကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် နိုင်ငံတော်အား အရေးပေါ်အခြေအနေကြေညာ၍ နိုင်ငံတော်တာဝန်များကို ထမ်းဆောင်ခဲ့ရခြင်းဖြစ်ကြောင်း။

မိမိတို့အစိုးရ၏ အဓိကရည်မှန်းချက်မှာ လွတ်လပ်၍ တရားမျှတသည့် ရွေးကောက်ပွဲတစ်ရပ်ကို ကျင်းပပြီး အနိုင်ရသည့်ပါတီကို နိုင်ငံတော်တာဝန်များပြန်လည်လွှဲပြောင်းပေးအပ်နိုင်ရေးပင်ဖြစ်ကြောင်း၊ သို့သော် နိုင်ငံရေးအရ ဖြစ်ပေါ်လာသည့်ပြဿနာကို နိုင်ငံရေးအရ မဖြေရှင်းဘဲ အကြမ်းဖက်မှု နည်းလမ်းများဖြင့် ဖြေရှင်းရန် ကြိုးပမ်းလာမှုများကြောင့်နိုင်ငံတော်အတွင်းလက်နက်ကိုင်

ပဋိပက္ခများ ဖြစ်ပေါ်လာခဲ့ကြောင်း၊ အဆိုပါအချိန်တွင် မိမိတို့နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားလျက်ရှိပြီး နိုင်ငံ၏ စီးပွားရေးမှာလည်း ကျဆင်းလျက်ရှိသည့်အချိန်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများကို မိမိကိုယ်တိုင်ဦးစီး၍ ဆောင်ရွက်ခဲ့ကြောင်း၊ အလားတူ နိုင်ငံ့စီးပွားမြှင့်တင်ရေး အတွက်လည်း အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်ခဲ့ ကြောင်း။

တစ်ဖက်တွင်လည်း ပွဲလန့်တုန်းဖျာခင်းဆိုသကဲ့သို့ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများက အကြမ်း ဖက်မှုများကို ကျယ်ကျယ်ပြန့်ပြန့် ပုံဖော်လုပ်ဆောင် လာခဲ့ကြောင်း၊ ယခုအချိန်အထိလည်း အချို့နေရာများတွင် တိုက်ပွဲများဖြစ်ပွားလျက်ရှိဆဲပင်ဖြစ်ကြောင်း၊အကြမ်းဖက် တိုက်ခိုက်မှုများ လျော့နည်းပပျောက်စေရေး တပ်မတော် အနေဖြင့်မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့်ပူးပေါင်း၍ပြည်သူလူထု၏ အားများဖြင့် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်လျက် ရှိကြောင်း။

**သိက္ခာရှိသည့် ရွေးကောက်ပွဲ ကျင်းပနိုင်ရေး အဘက် ဘက်မှ ကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်**

မိမိတို့ ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ်များအနက် နောက်ဆုံးအချက်တွင် **"အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်း ချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံ ဥပဒေ(၂၀၀၈)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည် ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများ နှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက် ဆောင်ရွက်သွားမည်"** ဟူ၍ ချမှတ်ထားကြောင်း၊ ယခင် အစိုးရလက်ထက် ရွေးကောက်ပွဲ၌ သိက္ခာမဲ့သော ရွေးကောက်ပွဲ ဖြစ်ခဲ့သဖြင့် မိမိတို့အနေဖြင့် သိက္ခာရှိသည့် ရွေးကောက်ပွဲကျင်းပနိုင်ရေး အဘက်ဘက်မှ ကြိုးပမ်း ဆောင်ရွက်သွားရမည်ကြောင်း။

လက်ရှိတက်ရောက်လာကြသည့် ပါတီအားလုံးသည် ဒီမိုကရေစီစနစ်ကို လက်ခံယုံကြည်သည့်သူများဖြစ်သည် ဟု ယုံကြည်ကြောင်း၊ ပါတီဝင်များအားလုံးအနေဖြင့် ပါတီ၏ အမာခံဖြစ်သကဲ့သို့ ဒီမိုကရေစီ၏ အမာခံဖြစ်ရန် လိုပြီး ပါတီအင်အားကို နိုင်ငံတော်အတွက် အကျိုးရှိရှိ မှန်မှန်ကန်ကန်ဖြင့် အသုံးချနိုင်ရန်လိုကြောင်း၊ ထို့ပြင် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးအတွက် ပါတီဝင်များ မှလည်း ပါဝင်ဆောင်ရွက်ပေးကြရန်လိုကြောင်း၊ မိမိတို့ နိုင်ငံအနေဖြင့် လွတ်လပ်ရေး ရရှိသည်မှာ ၇၆ နှစ်ရှိပြီ ဖြစ်ကြောင်း၊ ကမ္ဘာပေါ်ရှိ လွတ်လပ်ရေးရရှိသည့် နိုင်ငံ များတွင် တည်ငြိမ်အေးချမ်းမှုရှိသည့် နိုင်ငံများရှိသကဲ့သို့

လက်ရှိတက်ရောက်လာကြသည့် ပါတီအားလုံးသည် ဒီမိုကရေစီစနစ်ကို လက်ခံယုံကြည်သည့်သူများဖြစ်သည်ဟု ယုံကြည်၊ ပါတီဝင်များအားလုံးအနေဖြင့် ပါတီ၏ အမာခံဖြစ်သကဲ့သို့ ဒီမိုကရေစီ၏ အမာခံဖြစ်ရန်လိုပြီး ပါတီအင်အားကို နိုင်ငံတော်အတွက် အကျိုးရှိရှိ မှန်မှန်ကန်ကန်ဖြင့် အသုံးချနိုင်ရန်လို၊ ပြီးခဲ့သည့်ရွေးကောက်ပွဲများတွင် နိုင်သူ အကုန်ယူစနစ်ဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်၊ PR စနစ်ကျင့်သုံးရေးနှင့်ပတ်သက်ပြီး နိုင်ငံရေးပါတီများ၊ တိုင်းရင်းသားအဖွဲ့များနှင့် ဆွေးနွေးဆောင်ရွက်သွားမည်ဖြစ်၊ အခြေခံဥပဒေပြင်ဆင်ရေးနှင့်ပတ်သက်၍ ပြင်ဆင်သင့်သည့် ကိစ္စရပ်များကို ပြင်ဆင်နိုင်ရေးဆောင်ရွက်သွားမည်ဖြစ်၊ ရွေးကောက်ပွဲကို မဖြစ်ဖြစ်အောင် ပြုလုပ်၍ ရသည်ဖြစ်သော်လည်း နိုင်ငံရေးအရ သိက္ခာရှိသည့် ရွေးကောက်ပွဲတစ်ရပ် ဖြစ်ရမည်ဖြစ်၊ နိုင်ငံရေးပါတီများအနေဖြင့် တိုင်းပြည်ကို ကောင်းအောင် ဆောင်ရွက် သွားမည်ဟူသည့် စိတ်ဓာတ်ဖြင့် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ပေးသွားကြရန်လို။

တည်ငြိမ်အေးချမ်းမှုမရှိသေးသည့်နိုင်ငံများလည်းရှိကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် တည်ငြိမ်အေးချမ်းမှုရှိမည်ဆိုပါက ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ နိုင်ငံတည်ငြိမ်အေးချမ်းမှုရှိစေရန်အတွက် နိုင်ငံအတွင်းရှိ ပြည်သူများအားလုံးက စည်းလုံးညီညွတ်စွာဖြင့် ဆောင်ရွက်သွားရန်လိုကြောင်း၊ သဘောထားကွဲလွဲမှုများကိုငြိမ်းချမ်းသည့်နည်းလမ်းများဖြင့် ဖြေရှင်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

ဒီမိုကရေစီစနစ်ကို လျှောက်လှမ်းရန်အတွက် နိုင်ငံတစ်ဝန်းတည်ငြိမ်အေးချမ်းမှုရှိရန်လိုကြောင်း၊ တည်ငြိမ်အေးချမ်းမှုရှိရန်အတွက် အားလုံးပါဝင်သည့် ပြည်သူ့လုံခြုံရေးစနစ်ဖြင့် ဆောင်ရွက်သွားရန်လိုကြောင်း၊ ၂၀၂၁ ခုနှစ် နောက်ပိုင်းဖြစ်ပေါ်လာသည့် PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူများ၏အကြမ်းဖက်လုပ်ရပ်များကြောင့် နိုင်ငံတော်အတွက် ဆုံးရှုံးမှုများ ရှိသကဲ့သို့ ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်များလည်း ထိခိုက်ခဲ့ရကြောင်း၊ သဘောထားကွဲလွဲမှုများ၊ အားနည်းချက်များကို နိုင်ငံရေးပါတီများအနေဖြင့် သိရှိနားလည်ထားရန်လိုပြီး ပါတီ၏မူဝါဒများ၊ ပန်းတိုင်များကို စနစ်တကျဖြင့် တိကျခိုင်မာအောင် ချမှတ်ဆောင်ရွက်ထားရန်လိုကြောင်း။

**နိုင်ငံရေးအရ၊ စီးပွားရေးအရ၊ လူမှုရေးအရ ဖွံ့ဖြိုးတိုးတက်အောင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိ**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံရေးမျှော်မှန်းချက်၊ အမျိုးသားရေးရည်မှန်းချက်များ၊ ရှေ့လုပ်ငန်းစဉ်များနှင့် ဦးတည်ချက်များ ချမှတ်၍ နိုင်ငံရေးအရ၊ စီးပွားရေးအရ၊ လူမှုရေးအရ ဖွံ့ဖြိုးတိုးတက်အောင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ အသေးစား၊အငယ်စားနှင့်အလတ်စား စီးပွားရေး(MSME) လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးကို အားပေးဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင်လည်း ပါတီများအနေဖြင့် တစ်ဖက်တစ်လမ်းမှ ပူးပေါင်းပါဝင်ဆောင်ရွက်ကြစေလိုကြောင်း၊ ကျောင်းနေအရွယ်များအားလုံး ပညာသင်နိုင်ရေး၊ အလုပ်လုပ်နိုင်သူများအားလုံး အလုပ်လုပ်နိုင်ရေး ဆောင်ရွက်ပေးရန်လိုကြောင်း၊ ပညာသင်ကြားနိုင်သည့် အရွယ်တွင် ပညာသင်ကြားနိုင်မည်ဆိုပါက အသိပညာ၊ အတတ်ပညာများ တိုးတက်လာမည်ဖြစ်ကြောင်း၊ ပါတီဝင်များအနေဖြင့် နိုင်ငံအတွင်း ပညာသင်ကြားရမည့်အရွယ် ကလေးငယ်များအားလုံး ပညာသင်ကြားခွင့်ရရှိရေး ပူးပေါင်းပါဝင် ဆောင်ရွက်ကြရန်လိုကြောင်း။

လာမည့်ရွေးကောက်ပွဲတွင် ပါဝင်ကြမည့် ပါတီများအားလုံးအနေဖြင့် မိမိတို့ဒေသအလိုက် ပညာရေး၊ စီးပွားရေး၊ လူမှုရေး ဖွံ့ဖြိုးတိုးတက်အောင် ပါတီအလိုက် ကြိုးပမ်းဆောင်ရွက်နိုင်မည်ဟု ယုံကြည်ပါကြောင်း၊ ရွေးကောက်ပွဲအကြိုလုပ်ငန်းစဉ်ဖြစ်သည့် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းကို မိမိတို့အနေဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနမှ ကောက်ယူသည့် လူဦးရေသန်းခေါင်စာရင်းသည် အခြေခံစာရင်းရှိသဖြင့် ပိုမိုတိကျ မှန်ကန်နိုင်မည်ဖြစ်ပြီး အနည်းဆုံး ၁၀ နှစ်လျှင် တစ်ကြိမ် သန်းခေါင်စာရင်းကောက်ယူခြင်းသည် မဖြစ်မနေဆောင်ရွက်သင့်သည့် နိုင်ငံတကာစံနှုန်းတစ်ခုဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်မှုသာလျှင် မဲစာရင်းများကို မှန်ကန်အောင် ဆောင်ရွက်နိုင်မည်ဖြစ်သဖြင့် ပါတီများအနေဖြင့်လည်း ဝိုင်းဝန်းပါဝင်ဆောင်ရွက်ကြရန်လိုကြောင်း။

ပြီးခဲ့သည့်ရွေးကောက်ပွဲများတွင် နိုင်သူအကုန်ယူစနစ်ဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ PR စနစ်ကျင့်သုံးရေးနှင့် ပတ်သက်ပြီး နိုင်ငံရေးပါတီများ၊ တိုင်းရင်းသားအဖွဲ့များနှင့် ဆွေးနွေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အခြေခံဥပဒေပြင်ဆင်ရေးနှင့်ပတ်သက်၍ ပြင်ဆင်သင့်သည့် ကိစ္စရပ်များကို ပြင်ဆင်နိုင်ရေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထိုသို့ပြင်ဆင်နိုင်ရန်အတွက် လွှတ်တော်လမ်းကြောင်းမှ ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

**တည်ငြိမ်အေးချမ်းမှု ဆောလျင်စွာရရှိရေး ကြိုးပမ်းဆောင်ရွက်သွားမည်**

ရွေးကောက်ပွဲအောင်မြင်အထမြောက်စေရေးအတွက် ကြိုတင်ပြင်ဆင်မှုများဆောင်ရွက်လျက်ရှိစဉ်လက်နက်ကိုင်အကြမ်းဖက်မှုဖြစ်စဉ်များသည် အဟန့်အတားများ ဖြစ်ပေါ်စေလျက်ရှိကြောင်း၊ မိမိတို့အနေဖြင့် တည်ငြိမ်အေးချမ်းမှု ဆောလျင်စွာရရှိရေး ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲကို မဖြစ်ဖြစ်အောင်ပြုလုပ်၍ ရသည်ဖြစ်သော်လည်း နိုင်ငံရေးအရ သိက္ခာရှိ

သည့် ရွေးကောက်ပွဲတစ်ရပ်ဖြစ်ရမည်ဖြစ်ကြောင်း၊ နိုင်ငံရေးပါတီများအနေဖြင့် တိုင်းပြည်ကိုကောင်းအောင် ဆောင်ရွက်သွားမည်ဟူသည့် စိတ်ဓာတ်ဖြင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေးသွားကြရန်လိုကြောင်း၊ တက်ရောက်လာကြသည့် နိုင်ငံရေးပါတီများမှ တာဝန်ရှိသူများအနေဖြင့် နိုင်ငံတော် ကောင်းရာကောင်းကျိုးအတွက် လိုအပ်သည်များကိုလည်း ပွင့်ပွင့်လင်းလင်းဆွေးနွေးအကြံပြုကြရန် ဖိတ်ခေါ်ပါကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသော မှတ်ပုံတင်ခွင့်ပြုပြီးဖြစ်သည့် နိုင်ငံရေးပါတီများမှ ဥက္ကဋ္ဌများ၊ ဒုတိယဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက ပါတီတစ်ခုချင်းစီအလိုက် လိုအပ်ချက်များ၊ နိုင်ငံ့ကောင်းရာကောင်းကျိုးအတွက် အကြံပြုချက်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးတင်ပြကြရာတွင် နိုင်ငံရေးပါတီများအနေဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ ချမှတ်ထားသည့် လမ်းညွှန်ချက်၊ စည်းကမ်းချက်များ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြီးကြပ်လမ်းညွှန်မှုများဖြင့် ဆောင်ရွက်လျက်ရှိမှု၊ နိုင်ငံတော်မှ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် MSME စီးပွားရေးလုပ်ငန်းများ တိုးတက်အောင်မြင်စေရေးပါတီများမှ ပါဝင်ဆောင်ရွက်နိုင်မည့် အခြေအနေများ၊ ပြည်သူ့လုံခြုံရေးစနစ်တွင်ပါတီများမှ ပါဝင်အားဖြည့်ဆောင်ရွက်နိုင်မည့် အခြေအနေများ၊ တိုင်းရင်းသားပြည်သူလူထုအားလုံး တိုင်းချစ်ပြည်ချစ်စိတ်များ တိုးတက်ဖြစ်ပေါ်လာစေရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန်လိုအပ်မှု၊ နိုင်ငံရေးပါတီများနှင့် ပတ်သက်၍ ချမှတ်ထားရှိသည့် စည်းကမ်းသတ်မှတ်ချက်များအနက် အချို့သောအချက်များကို ဖြေလျှော့ပေးစေလိုမှု၊ ဒီမိုကရေစီစနစ်ထွန်းကားပြန့်ပွားရေး၊ ပြည်သူ့လုံခြုံရေးစနစ် ခိုင်မာစွာ ဖြစ်ပေါ်လာရေးတို့အတွက် နိုင်ငံရေးပါတီများကို အခွင့်အလမ်းများ ဖော်ဆောင်ခွင့်ပြုပေးစေလိုမှု၊ ဒေသအလိုက်စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး လိုအပ်သည်များ ကူညီဆောင်ရွက်ပေးစေလိုမှု၊ ပါတီရုံးများဖွင့်လှစ်ရာတွင် အခက်အခဲများရှိသည့်အတွက် နိုင်ငံတော်မှ ကူညီဆောင်ရွက်ပေးစေလိုမှု၊ သန်းခေါင်စာရင်းများ မှန်ကန်စွာ ကောက်ယူနိုင်ရေးအတွက် ဆောင်ရွက်သင့်သည့် ကိစ္စရပ်များ၊ နိုင်ငံတော်လုံခြုံရေးအတွက် ဆောင်ရွက်သင့်သည့် ကိစ္စရပ်များ၊ ဆန္ဒမဲပေးခွင့်ရှိသူ နိုင်ငံသားတိုင်း မဲပေးခွင့်ရရှိရေး၊ အခွင့်အရေးဆုံးရှုံးမှု မရှိစေရေး နိုင်ငံတော်မှ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးစေလိုမှုများကို အသီးသီးဆွေးနွေးပြောကြားကြသည်။

ယင်းနောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက ပါတီများကို မှတ်ပုံတင်ခွင့်ပြုပေးခဲ့မှုအခြေအနေများ၊ သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်းနှင့် မကိုက်ညီသည့် အချို့ပါတီများကို ဖျက်သိမ်းခဲ့မှုအခြေအနေများ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် သတ်မှတ်ထားသည့် ဥပဒေသတ်မှတ်ချက်များအတိုင်း ဆောင်ရွက်လျက်ရှိသဖြင့် နိုင်ငံရေးပါတီများအနေဖြင့်

> မိမိတို့နိုင်ငံတွင် ခေတ်အဆက်ဆက် ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ခဲ့မှု မရှိခဲ့၊ အစိုးရအနေဖြင့် အလုပ်လုပ်နိုင်အောင် ဖန်တီးပေးရန်နှင့် အောင်မြင်မှုရှိအောင် တွန်းအားပေးဆောင်ရွက်ရန်ဖြစ်၊ နိုင်ငံရေးပါတီများအတွက် လိုအပ်သည်များကို နိုင်ငံတော်မှ တတ်နိုင်သရွေ့ ဖြည့်ဆည်းပေးမည်ဖြစ်သော်လည်း အချို့သော တောင်းဆိုမှုများကို ရေရှည်အတွက် စဉ်းစား၍ ချင့်ချိန်ဆောင်ရွက်ပေးသွားမည်ဖြစ်၊ ပါတီများအားလုံးအနေဖြင့် နိုင်ငံ့ကောင်းကျိုး၊ လူထုအကျိုးအတွက် တတ်နိုင်သရွေ့ ညီညီညွတ်ညွတ် ဝိုင်းဝန်းဆောင်ရွက်ကြစေလို၊ မိမိတို့အနေဖြင့် ရွေးကောက်ပွဲအောင်မြင်စေရေးအတွက် အတတ်နိုင်ဆုံး ကြိုးပမ်းဆောင်ရွက်လျက်ရှိ။

လည်း ဥပဒေသတ်မှတ်ချက်များပြည့်မီစေရေး ဆောင်ရွက်ရန် လိုအပ်မှုများကိုလည်းကောင်း၊ ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက နိုင်ငံရေးပါတီများအပေါ် သတ်မှတ်ထားသည့် စည်းမျဉ်းသတ်မှတ်ချက်များအား ဖြေလျှော့ပေးစေလိုမှု တင်ပြချက်များအပေါ် ဥပဒေပိုင်းဆိုင်ရာ သုံးသပ်ချက်များကိုလည်းကောင်း၊ ဥပဒေဆိုင်ရာ အကြံပေးအဖွဲ့ဝင် ဦးစစ်အေးက ရွေးကောက်ပွဲ ကျင်းပရေးဆိုင်ရာ ကိစ္စများနှင့် ပတ်သက်၍ လည်းကောင်း ရှင်းလင်းဆွေးနွေးကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဖြည့်စွက်ဆွေးနွေးရာတွင် နိုင်ငံ့စီးပွားရေးနှင့်ပတ်သက်၍ အနည်းငယ်ပြောကြားလိုကြောင်း၊ မိမိတို့နိုင်ငံတွင် ခေတ်အဆက်ဆက် ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ခဲ့မှု မရှိခဲ့ကြောင်း၊ အစိုးရအနေဖြင့် အလုပ်လုပ်နိုင်အောင် ဖန်တီးပေးရန်နှင့် အောင်မြင်မှုရှိအောင် တွန်းအားပေးဆောင်ရွက်ရန်ဖြစ်ကြောင်း၊ မိမိတို့အစိုးရ တာဝန်ယူချိန် မှစ၍ ပြည်ပချေးငွေများ ရရှိခဲ့မှုမရှိသည့်အပြင် စီးပွားရေးအရ ပိတ်ဆို့အရေးယူမှုများစွာကို ကြုံတွေ့ခဲ့ရကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် ပို့ကုန်မှရရှိသည့် ငွေကြေးများဖြင့် လည်ပတ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ခဲ့ရကြောင်း၊ စက်သုံးဆီနှင့် စားသုံးဆီလိုအပ်ချက်အတွက် နိုင်ငံခြားငွေအများအပြား သုံးစွဲနေရကြောင်း၊ ပြည်တွင်းစက်ရုံ၊ အလုပ်ရုံများအတွက် စက်သုံးဆီလိုအပ်ချက် ဖြည့်ဆည်းပေးနိုင်ရေး ပြည်တွင်းရေနံချက်စက်ရုံများ စွမ်းအားပြည့် ပြန်လည်လည်ပတ်နိုင်ရန်ဆောင်ရွက်လျက်ရှိကြောင်း။

**ရင်းနှီးမတည်ငွေများ ထုတ်ပေးထား**

ပြည်တွင်း စားသုံးဆီလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရေးအတွက်လည်း ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ရင်းနှီးမတည်ငွေများကို ထုတ်ပေးထားပြီးဖြစ်ကြောင်း၊ တင်ပြချက်များတွင် ပါဝင်သည့် နိုင်ငံ့ဝန်ထမ်းများ လစာတိုးမြှင့်ပေးနိုင်ရေးအတွက် မိမိတို့နိုင်ငံ၏ ရငွေဘတ်ဂျက်အပေါ်တွင် မူတည်၍ မိမိတို့အနေဖြင့် ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ ဝန်ထမ်းများအတွက် ဝတ်စုံစရိတ်၊ ထောက်ပံ့ကြေးနှင့် ချီးမြှင့်ငွေများကို ဆောင်ရွက်ပေးထားကြောင်း။

နိုင်ငံရေးပါတီများအတွက် လိုအပ်သည်များကို နိုင်ငံတော်မှ တတ်နိုင်သရွေ့ ဖြည့်ဆည်းပေးမည်ဖြစ်သော်လည်း အချို့သောတောင်းဆိုမှုများကိုရေရှည်အတွက် စဉ်းစား၍ ချင့်ချိန်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ နိုင်ငံရေးပါတီများ၏ ပါတီတစ်ခုချင်းအလိုက် တင်ပြချက်များကို မိမိအနေဖြင့် အလေးထားမှတ်သားထားရှိပြီး လုပ်ဆောင်ပေးနိုင်သည်များကို လုပ်ဆောင်ပေးသွားမည်ဖြစ်ကြောင်း၊ ပါတီများအားလုံးအနေဖြင့် နိုင်ငံ့ကောင်းကျိုး၊ လူထုအကျိုးအတွက် တတ်နိုင်သရွေ့ ညီညီညွတ်ညွတ် ဝိုင်းဝန်းဆောင်ရွက်ကြစေလိုကြောင်း၊ မိမိတို့အနေဖြင့် ရွေးကောက်ပွဲအောင်မြင်စေရေးအတွက် အတတ်နိုင်ဆုံး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

■ ■ ■

# လှိုင်သာယာမြို့ မြို့ပြဖွံ့ဖြိုးတိုးတက်ရေးတာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးစဉ် ပြောကြားသည့် အမှာစကား

( ၁၃ - ၁ - ၂၀၂၄ )





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဇန်နဝါရီလ ၁၃ ရက်နေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စက်မှုဇုန်အသီးသီးမှ စက်မှုဇုန်ကော်မတီဥက္ကဋ္ဌများ၊ ကော်မတီဝင်များ၊ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME)လုပ်ငန်းရှင်များအား လှိုင်သာယာစက်မှုဇုန် ကနောင်ခန်းမ၌ တွေ့ဆုံ၍ မြို့ပြဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ဆွေးနွေးပြောကြားသည်။

အဆိုပါ တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး ညိုစော၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်း၊ ဒုတိယဝန်ကြီးများ၊ တိုင်း၊ ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ စက်မှုဇုန်အသီးသီးမှ ကော်မတီဥက္ကဋ္ဌများနှင့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး(MSME)လုပ်ငန်းရှင်များ တက်ရောက်ကြသည်။

**လှိုင်သာယာမြို့နယ်အတွင်း လုပ်ငန်းဆောင်ရွက်လျက်ရှိမှုနှင့် လိုအပ်ချက်များကို တင်ပြဆွေးနွေး**

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လှိုင်သာယာမြို့နယ်နှင့် စက်မှုဇုန်၏ တည်နေရာ အကျယ်အဝန်းနှင့် သမိုင်းအကျဉ်း၊ စက်မှုဇုန်များအတွင်း လုပ်ငန်းများဆောင်ရွက်လျက်ရှိမှု အခြေအနေများ၊ လုပ်ငန်းစီမံကိန်းများ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိမှု၊ စက်မှုဇုန်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ လမ်းများအဆင့်မြှင့်တင်ဆောင်ရွက်ထားရှိမှုနှင့် ဆက်လက်မြှင့်တင်ရန် လျာထားဆောင်ရွက်လျက်ရှိမှု၊ ဘုရင့်နောင်ပန်းခြံအဆင့်မြှင့်တိုးချဲ့ရန် ဆောင်ရွက်လျက်ရှိမှု၊ ပြည်သူများ အပန်းဖြေနိုင်ရန်အတွက် ဘုရင့်နောင်တံတား ပန်းခြံတည်ဆောက်လျက်ရှိမှုများနှင့် ရန်ကုန်မြို့သန့်ရှင်းသာယာလှပရေး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ စနစ်တကျရှိစေရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် လှိုင်သာယာစက်မှုဇုန် ဥက္ကဋ္ဌ ဦးအုန်းဆိုင်က သွင်းကုန်အစားထိုးကုန်ကြမ်းများ တင်သွင်းခွင့်ပြုပေးစေလိုမှု၊ မြို့တော်ဝန် ဦးဗိုလ်ငွေးက လှိုင်သာယာမြို့နယ်

အတွင်းရှိ အိမ်ရာများ စနစ်တကျရှိစေရေးနှင့် လမ်းမကြီးများတစ်လျှောက် တရားမဝင် ဝင်ရောက်နေထိုင်သူများ မရှိစေရေး ကြပ်မတ်ဆောင်ရွက်လျက်ရှိမှုများကို ဆွေးနွေးတင်ပြကြသည်။

**မြို့ပြနှင့် စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး ကြိုးပမ်းဆောင်ရွက်**

ဆွေးနွေးတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က လှိုင်သာယာမြို့နယ်ကို ယခုထက် ပိုမိုဖွံ့ဖြိုးတိုးတက်စေရေးနှင့် စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန် လာရောက်ခြင်းဖြစ်ကြောင်း၊ လှိုင်သာယာမြို့နယ်ကို အဆင့်မြှင့်တင်နိုင်ရေး

> **ရန်ကုန်မြို့အတွင်း လျှပ်စစ်ဓာတ်အား လုံလောက်စွာ ရရှိရေးအတွက် ဆောင်ရွက်ပေးရန်လိုပြီး သဘာဝဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်း၊ နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းနှင့် လေအားလျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းများအပါအဝင် နည်းလမ်းပေါင်းစုံဖြင့် ထုတ်လုပ်နိုင်ရေး တိုင်းဒေသကြီး အစိုးရအနေဖြင့် ကြိုးပမ်းဆောင်ရွက်ရန်လို၊ အလားတူ တိုင်းဒေသကြီးနှင့် ပြည်နယ်များကလည်း တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရ၏ လုပ်ပိုင်ခွင့်အတွင်း လုပ်ကိုင်နိုင်သည့် လျှပ်စစ်ကဏ္ဍအပါအဝင် အခြားကဏ္ဍများကို ဆောင်ရွက်ရန်လို၊ စက်မှုဇုန်များတွင် လျှပ်စစ်မီး လုံလောက်စွာ ရရှိမှသာ ကုန်ထုတ်လုပ်မှုများကို ဆောင်ရွက်နိုင်မည်ဖြစ်။**

အတွက် ဆောင်ရွက်လျက်ရှိကြောင်း၊ ထိန်ပင်အမှိုက်ပုံမှ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးစီမံကိန်းအား အမြန်ဆုံးပြီးစီးစေရေး တာဝန်ရှိသူများက ဆောင်ရွက်ရန်လိုကြောင်း၊ ရန်ကုန်မြို့အတွင်း လျှပ်စစ်ဓာတ်အား လုံလောက်စွာ ရရှိရေးအတွက် ဆောင်ရွက်ပေးရန်လိုပြီး သဘာဝဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်း၊ နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းနှင့် လေအားလျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းများ အပါအဝင် နည်းလမ်းပေါင်းစုံဖြင့် ထုတ်လုပ်နိုင်ရေး တိုင်းဒေသကြီး အစိုးရအနေဖြင့် ကြိုးပမ်းဆောင်ရွက်ရန်လိုကြောင်း၊ အလားတူ တိုင်းဒေသကြီးနှင့် ပြည်နယ်များကလည်း တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရ၏ လုပ်ပိုင်ခွင့်အတွင်း လုပ်ကိုင်နိုင်သည့် လျှပ်စစ်ကဏ္ဍအပါအဝင် အခြားကဏ္ဍများကို ဆောင်ရွက်ရန်လိုကြောင်း၊ စက်မှုဇုန်များတွင် လျှပ်စစ်မီး လုံလောက်စွာရရှိမှသာ ကုန်ထုတ်လုပ်မှုများကို ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း။

ကုန်ကြမ်းနှင့်ပတ်သက်၍ ပြည်ပမှ တင်သွင်းခြင်းထက် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှထွက်ရှိသည့် ကုန်ကြမ်းများကို အဓိကအသုံးပြု၍ ကုန်ထုတ်လုပ်မှုများကို ဆောင်ရွက်နိုင်မည်ဆိုပါက နိုင်ငံခြားငွေသုံးစွဲမှုကို လျှော့ချနိုင်သဖြင့် နိုင်ငံအတွက် ပိုမိုအကျိုးဖြစ်ထွန်းမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အတွက် လိုအပ်လျက်ရှိသည့် စက်သုံးဆီနှင့် စားသုံးဆီများအတွက် နိုင်ငံခြားငွေများကို သုံးစွဲရလျက်ရှိကြောင်း၊ ထို့ကြောင့် လျှပ်စစ်စွမ်းအင်သုံး သယ်ယူပို့ဆောင်ရေးယာဉ်များနှင့် လျှပ်စစ်စွမ်းအင်သုံး စက်မှုလုပ်ငန်းများကို ပိုမိုတိုးတက်အောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ စားသုံးဆီနှင့်ပတ်သက်၍ မိမိတို့နိုင်ငံတွင် ဆီထွက်သီးနှံများ စိုက်ပျိုးဖြစ်ထွန်းသော်လည်း ပြည်တွင်းလိုအပ်မှုကိုဖြည့်ဆည်းပေးနိုင်မှုမရှိသေးကြောင်း၊ ပြည်တွင်းစက်သုံးဆီနှင့် စားသုံးဆီ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်မည်ဆိုပါက နိုင်ငံခြားငွေသုံးစွဲရမှုများ လျော့နည်းသွားမည်ဖြစ်ကြောင်း။

၂၀၂၁-၂၀၂၂ ခုနှစ်တွင် မိမိတို့အနေဖြင့် လှိုင်သာယာမြို့နယ်အတွင်းရှိ တရားမဝင်နေထိုင်သူများအား ဥပဒေနှင့်အညီ ဆောင်ရွက်ပေးခဲ့ပြီး မြို့သာယာလှပရေးနှင့် စနစ်ကျနမှုရှိစေရေးကို အလေးပေးဆောင်ရွက်ပေးခဲ့ကြောင်း၊ မြို့နယ်အတွင်း ပညာရေး၊ ကျန်းမာရေးကဏ္ဍ

များ ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း ဆောင်ရွက်သွားရန်လိုကြောင်း၊ တရားမဝင် ကျူးကျော်နေထိုင်သူများ မရှိစေရေး၊ ဥပဒေနှင့်အညီဖြစ်စေရေးနှင့် ပြန်လည်နေရာချထားရေးတို့ကို စီမံဆောင်ရွက်ပေးသွားရန်လိုကြောင်း။

မြို့ပြနှင့် အိမ်ရာစီမံကိန်းများ တည်ဆောက်ရာတွင်လည်း Town Plan များရေးဆွဲ၍ စနစ်တကျဖြင့် ဆောင်ရွက်ရန်လိုကြောင်း၊ မြို့ပြသန့်ရှင်းသာယာလှပရေးအတွက်လည်း ဆောင်ရွက်ရန်လိုကြောင်း၊ စီမံကိန်းများ တည်ဆောက်ရာတွင် လယ်ယာစိုက်ပျိုးမြေများ မထိခိုက်ရန်လိုကြောင်း၊ ဈေးများတည်ဆောက်ရာတွင် အဆင့်မီသည့်ဈေးများ၊ Shopping Mall များ တည်ဆောက်ရန်လိုပြီး ယာဉ်ရပ်နားရန်နေရာများနှင့် စားသောက်ဆိုင်တန်းများပါ စနစ်တကျဖြင့် ထည့်သွင်းတည်ဆောက်ပေးရန်လိုကြောင်း၊ အလွှာအမျိုးမျိုးမှ ပြည်သူများ ရောင်းဝယ်မှု အဆင်ပြေစေရေးအတွက် ဆောင်ရွက်ပေးရန်လိုပြီး မြို့နေပြည်သူလူထု၏ လူနေမှု အဆင့်အတန်းမြင့်မားစေရေး ပတ်ဝန်းကျင်ကောင်းကို ဖော်ဆောင်ပေးနိုင်ရမည်ဖြစ်ကြောင်း။

**မြို့ပြစီမံကိန်းနှင့် အိမ်ရာစီမံကိန်းများကို စနစ်တကျ တည်ဆောက်**

လှိုင်သာယာအရှေ့ပိုင်းတွင် စာသင်ကျောင်းများ နည်းပါးသည်ကိုတွေ့ရကြောင်း၊ ကျောင်းများတည်ဆောက်ရာတွင်လည်း ပညာရေးဝန်ကြီးဌာနမှ သတ်မှတ်ထားသည့်အတိုင်း အားကစားကွင်းများနှင့် ခန်းမများပါ ထည့်သွင်းတည်ဆောက်ရမည်ဖြစ်ကြောင်း၊ **နိုင်ငံ့အနာဂတ်ကောင်းမွန်ရေးအတွက် ပညာရေးကောင်းမွန်ရန် လိုအပ်သဖြင့် ကျောင်းများကောင်းမွန်နေရန်လိုပြီး ရပ်ကွက်များအလိုက် အခြေခံပညာကျောင်းများရှိရန် လိုသကဲ့သို့ အားကစားကွင်းများလည်း တည်ရှိရန်လို**ကြောင်း၊ မြို့ပြစီမံကိန်းနှင့် အိမ်ရာစီမံကိန်းများ တည်ဆောက်ရာတွင် အားကစားကွင်းများ၊ ဈေးနှင့်ကျောင်းများ၊ ဆေးရုံများ ထည့်သွင်းတည်ဆောက်ရန်လိုကြောင်း၊ လှိုင်သာယာမြို့နယ်ကို အဆင့်မြှင့်တင်နိုင်ရန်အတွက် Town Plan များ စနစ်တကျဖြင့် ရေးဆွဲဆောင်ရွက်ရန်လိုကြောင်း။

စက်မှုဇုန်နှင့်ပတ်သက်၍ စက်မှုဇုန်အတွင်း အလုပ်လုပ်ကိုင်သူများ အဆင်ပြေစေရေး ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ မြို့ပြတည်ဆောက်ရာတွင် ကျယ်ကျယ်ပြန့်ပြန့်ဖြင့် စဉ်းစားဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ လှိုင်သာယာမြို့နယ် ဖွံ့ဖြိုးတိုးတက်စေရေးရေရှည်အတွက် စီမံကိန်းများချမှတ်၍ စီမံဆောင်ရွက်ရန်လိုကြောင်း ပြောကြားသည်။

■ ■ ■

# ရန်ကုန်အနောက်ပိုင်း နည်းပညာတက္ကသိုလ်၌ ပါမောက္ခချုပ်၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် တွေ့ဆုံစဉ် ပြောကြားသည့်အမှာစကား

( ၁၃ - ၁ - ၂၀၂၄ )






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ခရီးစဉ်တွင် လိုက်ပါလာသည့်အဖွဲ့ဝင်များလိုက်ပါ၍ ဇန်နဝါရီလ(၁၃)ရက်နေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်ရှိ ရန်ကုန်အနောက်ပိုင်း နည်းပညာတက္ကသိုလ်နှင့် ထန်းတပင်မြို့နယ်ရှိ ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်တို့သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

**ရန်ကုန်အနောက်ပိုင်း နည်းပညာတက္ကသိုလ်**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရန်ကုန်အနောက်ပိုင်းနည်းပညာတက္ကသိုလ်သို့ ရောက်ရှိကြရာ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်၊ ရန်ကုန်အနောက်ပိုင်း နည်းပညာတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာကြည်စိုးနှင့် ဆရာဆရာမများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် တက္ကသိုလ်ရှိ Community Centre ခန်းမဆောင်၌ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဝန်ကြီးဌာန၏ မျှော်မှန်းချက်နှင့် ရည်မှန်းချက်များ၊ ဦးစီးဌာနများ ဖွဲ့စည်းထားရှိမှု၊ အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာနရှိ နည်းပညာတက္ကသိုလ်နှင့် ကွန်ပျူတာတက္ကသိုလ်များ ဖွင့်လှစ်ထားရှိမှု၊ လက်ရှိနည်းပညာတက္ကသိုလ်များနှင့်ကွန်ပျူတာတက္ကသိုလ်များ၏ အခြေအနေ၊ ဖြစ်ပေါ်လာမည့်အခြေအနေ ဆန်းစစ်ချက်များနှင့် ပိုမိုကျယ်ပြန့်သည့် သင်ကြားသင်ယူမှုနယ်ပယ်များ၊ ထည့်သွင်းဆောင်ရွက်နိုင်သော Polytechnic University များ တည်ထောင်နိုင်ရေးဆောင်ရွက်လျက်ရှိမှု အခြေအနေများကိုလည်းကောင်း၊ ပါမောက္ခချုပ် ဒေါက်တာကြည်စိုးက တက္ကသိုလ်၏ တည်နေရာနှင့် သမိုင်းအကျဉ်း၊ ဘာသာရပ်အလိုက် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ပညာသင်ကြားလျက်ရှိမှု၊ ဘာသာရပ်အလိုက် သင်ကြားရေးဝန်ထမ်းများနှင့် စီမံဝန်ထမ်းများ ခန့်အပ်ထားရှိမှု၊ စာသင်ဆောင်များ၊ အလုပ်ရုံများနှင့် စာသင်ခန်းများ တည်ဆောက်ထားရှိမှုနှင့် ထပ်မံတည်ဆောက်လျက်ရှိမှု၊ စာကြည့်တိုက်၊ အားကစားရုံနှင့်အားကစားကွင်းများ၊ ကျောင်းသား၊ ကျောင်းသူများ၏ အိပ်ဆောင်များ တည်ဆောက်ထားရှိမှု၊ နယ်ဝေးမှကျောင်းသား၊ ကျောင်းသူများအား အိပ်ဆောင်များ၌ နေရာချထားပေးမှုများကိုလည်းကောင်း၊ တာဝန်ရှိသူတစ်ဦးက တက္ကသိုလ်အတွင်း အဆောက်အအုံများ ထပ်မံတည်ဆောက်လျက်ရှိသည့် အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ကျောင်းအဆောက်အအုံများ တည်ဆောက်ရာတွင် လိုအပ်သည့် အဆောက်အအုံကို တက္ကသိုလ်အင်ဂျင်နီယာ နှင့် ကိုက်ညီစွာ တည်ဆောက်နိုင်ရေး ကြိုတင် Plan ရေးဆွဲဆောင်ရွက်ရန်လိုကြောင်း၊ အဆောက်အအုံများ တည်ဆောက်ရာတွင် သတ်မှတ်ထားသည့် ဘဏ္ဍာရေးနှစ်အတွင်း ပြီးစီးနိုင်ရေး ဆောင်ရွက်ရန်လိုကြောင်း ဖြည့်စွက်မှာကြားသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည်များ ဆက်လက်ဆွေးနွေးပြောကြားရာတွင် တက္ကသိုလ်များ၊ ကောလိပ်များသည် အင်ဂျင်နီယာနှင့်ကိုက်ညီရမည်ဖြစ်ပြီး အဆင့်မီရန်လိုကြောင်း၊ ယခင်က အဆင့်မြင့်ပညာရပ်များကို ရန်ကုန်မြို့၌သာ လာရောက်သင်ယူခဲ့ရပြီး အဆင့်မြင့်ပညာသင်တက္ကသိုလ်များ နိုင်ငံတစ်ဝန်း၌ အရေအတွက်နည်းပါးခဲ့ကြောင်း၊ ထို့ကြောင့် မိမိတို့နိုင်ငံနှင့် ကိုက်ညီသည့်ပညာရပ်များကို သင်ကြားပေးနိုင်သည့် တက္ကသိုလ်များဖြစ်ပေါ်လာရေး စဉ်းစားဆောင်ရွက်ခဲ့ကြပြီး တက္ကသိုလ်ပညာရပ်များကို မိမိတို့ဒေသများ၌ သင်ကြားနိုင်ရန်အတွက် အထူးဒေသဇုန် ၁၄ ခု၌ တက္ကသိုလ်များ ဖွင့်လှစ်ပေးခဲ့ကြောင်း၊ သို့သော် အချို့တက္ကသိုလ်များ၌ ပညာသင်ကြားမှုများ နည်းပါးသည်ကို တွေ့ရသဖြင့် မိမိတို့နိုင်ငံအတွက် အဓိကလိုအပ်သည့် ဘာသာရပ်များနှင့် မဖြစ်မနေသင်ကြားရမည့် ဘာသာရပ်များကို ဦးစားပေးသင်ကြားပေးနိုင်ရေး ဆောင်ရွက်ပေးခဲ့ကြောင်း၊ မိမိအနေဖြင့် ကွန်ပျူတာတက္ကသိုလ်နှင့် နည်းပညာတက္ကသိုလ်များကို ပိုမိုကျယ်ပြန့်သည့် သင်ကြားသင်ယူမှုနယ်ပယ်များ ထည့်သွင်းဆောင်ရွက်နိုင်သော Polytechnic University များအဖြစ် ဆောင်ရွက်နိုင်ရေး ဆွေးနွေးဆောင်ရွက်ခဲ့ကြောင်း၊ နိုင်ငံတော်၏ ပညာရေးလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် ပညာရှင်များနှင့် ဆွေးနွေးဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊

မိမိတို့နိုင်ငံသည် စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အဓိကဆောင်ရွက်သည့် နိုင်ငံဖြစ်သော်လည်း စိုက်ပျိုးမွေးမြူရေးပညာရှင်များ မွေးထုတ်ပေးနိုင်သည့် တက္ကသိုလ်နည်းပါးကြောင်း၊ ထို့ကြောင့် စိုက်ပျိုးမွေးမြူရေးကျောင်းများဖွင့်လှစ်နိုင်ရေး တာဝန်ရှိသူများနှင့် ဆွေးနွေးဆောင်ရွက်ခဲ့ကြောင်း၊ အလားတူ စက်မှုနည်းပညာများဖွံ့ဖြိုးရေးအတွက်လည်း နည်းပညာကျောင်းများကို ဖွင့်လှစ်ဆောင်ရွက်ခဲ့ကြောင်း၊ စိုက်ပျိုးရေးမှ ထွက်ရှိသည့် ထွက်ကုန်များကို အခြေခံ၍ စက်မှုပိုင်းဆိုင်ရာများ အသုံးပြုပြီး ကုန်ထုတ်လုပ်မှုများကို ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊

သက်ဆိုင်ရာ ပညာရပ်များအလိုက် လုပ်ငန်းခွင်ဝင်ရောက်နိုင်သည့် Polytechnic နည်းပညာများကို သင်ကြားနိုင်ရေး ပညာရေး အနာဂတ်ရည်မှန်းချက်ဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်အတွက် လိုအပ်သည့် လူသားအရင်းအမြစ်များ ရရှိမည်ဖြစ်ကြောင်း၊ တက္ကသိုလ်၊ ကောလိပ်များမှ သင်ကြားအောင်မြင်ပြီးသူများအနေဖြင့် လုပ်ငန်းခွင်ကျွမ်းကျင်မှုများ ရှိရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် လိုအပ်သည့် သင်ထောက်ကူပစ္စည်းများနှင့် အဆောက်အအုံများကို ဖြည့်ဆည်းဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း၊ တက္ကသိုလ်ကောလိပ်များကို အဆင့်မြင့်တင်ပေးခြင်းသည် အနာဂတ်

မိမိတို့နိုင်ငံသည် စိုက်ပျိုးရေးနှင့်
မွေးမြူရေးကို အဓိကဆောင်ရွက်သည့်
နိုင်ငံဖြစ်သော်လည်း စိုက်ပျိုးမွေးမြူရေး
ပညာရှင်များ မွေးထုတ်ပေးနိုင်သည့်
တက္ကသိုလ်နည်းပါး၊ ထို့ကြောင့် စိုက်ပျိုး
မွေးမြူရေးကျောင်းများဖွင့်လှစ်နိုင်ရေး
တာဝန်ရှိသူများနှင့် ဆွေးနွေးဆောင်ရွက်ခဲ့၊
အလားတူ စက်မှုနည်းပညာများဖွံ့ဖြိုးရေး
အတွက်လည်း နည်းပညာကျောင်းများကို
ဖွင့်လှစ်ဆောင်ရွက်ခဲ့၊
စိုက်ပျိုးရေးမှထွက်ရှိသည့် ထွက်ကုန်များကို
အခြေခံ၍ စက်မှုပိုင်းဆိုင်ရာများ
အသုံးပြုပြီး ကုန်ထုတ်လုပ်မှုများကို
ဆောင်ရွက်ရမည်ဖြစ်။

အတွက် သက်ဆိုင်ရာ ဘာသာရပ်အလိုက် ကျွမ်းကျင်သည့် ပညာရှင်များ မွေးထုတ်ပေးခြင်းပင်ဖြစ်ကြောင်း၊ ဆရာ၊ ဆရာမများအနေဖြင့် ကျောင်းသား၊ ကျောင်းသူများ အမှန်တကယ်ပညာတတ်မြောက်မှုရှိစေရေး သင်ကြားပေးရန်လိုပြီး အမှန်တကယ်ထူးချွန်သူများကိုသာ တစ်ဆင့်မြင့်ပညာရပ်များ ဆက်လက်သင်ယူနိုင်ရေး စိစစ်ဆောင်ရွက်သွားရန်လိုကြောင်း၊ တက္ကသိုလ်ပညာရပ်သည် တွေးခေါ်လေ့လာသင်ကြားခြင်း(Studying) ဖြစ်သဖြင့် အမှန်တကယ်တွေးခေါ် မြော်မြင်တတ်သည့် ကျောင်းသား၊ ကျောင်းသူများဖြစ်စေရေး လေ့ကျင့်သင်ကြားပေးသွားရန်လိုကြောင်း၊ နိုင်ငံတော်အတွက် လိုအပ်သည့် လူသားအရင်းအမြစ်ကောင်းများကို မွေးထုတ်ပေးနိုင်ရေးသင်ကြားရေးနှင့်ပတ်သက်သည့် တာဝန်ရှိသူများအားလုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေးကြရန်လိုအပ်ပြီး နိုင်ငံတော်မှလိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် တက္ကသိုလ်အတွင်းသုံးထပ်စာသင်ဆောင်သစ်တည်ဆောက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

## ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်သို့ ရောက်ရှိကြရာ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမိုးဇော်ထွန်း၊ တက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာခင်သီတာနှင့် ဒုတိယပါမောက္ခချုပ်များ၊ ဆရာ၊ ဆရာမများက ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် တက္ကသိုလ်ပင်မဆောင်ခန်းမ၌ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်၏ သမိုင်းအကျဉ်း၊ ဝန်ထမ်းများ ဖွဲ့စည်းထားရှိမှု၊ ဘာသာရပ်အလိုက် ဆရာ၊ ဆရာမများ သင်ကြားပေးလျက်ရှိမှု၊ ဆရာ ဆရာမများ၏ ပညာအရည်အချင်းများ၊ အထူးပြု ဘာသာရပ်များလိုက် ကျောင်းသား၊ ကျောင်းသူများ ပညာသင်ကြားလျက်ရှိမှု၊ သုတေသနလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ အဆောက်အအုံများ ဆောက်လုပ်လျက်ရှိမှု၊ IT center rooms တည်ဆောက်ထားမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က မိမိတို့အနေဖြင့် ပညာရေးကို အားပေးဆောင်ရွက်လျက်ရှိပြီး တစ်နိုင်ငံလုံးရှိ ကျောင်းနေအရွယ် ကလေးငယ်များအားလုံး ပညာသင်ကြားနိုင်ရေး ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပညာသည် လူတစ်ဦးချင်းစီ၏ ဘဝတိုးတက်ရေးကို ဆောင်ရွက်ပေးနိုင်မည်ဖြစ်ပြီး အသိပညာ၊ အတတ်ပညာများရှိမှသာလျှင် လုပ်ငန်းနယ်ပယ်မျိုးစုံ၌ ပိုမိုတိုးတက်ဖွံ့ဖြိုးနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် ပညာတတ်လူသားအရင်းအမြစ်ကောင်းများ မွေးထုတ်ပေးနိုင်ရေးအတွက် မိမိတို့အနေဖြင့် ဆောင်ရွက်ပေးရမည်ဖြစ်ပြီး နိုင်ငံ၏ အနာဂတ်ကို ပညာရေးဖြင့် ကောင်းမွန်စွာပုံဖော်ပေးနိုင်ရမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၌ ပညာရေးနှင့်ပတ်သက်၍ အားနည်းချက်များ များစွာရှိသည်ကို စစ်တမ်းများအရ တွေ့ရှိရကြောင်း၊ ထို့ပြင် မိမိတို့နိုင်ငံလူဦးရေ၏ ၈၅ ရာခိုင်နှုန်းခန့်သည် သာမန်လုပ်ငန်းများကို ဆောင်ရွက်ကြသူများဖြစ်သည်ကို တွေ့ရှိရကြောင်း။

ထို့ကြောင့် မိမိတို့နိုင်ငံ၏ ပညာရေးကို မဖြစ်မနေမြှင့်တင်ဆောင်ရွက်ရမည်ဖြစ်သဖြင့် မိမိတို့ တာဝန်ယူချိန်တွင် ပညာရည်မြှင့်တင်ရေးအဖြစ် KG+9 အဆင့်အထိ မဖြစ်မနေသင်ကြားရန် မူဝါဒ ချမှတ်ဆောင်ရွက်ခဲ့ကြောင်း၊ KG+9 တက်ရောက်အောင်မြင်သူများအနေဖြင့် စိုက်ပျိုးမွေးမြူရေးနှင့် စက်မှုအခြေခံသင်တန်းကျောင်းများ တက်ရောက်ပြီး သက်ဆိုင်ရာပညာရပ်များအလိုက် ဆက်လက်သင်ကြားနိုင်မည်ဖြစ်ကြောင်း၊ အခြေခံပညာတတ်မြောက်အောင်မြင်ပြီးသူများအနေဖြင့်လည်း သက်ဆိုင်ရာ ဘာသာရပ်များအလိုက် အဆင့်မြင့်တက္ကသိုလ်နှင့် ကောလိပ်များကို ဆက်လက်တက်ရောက်နိုင်မည်ဖြစ်ကြောင်း။

နိုင်ငံတွင် အဆင့်မြင့်ပညာတတ်မြောက်သူများ ပေါကြွယ်ဝစေရေးအတွက် တက္ကသိုလ်၊ ကောလိပ်များကို တိုးချဲ့ဖွင့်လှစ်ပေးလျက်ရှိပြီး အားပေးဆောင်ရွက်လျက်ရှိကြောင်း၊ တက္ကသိုလ်များတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ဆရာ ဆရာမများအနေဖြင့် မိမိတို့ တာဝန်

ယူထားသည့် သက်ဆိုင်ရာဘာသာရပ်များအလိုက် ကျွမ်းကျင်မှုများ ရှိနေရန်လိုကြောင်း၊ ကျောင်းသား၊ ကျောင်းသူများ အမှန်တကယ်ပညာတတ်မြောက်နိုင်ရန် အတွက် ထိရောက်သည့် သင်ကြားမှုများဖြစ်ရန်လိုပြီး ဘွဲ့ရရှိပြီးချိန်တွင် သက်ဆိုင်ရာဘာသာရပ်အလိုက် အမှန်တကယ်တွေးခေါ်မြော်မြင် ဆောင်ရွက်တတ်သူများဖြစ်ရန်လိုကြောင်း၊ နိုင်ငံတော်အနေဖြင့် ပညာရေးဝန်ထမ်းများအတွက် သက်ဆိုင်ရာအဆင့်အလိုက် ထိုက်သင့်သည့် ချီးမြှင့်မှုများနှင့် ထောက်ပံ့မှုများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း။

အရည်အချင်းပြည့်မီသည့် လူသားအရင်းအမြစ်ကောင်းများ ပေါ်ထွက်လာမှသာလျှင် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ဆောက်ရေးကို ကောင်းမွန်သည့် အထောက်အပံ့များ ဖြစ်စေနိုင်မည်ဖြစ်သဖြင့် အရည်အချင်းရှိသည့် လူသားအရင်းအမြစ်ကောင်းများ မွေးထုတ်ပေးနိုင်ရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အတွက် အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်ပေးလိုသည့်စိတ်ဖြင့် တာဝန်ထမ်းဆောင်ကြရန်လိုပြီး နည်းပြများအနေဖြင့် အရည်အချင်းပြည့်ဝသူများဖြစ်စေရေး လေ့လာမှုများကို စဉ်ဆက်မပြတ်ဆောင်ရွက်နေရန်လိုကြောင်း၊ တစ်ဦးချင်းစွမ်းရည်များတိုးတက်လာပါက မိမိဘဝတိုးတက်ရေးအတွက် ထိုက်သင့်သည့်အကျိုးကို ခံစားခွင့်ရမည်ဖြစ်ကြောင်း၊ **ဆရာကောင်းမှ မွေးထုတ်ပေးသည့် တပည့်ကောင်းများဖြစ်အောင် ဆောင်ရွက်ပေးကြစေလိုပြီး အရည်အသွေးမြင့်သည့် ပညာရေးကွင်းဆက်ဖြစ်အောင် စဉ်ဆက်မပြတ်ပံ့ပိုးဖော်ဆောင်ရွက်ကြရန်လို**ကြောင်း။

မိမိတို့နိုင်ငံသည် ဒီမိုကရေစီလမ်းကြောင်းကို လျှောက်လှမ်းနေခြင်းဖြစ်သော်လည်း ဒီမိုကရေစီ၏ အခြေခံဖြစ်သည့် ဥပဒေအား လေးစားလိုက်နာခြင်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် စီးပွားရေး အသိအမြင် ရှိခြင်းတို့၌ အားနည်းချက်များရှိကြောင်း၊ ကျောင်းသား၊ ကျောင်းသူများအနေဖြင့် ဥပဒေဆိုင်ရာများနှင့် စီးပွားရေးဆိုင်ရာများကို သိရှိရန် မဖြစ်မနေလိုအပ်သည်ဟု တွေ့ရှိရသဖြင့် ဥပဒေပညာရပ်ကို နားလည်သိရှိစေရေး တက္ကသိုလ်အားလုံးတွင် ဥပဒေပညာရပ်ကို သင်ကြားပေးလျက်ရှိကြောင်း၊ အလားတူ စီးပွားရေးနှင့်ပတ်သက်သည့် အသိအမြင်များရှိစေရေးအတွက်လည်း စီးပွားရေးအခြေခံဘာသာရပ်များကို သင်ကြားပေးလျက်ရှိကြောင်း၊ မိမိတို့၏ မျှော်မှန်းချက်မှာ တက္ကသိုလ်ပညာ သင်ကြားပြီးဘွဲ့ရရှိပြီးသူများအနေဖြင့် ၎င်းတို့၏ လူမှုစီးပွားဘဝနှင့် ပတ်ဝန်းကျင်ကို ကောင်းမွန်အောင်ဆောင်ရွက်နိုင်သူများဖြစ်စေရေးအတွက် မျှော်မှန်းဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် ဆရာ၊ ဆရာမများအနေဖြင့်လည်း ကျောင်းသား၊ ကျောင်းသူများ ပညာတတ်မြောက်စေရေးနှင့် ၎င်းတို့၏ ဘဝတစ်လျှောက် ကောင်းမွန်မှန်ကန်စွာ လျှောက်လှမ်းနိုင်ရေး ကြိုးပမ်းဆောင်ရွက်ပေးကြရန် တိုက်တွန်းပြောကြားလိုကြောင်း ပြောကြားသည်။

■ ■ ■

# ပုသိမ်တက္ကသိုလ် ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ဆရာ၊ ဆရာမများနှင့် တွေ့ဆုံစဉ် ပြောကြားသည့် အမှာစကား

( ၂၀ - ၁ - ၂၀၂၄ )



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ခရီးစဉ်တွင် လိုက်ပါလာသည့် အဖွဲ့ဝင်များ၊ ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ်၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူးတို့ လိုက်ပါ၍ ဇန်နဝါရီလ(၂၀)ရက်နေ့ နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ ပုသိမ်တက္ကသိုလ်သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ၊ ပုသိမ်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာသန်းထွန်း၊ ဒုတိယပါမောက္ခချုပ်များနှင့် ဆရာ၊ ဆရာမများက ရင်းရင်းနှီးနှီး ကြိုဆိုနှုတ်ဆက်ကြသည်။ ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဘွဲ့နှင်းသဘင်ခန်းမအတွင်း လှည့်လည်ကြည့်ရှုကြပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် တက္ကသိုလ်အစည်းအဝေးခန်းမ၌ ပုသိမ်တက္ကသိုလ် ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ဆရာ၊ဆရာမများနှင့် တွေ့ဆုံရာ တက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာသန်းထွန်းက ပညာရေးဆိုင်ရာများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြရာတွင် တက္ကသိုလ်ဆိုင်ရာ အချက်အလက်များ၊ သင်ကြားပေးလျက်ရှိသည့် ဘာသာရပ်များနှင့် ဘွဲ့၊ ဒီပလိုမာပေးအပ်မှုများ၊ ဘာသာရပ်အလိုက် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ပညာသင်ကြားလျက်ရှိမှု၊ ဘာသာရပ်အလိုက် သင်ကြားရေးဝန်ထမ်းများနှင့် စီမံဝန်ထမ်းများ ခန့်အပ်ထားရှိမှု၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ၏ အိပ်ဆောင်များ တည်ဆောက်ထားရှိမှုနှင့် စားသောက်

ရေးနှင့် နေထိုင်ရေး စီမံဆောင်ရွက်ထားရှိမှု၊ စာကြည့်တိုက်နှင့်သင်ကြားရေးအဆောက်အအုံများ တည်ဆောက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေက ပုသိမ်တက္ကသိုလ်နှင့် ပတ်သက်၍ သင်ကြားမှု၊ သင်ယူမှု အထောက်အကူပြုဆိုင်ရာ လိုအပ်ချက်များကိုလည်းကောင်း၊ တိုင်းဒေသကြီးဝန်ကြီးချုပ်က တက္ကသိုလ်နှင့် ဝန်းကျင်တစ်ဝိုက် သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ထားရှိမှုများကိုလည်းကောင်း ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

**ဆွေးနွေးပြောကြား**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ပညာရေးကဏ္ဍဖွံ့ဖြိုး တိုးတက်ရေးအတွက် လိုအပ်သည်များ ဆွေးနွေးပြောကြားရာတွင် ပုသိမ်တက္ကသိုလ်သည် သက်တမ်း(၆၅) နှစ်ရှိပြီဖြစ်သည့် တက္ကသိုလ်တစ်ခုဖြစ်ပြီး သင်ကြားမှုပိုင်းဆိုင်ရာများတွင် ရန်ကုန်တက္ကသိုလ်၊ မန္တလေးတက္ကသိုလ်တို့နှင့် ရင်ပေါင်တန်းနိုင်ရမည်ဖြစ်ကြောင်း၊ တက္ကသိုလ်ပညာရပ်သည် အတတ်ပညာကိုသင်ကြားပေးသည်ဖြစ်သဖြင့်ကျောင်းသား၊

> **အစိုးရတစ်ရပ်သည် ၎င်းတို့၏ မူဝါဒကို အကောင်အထည်ဖော်၍ နိုင်ငံကောင်းအောင် ဆောင်ရွက်ခြင်းဖြစ်ပြီး နိုင်ငံ့ဝန်ထမ်းများသည် မိမိတို့၏ တာဝန်ကို ကျေပွန်စွာထမ်းဆောင်၍ နိုင်ငံကိုကောင်းအောင် ဆောင်ရွက်ရခြင်းဖြစ်၊ ထို့ကြောင့် ဆရာ၊ ဆရာမများအနေဖြင့် နိုင်ငံရေးထက် နိုင်ငံ့အရေးကိုကြည့်၍ မိမိတို့တာဝန်များကို ကျေပွန်အောင် ထမ်းဆောင်ကာ နိုင်ငံ့အတွက် လိုအပ်သည့် ပညာတတ်လူသား အရင်းအမြစ်ကောင်းများ ပေါ်ထွန်းလာရေး ကြိုးပမ်းဆောင်ရွက်ကြစေလို။**

ကျောင်းသူများအနေဖြင့် ၎င်းတို့ဘဝတွင် အဆင်ပြေစွာ ရပ်တည်နိုင်သည်အထိ သင်ကြားပေးနိုင်ရန်လိုကြောင်း၊ အခြေခံပညာမူလတန်း၊ အခြေခံပညာ အထက်တန်းကျောင်းတို့တွင် တွေ့ကြုံခဲ့ရသည့် ပတ်ဝန်းကျင်နှင့် တက္ကသိုလ်တွင် တွေ့ကြုံရသည့် ပတ်ဝန်းကျင်သည် များစွာကွာခြားမှုရှိပြီး တက္ကသိုလ်ပညာရပ်သည် စာပေပညာကို သာမက လူမှုအသိုင်းအဝိုင်းတစ်ခုနှင့် ပေါင်းသင်းဆက်ဆံရေးတို့ကိုပါ သင်ကြားပေးလိုက်ခြင်းဖြစ်ကြောင်း၊ အခြေခံပညာအဆင့်၌ သင်ကြားသင်ယူမှုများ ဆောင်ရွက်ရာတွင် ပို့ချသင်ကြားခြင်း (Teaching) ကို အဓိကထားဆောင်ရွက်ရပြီး အဆင့်မြင့်ပညာအဆင့် သင်ကြားသင်ယူမှုများ ဆောင်ရွက်ရာတွင် တွေးခေါ်လေ့လာသင်ကြားခြင်း (Studying)ကို အဓိကထား ဆောင်ရွက်ကြခြင်းဖြစ်ကြောင်း၊ တက္ကသိုလ်တက်ရောက်စဉ် ပတ်ဝန်းကျင်မှ ရရှိသည့် အတွေ့အကြုံ ဗဟုသုတနှင့် သင်ကြားမှုမှရရှိသည့် တွေးခေါ်မြော်မြင်နိုင်မှုတို့ကို ၎င်းတို့၏ လက်တွေ့ဘဝတွင် အသုံးချ၍ အောင်မြင်စွာ ဖြတ်သန်းနိုင်ရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ကျောင်းသား၊ ကျောင်းသူများ အတွေးအခေါ် မှန်ကန်ကောင်းမွန်စေရေးနှင့် ပညာရပ်များကို မှန်ကန်စွာ တတ်မြောက်စေရေး စနစ်တကျ သင်ကြားပေးကြရန်နှင့် အခြေခံစိတ်ဓာတ်ကောင်းများရရှိရေး အလေးထား ဆောင်ရွက်ကြရန်လိုကြောင်း။

**အလေးထားစိစစ်ဆောင်ရွက်**

စာပေနှင့်ပတ်သက်၍ သက်ဆိုင်ရာဘာသာရပ်များ အလိုက် ထိုက်ထိုက်တန်တန်ဖြင့် ဘွဲ့ရရှိသူများဖြစ်စေရေး အလေးထား စိစစ်ဆောင်ရွက်သွားကြရန်လိုကြောင်း၊ သင်ကြားရေးတာဝန်ယူထားရသည့် ဆရာ ဆရာမများ အနေဖြင့်လည်း စဉ်ဆက်မပြတ် လေ့လာမှုများကို ဆောင်ရွက်၍ မိမိကိုယ်မိမိ ကိုယ်ရည်ကိုယ်သွေးပြည့်ဝအောင် ဆောင်ရွက်နေကြရန်လိုကြောင်း၊ ဆရာ၊ ဆရာမများက အမှန်တကယ်တတ်ကျွမ်းပြီး မိမိတို့တာဝန်ယူထားသည့် ဘာသာရပ်ကို ပိုင်နိုင်နေမှသာလျှင် မိမိတို့က မွေးထုတ်ပေးသည့် တပည့်များသည်လည်း ထူးချွန်ထက်မြက်မည်ဖြစ်ပြီး ၎င်းတို့၏ ဘဝတိုးတက်ရေးအတွက် လက်တွေ့နယ်ပယ်တွင် အမှန်တကယ် အသုံးချနိုင်မည်ဖြစ်ကြောင်း။

**သင်ကြားပေးလျက်ရှိ**

ယနေ့ခေတ်သည် ဒီမိုကရေစီခေတ်ဖြစ်သဖြင့် ဒီမိုကရေစီ၏ အခြေခံဖြစ်သည့် ဥပဒေနှင့် စည်းကမ်းကို သိရှိလိုက်နာရန်၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် စီးပွားရေးအသိအမြင်ရှိရန် လိုအပ်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် အနာဂတ်တွင် နိုင်ငံကို ဦးဆောင်ကြမည့် လူသားအရင်းအမြစ်များအနေဖြင့် ဥပဒေပညာရပ်ကို နားလည်သိရှိစေရေး တက္ကသိုလ်အားလုံးတွင် ဥပဒေပညာရပ်ကို သင်ကြားပေးလျက်ရှိကြောင်း၊ အလားတူ စီးပွားရေးနှင့်ပတ်သက်သည့် အသိအမြင်များရှိစေရေး အတွက်လည်း စီးပွားရေးအခြေခံဘာသာရပ်များကို သင်ကြားပေးလျက်ရှိကြောင်း၊ မိမိတို့၏ မျှော်မှန်းချက်မှာ တက္ကသိုလ်ပညာသင်ကြားပြီး ဘွဲ့ရရှိပြီးသူများအနေဖြင့် ၎င်းတို့၏ လူမှုစီးပွားဘဝနှင့် ပတ်ဝန်းကျင်ကို ကောင်းမွန်အောင် ဆောင်ရွက်နိုင်သူများဖြစ်ရန်အတွက် မျှော်မှန်းဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ထို့ပြင် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် သိပ္ပံဘာသာရပ် တတ်ကျွမ်းနားလည်သူများအပြင် ကဏ္ဍတစ်ခုအနေဖြင့် မရှိမဖြစ်လိုအပ်သည့် အတွေးအခေါ်ပညာရှင်ကောင်းများ ပေါ်ထွက်လာစေရေးအတွက်လည်း တွေးခေါ်မြော်မြင်မှုဆိုင်ရာ ဝိဇ္ဇာပညာရပ်ဆိုင်ရာ သင်ကြားမှုများကိုလည်း အားပေးဆောင်ရွက်သွားကြရန် လိုကြောင်း။

သက်တမ်းကာလ ကြာမြင့်ပြီဖြစ်ပြီး အစဉ်အလာရှိသည့် တက္ကသိုလ်ဖြစ်သည့်အတွက် ယခုတက္ကသိုလ်မှ ထွက်ပေါ်လာသူများသည် တက္ကသိုလ်အတွက် ဂုဏ်ယူဖွယ်ဖြစ်ရမည်ဖြစ်ကြောင်း၊ နယ်ပယ်အလိုက် ထူးချွန်ထက်မြက်သူများ မွေးထုတ်ပေးနိုင်သည့် တက္ကသိုလ်တစ်ခုဖြစ်ရမည်ဖြစ်ကြောင်း၊ မိမိတို့ တက်ရောက်ခဲ့သည့် တက္ကသိုလ်အတွက် ဂုဏ်ယူနိုင်စေရေးအတွက်လည်း တက္ကသိုလ်၏ ဂုဏ်အရှိန်အဝါနှင့် သာယာလှပမှုတို့ကို ဖော်ဆောင်ပေးနိုင်ရမည်ဖြစ်ကြောင်း၊ တက္ကသိုလ်ဟူသည်မှာ လေ့လာဖတ်မှတ်ခြင်းကို ဆောင်ရွက်ပေးရမည်ဖြစ်သည့်အတွက် တက္ကသိုလ်စာကြည့်တိုက်နှင့်ပတ်သက်၍ နယ်ပယ်အစုံမှ စာအုပ်စာပေများ စုံလင်မှုရှိရမည်ဖြစ်ကြောင်း။

**အားပေးဆောင်ရွက်လျက်ရှိ**

မိမိအနေဖြင့်လည်း ပညာရေးကို ဘက်ပေါင်းစုံမှ အားပေးဆောင်ရွက်လျက်ရှိပြီး ပညာရပ်ပိုင်းဆိုင်ရာ ချီးမြှင့်မှုများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အစိုးရအတွက်ဟူသည်ထက် နိုင်ငံ့အတွက်၊ တိုင်းပြည်အတွက် တာဝန်ထမ်းဆောင်ခြင်းဖြစ်ရန်လိုကြောင်း၊ အစိုးရတစ်ရပ်အနေဖြင့် နိုင်ငံတော်၏ တာဝန်များကို ယာယီတာဝန်ယူခြင်းသာဖြစ်ပြီး ဆရာ၊ ဆရာမများ၊ နိုင်ငံ့ဝန်ထမ်းများသည် နိုင်ငံ့တာဝန်များကို အမြဲတမ်းတာဝန်ထမ်းဆောင်နေခြင်းဖြစ်ကြောင်း၊ အစိုးရတစ်ရပ်သည် ၎င်းတို့၏ မူဝါဒကို အကောင်အထည်ဖော်၍ နိုင်ငံကောင်းအောင် ဆောင်ရွက်ခြင်းဖြစ်ပြီး နိုင်ငံ့ဝန်ထမ်းများသည် မိမိတို့၏ တာဝန်ကိုကျေပွန်စွာထမ်းဆောင်၍ နိုင်ငံကိုကောင်းအောင် ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် ဆရာ၊ ဆရာမများအနေဖြင့် နိုင်ငံရေးထက် နိုင်ငံ့အရေးကိုကြည့်၍ မိမိတို့တာဝန်များကို ကျေပွန်အောင် ထမ်းဆောင်ကာ နိုင်ငံ့အတွက် လိုအပ်သည့် ပညာတတ်လူသားအရင်းအမြစ်ကောင်းများ ပေါ်ထွန်းလာရေး ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း တိုက်တွန်းပြောကြားသည်။

■ ■ ■

# ဧရာဝတီတိုင်းဒေသကြီး တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် မြို့မိမြို့ဖများအားတွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးစဉ် ပြောကြားသည့် အမှာစကား

( ၂၀ - ၁ - ၂၀၂၄ )




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဇန်နဝါရီလ(၂၀)ရက်နေ့ နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် မြို့မိမြို့ဖများအား သွားရောက်တွေ့ဆုံ အမှာစကားပြောကြားသည်။

**ကြိုဆိုနှုတ်ဆက်**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်လေဆိပ်သို့ရောက်ရှိကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ အနောက်တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလင်းနှင့် အဖွဲ့ဝင်များက ကြိုဆိုနှုတ်ဆက်ကြသည်။

**ပုသိမ်လေယာဉ်ကွင်း အဆင့်မြှင့်တင်နိုင်ရေး စီမံဆောင်ရွက်လျက်ရှိ**

ထို့နောက် လေဆိပ်ဧည့်ခန်းမဆောင်၌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက လေဆိပ်သမိုင်းအကျဉ်း၊ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှာကြားချက်များနှင့်အညီ လေဆိပ်နှင့် လေယာဉ်ပြေးလမ်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို လျာထားဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ပုသိမ်လေယာဉ်ကွင်းကို ပြည်တွင်း၊ ပြည်ပခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်၍ အဆင့်မြှင့်တင်ရန် ဆောင်ရွက်စေခဲ့ခြင်းဖြစ်ကြောင်း၊ ဧရာဝတီတိုင်းဒေသကြီးသည် ခရီးသွားလာရေးလုပ်ငန်း ဆောင်ရွက်ရန်အတွက် နာမည်ကျော်ကမ်းခြေများအပါအဝင် သဘာဝအလှအပများ၊ ဒေသထွက်အစားအသောက်များနှင့် အခြားအခြေခံကောင်းများစွာကို ပိုင်ဆိုင်ထားရှိပြီးဖြစ်ကြောင်း၊ လေဆိပ်အဆင့်မြှင့်တင်ခြင်းအပြင် တိုင်းဒေသကြီးအတွင်းရှိ ကားလမ်းများကိုလည်း အဆင့်မြှင့်တင်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ လေဆိပ်နှင့် လေယာဉ်ပြေးလမ်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများဆောင်ရွက်ရာတွင် ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် ဘေးကင်းလုံခြုံရေးကို အလေးထားဆောင်ရွက်သွားကြရန်လိုပြီး လုပ်ငန်းအဆင့်အလိုက် အမြန်ဆုံးအကောင်အထည်ဖော်နိုင်ရေး ဆောင်ရွက်သွားကြရန်လိုကြောင်း မှာကြားသည်။

**ဒေသတွင်း ခရီးသွားလာရေးလုပ်ငန်း**
**ဖွံ့ဖြိုးတိုးတက်ရေးအတွက်**
**ဆက်သွယ်ရေးလမ်းကြောင်းများကို**
**အဆင့်မြှင့်တင်ပေးသွားမည်ဖြစ်သဖြင့်**
**လမ်းကြောင်းများပေါ်ရှိ မြို့ရွာများ**
**စနစ်ကျနမှုရှိစေရေး၊ သန့်ရှင်းသာယာ**
**လှပရေးကို ဆောင်ရွက်ကြရန်လိုပြီး**
**မြို့ပြစီမံကိန်းများအနေဖြင့်**
**စနစ်ကျနရန် လိုအပ်မည်ဖြစ်၊**
**ဒေသနှင့် တိုင်းပြည်အကျိုးကိုကြည့်၍**
**အချိန်ကာလအတိုင်းအတာ**
**တစ်ခုအတွက်သာ အဆင်ပြေရန်မဟုတ်ဘဲ**
**အနာဂတ်အတွက် အဆင်ပြေအောင်**
**စီမံဆောင်ရွက်ကြစေလို။**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် မြို့မိမြို့ဖများအား တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး ဧရာဩဝါခန်းမ၌ တွေ့ဆုံအမှာစကားပြောကြားသည်။

အဆိုပါ တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကောင်စီဝင် ဗိုလ်ချုပ်ကြီးမြထွန်းဦး၊ ဒုတိယဗိုလ်ချုပ်ကြီးညိုစော၊ မန်းငြိမ်းမောင်၊ ဒေါက်တာဘဂျေ၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးမင်းနောင်၊ ဦးလှမိုး၊ ဦးခင်မောင်ရီ၊ဦးမျိုးသန့်၊ ဒေါက်တာညွန့်ဖေ၊ ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလင်း၊ ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

**တိုင်းဒေသကြီးအတွင်း လုပ်ငန်းဆောင်ရွက်နေမှုများနှင့် လိုအပ်ချက်များအား အသီးသီးတင်ပြ**

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က တိုင်းဒေသကြီးအစိုးရအဖွဲ့၏ လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများ၊ တိုင်းဒေသကြီးအတွင်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိမှုနှင့် အောင်မြင်ဖြစ်ထွန်းမှု အခြေအနေများ၊ ဆားထုတ်လုပ်မှုနှင့် ဒေသထွက်ဆားများ ဈေးကွက်ရရှိရေး ဆောင်ရွက်လျက်ရှိမှု၊ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးကုန်ထုတ်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ သဘာဝထိန်းသိမ်းရေးနယ်မြေများ သတ်မှတ်ဆောင်ရွက်လျက်ရှိမှုနှင့် စုပေါင်းသစ်ပင်စိုက်ပျိုးမှုများ ပြုလုပ်၍ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းဆောင်ရွက်လျက်ရှိမှု၊ တိုင်းဒေသကြီးအတွင်း လျှပ်စစ်ဓာတ်အား ဖူလုံစွာရရှိရေး၊ လမ်းပန်းဆက်သွယ်မှုများ ကောင်းမွန်စေရေး ဆောင်ရွက်လျက်ရှိမှု၊ ပညာရေး၊ ကျန်းမာရေး အဆင့်မြှင့်နိုင်ရေး ဆောင်ရွက်လျက်ရှိမှု၊ ဒေသတွင်းခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံဆောင်ရွက်လျက်ရှိမှု အခြေအနေများနှင့် အထွေထွေတင်ပြချက်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တက်ရောက်လာကြသည့် မြို့မိမြို့ဖများက ပုသိမ်-ချောင်းသာနှင့် ပုသိမ်-ငွေဆောင်တို့အား ဆက်သွယ်ထားရှိသည့် လမ်းကြောင်းများပေါ်ရှိ ဘေလီတံတားနှစ်စင်းအား အဆင့်မြှင့်တင်ဆောင်ရွက်ပေးစေလိုမှု၊ ကုန်စည်ကူးသန်းရောင်းဝယ်မှုများ ပိုမိုလျင်မြန်ချောမွေ့စေရေးအတွက် ပုသိမ်မြို့အဝင်၌ အဆင့်မြှင့်ကုန်စည်ကားဝင်းတစ်ခု ဆောင်ရွက်ပေးစေလိုမှု၊ ရန်ကုန်-ပုသိမ် ကားလမ်းအဆင့်မြှင့်တင်ဆောင်ရွက်ပေးစေလိုမှုနှင့် အခြားလိုအပ်သည်များကို ဆွေးနွေးတင်ပြကြသည်။

## တင်ပြချက်များနှင့်ပတ်သက်၍ ဝန်ကြီးဌာနအလိုက် ပြန်လည်ရှင်းလင်းဆွေးနွေး

ဆွေးနွေးတင်ပြမှုများနှင့်ပတ်သက်၍ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးမင်းနောင်၊ ဦးလှမိုး၊ ဦးခင်မောင်ရီ၊ ဦးမျိုးသန့်၊ ဒေါက်တာညွန့်ဖေတို့က တိုင်းဒေသကြီးအစိုးရအဖွဲ့မှ တင်ပြချက်များအားသက်ဆိုင်ရာ ဝန်ကြီးဌာနများအလိုက် ပြန်လည်ဆောင်ရွက်ပေးနိုင်မည့်အခြေအနေများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ စိုက်ပျိုးမွေးမြူရေးနှင့် ကုန်ထုတ်လုပ်ငန်းများ အောင်မြင်စွာ ဆောင်ရွက်နိုင်ရေး ဝန်ကြီးဌာနအလိုက် စီမံဆောင်ရွက်ပေးရန်နှင့် ဖြည့်ဆည်းပံ့ပိုးပေးရန် လိုအပ်သည်များကို တတ်နိုင်သရွေ့ ဆောင်ရွက်ပေးလျက်ရှိမှု၊ ကျေးလက်နေ ပြည်သူလူထုတို့၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး၊ ဝင်ငွေတိုးပွားစေရေးတို့အတွက် သမဝါယမ အသင်းအဖွဲ့များစုဖွဲ့၍ လိုအပ်သည့် သွင်းအားစုများ၊ နည်းပညာ၊ စက်ကိရိယာနှင့် အရင်းအနှီးများ ကူညီဆောင်ရွက်ပေးလျက်ရှိမှုနှင့် ထွက်ရှိလာသည့် စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များ ဈေးကွက်ရရှိရေးအတွက် ဆောင်ရွက်ပေးလျက်ရှိမှု၊ ဧရာဝတီတိုင်းဒေသကြီးအတွင်း သစ်၊ ဝါး၊ ကြိမ် စသည်တို့အပါအဝင် သစ်တောသယံဇာတများမှ ရရှိသည့် ကုန်ကြမ်းများကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများကို အောင်မြင်စွာ ဆောင်ရွက်နိုင်မည့်အခြေအနေများ၊ တစ်နိုင်ငံလုံး၏ ဆားလိုအပ်ချက်ကို အဓိကဖြည့်ဆည်းပေးနေသည့် ဒေသတစ်ခုဖြစ်ပြီး ခေတ်မီနည်းစနစ်များကို အသုံးပြု၍ အဆင့်မီစွာ ထုတ်လုပ်၍ ပြည်ပသို့ တင်ပို့နိုင်ပါက ဒေသဖွံ့ဖြိုးတိုးတက်မှုကို များစွာအထောက်အကူဖြစ်စေနိုင်မှု၊ ပုသိမ်-ချောင်းသာ၊ ပုသိမ်-ငွေဆောင် လမ်းကြောင်းပေါ်ရှိ ဘေလီတံတားအား အဆင့်မြှင့်တင်ပေးစေလိုမှုနှင့် ရန်ကုန်-ပုသိမ် လမ်းကြောင်းအား အဆင့်မြှင့်တင်ပေးစေလိုမှုတို့အပေါ် ရေရှည်စီမံချက်များချမှတ်၍ နှစ်အလိုက်ခွင့်ပြုဘတ်ဂျက်များဖြင့် ဆောင်ရွက်ပေးနိုင်ရေး စီမံဆောင်ရွက်ပေးသွားမည်ဖြစ်မှု၊ တိုင်းဒေသကြီးအတွင်း ပညာရေးဝန်ထမ်းများလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရေး၊ စာသင်ကျောင်းများ ဥပမိရပ်ကောင်းမွန်စေရေး စီမံဆောင်ရွက်ပေးလျက်ရှိမှုတို့နှင့်ပတ်သက်၍ ပြန်လည်ဆွေးနွေးပြောကြားကြသည်။

## နိုင်ငံအတွက် အားကိုးအားထားရပြီး ရေခံမြေခံနှင့် အခြေခံကောင်းများ ပိုင်ဆိုင်ထားသည့် တိုင်းဒေသကြီးဖြစ်

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဆွေးနွေးပြောကြားရာတွင် ဧရာဝတီတိုင်းဒေသကြီးသည် မြန်မာနိုင်ငံအတွက် အားကိုးအားထားရသည့် တိုင်းဒေသကြီးတစ်ခုဖြစ်ပြီး ရေခံမြေခံကောင်းနှင့် အခြေခံကောင်းများကို ပိုင်ဆိုင်ထားရှိကြောင်း၊ ပညာရေးနှင့်ပတ်သက်၍လည်း ဧရာဝတီတိုင်းဒေသကြီးသည် ကျောင်းတက်ရောက်သူဦးရေအများဆုံး၊ ကျောင်းနေထိုင်မှုနှင့် အောင်ချက်ရာခိုင်နှုန်းအမြင့်ဆုံးဖြစ်သည်ကို တွေ့ရှိရကြောင်း၊ အနာဂတ်အတွက် အခြေခံကောင်းများစွာကို ပိုင်ဆိုင်ထားရှိပြီးဖြစ်သဖြင့် တိုင်းဒေသကြီးတွင် အမြဲတမ်းနေထိုင်လျက်ရှိသည့် မြို့မိမြို့ဖများအနေဖြင့် အတွေ့အကြုံရှိပြီး ဒေသအတွက် အကျိုးပြုနိုင်မည့် အစုအဖွဲ့များစုဖွဲ့၍ ဒေသ၏ အခြေခံကောင်းများကို ဆက်လက်ထိန်းသိမ်းဆောင်ရွက်သွားမည်ဆိုပါက ယခုထက် ပိုမိုဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်ကြောင်း။

ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ပုသိမ်လေဆိပ်ကို အဆင့်မြှင့်တင်ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး နိုင်ငံတကာမှ လေယာဉ်များ ဆင်းသက်နိုင်သည်အထိ ဆောင်ရွက်ပေးနိုင်ရေး စီမံလျက်ရှိကြောင်း၊ ဒေသတွင်း မြို့ပြဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း စနစ်တကျ စီမံဆောင်ရွက်သွားကြရန် လိုအပ်မည်ဖြစ်ကြောင်း၊ ဒေသတွင်း ခရီးသွားလာရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်သွယ်ရေးလမ်းကြောင်းများကို အဆင့်မြှင့်တင်ပေးသွားမည်ဖြစ်သဖြင့် လမ်းကြောင်းများပေါ်ရှိ မြို့ရွာများ စနစ်ကျနမှုရှိစေရေး၊ သန့်ရှင်းသာယာလှပရေးကို

ဆောင်ရွက်ကြရန်လိုပြီး မြို့ပြစီမံကိန်းများအနေဖြင့် စနစ်ကျနရန် လိုအပ်မည်ဖြစ်ကြောင်း၊ ဒေသနှင့် တိုင်းပြည်အကျိုးကိုကြည့်၍ အချိန်ကာလအတိုင်းအတာ တစ်ခုအတွက်သာ အဆင်ပြေရန်မဟုတ်ဘဲ အနာဂတ် အတွက် အဆင်ပြေအောင် စီမံဆောင်ရွက်ကြစေလို ကြောင်း။

ယခင်က ပုသိမ်ဒေသအနေဖြင့် ကုန်စည်ကူးသန်း ရောင်းဝယ်မှုများ ဆောင်ရွက်ရာတွင် ရေကြောင်းကိုသာ အဓိကအသုံးပြု၍ ဆောင်ရွက်ခဲ့ကြကြောင်း၊ လက်ရှိ အချိန်တွင်လည်းရေကြောင်းခရီးသွားလာရေး၊ရေကြောင်း ကုန်စည်ကူးသန်းရောင်းဝယ်ရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုး တိုးတက်စေရေး စီမံဆောင်ရွက်လျက်ရှိကြောင်း၊ ဒေသ တွင်းရှိ ရထားပို့ဆောင်ရေးခရီးစဉ်များကိုလည်း အကျိုး ရှိရှိ အသုံးချစေလိုကြောင်း၊ ပို့ဆောင်ရေးစနစ်များတွင် လေကြောင်းဖြင့် သယ်ယူပို့ဆောင်ခြင်း၊ ရေကြောင်းဖြင့် သယ်ယူပို့ဆောင်ခြင်း၊ မော်တော်ယာဉ်ဖြင့် သယ်ယူ ပို့ဆောင်ခြင်းနှင့် မီးရထားဖြင့် သယ်ယူပို့ဆောင်ခြင်း ဟူ၍ရှိပြီး မီးရထားဖြင့် သယ်ယူပို့ဆောင်ခြင်းသည် စရိတ်စကသက်သာစွာဖြင့် ခရီးသည်အများအပြားကို လိုရာခရီးကို ပို့ဆောင်ပေးနိုင်သကဲ့သို့ ကုန်စည် အမြောက်အမြားကိုလည်း ရထားလမ်းကွန်ရက်ရှိရာ ဒေသအသီးသီးကို စရိတ်ကုန်ကျမှုအနည်းဆုံးဖြင့် အချိန် တိုအတွင်း ပို့ဆောင်ပေးနိုင်သောကြောင့် အားပေး ဆောင်ရွက်သွားကြရန်လိုပြီး အကျိုးရှိစွာ အသုံးချနိုင်ရန် လိုကြောင်း။

ဧရာဝတီတိုင်းဒေသကြီးတွင် စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများကို အောင်မြင်ဖြစ်ထွန်းစွာ ဆောင်ရွက်လျက် ရှိပြီး လက်ရှိအထွက်နှုန်းထက် ပိုမိုတိုးတက်အောင် ကြိုးစားဆောင်ရွက်ပေးကြစေလိုကြောင်း၊ စိုက်ပျိုးရေး ထုတ်ကုန်များအား ပန်းတိုင်ရည်မှန်းချက်ပြည့်မီစေရေး ကြိုးပမ်းဆောင်ရွက်ကြရန်လိုပြီး စိုက်ဧကတိုးချဲ့ ဆောင်ရွက်ခြင်းထက် အထွက်နှုန်းကောင်းမွန်စေရေးနှင့် သီးထပ်စိုက်ပျိုးခြင်းများကို အောင်မြင်အောင် ဆောင်ရွက် ကြစေလိုကြောင်း၊ သမားရိုးကျ စိုက်ပျိုးခြင်းနည်း လမ်းများကိုသာ အသုံးပြုနေ၍မရဘဲ ခေတ်မီစိုက်ပျိုးရေး နည်းစနစ်ကို အသုံးပြု၍ အောင်မြင်အောင် ဆောင်ရွက် နိုင်ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများကို ဆောင်ရွက် ရာတွင် မျိုးကောင်းရန်၊ မြေကောင်းရန်၊ ရေလုံလောက်စွာ ရရှိရန်၊ နည်းစနစ်တကျစိုက်ပျိုးရန် စသည့်အချက်များ လိုအပ်ပြီး မိမိတို့ဒေသ၏ ရေခံမြေခံကောင်းများကို အကျိုးရှိရှိအသုံးချနိုင်ရန်လိုကြောင်း၊ မိမိတို့နိုင်ငံ၌ လယ်ယာစိုက်ပျိုးမှုများသည် အကွက်ငယ်များဖြင့် စိုက်ပျိုးကြသဖြင့် အနည်းဆုံး ဧကကွက်များကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့် စက်မှု လယ်ယာစနစ်ကို အကောင်အထည်ဖော်နိုင်မည်ဖြစ် သကဲ့သို့ အထွက်နှုန်းများသည်လည်း တိုးတက်လာမည် ဖြစ်ကြောင်း၊ မြေများကို စနစ်တကျပြုပြင်၍ ကောက် ကွက်များပြည့်မီအောင် စိုက်ပျိုးမည်ဆိုပါက အထွက် နှုန်းများ ကောင်းလာမည်ဖြစ်ကြောင်း၊ နိုင်ငံတော်က လိုအပ်သည်များကို ဖြည့်ဆည်းပေးမည်ဖြစ်သဖြင့် ဒေသခံများ၊ လုပ်ငန်းရှင်များက အမှန်တကယ် အလုပ် လုပ်ရန်နှင့် အောင်မြင်ရန်လိုကြောင်း။

> ပြည်ပသွင်းကုန်နှင့်ပတ်သက်၍ မိမိတို့နိုင်ငံတွင် ယခင်က ပြည်တွင်း ကုန်ထုတ်လုပ်မှုကို အားပေးခြင်း မရှိခဲ့ခြင်းကြောင့် ပြည်ပမှသွင်းကုန်များကို များစွာတင်သွင်းခဲ့ရပြီး ကုန်သွယ်မှု လိုငွေများဖြစ်ပေါ်ခဲ့၊ ပြည်တွင်းကုန်ထုတ်လုပ်မှုကို အားပေးဆောင်ရွက်ပြီး အမှန်တကယ် အလုပ်လုပ်ကြမည်ဆိုပါက မိမိတို့အနေဖြင့် ပြည်ပသွင်းကုန်များကို လျှော့ချနိုင်မည်ဖြစ်ပြီး နိုင်ငံခြားငွေ သုံးစွဲမှုများကိုလည်း လျှော့ချနိုင်မည်ဖြစ်၊ ထို့ကြောင့် ဒေသအကျိုး၊ နိုင်ငံ့အကျိုးကိုကြည့်၍ ပြည်တွင်း ကုန်ထုတ်လုပ်မှုလုပ်ငန်းများ အောင်မြင်အောင် ဆောင်ရွက်ကြစေလို။

အလားတူ ဧရာဝတီတိုင်းဒေသကြီးအတွင်း ငါးမွေးမြူရေးလုပ်ငန်းများကို အောင်မြင်စွာ ဆောင်ရွက်နိုင်မည့် အရင်းအမြစ်များကို ပိုင်ဆိုင်ထားပြီးဖြစ်ကြောင်း၊ နိုင်ငံအတွက် အသား၊ ငါး လိုအပ်ချက် များစွာရှိပြီး လူအများစားသုံးနိုင်သော သင့်တော်သည့်ဈေးနှုန်းဖြင့် ရောင်းချနိုင်သည့် ငါးမျိုးများ၊ မွေးမြူရေးလုပ်ငန်းများအပြင် ကြက်၊ ဝက်၊ ဘဲ၊ ဆိတ်၊ ကျွဲ၊ နွားစသည့် မွေးမြူရေးလုပ်ငန်းများကိုလည်း အားပေးဆောင်ရွက်ကြရန်လိုကြောင်း။

ဧရာဝတီတိုင်းဒေသကြီးအနေဖြင့် စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ပြည်ပသွင်းကုန် အစားထိုးလုပ်ငန်းများ၊ ပြည်တွင်းဈေးကွက် လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်မည့် လုပ်ငန်းများအား အမှန်တကယ်အောင်မြင်အောင် ဆောင်ရွက်နိုင်မည့် ဒေသတစ်ခုဖြစ်သဖြင့် အလေးထား ဆောင်ရွက်ကြစေလိုပြီး ဆောင်ရွက်လိုသည့် လုပ်ငန်းရှင်များကိုလည်း ဖိတ်ခေါ်ပါကြောင်း၊ ပြည်ပသွင်းကုန်နှင့်ပတ်သက်၍ မိမိတို့နိုင်ငံတွင် ယခင်က ပြည်တွင်းကုန်ထုတ်လုပ်မှုကို အားပေးခြင်းမရှိခဲ့ခြင်းကြောင့် ပြည်ပမှသွင်းကုန်များကို များစွာတင်သွင်းခဲ့ရပြီး ကုန်သွယ်မှုလိုငွေများဖြစ်ပေါ်ခဲ့ကြောင်း၊ ပြည်တွင်းကုန်ထုတ်လုပ်မှုကို အားပေးဆောင်ရွက်ပြီး အမှန်တကယ် အလုပ်လုပ်ကြမည်ဆိုပါက မိမိတို့အနေဖြင့် ပြည်ပသွင်းကုန်များကို လျှော့ချနိုင်မည်ဖြစ်ပြီး နိုင်ငံခြားငွေသုံးစွဲမှုများကိုလည်း လျှော့ချနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် ဒေသအကျိုး၊ နိုင်ငံ့အကျိုးကို ကြည့်၍ ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများ အောင်မြင်အောင် ဆောင်ရွက်ကြစေလိုကြောင်း။

ဧရာဝတီတိုင်းဒေသကြီး၌ သစ်၊ ဝါး၊ ကြိမ်ကို အခြေခံသည့် စက်မှုထုတ်ကုန်များကို အောင်မြင်စွာ ဆောင်ရွက်နိုင်မည်ဖြစ်ပြီး နိုင်ငံတော်အနေဖြင့်လည်း အားပေးဆောင်ရွက်လျက်ရှိကြောင်း၊ တစ်ဖက်တွင်လည်း သဘာဝမှ ရရှိသည့်ပစ္စည်းများ စဉ်ဆက်မပြတ်ရရှိရေး ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ဒေသတွင်း၌ အရိပ်ရ လေကာပင်များ၊ သစ်ပင်သစ်တောများကိုလည်း စိုက်ပျိုးကြရန်လိုကြောင်း၊ သဘာဝဘေးအန္တရာယ်ဟူသည်မှာ ရှောင်လွှဲ၍မရဘဲ ဖြစ်လာသည့်အချိန်တွင် ရင်ဆိုင်ရန်နှင့် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ထားမည်ဆိုပါက ထိခိုက်မှုအနည်းဆုံးဖြင့် ကျော်လွှားနိုင်မည်ဖြစ်ကြောင်း၊ ဒီရေတောများသည် သဘာဝဘေးအန္တရာယ်မှ ကာကွယ်ပေးနိုင်သည့်အတွက် ကမ်းစပ်တစ်လျှောက်နှင့် ဒေသအတွင်း ဖြစ်နိုင်သမျှအရေအတွက်များများ စိုက်ပျိုးထားရှိရန်လိုကြောင်းနှင့် သစ်၊ ဝါး၊ ကြိမ်တို့ကို အောင်မြင်အောင် အားပေးဆောင်ရွက်ကြစေလိုကြောင်း။

**နိုင်ငံ့အကျိုး၊ ဒေသအကျိုးကို ဖော်ဆောင်ရာတွင် အမြင်ကျယ်ကျယ်ဖြင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်**

ကျန်းမာရေးနှင့်ပတ်သက်၍ တတ်နိုင်သရွေ့ မိမိကိုယ်ကို ကျန်းမာရေးနှင့်ညီညွတ်အောင် နေထိုင်ကြရန်လိုပြီး ဒေသတွင်း ကျန်းမာရေးဝန်ထမ်းလိုအပ်ချက်များကို နိုင်ငံတော်မှ တတ်စွမ်းသရွေ့ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ တစ်ဦးချင်း ကျန်းမာရေးကောင်းမွန်ပြီး ကြံ့ခိုင်သန်စွမ်းမှုရှိမှသာလျှင် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ပိုမိုအလုပ်လုပ်နိုင်မည်ဖြစ်ကြောင်း၊ မိမိကိုယ်ကို ကျန်းမာရေးကောင်းမွန်အောင် ဂရုစိုက်နေထိုင်ခြင်းဖြင့် ကျန်းမာရေးအတွက် ကုန်ကျမည့်ငွေကြေးများကိုလည်း သက်သာစေနိုင်မည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီးရှိ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ ဒေသခံများအနေဖြင့် နိုင်ငံ့အကျိုး၊ ဒေသအကျိုးကို ဖော်ဆောင်ရာတွင် အမြင်ကျယ်ကျယ်ဖြင့် ဆောင်ရွက်ကြရန်လိုပြီး အားလုံးအတူတကွ ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ဆွေးနွေးတိုက်တွန်းပြောကြားသည်။

■ ■ ■

# အနောက်တောင်တိုင်းစစ်ဌာနချုပ် ပုသိမ်တပ်နယ်မှ အရာရှိ၊ စစ်သည် မိသားစုများအား တွေ့ဆုံစဉ် ပြောကြားသည့် အမှာစကား

( ၂၀ - ၁ - ၂၀၂၄ )



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဇန်နဝါရီလ(၂၀)ရက်နေ့ မွန်းလွဲပိုင်းတွင် အနောက်တောင်တိုင်းစစ်ဌာနချုပ် ပုသိမ်တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအား တိုင်းစစ်ဌာနချုပ် ရေဝတီခန်းမ၌ တွေ့ဆုံအမှာစကား ပြောကြားသည်။

**တက်ရောက်**

အဆိုပါ တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အတူ ဇနီး ဒေါ်ကြူကြူလှ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးဇွဲဝင်းမြင့်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလင်းနှင့် တာဝန်ရှိသူများ၊ ပုသိမ်တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ တက်ရောက်ကြသည်။

ထိုသို့ တွေ့ဆုံအမှာစကားပြောကြားရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ရှေ့လုပ်ငန်းစဉ်များ၊ ဦးတည်ချက်များချမှတ်၍ နိုင်ငံတော်တာဝန်များကို ထမ်းဆောင်လျက်ရှိကြောင်း၊ ၂၀၂၀ ပြည့်နှစ်၊ ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲတွင် ဖြစ်ပေါ်ခဲ့သည့် မဲမသမာမှုများကို တရားဥပဒေနှင့်အညီ ဖြေရှင်းဆောင်ရွက်ပေးခြင်းမရှိသည့်အပြင် နိုင်ငံတော်၏ အာဏာကို အတင်းအဓမ္မရယူရန် လုပ်ဆောင်လာခဲ့သောကြောင့် ဖြစ်ပေါ်လာသည့် အခြေအနေများအရ နိုင်ငံတော်ကို နိုင်ငံရေးအရ အရေးပေါ်အခြေအနေ ကြေညာခဲ့ပြီး တပ်မတော်မှ နိုင်ငံ့တာဝန်များကို ထမ်းဆောင်ခဲ့ရခြင်းဖြစ်ကြောင်း၊ လွတ်လပ်၍ တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပနိုင်ရေးအတွက် အကြိုလုပ်ငန်းစဉ်များကို ဆောင်ရွက်လျက်

ရှိပြီး လုပ်ငန်းစဉ်များပြီးစီး၍ လွတ်လပ်၍ တရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပပြီးစီးပါက ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေးကို ဦးတည်ချက်ထား၍ ဆောင်ရွက်လျက်ရှိကြောင်း။

၂၀၂၃ ခုနှစ်၊ အောက်တိုဘာလမှစ၍ အရှေ့မြောက်ပိုင်းဒေသတွင် တိုင်းရင်းသားလက်နက်ကိုင်ပဋိပက္ခများ ဖြစ်ပေါ်လျက်ရှိကြောင်း၊ ထိုသို့ဖြစ်ပေါ်နေခြင်းမှာ အာဏာကို ဥပဒေနှင့်အညီ ရယူနိုင်ရန် ဆောင်ရွက်ခြင်းမပြုဘဲ ဖြတ်လမ်းနည်းဖြင့် ရယူရန် ကြိုးပမ်းလာခြင်းပင်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံသည် ပြည်သူတစ်ရပ်လုံးလိုလားလျက်ရှိသည့် ပါတီစုံဒီမိုကရေစီစနစ်ပေါ်တွင် လျှောက်လှမ်းနေခြင်းဖြစ်သည့်အတွက် ဒီမိုကရေစီကျင့်စဉ်နှင့် နည်းလမ်းများကို လေးစားလိုက်နာရန် လိုကြောင်း။

## လေ့ကျင့်နေရမည်

တပ်မတော်သည် နိုင်ငံတော်ကာကွယ်ရေးအတွက် အဓိကတာဝန်ရှိသည့် အဖွဲ့အစည်းတစ်ခုဖြစ်သည့်အတွက် ကာကွယ်ရေးတာဝန်ထမ်းဆောင်ရန် အဖွဲ့အစည်းအလိုက်၊ စစ်သည်တစ်ဦးချင်းစီအလိုက် အသင့်ရှိနေရမည်ဖြစ်ကြောင်း၊ ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်ရန်အတွက် တစ်ဦးချင်းကျန်းမာကြံ့ခိုင်မှုရှိနေရမည်ဖြစ်ပြီး အမြဲတမ်းတိုက်ပွဲဝင် အသင့်ဖြစ်စေရေးအတွက် လေ့ကျင့်နေရမည်ဖြစ်ကြောင်း၊ အသက်အရွယ်အလိုက် လုပ်သင့်လုပ်ထိုက်သည့်၊ ရှိသင့်ရှိထိုက်သည့် လေ့ကျင့်ခန်းများကို ဆောင်ရွက်နေရန်လိုကြောင်း၊ တာဝန်ထမ်းဆောင်ရာတွင် စစ်သားကောင်းစိတ်ဓာတ်မွေး၍ နေထိုင်ကျင့်ကြံဆောင်ရွက်ကြရန်နှင့် သင်ကြားပေးထားသည့် စစ်အတတ်ပညာများကို လက်တွေ့နယ်ပယ်တွင် ထိရောက်စွာ အသုံးချရန်လိုကြောင်း၊ မိမိတို့ကိုင်ဆောင်သည့် လက်နက်များကို ကျွမ်းကျင်စွာ ကိုင်တွယ်အသုံးပြုနိုင်ရန် လိုအပ်သကဲ့သို့ ကျန်းမာကြံ့ခိုင်မှုများရှိနေစေရေးအတွက်လည်း အမြဲမပြတ် လေ့ကျင့်ဆောင်ရွက်နေရန်လိုကြောင်း။

တပ်မတော်သားများအနေဖြင့် စစ်စည်းကမ်းနှင့်အညီ နေထိုင်ကျင့်ကြံရမည်ဖြစ်ပြီး တစ်ဦးချင်းနှင့်အဖွဲ့အစည်းအပေါ် ထိခိုက်စေနိုင်သည့် လုပ်ကိုင်ပြုမူနေထိုင်မှုများကို ရှောင်ကြဉ်ကြရန်လိုကြောင်း၊ အသောက်အစား အပျော်အပါးများကြောင့် မိမိတို့တစ်ဦးချင်း စွမ်းဆောင်ရည်များနှင့် မိမိတို့၏ မိသားစု၊ အဖွဲ့အစည်းအပေါ်တွင် ထိခိုက်မှုမရှိအောင် ထိန်းထိန်းသိမ်းသိမ်းနေထိုင်ကြရမည်ဖြစ်ကြောင်း၊ တစ်ဦးချင်းကိုယ်စီ အသိတရား၊ ဆင်ခြင်တုံတရားများဖြင့် ထိန်းသိမ်းနေထိုင်ခြင်းဖြင့် မိမိကိုယ်မိမိ တည်ဆောက်ကြရမည်ဖြစ်ကြောင်း။

လူတိုင်းသည် တိုးတက်မှုကိုလိုလားကြပြီး ဘဝဖြတ်သန်းမှုတွင် အောင်မြင်စွာဖြင့် ဖြတ်သန်းလိုကြကြောင်း၊ မိမိတို့တစ်ဦးချင်းအလိုက် အောင်မြင်တိုးတက်

**တပ်မတော်သည် နိုင်ငံတော် ကာကွယ်ရေးအတွက် အဓိကတာဝန်ရှိသည့် အဖွဲ့အစည်းတစ်ခုဖြစ်သည့်အတွက် ကာကွယ်ရေးတာဝန်ထမ်းဆောင်ရန် အဖွဲ့အစည်းအလိုက်၊ စစ်သည်တစ်ဦးချင်းစီ အလိုက် အသင့်ရှိနေရမည်ဖြစ်၊ တာဝန်ထမ်းဆောင်ရာတွင် စစ်သားကောင်းစိတ်ဓာတ်မွေး၍ နေထိုင်ကျင့်ကြံဆောင်ရွက်ကြရန်နှင့် သင်ကြားပေးထားသည့် စစ်အတတ် ပညာများကို လက်တွေ့နယ်ပယ်တွင် ထိရောက်စွာ အသုံးချရန်လို၊ လူတိုင်းသည် တိုးတက်မှုကို လိုလားကြပြီး ဘဝဖြတ်သန်းမှုတွင် အောင်မြင်စွာဖြင့် ဖြတ်သန်းလို၊ မိမိတို့တစ်ဦးချင်းအလိုက် အောင်မြင်တိုးတက်စေရေး မိမိကိုယ်မိမိ စနစ်ကျနစွာ နေထိုင်လုပ်ကိုင်ခြင်း၊ ကြိုးစားအားထုတ်ခြင်း၊ မိမိကိုယ်ကိုနှင့် မိမိပတ်ဝန်းကျင်ကို ကောင်းမွန်အောင် နေထိုင်ခြင်းတို့ဖြင့် ဆောင်ရွက်ကြရမည်ဖြစ်။**

စေရေး မိမိကိုယ်မိမိ စနစ်ကျနစွာ နေထိုင်လုပ်ကိုင်ခြင်း၊ ကြိုးစားအားထုတ်ခြင်း၊ မိမိကိုယ်ကိုနှင့် မိမိပတ်ဝန်းကျင်ကို ကောင်းမွန်အောင် နေထိုင်ခြင်းတို့ဖြင့် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ကြိုးစားအားထုတ်မှုတိုင်းအတွက် ထိုက်သင့်သည့် အခွင့်အလမ်းများလည်း ရရှိလာနိုင်မည်ဖြစ်သည်ကို နားလည်သဘောပေါက်ကြရန်လိုကြောင်း၊ မိမိကိုယ်ကို ကောင်းအောင် နေထိုင်ခြင်းဖြင့် မိမိ မိသားစုတွင်လည်း ကောင်းမွန်သည့်အမူအကျင့်များ၊အလေ့အကျင့်ကောင်းများ ရရှိလာမည်ဖြစ်ကြောင်း၊ မိမိတို့ကို မိဘများက လူလားမြောက်အောင် ပြုစုပျိုးထောင်ပေးခဲ့သကဲ့သို့ မိမိတို့၏သားသမီးများကိုလည်း ၎င်းတို့၏ဘဝတစ်လျှောက် ကောင်းမွန်စွာ ရပ်တည်နေထိုင်နိုင်ရေး အနာဂတ်ကောင်းကို ဖော်ဆောင်ပေးနိုင်ရမည်ဖြစ်ကြောင်း၊ ကောင်းမွန်သည့် ပညာရပ်များ သင်ကြားပေးနိုင်ရမည်ဖြစ်ပြီး အတန်းပညာများပြီးမြောက်၍ ၎င်းတို့၏ ဘဝလမ်းကို ၎င်းတို့ခြေထောက်ပေါ်၌ ကိုယ့်အားကိုယ်ကိုး၍ ရပ်တည်လျှောက်လှမ်းနိုင်ရေး လမ်းကြောင်းမှန်ကို ပြသပေးနိုင်ရမည်၊ တည့်မတ်ပေးနိုင်ရမည်ဖြစ်ကြောင်း၊ မိမိတို့၏ သားသမီးများကို မိမိတို့ထက် ကောင်းမွန်သည့်ဘဝ နေထိုင်မှု၊ တိုးတက်မှုများရရှိစေရေး ကြိုးပမ်းဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း။

အရာရှိ၊ စစ်သည်မိသားစုများအနေဖြင့်လည်း မိမိတို့အတွက် ဗဟုသုတများ တိုးပွားစေနိုင်သည့် စာပေများကို လေ့လာဖတ်မှတ်ခြင်းများကို အမြဲမပြတ်ဆောင်ရွက်မည်ဆိုပါက တစ်ဦးချင်း၏အကျိုးကို ဖြစ်ထွန်းစေနိုင်မည်ဖြစ်ကြောင်း၊ စာပေဖတ်ရှုလေ့လာခြင်းမှ ရရှိလာသည့် အသိဉာဏ်အလင်းသည် ဘဝတိုးတက်မှုအတွက် များစွာ အထောက်အပံ့ဖြစ်စေနိုင်မည်ဖြစ်ပြီး မိမိမိသားစုနှင့် ပတ်ဝန်းကျင်ကိုပါ အလင်းရောင်နှင့် လမ်းကြောင်းမှန်ကို ဖော်ဆောင်ပေးနိုင်ရမည်ဖြစ်ကြောင်း၊ တပ်မတော်အနေဖြင့် တပ်မတော်သားများ၊ မိသားစုများ၏ ပညာရည်မြင့်မားရေးကို အားပေးဆောင်ရွက်လျက်ရှိသဖြင့် ပညာရေးကို အားပေးဆောင်ရွက်ကြရန်လိုကြောင်း။

**စည်းလုံးညီညွတ်စွာနေထိုင်**

နယ်ပယ်အသီးသီးမှ ပေါက်ဖွားလာကြပြီး တပ်မတော်အတွင်း၌ လာရောက်တွေ့ဆုံကြခြင်းဖြစ်သဖြင့် တစ်ဦးနှင့်တစ်ဦး ညီရင်းအစ်ကို၊ မောင်ရင်းနှမသဖွယ် စိတ်ဓာတ်၊ မိသားစုစိတ်ဓာတ်ဖြင့် စည်းစည်းလုံးလုံး နေထိုင်ကြရန်၊ ပေးအပ်လာသည့် အမိန့်နှင့်တာဝန်ကို ကျေပွန်စွာ တာဝန်ထမ်းဆောင်ကြရန်လိုကြောင်း၊ ဦးစီးခေါင်းဆောင်များအနေဖြင့်လည်း မိမိတို့၏ လက်အောက်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် ပတ်ဝန်းကျင်ကောင်းများ ဖန်တီးပေးနိုင်ရမည်ဖြစ်ပြီး ညီညွတ်မျှတသည့် အုပ်ချုပ်မှုပုံစံရှိရမည်ဖြစ်ကြောင်း၊ တပ်မှူးကောင်းသဖွယ် စိတ်ဓာတ်၊ ဖခင်သဖွယ်စိတ်ဓာတ်ဖြင့် ကွပ်ကဲအုပ်ချုပ်ရမည်ဖြစ်ကြောင်း၊ အရာရှိ၊ စစ်သည်များ၊ မိသားစုဝင်များအားလုံး ညီညီညွတ်ညွတ်ဖြင့် စည်းလုံးညီညွတ်စွာ နေထိုင်ကြရန်လိုပြီး နိုင်ငံတော်နှင့် တပ်မတော်မှ ပေးအပ်လာသည့်တာဝန်များကို ကျေပွန်စွာထမ်းဆောင်ကြရမည်ဖြစ်ကြောင်း မှာကြားသည်။

■ ■ ■

# (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုဖွင့်လှစ်သည့် ရန်ကုန်ပြည်သူ့ဆေးရုံကြီး ခုနစ်ထပ်ကုသဆောင်သစ် ဖွင့်ပွဲအခမ်းအနားတွင် ပြောကြားသည့် အမှာစကား

( ၂၁ - ၁ - ၂၀၂၄ )





(၇၇)နှစ်မြောက်၊ ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကျန်းမာရေးဝန်ကြီးဌာန ရန်ကုန်ပြည်သူ့ဆေးရုံကြီး ခုနစ်ထပ် ကုသဆောင်သစ်ဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီလ(၂၁)ရက်နေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး၊ လသာမြို့နယ်၊ အနော်ရထာလမ်းရှိ အဆိုပါဆေးရုံကြီး၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ဖွင့်လှစ်ပေးသည်။

**တက်ရောက်**

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးညိုစော၊ မန်းငြိမ်းမောင်၊ ဒေါက်တာဘနျှော၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးလှမိုး၊ ဦးခင်မောင်ရီ၊ ဦးမျိုးသန့်၊ ဒေါက်တာသက်ခိုင်ဝင်း၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်ဦးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ ဆေးပညာရှင်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

**ကြိုဆိုနှုတ်ဆက်**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အခမ်းအနားကျင်းပပြုလုပ်မည့်နေရာသို့ ရောက်ရှိကြရာ တာဝန်ရှိသူများနှင့် ကျန်းမာရေးဝန်ထမ်းများက ကြိုဆိုနှုတ်ဆက်ကြပြီး ကျောင်းသူလေးများက ဘင်ခရာ၊ ပန်းဖွားအကတို့ဖြင့် တီးမှုတ်ကြိုဆိုကြသည်။ ယင်းနောက် ကျန်းမာရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်နှင့် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းတို့က (၇၇) နှစ်မြောက်ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဖွင့်လှစ်သည့် ကျန်းမာရေးဝန်ကြီးဌာန၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီး ခုနစ်ထပ် ကုသဆောင်သစ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ကြပြီး ကျောင်းသူလေးများက ဘင်ခရာ၊ ပန်းဖွား

အကတို့ဖြင့် တီးမှုတ်ဂုဏ်ပြုကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ရန်ကုန်ပြည်သူ့ဆေးရုံကြီး ခုနစ်ထပ် ကုသဆောင်သစ်အား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။ ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဘင်ခရာ၊ ပန်းဖွားအဖွဲ့အား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ချီးမြှင့်ပြီး တက်ရောက်လာကြသူများနှင့်အတူ အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ရန်ကုန်ပြည်သူ့ဆေးရုံကြီး ခုနစ်ထပ်ကုသဆောင်သစ် ကမွည်းမော်ကွန်းကို အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးကြသည်။

## လှည့်လည်ကြည့်ရှု

ထို့နောက် အခမ်းအနားအစီအစဉ် ဒုတိယပိုင်းအဖြစ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရန်ကုန်ပြည်သူ့ဆေးရုံကြီး ခုနစ်ထပ်ကုသဆောင်သစ်အတွင်းရှိ ဓာတ်မှန်နှင့်ပုံရိပ်ဖော်နည်းပညာဌာန၊ ခွဲစိတ်ခန်းများ၊ သွေးရောဂါကုသဆောင်များနှင့် ဆေးကုသဆောင်များကို လှည့်လည်ကြည့်ရှုကြရာ ဌာနအလိုက် တာဝန်ရှိသူများက လိုက်လံရှင်းလင်းတင်ပြကြသည်။

## နိုင်ငံ့တာဝန်ကိုထမ်းဆောင်

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က (၇၇) နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကျန်းမာရေးဝန်ကြီးဌာန ရန်ကုန်ပြည်သူ့ဆေးရုံကြီး ခုနစ်ထပ် ကုသဆောင်သစ်ဖွင့်ပွဲ အထိမ်းအမှတ် ဂုဏ်ပြုအမှာစကားပြောကြားရာတွင် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်အဖြစ်တည်ဆောက်ရာတွင်ပညာအရည်အချင်းပြည့်ဝသည့် လူ့စွမ်းအားအရင်းအမြစ်များစွာ လိုအပ်ပါကြောင်း၊ ထိုကဲ့သို့ပညာတတ်လူ့စွမ်းအားအရင်းအမြစ်များမွေးထုတ်ပေးနိုင်ရန်အတွက် ကျန်းမာရေးသည် အခြေခံကျလှပါကြောင်း၊ ကျန်းမာကြံ့ခိုင်မှသာ ကောင်းမွန်စွာ ပညာသင်ကြားနိုင်ပြီး နိုင်ငံ့တာဝန်ကို ထမ်းဆောင်နိုင်ကြမည်ဖြစ်သဖြင့် နိုင်ငံတော်အနေဖြင့် ပြည်သူများ၏ ကျန်းမာရေးကဏ္ဍအတွက် မူဝါဒများချမှတ်ကာ **"တစ်မျိုးသားလုံးသက်ရှည် ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး"**ကို ရည်မှန်းချက်ထားပြီး အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ စတင်တာဝန်ယူခဲ့သည့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလမှ စတင်ပြီး ကျေးလက်ကျန်းမာရေးဌာနများနှင့် ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်ပေးခြင်း၊ မကွေးမြို့ပြည်သူ့ဆေးရုံကြီး၊ မုံရွာမြို့ပြည်သူ့ဆေးရုံကြီး၊ ပြည်မြို့ပြည်သူ့ဆေးရုံကြီး၊ ဘားအံမြို့ပြည်သူ့ဆေးရုံကြီး၊ ပုသိမ်မြို့ပြည်သူ့ဆေးရုံကြီး၊ စဝ်စံထွန်းပြည်သူ့ဆေးရုံကြီးစသည့် တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးတွင်ရှိသည့် ဆေးရုံကြီးများတွင် ကုသဆောင်သစ်များ ဖွင့်လှစ်ပေးခြင်း၊ ဝေဘာဂီအထူးကုဆေးရုံကြီး၊ အရိုးရောဂါအထူးကုဆေးရုံကြီး(ရန်ကုန်)တို့တွင် တိုးချဲ့ကုသဆောင်သစ်များ ဖွင့်လှစ်ပေးခြင်း၊ ခုတင်(၅၀)ဆံ့ မြို့နယ်

> ခေတ်မီဖွံ့ဖြိုးတိုးတက်သည့်
> နိုင်ငံတော်အဖြစ်တည်ဆောက်ရာတွင်
> ပညာအရည်အချင်းပြည့်ဝသည့်
> လူ့စွမ်းအားအရင်းအမြစ်များစွာလိုအပ်၊
> နိုင်ငံတော်အနေဖြင့်
> ပြည်သူများအတွက် ကျန်းမာရေး
> စောင့်ရှောက်မှုများ ပြုလုပ်ပေးနိုင်ရေး
> မည်မျှပင်စီမံဆောင်ရွက်ပေးနေသည်ဖြစ်စေ
> ပြည်သူများအနေဖြင့် ၎င်းအခွင့်အရေးကို
> ခံစားနိုင်ရန် အနှောင့်အယှက်များ၊
> အခက်အခဲများရှိနေမည်ဆိုပါက
> အကျိုးရှိနိုင်မည်မဟုတ်၊ ထို့ကြောင့်
> သက်ဆိုင်သူများအားလုံး တိုင်းပြည်နှင့်
> ပြည်သူကို ကောင်းစေလိုသည်ဆိုပါက
> စဉ်းစားဆင်ခြင် ဆောင်ရွက်ကြရန်လို။

ပြည်သူ့ဆေးရုံများတွင် နှစ်ထပ် ကုသဆောင်သစ်များ ဖွင့်လှစ်ပေးခြင်း၊ ဆေးတက္ကသိုလ်နှင့် သူနာပြုတက္ကသိုလ်တို့အတွက် သင်ကြားရေးဆိုင်ရာ အဆောက်အအုံများ ဆောက်လုပ်ပေးခြင်း၊ အစားအသောက်နှင့် ဆေးဝါး ကွပ်ကဲရေးလုပ်ငန်းများ ပိုမိုတိုးမြှင့်ဆောင်ရွက်နိုင်ရန် ဌာနခွဲများ ဖွင့်လှစ်ပေးခြင်းစသည်တို့ကို မြှင့်တင်ဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း။

**စဉ်းစားဆင်ခြင်ဆောင်ရွက်**

**နိုင်ငံတော်အနေဖြင့် ပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှုများ ပြုလုပ်ပေးနိုင်ရေး မည်မျှပင်စီမံဆောင်ရွက်ပေးနေသည်ဖြစ်စေ ပြည်သူများအနေဖြင့် ၎င်းအခွင့်အရေးကို ခံစားနိုင်ရန် အနှောင့်အယှက်များ၊ အခက်အခဲများရှိနေမည်ဆိုပါက အကျိုးရှိနိုင်မည်မဟုတ်ကြောင်း၊ ထို့ကြောင့် သက်ဆိုင်သူများအားလုံး တိုင်းပြည်နှင့် ပြည်သူကို ကောင်းစေလိုသည်ဆိုပါက စဉ်းစားဆင်ခြင် ဆောင်ရွက်ကြရန်လို**ပါကြောင်း။

ရန်ကုန်ပြည်သူ့ဆေးရုံကြီးသည် မြန်မာနိုင်ငံ၏ စီးပွားရေးမြို့တော်ဖြစ်သည့် ရန်ကုန်မြို့တွင် တည်ရှိပြီး မြန်မာနိုင်ငံ၏အကြီးဆုံး ဆေးရုံကြီးဖြစ်သောကြောင့် တစ်နိုင်ငံလုံးတွင်ရှိသည့် ပြည်သူများ အားကိုးအားထားပြုရပြီး ဆေးပညာသင်ကြားရေးအတွက်လည်း ခေတ်အဆက်ဆက် အဓိကကျသည့် ဆေးရုံကြီးလည်းဖြစ်ပါကြောင်း။

ဆေးရုံကြီး၏ သမိုင်းကြောင်းကို ပြန်ကြည့်မည်ဆိုပါက ၁၈၇၃ ခုနှစ် ကတည်းက(၄၈၃)ခုတင်နှင့် တည်ဆောက်ခဲ့ပြီး ခေတ်အဆက်ဆက်တွင် ခုတင်များတိုးမြှင့်လာခဲ့သည်မှာ ၂၀၁၆ ခုနှစ်တွင် ခုတင်(၂၀၀၀)ဆံ့ဆေးရုံအထိ တိုးမြှင့်ဖွင့်လှစ်နိုင်ခဲ့ပြီး ပြည်သူများစွာကို အကျိုးပြုနေသည့် ဆေးရုံကြီးလည်းဖြစ်ပါကြောင်း၊ ယနေ့အသစ်ဖွင့်လှစ်သည့် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ ခုနစ်ထပ်ဆောင်အသစ်ကြီး ဆောက်လုပ်ရခြင်း၏ ရည်ရွယ်ချက်မှာ ခုတင်(၂၀၀၀)ဆံ့ရှိသည့် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ တိုးတက်များပြားလာသည့် လူနာများ စိတ်အေးချမ်းသာစွာဖြင့် ဆေးကုသမှုခံယူနိုင်ရန်နှင့် နိုင်ငံတကာအဆင့်မီဆေးကုသမှုကို ပြည်သူများ ရရှိခံစားနိုင်စေရန်အတွက် ထပ်မံဆောက်လုပ်ပေးခဲ့ခြင်းဖြစ်ကြောင်းကို အသိပေးပြောကြားလိုပါကြောင်း။

**ဖွင့်လှစ်နိုင်ခဲ့**

ယခု ခုနစ်ထပ်ဆေးကုသဆောင်သစ်ကြီးကို ၂၀၁၅ ခုနှစ်က စတင်ဆောက်လုပ်ခဲ့ခြင်းဖြစ်ပြီး အကြောင်းအမျိုးမျိုးကြောင့် ကြန့်ကြာခဲ့ရပါကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တာဝန်ယူစဉ်ကာလအတွင်း ပြည်သူများအကောင်းဆုံး ကျန်းမာရေးစောင့်ရှောက်မှု ရရှိစေရန် ရည်ရွယ်ပြီး ဆေးရုံဆောက်လုပ်ခြင်းကို ပြီးစီးအောင် တစ်စိုက်မတ်မတ် ဆက်လက်တည်ဆောက်ပေးသည့်အတွက် ယနေ့တွင်(၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်ပါကြောင်း၊ **အခက်အခဲအမျိုးမျိုးဖြင့် ကြန့်ကြာနေသည့် ခုနစ်ထပ်ဆေးရုံသစ်ကြီး တည်ဆောက်ရေးလုပ်ငန်းများ အမြန်ပြီးစီးအောင် ကြိုးပမ်းတည်ဆောက်ပေးခဲ့သည့် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းနှင့် စိတ်ရောကိုယ်ပါ ကူညီဆောင်ရွက်ပေးကြသည့် ဌာနအသီးသီးမှ တာဝန်ရှိသူများကိုလည်း ချီးကျူးဂုဏ်ပြု**ပါကြောင်း၊ ယခုကဲ့သို့ နိုင်ငံတော်ဘဏ္ဍာငွေ အမြောက်အမြား အကုန်အကျခံ တည်ဆောက်ထားသည့် ခုနစ်ထပ်ကုသဆောင်သစ်ကြီးအတွင်း၌ နိုင်ငံတကာအဆင့်မီ ဆေးကုသမှု ခံစားရရှိနိုင်ရန် အဆင့်မြင့်ရောဂါ ရှာဖွေကုသရေးဆိုင်ရာ စက်ပစ္စည်းကိရိယာများ ဖြည့်ဆည်းထားသည့် ခွဲစိတ်ခန်းများ၊ ပုံရိပ်ဖော်နည်းပညာဆိုင်ရာ ဓာတ်မှန်ဌာန၊ သွေးရောဂါလူနာဌာန၊ ရိုးတွင်းခြင်ဆီလဲလှယ်ကုသဌာနတို့ပါဝင်ပြီး ပြည်သူများအနေဖြင့် နိုင်ငံတကာစံနှုန်းနှင့်အညီ နည်းပညာအဆင့်မြင့်မားသည့် ကုသမှုများကို ပိုမိုရရှိနိုင်တော့မည် ဖြစ်ပါကြောင်း။

ပြည်သူများ၏ မျှော်မှန်းလူ့သက်တမ်း မြင့်မားလာစေရေးနှင့် ပြည်သူများတစ်ဦးချင်းစီက စိုက်ထုတ်သုံးစွဲရသည့် ကုန်ကျစရိတ်သက်သက်သာသာနှင့် အားလုံးလက်လှမ်းမီ အရည်အသွေးပြည့်ဝသည့် ကျန်းမာရေးစောင့်ရှောက်မှုစနစ်တစ်ရပ် ဖြစ်ပေါ်လာစေရေးတို့အတွက် **ကျန်းမာရေးနှင့်သက်ဆိုင်သည့် ဝန်ထမ်းအသီးသီး၊ သက်ဆိုင်ရာအဖွဲ့အစည်းအသီးသီးတို့က ကောင်းမြတ်သည့်စေတနာ၊ မွန်မြတ်သည့်စိတ်ထား၊ ပြည့်ဝသည့်မေတ္တာတရား၊ အကြင်နာများနှင့် ဝိုင်းဝန်းကြိုးပမ်း ပူးပေါင်းဆောင်ရွက်ပေးကြပါရန် အလေးအနက်တိုက်တွန်းပြောကြားလိုကြောင်း** ပြောကြားသည်။

■ ■ ■

# (၅၂) ကြိမ်မြောက် မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံ ဖွင့်ပွဲအခမ်းအနားတွင် ပြောကြားသည့် ဂုဏ်ပြုမိန့်ခွန်း

( ၂၂ - ၁ - ၂၀၂၄ )



ဒီနေ့ကျင်းပပြုလုပ်တဲ့ "(၅၂) ကြိမ်မြောက် မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံ"သို့ တက်ရောက်လာကြတဲ့ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်တွင်း/ပြည်ပ သုတေသနပညာရှင်များနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေ၊ စိတ်၏ချမ်းသာခြင်း ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သလိုက်ပါတယ်။

ကျန်းမာရေးဝန်ကြီးဌာနမှ ကြီးမှူးကျင်းပတဲ့ ကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံ ကျင်းပခဲ့တာ ယခု (၅၂) ကြိမ်တိုင်ခဲ့ပြီဖြစ်ပါတယ်။ ဒီညီလာခံတွေမှာ ကျန်းမာရေးဆိုင်ရာ သုတေသနပညာရှင်များရဲ့ ကြိုးပမ်းအားထုတ်မှုဖြင့် ထွက်ပေါ်လာသော သုတေသနရလဒ်များကို မီးမောင်းထိုးတင်ပြခွင့်ရပြီး ကျန်းမာရေးတွေ့ရှိချက် အသိပညာများကိုဆွေးနွေးခွင့်၊ ဖလှယ်ခွင့်ရရှိစေတဲ့ စင်မြင့်တစ်နေရာဖြစ်တဲ့အတွက် ကျန်းမာရေးဝန်ကြီးဌာန၏ ရည်မှန်းချက်ဖြစ်တဲ့ လူတိုင်း သက်တမ်းစေ့အသက်ရှည်စွာနေနိုင်ရေးနှင့် လူတိုင်းရောဂါဘယ ကင်းရှင်းရေးဆိုတဲ့ ရည်မှန်းချက်နှစ်ရပ်ကို ပြည့်မီစေနိုင်ဖို့အတွက် များစွာအထောက်အကူဖြစ်စေခဲ့ပါတယ်လို့ သိရပါတယ်။

ကျန်းမာရေးဆိုင်ရာ သုတေသနများက ထွက်ပေါ်လာတဲ့ တိကျခိုင်မာတဲ့ ရလဒ်အခြေပြုသုတေသန တွေ့ရှိချက်များပေါ် မူတည်ပြီး ကျန်းမာရေး မူဝါဒလမ်းညွှန်ချက်များ၊ မှန်ကန်တိကျသော ခေတ်မီကုထုံးများကို ချမှတ်ဖော်ထုတ်နိုင်ခဲ့ပါတယ်၊ အဲဒီလိုအခြေခံ အချက်အလက်များ ဖော်ထုတ်ရန် ဆောင်ရွက်သော သုတေသနများဟာ အရည်အသွေးမြင့်မားတဲ့ သုတေသနကောင်းများဖြစ်ဖို့ လိုအပ်လှပါတယ်။ ဒီလိုအရည်အသွေးမြင့်မားဖို့အတွက် မှန်ကန်တဲ့ သုတေသန နည်းပညာများကို အသုံးပြုဖို့လိုသလို သုတေသနကျင့်ဝတ်နဲ့ ညီညွတ်စွာ ဆောင်ရွက်ထားတဲ့ သုတေသနများဖြစ်ဖို့ အထူးလိုအပ်လှပါတယ်။

ဒီအချက်ကို မီးမောင်းထိုးပြဖို့ ယခုနှစ် (၅၂) ကြိမ်မြောက် မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံရဲ့ အဓိက သုတေသန ဦးတည်ချက်ခေါင်းစဉ်အဖြစ် "Enhancing Research Integrity and Research Ethics" "ခိုင်မာပြီး သုတေသနကျင့်ဝတ်နှင့်ပြည့်စုံသော သုတေသနကောင်းများကို တိုးမြှင့်ဆောင်ရွက်ကြပါစို့" လို့သတ်မှတ်ထားပြီး ယင်းနှင့်ပတ်သက်တဲ့ပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲကို ကျန်းမာရေးဝန်ကြီးဌာနအောက်မှာ ဖွဲ့စည်းထားတဲ့ သုတေသနကျင့်ဝတ်ကော်မတီများမှ အတွေ့အကြုံရှိ ဝါရင့်သုတေသီပညာရှင်များမှ ဦးဆောင်ဆွေးနွေးသွားမှာဖြစ်ပါတယ်။ ဒီလိုသုတေသန ကျင့်ဝတ်ဆိုင်ရာနည်းပညာများကို အတွေ့အကြုံဖလှယ်ရင်း ကျန်းမာရေးဝန်ကြီးဌာနအောက်မှာရှိတဲ့ သုတေသနကျင့်ဝတ်ကော်မတီများ ပိုမိုအားကောင်းခိုင်မာစေရေးအတွက် ရလဒ်ကောင်းများပေါ်ထွက်လာမှာဖြစ်တယ်လို့ ယုံကြည်မိပါတယ်။

ဒါ့အပြင် ယနေ့ကမ္ဘာကြီးမှာ ပြောင်းလဲလာတဲ့ နေထိုင်စားသောက်မှုပုံစံများကြောင့် မကူးစက်တတ်သောရောဂါများဖြစ်တဲ့ သွေးတိုး၊ ဆီးချို၊ အဝလွန်၊ ကင်ဆာစတဲ့ ရောဂါများကို ကြိုတင်ကာကွယ်မှု၊ ထိရောက်စွာကုသနိုင်မှုအတွက် ရှေ့ဆက်ရမည့် ကျန်းမာရေးလုပ်ငန်းစဉ်များနှင့်ပတ်သက်ပြီး ဝါရင့်သမားတော်ကြီးများ၊ ဆေးပညာရှင်များမှ ပါဝင်ဆွေးနွေးမည့် "မကူးစက်တတ်သောရောဂါများကာကွယ်ခြင်း၊ ဖြစ်ပွားမှုလျော့ပါးအောင်ဆောင်ရွက်ခြင်း လုပ်ငန်းစဉ်များဆိုင်ရာ" ပညာရပ်ဆွေးနွေးပွဲကိုလည်း ကျင်းပမှာဖြစ်လို့ မကူးစက်နိုင်သောရောဂါကာကွယ်တားဆီးရေးမှာ မှန်ကန်သော ကုထုံးများရရှိဖို့ အထောက်အကူကောင်းများရရှိမှာ မလွဲဖြစ်ပါတယ်။ ကင်ဆာရောဂါနှင့်ပတ်သက်ပြီး ပြည်တွင်း/ပြည်ပမှ ပညာရှင်များ ပါဝင်ဆွေးနွေးမှာလည်း သိရပါတယ်။ ကင်ဆာနှင့်ပတ်သက်လို့သုတေသနတွေ့ရှိချက်မြောက်မြားစွာအပေါ် အခြေခံကာ လေ့လာသုံးသပ်ပြီး ရေးဆွဲခဲ့တဲ့ ကျန်းမာရေးဝန်ကြီးဌာနမှ ကျွမ်းကျင်ပညာရှင်များရေးဆွဲခဲ့သည့် "Myanmar National Cancer Control Strategic Action Plan (2023–2027)"ကို မကြာသေးခင် ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၂၇ ရက်နေ့က အသိပေးမိတ်ဆက်ပေးခြင်းဆောင်ရွက်နိုင်ခဲ့လို့ သုတေသနတွေ့ရှိချက်များအရေးပါပုံကို မျက်ဝါးထင်ထင် တွေ့မြင်ရပါတယ်။

မကူးစက်နိုင်တဲ့ရောဂါများ အရေးပါသလို ကူးစက်နိုင်သောရောဂါများဖြစ်တဲ့ ကိုဗစ်ရောဂါ၊ ဆေးယဉ်ပါးတီဘီရောဂါ၊ သွေးလွန်တုပ်ကွေးရောဂါ၊ ငှက်ဖျားရောဂါတို့ကိုလည်း စဉ်ဆက်မပြတ် စောင့်ကြည့် သုတေသနပြုလုပ်နေဖို့လည်း လိုအပ်ပါတယ်။ ရောဂါကုထုံးသစ်များ၊ ကာကွယ်ဆေးများ ထုတ်ဖော်ဖို့ အရေးပါတဲ့အခြေခံအချက်အလက်များကို ဖော်ထုတ်နိုင်ဖို့အတွက် သုတေသနများကို စဉ်ဆက်မပြတ် ဆောင်ရွက်နေဖို့လိုအပ်ပါတယ်။ ဆေးသုတေသနဦးစီးဌာန (ရန်ကုန်ရုံးချုပ်)တွင် အဆင့်မြင့် မော်လီကျူးသုတေသနဌာန ဓာတ်ခွဲခန်းတည်ထောင်ခြင်းဟာ ယခု (၂၀၂၄) ခုနှစ် (၅၂) ကြိမ်မြောက် မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံမှာဆိုရင် (၁၀) နှစ်ပြည့်မြောက်ခဲ့ပြီလို့ သိရပါတယ်။ ဒီဓာတ်ခွဲခန်းကို ကိုရီးယားအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီအထောက်အပံ့နဲ့ ၂၀၁၄ ခုနှစ်တွင် တည်ဆောက်ခဲ့ပြီး ဓာတ်ခွဲခန်းတည်ထောင်ခြင်းရဲ့ ရည်ရွယ်ချက်မှာ ခေတ်မီနည်းပညာနဲ့ ဓာတ်ခွဲခန်းဆိုင်ရာအထောက်အကူပြု ပစ္စည်းများအသုံးပြုပြီး ကူးစက်နိုင်သော ရောဂါသုံးမျိုးဖြစ်သည့် (ငှက်ဖျား၊ အသည်းရောင်အသားဝါ၊ တီဘီ)ဆိုင်ရာ သုတေသနစွမ်းရည်ကို အားကောင်းလာစေရန်နှင့် မြန်မာပြည်သူများအတွက် ကူးစက်နိုင်သောရောဂါများနှင့် ကျန်းမာရေးစောင့်ရှောက်မှုစနစ် ပိုမိုကောင်းမွန်လာစေရန် အထောက်အကူဖြစ်စေရန်တို့ ဖြစ်ပါတယ်။ ဓာတ်ခွဲခန်းတွင် အဆင့်မြင့်ဓာတ်ခွဲခန်းနည်းပညာအသုံးပြုထားသော ဇီဝလုံခြုံမှုအဆင့်(၂) အထက်ရှိ ဓာတ်ခွဲခန်းပါဝင်ပြီး သုတေသီများနှင့် နည်းပညာရှင်များအား ရက်ရှည်လေ့ကျင့်သင်ကြားပေးခဲ့တဲ့အတွက် မြန်မာနိုင်ငံမှာ ကိုဗစ်-၁၉ ကပ်ရောဂါကာလအတွင်း အဆင့်မြင့် မော်လီကျူးသုတေသနစင်တာသည် အရေးပါတဲ့အခန်းကဏ္ဍမှာ ပါဝင်ဆောင်ရွက်နိုင်ခဲ့တယ်လို့ သိရပါတယ်။

မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ မျိုးကွဲများ၏ မျိုးရိုးဗီဇများကို ရှာဖွေဖော်ထုတ် စမ်းသပ်လေ့လာသုံးသပ်ခြင်းများကို အစဉ်တစိုက် လုပ်ဆောင်နေပြီး ယခုအခါ ကိုဗစ်-၁၉ မျိုးကွဲဗီဇစိစစ်ခြင်း စမ်းသပ်မှုပေါင်း (၃၀၀) ကျော်ကို ဆေးသုတေသနဦးစီးဌာနတွင် ပြုလုပ်ခဲ့ပြီး ဖြစ်တယ်လို့

သိရပါတယ်။ မြန်မာနိုင်ငံအတွင်း ပျံ့နှံ့လျက်ရှိသော ကိုဗစ်-၁၉ မျိုးကွဲဆိုင်ရာ အချက်အလက်များကို အများ ပြည်သူသိရှိစေရန် ကျန်းမာရေးဝန်ကြီးဌာနမှ သတင်း မျှဝေခဲ့တယ်လို့ သိရတဲ့အတွက်လည်း ဂုဏ်ယူမိပါတယ်။

ရာစုနှစ်တစ်ခုကျော်အကြာမှာဖြစ်ပွားခဲ့တဲ့ ကမ္ဘာ့ကပ်ရောဂါဖြစ်တဲ့ ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်ပြီး မှတ်တမ်းမှတ်ရာများ နောင်လာနောက်သားများသိရှိစေဖို့အတွက် ရည်ရွယ်ကာ ကျန်းမာရေးဝန်ကြီးဌာနနှင့် တပ်မတော်ဆေးသုတေသနတပ်မှ သုတေသီများ ပူးပေါင်းပြီး ကမ္ဘာ့ကပ်ရောဂါ ကိုဗစ်-၁၉ ဆိုင်ရာ သုတေသနလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်ခဲ့ကြတယ်လို့ သိရှိရပါတယ်။ အဲဒီသုတေသန လုပ်ငန်းက ထွက်ပေါ်လာတဲ့ သုတေသန ရလဒ်စာတမ်းများကို ယခု ညီလာခံမှာ တင်သွင်းဖတ်ကြားမယ်ဆိုတာ သိရှိရတာကြောင့်မို့လို့ ဝမ်းမြောက်ဂုဏ်ယူမိပါတယ်။

အရေးပါသော ကူးစက်ရောဂါတစ်ခုဖြစ်တဲ့ တီဘီရောဂါနဲ့ပတ်သက်ပြီး ဆေးယဉ်ပါး တီဘီရောဂါအတွက် ကုထုံးသစ်တစ်မျိုးကို သုတေသနပြုလုပ်ပြီး လူနာများတွင် လက်တွေ့အသုံးပြုကုသမှုများ ဆောင်ရွက်လျက်ရှိတယ်လို့ သိရှိရပါတယ်။ ဒီဆေးယဉ်ပါးတီဘီအတွက် သုတေသနတွေ့ရှိချက်များနှင့်ပတ်သက်ပြီး မြန်မာနိုင်ငံနှင့် တောင်ကိုရီးယားနိုင်ငံမှ သုတေသနပညာရှင်များ ပါဝင်ဆွေးနွေးမယ့် ပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲ ကျင်းပသွားမှာလို့လည်း သိရှိရပါတယ်။

ဆေးနှင့်ဆေးနှီးနွယ် တက္ကသိုလ်/ကျောင်းများတွင် အရည်အသွေးအာမခံမှုစနစ် တိုးမြှင့်အကောင်အထည်ဖော်ဆောင်နိုင်ရန်ရည်ရွယ်၍ အရည်အသွေးအာမခံမှုဆိုင်ရာ လုပ်ငန်းစဉ်များ၊ ပူးပေါင်းဆောင်ရွက်မှုများနှင့် ပတ်သက်သောပညာရပ်ဆိုင်ရာနှီးနှောဖလှယ်ပွဲထည့်သွင်းထားကြောင်းလည်း သိရှိရပါတယ်။

ဒီနှစ် (၅၂) ကြိမ်မြောက် မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံကို ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၂၂ ရက်နေ့မှ ၂၆ ရက်နေ့အထိ ၅ ရက်တိုင်တိုင် ကျင်းပမှာဖြစ်ပြီး သုတေသနစာတမ်း ၅၈ စောင်နှင့် သုတေသနပိုစတာ ၅၁ စောင်တို့ကို တင်သွင်းဖတ်ကြား ပြသသွားမှာလို့ သိရပါတယ်။ ကျန်းမာရေးကဏ္ဍအသီးသီးမှ သုတေသနကောင်းများ ပေါ်ထွက်လာစေဖို့ သုတေသနထောက်ပံ့ကြေးများကို ကျန်းမာရေးဝန်ကြီး ဌာနသည် သုတေသနရရန်ပုံငွေ အထောက်အပံ့ ပေးခဲ့တာဟာ ယခု(၂၀၂၃-၂၀၂၄) ဘဏ္ဍာနှစ်တွင် ကျန်းမာရေးဝန်ကြီးဌာနနှင့် နီးနွယ်ဝန်ကြီးဌာနများမှ သုတေသီများအား သုတေသနစီမံချက် (၂၀၁)ခု ဆောင်ရွက်နိုင်ရန် အတွက် ခွင့်ပြုငွေကျပ်သန်း (၁၁၀၀)ကျော် ခွဲဝေချထားပေးပြီး သုတေသနများ ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါတယ်။

ညီလာခံကြီးကို အောင်မြင်စွာကျင်းပနိုင်ရန် လုပ်ငန်းတာဝန်များသတ်မှတ်၍စနစ်တကျအကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြတယ်လို့ သိရှိရတဲ့အတွက် ညီလာခံကျင်းပရေးဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီများဖြစ်သော စာတမ်းကြီးကြပ်ရေးဆပ်ကော်မတီ၊ သုတေသနစာတမ်းနှင့် ပိုစတာဖတ်ကြားတင်သွင်းရေးနှင့် အခမ်းအနားပြင်ဆင်ရေးဆပ်ကော်မတီ၊ အကောင်းဆုံး စာတမ်း ဆုရွေးချယ်ရေးဆပ်ကော်မတီ၊

မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ မျိုးကွဲများ၏
မျိုးရိုးဗီဇများကို ရှာဖွေဖော်ထုတ်
စမ်းသပ်လေ့လာသုံးသပ်ခြင်းများကို
အစဉ်တစိုက် လုပ်ဆောင်နေပြီး
ယခုအခါ ကိုဗစ်- ၁၉ မျိုးကွဲဗီဇစိစစ်ခြင်း
စမ်းသပ်မှုပေါင်း (၃၀၀) ကျော်ကို
ဆေးသုတေသနဦးစီးဌာနတွင်
ပြုလုပ်ခဲ့ပြီးဖြစ်၊ နိုင်ငံတကာနှင့်
ရင်ပေါင်တန်းပြီး သုတေသနကျင့်ဝတ်နှင့်
ပြည့်ဝသော အရည်အသွေးမီ
သုတေသနကောင်းများ အစဉ်တစိုက်
ဆောင်ရွက်နိုင်ရေးအတွက်
သုတေသီပညာရှင်များက
မလျှော့သောဇွဲဖြင့် အားသွန်ခွန်စိုက်
ကြိုးပမ်းကြစေလို။

ပြန်ကြားရေးနှင့်အထောက်အကူပြု ဆပ်ကော်မတီတို့မှ တာဝန်ရှိသူများနှင့် စာတမ်း၊ ပိုစတာများ ဖတ်ကြားတင်သွင်းသူ သုတေသီများ၊ ပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲများတွင် ပါဝင်ဆွေးနွေးကြသူ ပြည်တွင်း/ပြည်ပပညာရှင်များကိုလည်း မှတ်တမ်းတင်ချီးကျူးပါကြောင်း အလေးထားထည့်သွင်းပြောကြားလိုပါတယ်။

နိဂုံးချုပ်အနေဖြင့် (၅၂) ကြိမ်မြောက် မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာသုတေသနညီလာခံကြီးကို ကျင်းပခြင်းဖြင့် ညီလာခံ၏ ရည်ရွယ်ချက်များဖြစ်သော ကျန်းမာရေးဆိုင်ရာသုတေသန ဆောင်ရွက်ခြင်းဖြင့် ကျန်းမာရေးဆိုင်ရာပညာရပ်များ တိုးတက်လာပြီး ကျန်းမာရေးစောင့်ရှောက်မှု အဆင့်အတန်းမြင့်မားလာစေရန်နှင့် သုတေသနတွေ့ရှိချက်များကို လက်တွေ့အသုံးချမည့် သက်ဆိုင်ရာကျန်းမာရေးပညာရှင်များ သိရှိဆွေးနွေးနိုင်စေရန်ဆိုတဲ့ ရည်ရွယ်ချက်များ ပြည့်မီရုံမက ရရှိလာသော အထောက်အထားခိုင်မာသော သုတေသနရလဒ်များသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ လူမှုရေးဦးတည်ချက်တစ်ခုဖြစ်တဲ့ "တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး"ကို ပံ့ပိုးမည့် ရလဒ်ကောင်းများရရှိမည်ဟု ယုံကြည်ပါကြောင်းနှင့် နိုင်ငံတကာနှင့်ရင်ပေါင်တန်းပြီး သုတေသနကျင့်ဝတ်နှင့်ပြည့်ဝသော အရည်အသွေးမီ သုတေသနကောင်းများ အစဉ်တစိုက်ဆောင်ရွက်နိုင်ရေးအတွက် သုတေသီပညာရှင်များက မလျှော့သောဇွဲဖြင့် အားသွန်ခွန်စိုက် ကြိုးပမ်းကြစေလိုကြောင်း ဆန္ဒပြုဆုမွန်ကောင်းတောင်းရင်း နိဂုံးချုပ်အပ်ပါတယ်။

အားလုံးကို ကျေးဇူးတင်ပါတယ်။

■ ■ ■

# ၂၀၂၃ ခုနှစ်အတွင်း အာရှအဆင့်နှင့် ကမ္ဘာ့အဆင့်အားကစား ပြိုင်ပွဲများတွင် ဆုတံဆိပ်ရရှိခဲ့သည့် မြန်မာအားကစားအဖွဲ့များအား နိုင်ငံတော်ကဂုဏ်ပြုဆုချီးမြှင့်သည့် အခမ်းအနားတွင် ပြောကြားသည့် အမှာစကား

( ၂၃ - ၁ - ၂၀၂၄ )





၂၀၂၃ ခုနှစ်အတွင်း အာရှအဆင့်နှင့် ကမ္ဘာ့အဆင့် အားကစားပြိုင်ပွဲများတွင် ဆုတံဆိပ်ရရှိခဲ့သည့် မြန်မာ အားကစားအဖွဲ့များအား နိုင်ငံတော်က ဂုဏ်ပြုဆုချီးမြှင့် သည့် အခမ်းအနားကို ဇန်နဝါရီလ(၂၃)ရက်နေ့ နံနက် ပိုင်းတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားရုံ (B) ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားပြီး ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက် အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီဝင် များ၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော် အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်များမှ ဥက္ကဋ္ဌများနှင့် ဒုတိယဥက္ကဋ္ဌများ၊ ဖိတ်ကြားထားသူများ၊ ၂၀၂၃ ခုနှစ်အတွင်း အာရှအဆင့်နှင့် ကမ္ဘာ့အဆင့် အားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင်ခဲ့ကြသည့် အားကစားအဖွဲ့များမှ အုပ်ချုပ်သူများ၊ နည်းပြများ၊ အားကစားမောင်မယ်များနှင့် တာဝန်ရှိသူများ တက်ရောက် ကြသည်။

**နိုင်ငံတော်အဆင့်ထပ်မံဂုဏ်ပြု**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဂုဏ်ပြုအမှာစကားပြောကြား ရာတွင် ယနေ့အခမ်းအနားသည် ၂၀၂၃ ခုနှစ်အတွင်း ကျင်းပပြီးစီးခဲ့သည့် (၃၂) ကြိမ်မြောက် အရှေ့တောင် အာရှအားကစားပြိုင်ပွဲအပြီး အာရှအဆင့်နှင့် ကမ္ဘာ့အဆင့် အားကစားပြိုင်ပွဲများကို နိုင်ငံ့ကိုယ်စားပြုသွားရောက် ယှဉ်ပြိုင်ခဲ့ကြပြီး အောင်မြင်မှု ဆုတံဆိပ်များရရှိခဲ့ကြသည့် နိုင်ငံ့ဂုဏ်ဆောင် အားကစားအသင်းအဖွဲ့များကို နိုင်ငံတော် အဆင့် ထပ်မံဂုဏ်ပြုချီးမြှင့်သည့် အခမ်းအနားပင်ဖြစ်

အာရှအဆင့်နှင့် ကမ္ဘာ့အဆင့်ပြိုင်ပွဲများတွင်
နိုင်ငံတော်အတွက် စုစုပေါင်း
ရွှေတံဆိပ် ငါးခု၊ ငွေတံဆိပ် ငါးခု၊
ကြေးတံဆိပ် (၁၄) ခု၊ စုစုပေါင်း ဆုတံဆိပ်
၂၄ ခု ရယူပေးနိုင်ခဲ့ခြင်းသည်
နိုင်ငံ့ဂုဏ်ကို အားကစားဖြင့် မြှင့်တင်ပေးရာ
ရောက်သည့်အပြင် နိုင်ငံတကာအလယ်၌
အမိမြန်မာနိုင်ငံတော်အလံကိုလွှင့်တင်ပြီး
နိုင်ငံတော် သီချင်းသံလွှင့်ပျံ့အောင်
စွမ်းဆောင်ကြိုးပမ်းခဲ့သူများဖြစ်သည့်
အတွက် အုပ်ချုပ်သူများ၊ နည်းပြများ
အပါအဝင် ပြိုင်ပွဲဝင် မြန်မာအားကစား
သမားများ၏ ကြိုးပမ်းမှု၊ ဖွဲ့၊
စိတ်ဓာတ်တို့ကို ချီးကျူးဂုဏ်ပြု
မှတ်တမ်းတင်။

ကြောင်း။

အောင်မြင်မှုရရှိခဲ့သည့် ပြိုင်ပွဲများမှာ ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလနှင့် အောက်တိုဘာလအတွင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် ကျင်းပခဲ့သည့် (၁၉) ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲနှင့် (၄) ကြိမ်မြောက် အာရှမသန်စွမ်းအားကစားပြိုင်ပွဲ၊ ၂၀၂၃ ခုနှစ် ဩဂုတ်လနှင့် စက်တင်ဘာလအတွင်း ရိုမေးနီးယားနိုင်ငံတွင် ကျင်းပခဲ့သည့် ကမ္ဘာ့ E–Sports ချန်ပီယံရှစ်ပြိုင်ပွဲ၊ နိုဝင်ဘာလအတွင်း ကိုရီးယားနိုင်ငံတွင် ကျင်းပပြုလုပ်ခဲ့သည့် (၁၄) ကြိမ်မြောက် ကမ္ဘာ့ကာယဗလနှင့် ကာယကြံ့ခိုင်မှုပြိုင်ပွဲ၊ ထိုင်းနိုင်ငံတွင် ကျင်းပခဲ့သည့် (၁၉) ကြိမ်မြောက် ကမ္ဘာ့ပီတန်းချန်ပီယံရှစ်ပြိုင်ပွဲနှင့် ဗီယက်နမ်နိုင်ငံတွင် ကျင်းပခဲ့သည့် ကမ္ဘာ့ဗိုဗီနမ်ချန်ပီယံရှစ်ပြိုင်ပွဲတို့ဖြစ်ကြောင်း၊ ယင်းပြိုင်ပွဲများတွင် အောင်မြင်မှုဆုတံဆိပ်များရရှိခဲ့ကြသည့် နိုင်ငံ့ဂုဏ်ဆောင် အားကစားမောင်မယ်များကို နိုင်ငံတော်က ထပ်ဆင့်ဂုဏ်ပြုချီးမြှင့်သွားမည်ဖြစ်ကြောင်း။

**တိုးတက်မှုရှိလာ**

၂၀၂၃ ခုနှစ် စက်တင်ဘာလ ၂၃ ရက်မှ အောက်တိုဘာလ ၈ ရက်အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် ကျင်းပခဲ့သည့် (၁၉) ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ ပိုက်ကျော်ခြင်း အမျိုးသား လေးယောက်တွဲပြိုင်ပွဲ၌ ရွှေတံဆိပ် တစ်ခု၊ ရိုးရာလေ့ ၁၂ တက်လှော် (အမျိုးသမီး) မီတာ ၅၀၀ ပြိုင်ပွဲနှင့် ရိုးရာလေ့ ၁၂ တက်လှော် (အမျိုးသား) မီတာ ၁၀၀၀ ပြိုင်ပွဲများတွင် ကြေးတံဆိပ် နှစ်ခု ဆွတ်ခူးရရှိခဲ့ပြီး ပြိုင်ပွဲဝင်နိုင်ငံ ၄၅ နိုင်ငံအနက် နိုင်ငံအလိုက်ရပ်တည်မှုအဆင့် ၂၇ ရရှိခဲ့ကြောင်း၊ ပြီးခဲ့သည့် ၂၀၁၈ ခုနှစ် အင်ဒိုနီးရှားနိုင်ငံ၌ ကျင်းပခဲ့သည့် (၁၈) ကြိမ်မြောက် အာရှအားကစား ပြိုင်ပွဲတွင် ကြေးတံဆိပ် နှစ်ခုသာ ရရှိခဲ့ပြီး နိုင်ငံအလိုက် ရပ်တည်မှုအဆင့် ၃၅ ရရှိခဲ့သောကြောင့် တိုးတက်မှုရှိလာသည်ဟုဆို၍ ရနိုင်ကြောင်း။

၂၀၂၃ ခုနှစ် အောက်တိုဘာလ ၂၂ ရက်မှ ၂၈ ရက်အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် ကျင်းပပြုလုပ်ခဲ့သည့် (၄) ကြိမ်မြောက် အာရှမသန်စွမ်းအားကစားပြိုင်ပွဲတွင် မီတာ ၁၀၀ နှင့် မီတာ ၂၀၀ တာတိုအပြေးပြိုင်ပွဲများ၌ ကြေးတံဆိပ် နှစ်ခု၊ မီတာ ၁၀၀ တာတိုအပြေးပြိုင်ပွဲ၌ ကြေးတံဆိပ် တစ်ခု၊ စုစုပေါင်း ကြေးတံဆိပ် သုံးခု ဆွတ်ခူးရရှိခဲ့ကြကြောင်း။

**ဒုတိယငွေတံဆိပ်ရရှိခဲ့**

၂၀၂၃ ခုနှစ် ဩဂုတ်လ (၂၆) ရက်မှ စက်တင်ဘာလ ၃ ရက်အထိ ရိုမေးနီးယားနိုင်ငံတွင် ကျင်းပခဲ့သည့် ကမ္ဘာ့ E–Sports ချန်ပီယံရှစ်ပြိုင်ပွဲတွင် မြန်မာအသင်းအနေဖြင့် Dota 2 အသင်းလိုက်ပြိုင်ပွဲတွင် ဒုတိယငွေတံဆိပ်ရရှိခဲ့ကြောင်း။

၂၀၂၃ ခုနှစ် နိုဝင်ဘာလ ၆ ရက်မှ ၁၂ ရက်အထိ ကိုရီးယားသမ္မတနိုင်ငံ၌ ကျင်းပခဲ့သည့် (၁၄) ကြိမ်မြောက် ကမ္ဘာ့ကာယဗလနှင့် ကာယကြံ့ခိုင်မှုအားကစားပြိုင်ပွဲတွင် Men’s Sports Physique up to 175 Centimetre ပြိုင်ပွဲ၌ ရွှေတံဆိပ် တစ်ခု၊ အမျိုးသားကာယဗလ (၇၀) ကီလိုတန်းပြိုင်ပွဲ၌ ငွေတံဆိပ် တစ်ခု ရရှိခဲ့ကြောင်း။

၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ (၂၂) ရက်မှ (၂၈) ရက်အထိ ထိုင်းနိုင်ငံ၌ ကျင်းပပြုလုပ်ခဲ့သည့် (၁၉) ကြိမ်မြောက် ကမ္ဘာ့ပီတန်းချန်ပီယံရှစ်ပြိုင်ပွဲ တွင် မြန်မာနိုင်ငံမှ

ခင်ချယ်ရီသက်က ရွှေတံဆိပ်ဆုဆွတ်ခူးရရှိခဲ့ကာ ကမ္ဘာ့အဆင့် (၁) အဖြစ် သတ်မှတ်ခြင်းခံခဲ့ရကြောင်း။

၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၂၂ ရက်မှ ဒီဇင်ဘာလ ၁ ရက်ထိ ဗီယက်နမ်နိုင်ငံ၌ ကျင်းပခဲ့သည့် (၇) ကြိမ်မြောက် ကမ္ဘာ့ဗိုဗီနမ်ချန်ပီယံရှစ်ပြိုင်ပွဲတွင် မြန်မာအားကစားသမား ၃၂ ဦးက ရွှေတံဆိပ် နှစ်ခု၊ ငွေတံဆိပ် သုံးခု၊ ကြေးတံဆိပ် ကိုးခု ဆွတ်ခူးရရှိခဲ့သောကြောင့် ကမ္ဘာ့အဆင့် (၆)နေရာတွင် ရပ်တည်နိုင်ခဲ့သည်ကို တွေ့ရကြောင်း။

ယခုကဲ့သို့ **အာရှအဆင့်နှင့် ကမ္ဘာ့အဆင့်ပြိုင်ပွဲများတွင် နိုင်ငံတော်အတွက် စုစုပေါင်း ရွှေတံဆိပ် ငါးခု၊ ငွေတံဆိပ် ငါးခု၊ ကြေးတံဆိပ် (၁၄) ခု၊ စုစုပေါင်း ဆုတံဆိပ် ၂၄ ခု ရယူပေးနိုင်ခဲ့ခြင်းသည် နိုင်ငံ့ဂုဏ်ကို အားကစားဖြင့် မြှင့်တင်ပေးရာရောက်သည့်အပြင် နိုင်ငံတကာအလယ်၌ အမိမြန်မာနိုင်ငံတော်အလံကိုလွှင့်တင်ပြီး နိုင်ငံတော်သီချင်းသံလွှင့်ပျံ့အောင် စွမ်းဆောင်ကြိုးပမ်းခဲ့သူများဖြစ်သည့်အတွက် အုပ်ချုပ်သူများ၊ နည်းပြများအပါအဝင် ပြိုင်ပွဲဝင်မြန်မာအားကစားသမားများ၏ ကြိုးပမ်းမှု၊ ဇွဲ၊ စိတ်ဓာတ်တို့ကို ချီးကျူးဂုဏ်ပြုမှတ်တမ်းတင်**ကြောင်း။

ထိုသို့ **နိုင်ငံ့ဂုဏ်ဆောင်နိုင်ရေး ပြင်းပြင်းထန်ထန် ကြိုးစားလေ့ကျင့်ပြင်ဆင်ခဲ့မှုများကို ဂုဏ်ပြုသည့်အနေဖြင့် ပြိုင်ပွဲအသီးသီးတွင် တစ်ဦးချင်းရွှေတံဆိပ်နှင့် အသင်းလိုက် ရွှေတံဆိပ်ရရှိခဲ့ကြသည့် အသင်းများအား ငွေကျပ်သိန်း ၃၀၀ စီ၊ တစ်ဦးချင်းငွေတံဆိပ်နှင့် အသင်းလိုက် ငွေတံဆိပ်ရရှိခဲ့ကြသည့် အသင်းများအား ငွေကျပ်သိန်း ၂၀၀ စီ၊ တစ်ဦးချင်းကြေးတံဆိပ်နှင့် အသင်းလိုက် ကြေးတံဆိပ်ရရှိခဲ့ကြသည့် အသင်းများအား ငွေကျပ်သိန်း ၁၀၀ စီ၊ စုစုပေါင်း ငွေကျပ်သိန်း ၃၉၀၀ ကို ချီးမြှင့်ပေးအပ်သွားမည်ဖြစ်**ကြောင်း။

ယခုလို အောင်မြင်မှုရရှိကြသည့် အားကစားသမားများကို နိုင်ငံတော်အနေဖြင့် နိုင်ငံတော်အဆင့် အခမ်းအနားနှင့် ထိုက်ထိုက်တန်တန် ဂုဏ်ပြုချီးမြှင့်ပေးနေသကဲ့သို့ အားကစားမောင်မယ်များအနေဖြင့်လည်း နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်၊ နိုင်ငံ့ဂုဏ်ကို အားကစားဖြင့် မြှင့်တင်လိုသည့် စိတ်ဓာတ်များမွေးမြူပြီး သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် အုပ်ချုပ်နည်းပြများ၏ သွန်သင်ဆုံးမ လေ့ကျင့်ပေးမှုများအတိုင်း စည်းကမ်းရှိရှိ၊ အမိန့်နာခံမှုအပြည့်အဝနှင့် နည်းစနစ်မှန်မှန်၊ ပြင်းပြင်းထန်ထန် စဉ်ဆက်မပြတ် လေ့ကျင့်ဆောင်ရွက်နေကြရန် အထူးမှာကြားလိုကြောင်း။

**အောင်မြင်မှုရရှိကြသည့်
အားကစားသမားများကို နိုင်ငံတော်အနေဖြင့်
နိုင်ငံတော်အဆင့် အခမ်းအနားနှင့်
ထိုက်ထိုက်တန်တန်
ဂုဏ်ပြုချီးမြှင့်ပေးနေသကဲ့သို့
အားကစားမောင်မယ်များအနေဖြင့်လည်း
နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်၊ နိုင်ငံ့ဂုဏ်ကို
အားကစားဖြင့် မြှင့်တင်လိုသည့်
စိတ်ဓာတ်များမွေးမြူပြီး သက်ဆိုင်ရာ
တာဝန်ရှိသူများနှင့် အုပ်ချုပ်နည်းပြများ၏
သွန်သင်ဆုံးမ လေ့ကျင့်ပေးမှုများအတိုင်း
စည်းကမ်းရှိရှိ၊ အမိန့်နာခံမှုအပြည့်အဝနှင့်
နည်းစနစ်မှန်မှန်၊ ပြင်းပြင်းထန်ထန်
စဉ်ဆက်မပြတ် လေ့ကျင့်ဆောင်ရွက်
နေကြရန် အထူးမှာကြားလို။**

၂၀၂၅ ခုနှစ်၊ ထိုင်းနိုင်ငံတွင် ကျင်းပပြုလုပ်မည့် (၃၃) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် အောင်မြင်မှု ရရှိစေရေးအတွက်လည်း **၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလအတွင်း၌ ပဉ္စမအကြိမ်မြောက် အမျိုးသားအားကစားပွဲတော်ကို ကျင်းပပေးရန် စီစဉ်ဆောင်ရွက်လျက်ရှိ**ပါကြောင်း၊ ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကြီးကို အားကစားနည်းအလိုက် ထူးချွန်ထက်မြက်သည့် မျိုးဆက်သစ် အားကစားသမားများ ပေါ်ထွက်ရေး၊ လူငယ်၊ လူရွယ်များအပါအဝင် ပြည်သူတစ်ရပ်လုံး အားကစားကို စိတ်ပါဝင်စားပြီး အားပေးဆောင်ရွက်လာစေရေး၊ တစ်မျိုးသားလုံး သက်ရှည်ကျန်းမာ ကြံ့ခိုင်စေရန် အထောက်အကူပြုနိုင်စေရေး ဟူသည့် ရည်ရွယ်ချက်များဖြင့် ကျင်းပပေးသွားမည်ဖြစ်ကြောင်း၊ **ဝန်ကြီးဌာနအသီးသီးနှင့် ပြည်နယ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့များ**

**အနေဖြင့်လည်း ဝန်ကြီးဌာနများနှင့် ပြည်နယ်၊ တိုင်းဒေသကြီးကိုယ်စားပြုအသင်းများကို ၂၀၂၄ ခုနှစ် အမျိုးသားအားကစားပွဲတော်ကြီးတွင် အဆင့်မီမီ အင်ပြည့်အားပြည့် ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေး ကြိုတင်ပြင်ဆင် စီမံဆောင်ရွက်**သွားကြရန်နှင့် ပြိုင်ပွဲကြီး အောင်မြင်စွာကျင်းပနိုင်ရေးအတွက်လည်း သက်ဆိုင်ရာအခန်းကဏ္ဍအလိုက် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြရန် တစ်ပါတည်းမှာကြားလိုကြောင်း။

လာမည့် ၂၀၂၅ ခုနှစ် ထိုင်းနိုင်ငံတွင် ကျင်းပပြုလုပ်မည့် (၃၃) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲနှင့် ၂၀၂၆ ခုနှစ် ဂျပန်နိုင်ငံတွင်ကျင်းပမည့် အကြိမ် (၂၀) မြောက် အာရှအားကစားပြိုင်ပွဲများတွင် မြန်မာနိုင်ငံအနေဖြင့် ယှဉ်ပြိုင်နိုင်မည့် အားကစားနည်းအရေအတွက်သာမက အားကစားသမားအရေအတွက်ပါ အဆင့်မီမီ တိုးမြှင့် ယှဉ်ပြိုင်နိုင်ရန်နှင့် ယခုထက်ပိုမိုအောင်မြင်မှုရရှိစေရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနအနေဖြင့် သက်ဆိုင်ရာ အားကစားအဖွဲ့ချုပ်များနှင့် ပူးပေါင်းပြီး လူရွေးချယ်ရေးစီမံချက်၊ လေ့ကျင့်ရေးစီမံချက်၊ အောင်နိုင်ရေးစီမံချက်များကို စနစ်တကျ ရေးဆွဲကြိုတင်ပြင်ဆင်စီမံဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

အားကစားမောင်မယ်များအနေဖြင့် နောင်လာမည့် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ၊ အာရှအားကစားပြိုင်ပွဲအပါအဝင် နိုင်ငံတကာအားကစားပြိုင်ပွဲများ၌လည်း ဆက်လက်အောင်မြင်မှုရရှိစေရေး မလျှော့သော ဇွဲ၊ လုံ့လ၊ အားမာန်၊ စိတ်ဓာတ်တို့ဖြင့် ယခုထက် ပိုမိုအားထုတ်ကြိုးပမ်းသွားကြရန် ထပ်မံ၍အလေးအနက် တိုက်တွန်းမှာကြားလိုကြောင်း။

**နိုင်ငံ့ဂုဏ်ကို အားကစားဖြင့် မြှင့်တင်**

**နိုင်ငံတကာပြိုင်ပွဲများတွင် ရွှေ၊ ငွေ၊ ကြေးဆုတံဆိပ်များ ယခုထက်ပိုမိုရရှိပြီး နိုင်ငံ့ဂုဏ်ကို အားကစားဖြင့် မြှင့်တင်နိုင်ရေး၊ လူငယ်လူရွယ်တိုင်း အားကစားကို စိတ်ပါဝင်စားပြီး လေ့လာလိုက်စားရာမှတစ်ဆင့် ပြိုင်ပွဲဝင်နိုင်သည်အထိလေ့ကျင့်ယှဉ်ပြိုင်နိုင်ရေးနှင့်အရှေ့တောင်အာရှအဆင့်မှသည်အာရှအဆင့်၊ကမ္ဘာ့အဆင့်ထိထိုးဖောက်နိုင်အောင် ရည်မှန်းချက်ထားပြီး ဆက်လက်ကြိုးပမ်းအားထုတ်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း** ပြောကြားသည်။

■ ■ ■

# (၂၃)ကြိမ်မြောက် ဝိဇ္ဇာနှင့်သိပ္ပံ သုတေသနညီလာခံဖွင့်ပွဲ အခမ်းအနားတွင် ပြောကြားသည့် အမှာစကား

( ၂၅ - ၁ - ၂၀၂၄ )






(၂၃) ကြိမ်မြောက် ဝိဇ္ဇာနှင့်သိပ္ပံသုတေသနညီလာခံ ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီလ ၂၅ ရက်နေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ Naypyitaw State Academy ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

**တက်ရောက်**

အဆိုပါအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ ပါမောက္ခချုပ်များ၊ ပါမောက္ခများ၊ မြန်မာနိုင်ငံဝိဇ္ဇာနှင့်သိပ္ပံပညာရှင်အဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ စာတမ်းရှင်များ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အခမ်းအနားကျင်းပမည့်နေရာသို့ ရောက်ရှိကြရာ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် တာဝန်ရှိသူများက လှိုက်လှဲနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြသည်။

**ဖဲကြိုးဖြတ်ဖွင့်လှစ်**

ထို့နောက် အခမ်းအနားအစီအစဉ် ပထမပိုင်းအဖြစ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး မြထွန်းဦးနှင့် ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေတို့က (၂၃) ကြိမ်မြောက် ဝိဇ္ဇာနှင့်သိပ္ပံ သုတေသနညီလာခံ ဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် အခမ်းအနားအစီအစဉ် ဒုတိယပိုင်းကို Naypyitaw State Academy စုပေါင်းခန်းမကြီး၌ ဆက်လက်ကျင်းပပြုလုပ်ပြီး ဦးစွာ ဝိဇ္ဇာနှင့်သိပ္ပံ သုတေသနညီလာခံသီချင်းဖြင့် ဖျော်ဖြေသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က (၂၃) ကြိမ်မြောက် ဝိဇ္ဇာနှင့်သိပ္ပံ သုတေသနညီလာခံဖွင့်ပွဲအထိမ်းအမှတ် အမှာစကားပြောကြားရာတွင် **တိုင်းပြည်တစ်ခုဖွံ့ဖြိုးတိုးတက်ခြင်း၏**

**အခြေခံအုတ်မြစ်သည် ပညာတတ်အရင်းအမြစ်ပေါ်များခြင်းပင်ဖြစ်**ပါကြောင်း၊ ထို့ကြောင့် **နိုင်ငံတော်အနေဖြင့် အသိပညာ၊ အတတ်ပညာပြည့်စုံသည့် ပညာတတ်များနှင့် သာယာဝပြောသည့် အနာဂတ်နိုင်ငံတော်ကြီးကို တည်ဆောက်ရန် ဦးတည်ကြိုးပမ်းလျက်ရှိ**ကြောင်း၊ ပညာတတ်များ မွေးထုတ်ရာ ဦးဆောင်တက္ကသိုလ်ကြီး ဖြစ်လာရန် မျှော်မှန်းချက်ဖြင့် ဖွင့်လှစ်ခဲ့သည့် Naypyitaw State Academy တွင် နိုင်ငံတစ်ဝန်းလုံးရှိ တက္ကသိုလ်များက ဝိဇ္ဇာနှင့်သိပ္ပံပညာရပ်များ၏ မီးရှူးတန်ဆောင်ဖြစ်သည့် ဤသုတေသနညီလာခံကြီးကို ယနေ့မှစပြီး သုံးရက်တိုင်တိုင် ကျင်းပမည်ဖြစ်သည့်အတွက် အလေးအနက် ချီးကျူးဂုဏ်ပြုအပ်ကြောင်း။

**ပညာရဲရင့်ပွဲလယ်တင့်**

မျက်မှောက်ခေတ်ကို **"ပညာခေတ်"**ဟု တင်စားသတ်မှတ်ထားသည်နှင့်အညီ ကမ္ဘာပေါ်တွင် တန်ဖိုးအရှိဆုံးဟု ခံယူထားသည့်အရာသည် **"ပညာ"** သာဖြစ်ကြောင်း၊ **"ပညာရဲရင့် ပွဲလယ်တင့်"**ဟူသည့် အင်းဝခေတ်စာဆိုတော် ရှင်မဟာရဋ္ဌသာရ၏ စကားသည် ယနေ့တိုင် မှန်ကန်နေဆဲဖြစ်ကြောင်း၊ မည်သည့်ခေတ်တွင်မဆို နိုင်ငံသားတိုင်း ပညာရည်မြင့်မှ ကမ္ဘာ့အလယ်တွင် နိုင်ငံနှင့်လူမျိုးတင့်တယ်မည်ဖြစ်ကြောင်း။

**ပညာသည် ဖွံ့ဖြိုးတိုးတက်မှု၏ အရင်းခံဖြစ်သည့်အတွက် ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး စစ်မှန်စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရာတွင် အသိပညာ၊ အတတ်ပညာ၊ ပင်ကိုအရည်အသွေး၊ စွမ်းရည်များနှင့် ပြည့်စုံသည့် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်သည့် ဘက်စုံပညာရေးကဏ္ဍကို မြှင့်တင်ကြိုးပမ်းဆောင်ရွက်ရေးသည် အရေးကြီး**ကြောင်း၊ ထိုကဲ့သို့ မြှင့်တင်ဆောင်ရွက်ရာတွင် ယခုကဲ့သို့ သုတေသနညီလာခံများ၊ စာတမ်းဖတ်ပွဲများက များစွာ အထောက်အကူပြုစေမည်ဖြစ်ကြောင်း။

သုတေသနဆိုသည်မှာ ပါဠိဘာသာစကား **"သုတ"** ဟူသည့် အကြားအမြင်နှင့် **"သေန"**ဟူသည့် **"ရှာမှီးခြင်း"** တို့ ပေါင်းစပ်ထားခြင်းဖြစ်သည့်အတွက် ကြောင်းကျိုးတရားကို ရှာမှီးခြင်းဟု အဓိပ္ပာယ်ရကြောင်း၊ **"ပညာဖြင့် ကြောင်းကျိုးတရားကိုသိ၏"** ဆိုသကဲ့သို့သုတေသီတို့သည် အရာခပ်သိမ်းကို ပြေးကြည့်ရန်မလိုဘဲ အတွေ့အကြုံ၊ အမြော်အမြင်နှင့် ခြေခြေမြစ်မြစ် နှစ်နှစ်ကာကာ တွေးတောရုံမျှ၊ သုတေသနအသိအမြင်ကို အသုံးချကာ စူးစမ်းရှာဖွေ

**ပညာသည် ဖွံ့ဖြိုးတိုးတက်မှု၏ အရင်းခံဖြစ်သည့်အတွက် ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး စစ်မှန်စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စု တည်ဆောက်ရာတွင် အသိပညာ၊ အတတ်ပညာ၊ ပင်ကိုအရည်အသွေး၊ စွမ်းရည်များနှင့် ပြည့်စုံသည့် လူ့စွမ်းအား အရင်းအမြစ်များ မွေးထုတ်ပေးနိုင်သည့် ဘက်စုံပညာရေးကဏ္ဍကို မြှင့်တင်ကြိုးပမ်း ဆောင်ရွက်ရေးသည် အရေးကြီး၊ သုတေသနသည် တက္ကသိုလ်များ၏ အသက်သွေးဖြစ်သည်ဟု သတ်မှတ်ထားသည်နှင့်အညီ သုတေသန ဆောင်ရွက်နေသည့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများအနေဖြင့် မိမိတို့ သင်ယူလေ့လာနေသည့် ပညာရပ်နယ်ပယ်များတွင် ပိုမိုတတ်ကျွမ်း ထူးချွန်လာကြမည်ဖြစ်၊ တွေ့ရှိချက်အသစ်များမှတစ်ဆင့် ဆန်းသစ်တီထွင်မှုများကို ဆက်လက် လုပ်ဆောင်ကြခြင်းသည် လူမှု အသိုင်းအဝိုင်းကို အကျိုးပြုနိုင်သည့် အသိပညာရှင်၊ အတတ်ပညာရှင်များ ပေါ်ထွန်းလာကြမည်မှာ အသေအချာဖြစ်။**

ရှုံမှုဖြင့် သမ္မာဒိဋ္ဌိ- မှန်ကန်သော အမြင်၊ မှန်ကန်သော ရလဒ်ကို ရရှိစေကြောင်း။

သုတေသနဟူသည်မှာ ဖန်တီးနိုင်မှုစွမ်းရည်မြင့်မားလှသည့် စွမ်းဆောင်ချက်တစ်ခု (Research is a highly creative activity)ဟု ဆိုကြကြောင်း၊ အရည်အသွေးရှိသည့် သုတေသနစွမ်းဆောင်ချက် (Quality Research) တစ်ခုသည် ထုတ်ကုန်သစ်များ ထုတ်လုပ်ပေးနိုင်စွမ်း၊ အလုပ်အကိုင်သစ်များ ဖန်တီးပေးနိုင်စွမ်းရရှိစေပြီး စက်ရုံအသစ်များကို ပေါ်ထွန်းလာစေနိုင်ကြောင်း၊ ထုတ်လုပ်မှုကုန်ကျစရိတ်ကို သက်သာစေနိုင်ပြီး နည်းပညာသစ်များနှင့် တီထွင်ဖန်တီးမှုအသစ်များကို ထွက်ပေါ်လာစေနိုင်ကြောင်း၊ ထို့ကြောင့် အရည်အသွေးရှိသည့် သုတေသနစွမ်းဆောင်ချက် တစ်ခုသည် နိုင်ငံတော်၏ လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်မှုကို များစွာ အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း။

**သုတေသနသည် တက္ကသိုလ်များ၏အသက်သွေးဖြစ်**

သုတေသနသည် တက္ကသိုလ်များ၏ အသက်သွေးဖြစ်သည်ဟု သတ်မှတ်ထားသည်နှင့်အညီ သုတေသနဆောင်ရွက်နေသည့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများအနေဖြင့် မိမိတို့ သင်ယူလေ့လာနေသည့် ပညာရပ်နယ်ပယ်များတွင် ပိုမိုတတ်ကျွမ်းထူးချွန်လာကြမည်ဖြစ်ကြောင်း၊ တွေ့ရှိချက်အသစ်များမှတစ်ဆင့် ဆန်းသစ်တီထွင်မှုများကို ဆက်လက်လုပ်ဆောင်ကြခြင်းသည် လူမှုအသိုင်းအဝိုင်းကို အကျိုးပြုနိုင်သည့် အသိပညာရှင်၊ အတတ်ပညာရှင်များ ပေါ်ထွန်းလာကြမည်မှာ အသေအချာဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်က တက္ကသိုလ်များအတွက် သုတေသနအသုံးစရိတ်များ၊ သုတေသနဓာတ်ခွဲခန်းသုံးပစ္စည်းများကို နှစ်စဉ် တိုးမြှင့်ခွင့်ပြုပေးခဲ့သည့်အပြင် သုတေသနစင်တာများကိုလည်း တိုးချဲ့ဖွင့်လှစ်ပေးခဲ့ကြောင်း။

နိုင်ငံတော်အနေဖြင့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးကို အမျိုးသားရေးလုပ်ငန်းစဉ်နှစ်ရပ်အဖြစ် ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ အသေးစား၊ အငယ်စားနှင့် အလတ်စားစက်မှုလုပ်ငန်း (MSME)များကို အားပေးရင်း ဒေသတစ်ခု၊ ထုတ်ကုန်တစ်မျိုး (One Region, One Product) ထုတ်လုပ်ရန် တိုက်တွန်းလျက်ရှိသကဲ့သို့ အရည်အသွေးမြင့်ကုန်ချောများ (Value-added Products) ထုတ်လုပ်ခြင်းမှတစ်ဆင့် စိုက်ပျိုးရေးကိုအခြေခံသည့် စက်မှုလုပ်ငန်းများ (Agro-based Industries)ကို ဦးတည်ကြိုးပမ်းရန် ပံ့ပိုးပေးလျက်ရှိကြောင်း၊ အဆိုပါ အမျိုးသားရေးလုပ်ငန်းစဉ်နှစ်ရပ် အောင်မြင်ရေးအတွက် တက္ကသိုလ်များ၏ သုတေသနအားကောင်းမှုဖြင့်လည်း ဖြည့်ဆည်းပေးနိုင်လိမ့်မည်ဟု ယုံကြည်ကြောင်း။

**ပူးပေါင်းလုပ်ဆောင်**

သုတေသနများ ဆောင်ရွက်ရာတွင် တစ်ဦးချင်းသုတေသနနှင့် အဖွဲ့လိုက်သုတေသနများ ဆောင်ရွက်ကြသကဲ့သို့ ပူးတွဲသုတေသန (Joint Research)များကိုလည်း ဘာသာရပ်အချင်းချင်း၊ ပြည်တွင်းတက္ကသိုလ်များအချင်းချင်း၊ ပြည်တွင်းပြည်ပ တက္ကသိုလ်အချင်းချင်း ပူးပေါင်းလုပ်ဆောင်ကြမည်ဆိုပါက အဖိုးတန်သည့် သုတေသနကောင်းများစွာ ပေါ်ထွက်လာနိုင်ကြောင်းကို ပြောကြားလိုကြောင်း။

တက္ကသိုလ်သုတေသနများမှ ထုတ်ကုန်အသစ်များ ထုတ်လုပ်နိုင်သည့် နည်းပညာသစ်များကို စက်ရုံများသို့ နည်းပညာလွှဲပြောင်းပေးခြင်း (Technology Transfer) ပြုလုပ်သကဲ့သို့ သုတေသနတွေ့ရှိချက်အသစ်များကို လိုအပ်သည့် အဖွဲ့အစည်းများသို့ ပညာဗဟုသုတမျှဝေပေးခြင်း (Knowledge Sharing)ပြုလုပ်ကာ နိုင်ငံ့စီးပွားရေးလုပ်ငန်းများကို အချိန်တိုအတွင်း ဖွံ့ဖြိုးတိုးတက်လာအောင် ပံ့ပိုးပေးနိုင်ခြင်းဖြင့် နိုင်ငံတော်က အားကိုးအားထားပြုရသည့် တက္ကသိုလ်များ ဖြစ်လာကြမည်ဖြစ်ကြောင်း။

**နိုင်ငံတော်ကို အကျိုးပြုမည့် သုတေသနလုပ်ငန်းများ ဆောင်ရွက်ရန်နှင့် သုတေသနလမ်းညွှန်မှုများပေးရန်ဟူသည်မှာ မြန်မာနိုင်ငံ ဝိဇ္ဇာနှင့်သိပ္ပံပညာရှင်အဖွဲ့၏ ရည်ရွယ်ချက်တစ်ခုဖြစ်**ကြောင်း၊ မြန်မာနိုင်ငံ ဝိဇ္ဇာနှင့်သိပ္ပံပညာရှင်အဖွဲ့အနေဖြင့် နိုင်ငံတော်အစိုးရက ၁၉၉၉ ခုနှစ်၊ ဩဂုတ်လ စတင်ဖွဲ့စည်းပေးချိန်မှစပြီး ချမှတ်ပေးထားသည့် လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်လျက်ရှိရာ သုတေသနလုပ်ငန်း ဖွံ့ဖြိုးရေးအတွက် ၂၀၁၁ ခုနှစ်မှ စတင်ပြီး ဝိဇ္ဇာ၊ သိပ္ပံနှင့် လူမှုရေးပညာရပ်များဆိုင်ရာ ဟောပြောပွဲများ၊ သုတေသနစာတမ်းဖတ်ပွဲများနှင့် ညီလာခံများကို နှစ်စဉ် ကျင်းပပေးလျက်ရှိကြောင်း၊ ၂၀၂၃ ခုနှစ်အတွက် (၂၃) ကြိမ်မြောက် ဝိဇ္ဇာနှင့်သိပ္ပံ သုတေသနညီလာခံကို ပညာရေးဝန်ကြီးဌာနက အမျိုးသား

အဆင့်အဖြစ် Naypyitaw State Academy တွင် ဇန်နဝါရီလ ၂၅ ရက်မှ ၂၇ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း။

**စာတမ်းပေါင်း ၃၁၄ စောင်**

ယခုညီလာခံတွင် ဂုဏ်ယူဖွယ်ရာ အချက်တစ်ချက်အဖြစ် နိုင်ငံတစ်ဝန်းမှ ဝိဇ္ဇာ၊ သိပ္ပံတက္ကသိုလ်များ၊ စစ်တက္ကသိုလ်အပါအဝင် အခြားဝန်ကြီးဌာန ခြောက်ခုတို့မှ ပညာရေးဝန်ကြီးဌာန၌ ပါရဂူကျမ်း လာရောက်ပြုစုနေသူ သုတေသီများက သုတေသနစာတမ်းပေါင်း ၃၁၄ စောင်ကို ဖတ်ကြားဆွေးနွေးကြမည်ဖြစ်သည့်အတွက် တက္ကသိုလ်ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ အနေဖြင့် သုတေသနတွင် လွန်စွာစိတ်ဝင်စားမှုရှိကြောင်း တွေ့ရသဖြင့် အားရကျေနပ်မိကြောင်းကို ပြောကြားလိုကြောင်း။

ထိုသို့သုတေသနစာတမ်းများ ဖတ်ကြားသည့်အပြင် ပညာရေးဝန်ကြီးဌာန၊ တက္ကသိုလ်အသီးသီးမှ သုတေသနပိုစတာပေါင်း ၆၀ ခန့်ပြသထားသကဲ့သို့သုတေသနပြကွက် ၂၀ ကျော်ကို ခင်းကျင်းပြသထားသည်ဟု သိရကြောင်း၊ တက္ကသိုလ်အသီးသီး၏ မတူကွဲပြားသည့် ဘာသာရပ်အသီးသီးမှ သုတေသနပညာရှင်များ၏ တီထွင်ဆန်းသစ်မှုများ၊ သုတေသနတွေ့ရှိချက်များကို လာရောက်ကြည့်ရှုကြသူများက တွေ့မြင်သိရှိခွင့်ရရှိကြသကဲ့သို့ အပြုသဘောဆောင်သည့် အကြံပြုချက်များကို ပေးအပ်နိုင်မည်ဖြစ်သည့်အတွက် နှစ်ဦးနှစ်ဖက်အသိအမြင်ဖလှယ်ခွင့် ရရှိကြမည်ဖြစ်ကြောင်း။

**စာတမ်းဆုများ ချီးမြှင့်သွားမည်**

ပညာရေးဝန်ကြီးဌာန၏ (၂၃) ကြိမ်မြောက် ဝိဇ္ဇာနှင့်သိပ္ပံသုတေသနညီလာခံတွင် တင်သွင်းဖတ်ကြားသည့် သုတေသနစာတမ်းများအနက် အကောင်းဆုံးသုတေသနဆု၊ ဘာသာရပ်နယ်ပယ်အလိုက် အကောင်းဆုံးစာတမ်းဆုများ ချီးမြှင့်သွားမည်ဖြစ်သည့်အပြင် သုတေသနညီလာခံမှ အဆင့်မီသည့် သုတေသနစာတမ်းများကို စုစည်းပြီး သုတေသနဂျာနယ်များ ထုတ်ဝေမည်ဟုလည်း ဝမ်းမြောက်ဂုဏ်ယူဖွယ်ရာ သိရှိရကြောင်း။

မြန်မာနိုင်ငံ တက္ကသိုလ်များ တည်ရှိရာဒေသများသည် ကွဲပြားသောအသီးသီးကို ပိုင်ဆိုင်ထားကြကြောင်း၊ သာဓကအားဖြင့် နိုင်ငံ၏အနောက်ဘက်ပိုင်း၊ တောင်ဘက်ပိုင်းတွင်တည်ရှိသည့် တက္ကသိုလ်များသည် ပင်လယ်ကမ်းရိုးတန်းနှင့် ရေ၊ မြေ၊ သား၊ ငါး ပေါကြွယ်ဝသည့် မိုးများသည့် ဒေသများတွင် ရှိကြကြောင်း၊ အဆိုပါ တက္ကသိုလ်များက ငါး၊ ပုစွန်၊ ပုလဲမွေးမြူရေး၊ ကမ်းလွန်ဒေသ ရေနံနှင့် သဘာဝဓာတ်ငွေ့ဆိုင်ရာ ဒေသအကျိုးပြု သုတေသနများ ဆောင်ရွက်ပြီး မိမိဒေသ၌ပင်နေထိုင်ကာ အလုပ်လုပ်ကိုင်မည့် ဒေသခံဘွဲ့ရပညာတတ်များ၊ ပြောင်မြောက်သည့် သုတေသီများကို မွေးထုတ်ပေးကြရမည်ဖြစ်ကြောင်း၊ အလားတူ နိုင်ငံတစ်ဝန်း တက္ကသိုလ်များက နိုင်ငံဖွံ့ဖြိုးတိုးတက်ရန်နှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရန် လိုအပ်သည့် နည်းပညာသစ်များနှင့် ကျွမ်းကျင်မှု အဖုံဖုံကို ဆောင်ကြဉ်းပေးကြရမည်ဖြစ်ကြောင်း။

**တစ်တပ်တစ်အားပါဝင်**

ယနေ့ ကျင်းပပြုလုပ်သည့် ပညာရေးဝန်ကြီးဌာန (၂၃) ကြိမ်မြောက် ဝိဇ္ဇာနှင့်သိပ္ပံသုတေသနညီလာခံကြီးတွင် စာတမ်းများ ဖတ်ကြားတင်သွင်းကြမည့် သုတေသီများနှင့် နိုင်ငံတစ်ဝန်း တက္ကသိုလ်၊ ဒီဂရီ ကောလိပ်အသီးသီးက ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများအနေဖြင့် ဘာသာရပ်အကျိုးပြု၊ ဒေသအကျိုးပြု၊ နိုင်ငံအကျိုးပြု အသုံးချ သုတေသနများကို ထိထိရောက်ရောက် အောင်မြင်အောင် ဆောင်ရွက်ပေးရန်နှင့် မိမိတို့တတ်ကျွမ်းထားသည့် အသိပညာ၊ အတတ်ပညာနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီး တည်ဆောက်ရာတွင် တစ်တပ်တစ်အား ပါဝင်ပြီး အကျိုးပြုပေးကြရန် တိုက်တွန်းမှာကြားလိုကြောင်း ပြောကြားသည်။

■ ■ ■

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့်တရားဥပဒေစိုးမိုးရေးကော်မတီ အစည်းအဝေး အမှတ်စဉ် (၁/၂၀၂၄) တွင်ပြောကြားသည့် အမှာစကား

( ၂၆ - ၁ - ၂၀၂၄ )



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကော်မတီ အစည်းအဝေး အမှတ်စဉ် (၁/၂၀၂၄) ကို ဇန်နဝါရီ ၂၆ ရက်နေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ ဦးဝဏ္ဏမောင်လွင်၊ ဒေါ်ဒွဲဘူနှင့် မန်းငြိမ်းမောင်၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**လုံခြုံရေးအရ ထိခိုက်စေနိုင်မည့်ကိစ္စရပ်များကို ကြိုတင်ဆွေးနွေးကာကွယ်ခြင်းဖြင့် ဖြေရှင်းနိုင်ရမည်**

ဦးစွာ လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကား ပြောကြားရာတွင် လုံခြုံရေးနှင့်သက်ဆိုင်သည့် ကိစ္စရပ်များအားလုံးကို ပွင့်ပွင့်လင်းလင်း တင်ပြဆွေးနွေးကြရန်လိုပြီး နိုင်ငံ့အကျိုး၊ ပြည်သူ့အကျိုးကိုကြည့်၍ လုံခြုံရေးအရ ထိခိုက်စေနိုင်မည့်ကိစ္စရပ်များကို ကြိုတင်ဆွေးနွေးကာကွယ်ခြင်းဖြင့် ဖြေရှင်းနိုင်ရမည်ဖြစ်ကြောင်း၊ ဥပမာအားဖြင့် Non–CDM ဝန်ထမ်းများကို ခြိမ်းခြောက်အကျပ်ကိုင်ခြင်းများ၊ တရားမဝင်ကုန်စည်စီးဆင်းမှုများ၊ သတင်းအတု၊ သတင်းမှားများဖြန့်ဝေ၍ ပြည်သူလူထုကြောက်ရွံ့အောင် ဆောင်ရွက်ခြင်းများအပြင် အခြားသောနည်းလမ်းမျိုးစုံဖြင့် အစိုးရ၏ အုပ်ချုပ်မှုယန္တရားပျက်ယွင်းအောင် လုပ်ဆောင်မှုများသည် လုံခြုံရေးအရ

သတိပြုရမည့်ကိစ္စရပ်များပင်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် နိုင်ငံတော်လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းရပ်များကို စုပေါင်းလုပ်ဆောင်မှုများဖြင့် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံတွင် ၂၀၂၁ ခုနှစ်တွင် ဖြစ်ပေါ်ခဲ့သည့် နိုင်ငံရေးအပြောင်းအလဲများမှတစ်ဆင့် ပဋိပက္ခများဖြစ်ပေါ်ခဲ့ပြီး ပဋိပက္ခများ၏ အခြေခံဖြစ်သည့် ဆူပူဆန္ဒပြမှုအဆင့်မှ အကြမ်းဖက်မှုအဆင့်အထိ ဖြစ်ပေါ်ခဲ့ကြောင်း၊ ထိုမှတစ်ဆင့် တိုင်းပြည်တည်ငြိမ်အေးချမ်းမှုကို ပြိုကွဲစေလိုသည့်၊ နိုင်ငံရေးအမြတ်ထုတ်လိုသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အချို့က ဆူပူအကြမ်းဖက်သည့် လူငယ်၊ လူရွယ်များအား အကြမ်းဖက်သင်တန်းများ ဖွင့်လှစ်သင်ကြားပေးခြင်း၊ လက်နက်၊ ခဲယမ်းများ ထောက်ပံ့ပေးအပ်ခြင်းတို့ကို လုပ်ဆောင်ခဲ့ပြီး ၂၀၂၃ ခုနှစ်တွင် နိုင်ငံတွင်းရှိ အချို့မြို့နယ်များ၌ လက်နက်ကိုင်အကြမ်းဖက် တိုက်ခိုက်မှုဖြစ်စဉ်များ ပေါ်ပေါက်လာခဲ့သည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း။

**တပ်မတော်သည် အဓိကအားဖြင့် ပြည်ပရန်ကိုကာကွယ်ရန် အဓိကတာဝန်ရှိ**

ထို့ကြောင့် တပ်မတော်အနေဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူများနှင့် အတူတကွပူးပေါင်း၍ လက်နက်ကိုင်အကြမ်းဖက်မှုများ ပပျောက်စေရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့အတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ တပ်မတော်သည် အဓိကအားဖြင့် ပြည်ပရန်ကို ကာကွယ်ရန် အဓိကတာဝန်ရှိသည်ဖြစ်သော်လည်း နိုင်ငံတော်၏သမိုင်းကြောင်းနောက်ခံ အခြေအနေများအရ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့်အတူ ပြည်တွင်းလုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းရပ်များတွင် ပါဝင်ဆောင်ရွက်နေရခြင်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအနေဖြင့် ပြည်သူလူထုနှင့် ထိတွေ့မှုအများဆုံးဖြစ်ပြီး သက်ဆိုင်ရာဒေသအလိုက် အထွေထွေအုပ်ချုပ်ရေးမှ အဓိကတာဝန်ရှိသည့် အုပ်ချုပ်ရေးမှူးများ၊ တာဝန်ရှိသူများနှင့် အတူတကွ ပူးပေါင်း၍ ပြည်သူလူထု၏ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး တာဝန်များကို ထမ်းဆောင်ရမည်ဖြစ်ကြောင်း၊ မိမိအနေဖြင့် မှတ်ပုံတင်ခွင့်ပြုပြီးဖြစ်သည့် နိုင်ငံရေးပါတီများမှ ဥက္ကဋ္ဌများ၊ ဒုတိယဥက္ကဋ္ဌများ၊ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးရာတွင် ပြည်သူ့လုံခြုံရေးစနစ်နှင့်ပတ်သက်၍ ဆွေးနွေးပြောကြားခဲ့ပြီး ပြည်သူအားလုံးပါဝင်သည့် ပြည်သူ့လုံခြုံရေးစနစ်ကို ဖော်ဆောင်ရန် ဆွေးနွေးခဲ့ကြောင်း၊ ပြည်သူ့လုံခြုံရေးစနစ်သည် အရေးကြီးပြီး ပြည်သူလူထု၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် လုံခြုံရေးတာဝန်ရှိသူများအားလုံး ညီညီညွတ်ညွတ်ဖြင့် စည်းလုံးမှုရှိပါက လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းရပ်များသည်လည်း အောင်မြင်နိုင်မည်ဖြစ်ကြောင်း၊ အဓိကမှာ အကြမ်းဖက်သူများ၏ သတင်းပေးပို့ရန်ဖြစ်ပြီး သတင်းပေးပို့သူကိုလည်း လျှို့ဝှက်ပေးရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ပြည်သူ့လုံခြုံရေးစနစ်ကို စနစ်တကျဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ရန်လိုပြီး ပြည်သူ့လုံခြုံရေးစနစ်မှတစ်ဆင့် ပြည်သူ့ကာကွယ်ရေးစနစ်သို့ ဖော်ဆောင်သွားရမည်ဖြစ်ကြောင်း။

**အစိုးရတစ်ရပ်သည်**
**၎င်းတို့၏ မူဝါဒများ၊ ဦးတည်ချက်များကို**
**အောင်မြင်အောင် အကောင်အထည်ဖော်**
**ခြင်းဖြင့် နိုင်ငံ့ကောင်းရာ၊ ကောင်းကျိုးကို**
**သတ်မှတ်သက်တမ်းကာလ**
**တစ်ခုအတွင်း ဖော်ဆောင်ရခြင်းဖြစ်၊**
**စစ်မှန်စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီ**
**စနစ်ခိုင်မာရေး၊ ဒီမိုကရေစီနှင့်**
**ဖက်ဒရယ်စနစ်ကိုအခြေခံသည့်**
**ပြည်ထောင်စုကို တည်ဆောက်ရေးဆိုသည့်**
**နိုင်ငံရေးမျှော်မှန်းချက် ၂ ရပ်ကို**
**ချမှတ်ထား၊ ဒီမိုကရေစီစိတ်ဓာတ်၊**
**တိုင်းပြည်ကောင်းအောင်**
**ဆောင်ရွက်လိုသည့် စိတ်ဓာတ်ရှိမည်ဆိုပါက**
**အဆိုပါမျှော်မှန်းချက်များအတိုင်း**
**ဆောင်ရွက်ရမည်ဖြစ်။**

**စည်းကမ်းကောင်းသည့် နိုင်ငံ့ဝန်ထမ်းများ၊ လုံခြုံရေးအဖွဲ့ဝင်များဖြစ်စေရေး ကြပ်မတ်ဆောင်ရွက်**

တရားဥပဒေစိုးမိုးမှုရှိစေရေးအတွက် သက်ဆိုင်ရာတာဝန်ရှိသူများက ထိထိရောက်ရောက်နှင့် ကြပ်မတ်ဆောင်ရွက်ရန်လိုကြောင်း၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လုံခြုံရေးဆိုင်ရာ တာဝန်ရှိသူများအနေဖြင့် မိမိတို့၏ လုပ်ငန်းရပ်များကို ကျေပွန်ရန်နှင့် မှန်မှန်ကန်ကန် လုပ်ဆောင်ရန်လိုပြီး ပြည်သူလူထုက အားကိုးယုံကြည်ရသည့် နိုင်ငံ့ဝန်ထမ်းများဖြစ်စေရေး စည်းကမ်းပိုင်းအရ ကြပ်မတ်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ယုံကြည်မှုဖြင့် တည်ဆောက်မှသာလျှင် ပြည်သူလူထုက ပူးပေါင်းပါဝင်မည်ဖြစ်သည့်အတွက် စည်းကမ်းကောင်းသည့် နိုင်ငံ့ဝန်ထမ်းများ၊ လုံခြုံရေးအဖွဲ့ဝင်များဖြစ်စေရေး ကြပ်မတ်ဆောင်ရွက်သွားကြရန်လိုကြောင်း၊ နိုင်ငံ့ဝန်ထမ်းများအနေဖြင့် ဝန်ထမ်းသက်တမ်းကာလတစ်လျှောက် မိမိတို့၏ တာဝန်များကို ကျေပွန်စွာထမ်းဆောင်ခြင်းဖြင့် နိုင်ငံကိုကောင်းအောင် ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ အစိုးရတစ်ရပ်သည် ၎င်းတို့၏မူဝါဒများ၊ ဦးတည်ချက်များကို အောင်မြင်အောင် အကောင်အထည်ဖော်ခြင်းဖြင့် နိုင်ငံ့ကောင်းရာ၊ ကောင်းကျိုးကို သတ်မှတ်သက်တမ်းကာလတစ်ခုအတွင်း ဖော်ဆောင်ရခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံ့ဝန်ထမ်းများအနေဖြင့် အစိုးရအတွက်မဟုတ်ဘဲ နိုင်ငံ့အရေးကိုသာ ကြည့်၍ တာဝန်ထမ်းဆောင်ကြရန်လိုကြောင်း။

တရားမဝင်ကုန်သွယ်မှုများနှင့်ပတ်သက်၍လည်း မိမိတို့နိုင်ငံ၌ ဥပဒေကို ကျော်လွန်၍ ဆောင်ရွက်နေခြင်းများရှိပြီး စီးပွားရေးသမားများအနေဖြင့် ဝိသမလောဘများဖြင့် ၎င်းတို့၏ ကိုယ်ကျိုးစီးပွားအတွက် လုပ်ဆောင်နေကြခြင်းဖြစ်ကြောင်း၊ ကုန်သွယ်ရေး၊ စီးပွားရေးအပြင် လုံခြုံရေးအတွက်လည်း ထည့်သွင်းစဉ်းစားရမည်ဖြစ်ပြီး တရားမဝင် ကုန်သွယ်မှုများမှတစ်ဆင့် လက်နက်ကိုင်အကြမ်းဖက်သမားများထံသို့ ငွေကြေးများစီးဆင်းမှုများဖြစ်ပေါ်စေပြီး ၎င်းမှတစ်ဆင့် လုံခြုံရေးအရ ထိခိုက်မှုများကို ဖြစ်ပေါ်လာစေမည်ဖြစ်ကြောင်း၊ ထို့ကြောင့် တရားမဝင်ကုန်သွယ်မှုများအား ထိထိရောက်ရောက် ဖော်ထုတ်အရေးယူ ဆောင်ရွက်သွားရန်လိုကြောင်း၊ မူးယစ်ဆေးဝါးနှင့်ပတ်သက်၍လည်း ဘိန်းစိုက်ပျိုးမှုများ၊ မူးယစ်ဆေးဝါးထုတ်လုပ်ရောင်းဝယ်မှုများကို ယခုထက်ပိုမို၍ဖော်ထုတ်ဆောင်ရွက်သွားရမည်ဖြစ်ပြီး လက်နက်ကိုင်အကြမ်းဖက်သမားများအနေဖြင့် မူးယစ်ဆေးဝါးကို ၎င်းတို့အကျိုးအမြတ်အတွက် လုပ်ဆောင်နေကြခြင်းဖြစ်သဖြင့် တရုတ်၊ ထိုင်း စသည့် အိမ်နီးချင်းနိုင်ငံများ၊ ကုလသမဂ္ဂကဲ့သို့သော မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနှင့် သက်ဆိုင်သည့်အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ တိုက်ဖျက်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ထို့ပြင် အွန်လိုင်းလောင်းကစားမှုများ၊ ငွေကြေးလိမ်လည်မှုများနှင့်ပတ်သက်၍လည်း ထိထိရောက်ရောက် ဖော်ထုတ်အရေးယူ ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

နိုင်ငံတော်၏ လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေ စိုးမိုးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် အစိုးရအဖွဲ့မှ တာဝန်ရှိသူများအားလုံး အတူတကွ ဆွေးနွေးကြပ်မတ်ဆောင်ရွက်ရမည်ဖြစ်သဖြင့် တက်ရောက်လာကြသည့် ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ တာဝန်ရှိသူများအနေဖြင့် နိုင်ငံတော်အတွက် အပြုသဘောဖြင့် ဆွေးနွေးကြရန်လိုကြောင်း ပြောကြားသည်။

ထို့နောက် အစည်းအဝေးတက်ရောက်လာကြသည့် နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီတွဲဖက်အတွင်းရေးမှူး၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများက သက်ဆိုင်ရာကဏ္ဍရပ်များနှင့် လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းတင်ပြကြသည်။

**နိဂုံးချုပ်အမှာစကားပြောကြား**

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များ ဖြည့်စွက်မှာကြားပြီး နိဂုံးချုပ်အမှာစကားပြောကြားရာတွင် မိမိတို့အနေဖြင့် လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတစ်ခုအနေဖြင့် စစ်ရေးအား၊ စီးပွားရေးအားနှင့် နိုင်ငံရေးအားများ ကောင်းမွန်နေရန်လိုကြောင်း၊ အဓိကမှာ စီးပွားရေးအား ကောင်းမွန်ရန် အထူးအလေးထား ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများကို ပြည့်ဝအောင်မြင်စွာ စိုက်ပျိုးနိုင်မှုမရှိခြင်းနှင့် စက်ရုံ၊ အလုပ်ရုံများမှ ကုန်ထုတ်လုပ်မှုများ အပြည့်အဝထုတ်လုပ်နိုင်ခြင်းမရှိမှုတို့ကြောင့်

စီးပွားရေးအရ အားနည်းချက်များရှိကြောင်း၊ ကမ္ဘာပေါ်ရှိ စစ်အင်အားကြီးသည့်နိုင်ငံများ၊ စီးပွားရေးအင်အားကောင်းမွန်သည့် နိုင်ငံများကို အခြားနိုင်ငံများမှ ဝင်ရောက်မစွက်ဖက်ရဲသည်ကို တွေ့ရှိနိုင်ကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံ့အားများ ကောင်းမွန်စေရေး အားလုံးက ဝိုင်းဝန်းပူးပေါင်းကြိုးပမ်းဆောင်ရွက်ပေးကြရန်လိုကြောင်း။

နိုင်ငံရေးအရ ကြည့်မည်ဆိုပါကလည်း မိမိတို့နိုင်ငံအနေဖြင့် ဒီမိုကရေစီလမ်းကြောင်းပေါ်၌ လျှောက်လှမ်းနေချိန်ဖြစ်သော်လည်း စည်းလုံးညီညွတ်မှုအားနည်းနေသေးသည်ကို တွေ့ရကြောင်း၊ လွတ်လပ်ရေးရရှိသည်မှာ ၇၅ နှစ် ကျော်လွန်လာပြီဖြစ်သော်လည်း နိုင်ငံရေး ခိုင်မာအောင် တည်ဆောက်နိုင်ခြင်းမရှိသေးကြောင်း၊ မိမိတို့အနေဖြင့် စစ်မှန်စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီစနစ်ခိုင်မာရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်ရေးဆိုသည့် နိုင်ငံရေးမျှော်မှန်းချက် ၂ ရပ်ကိုချမှတ်ထားကြောင်း၊ ဒီမိုကရေစီစိတ်ဓာတ်၊ တိုင်းပြည်ကောင်းအောင် ဆောင်ရွက်လိုသည့်စိတ်ဓာတ်ရှိမည်ဆိုပါက အဆိုပါမျှော်မှန်းချက်များအတိုင်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ယခုဖြစ်ပွားနေသည့်ပြဿနာမှာ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်နှင့်ကိုယ်ပိုင်ပြည်နယ်၊ ဒေသများရရှိအောင် ဥပဒေပြင်ပမှတောင်းဆိုလာခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံရေးနှင့်ပတ်သက်၍ဥပဒေ၊စည်းကမ်းများနှင့်အညီ ဆောင်ရွက်တတ်ရန် လိုအပ်ချက်များစွာရှိနေသေးကြောင်း။

ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀ဝ၈ ခုနှစ်) သည် မဲပေးခွင့်ရှိသူများ၏ ၉၂ ဒသမ ၄၈ ရာခိုင်နှုန်းက ထောက်ခံထားသည့် ဥပဒေဖြစ်ကြောင်း၊ အဆိုပါအခြေခံဥပဒေသည် ပြည်သူအများစု၏ ဆန္ဒမဲများဖြင့် အတည်ပြု ပြဋ္ဌာန်းထားခြင်းဖြစ်သဖြင့် ကျော်လွန်ဆောင်ရွက်၍ မရကြောင်း၊ မိမိတို့အနေဖြင့် တိုင်းပြည်ကို ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀ဝ၈ခုနှစ်)နှင့်အညီသာ ထိန်းသိမ်းဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်များနှင့်ပတ်သက်၍ ဆောင်ရွက်ရာတွင်လည်း နိုင်ငံရေးအရ ဆွေးနွေးဆောင်ရွက်ပြီး လွှတ်တော်တွင်အတည်ပြုရန်လိုကြောင်း၊ လက်နက်ကိုင်လမ်းစဉ်ဖြင့် တောင်းဆို၍ မရနိုင်ကြောင်း၊ မိမိတို့နိုင်ငံတွင် တိုင်းရင်းသားလူမျိုးပေါင်း ၁၃၅ မျိုးရှိပြီး လူများစုရှိသည့် တိုင်းရင်းသားများရှိသကဲ့သို့ လူနည်းစုတိုင်းရင်းသားများလည်းရှိကြောင်း၊ ထို့ကြောင့် တိုင်းရင်းသားများအားလုံး တန်းတူအခွင့်အရေးရရှိရေးအတွက် ရွေးကောက်ပွဲကို PR စနစ်ဖြင့်ပြုလုပ်နိုင်ရန် ဆွေးနွေးဆောင်ရွက်နေကြောင်း၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များအလိုက် လုပ်ပိုင်ခွင့်အာဏာခွဲဝေပေးထားကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံရေးအရ တည်ငြိမ်မှုရှိစေရေးနိုင်ငံရေးပါတီများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် တွေ့ဆုံဆွေးနွေးမှုများ ဆောင်ရွက်လျက်ရှိကြောင်း။

နိုင်ငံအတွင်း လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့်တရားဥပဒေစိုးမိုးရေးအတွက် ဆောင်ရွက်ရာတွင် ပြည်သူများအားလုံး အခြေအနေမှန်များ သိရှိနိုင်အောင် ဆောင်ရွက်ရန်လိုကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၊ ခရိုင်၊ မြို့နယ်အဆင့်ဆင့်မှ တာဝန်ရှိသူများအားလုံးအနေဖြင့်လည်း လုပ်ငန်းများဆောင်ရွက်ရာတွင် မှန်မှန်ကန်ကန်ဆောင်ရွက်ကြစေရေး တာဝန်ရှိသူများ အဆင့်ဆင့်ကကြပ်မတ်ဆောင်ရွက်ကြစေလိုကြောင်း မှာကြားသည်။

■ ■ ■

# မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်နှင့် ကွန်ပျူတာအသင်းများ၏ (၂၅) နှစ်ပြည့် ငွေရတုအထိမ်းအမှတ် ဖွင့်ပွဲအခမ်းအနားတွင် ပြောကြားသည့် အမှာစကား

( ၂၆ - ၁ - ၂၀၂၄ )




မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်နှင့် ကွန်ပျူတာအသင်းများ၏ (၂၅) နှစ်ပြည့် ငွေရတုအထိမ်းအမှတ် ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီလ ၂၆ ရက်နေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်း ဗဟိုဌာန-၂ (MICC-II) ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ဖွင့်လှစ်ပြီး အမှာစကားပြောကြားသည်။

**တက်ရောက်**

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ တပ်မတော်အဆင့်မြင့် အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ ပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများ၊ အသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်ဥက္ကဋ္ဌနှင့် ကွန်ပျူတာအသင်းများမှ တာဝန်ရှိသူများ၊ အိုင်စီတီနှင့် ဒစ်ဂျစ်တယ်လုပ်ငန်းရှင်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ MSME လုပ်ငန်းရှင်များ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

**ဖဲကြိုးဖြတ်ဖွင့်လှစ်**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ မြန်မာနိုင်ငံကွန်ပျူတာပညာဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်

သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်နှင့် မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်ဥက္ကဋ္ဌ ဦးမင်းဇေယျာလှိုင်တို့က အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနားတက်ရောက်လာကြသူများသည် ခင်းကျင်းပြသထားသည့် ကွန်ပျူတာနည်းပညာပြခန်းများကို ပြခန်းတစ်ခုချင်းစီအလိုက်

မိမိတို့နိုင်ငံအနေဖြင့်လည်း ကမ္ဘာနှင့်ရင်ပေါင်တန်းနိုင်ရန်၊ နောက်ကျ မကျန်ရစ်စေရန်၊ ဒစ်ဂျစ်တယ် လူမှုဘဝ၊ ဒစ်ဂျစ်တယ်စီးပွားရေးဘဝများကို ထူထောင်နိုင်ရန် ကြိုးပမ်းဆောင်ရွက် သွားကြရမည်ဖြစ်၊ ဒစ်ဂျစ်တယ် ရေစီးကြောင်းသည် ယနေ့ကာလတွင် တန်ဖိုးရှိသည့် သတင်းအချက်အလက်များ သိုမှီးရာနေရာဖြစ်သကဲ့သို့ အလိမ်အညာများ၊ မသေချာမရေရာမှုများနှင့် ပြည့်နှက်နေသည့် သတင်းအချက် အလက်များ စွန့်ပစ်ရာနေရာ ဖြစ်နေသည်ကိုလည်း သတိပြုကြရမည်ဖြစ်၊ နိုင်ငံတော်နှင့် ပုဂ္ဂလိကကဏ္ဍတို့ ဟန်ချက်ညီညီ ပူးပေါင်းဆောင်ရွက်နိုင်မှသာ ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းရေး လုပ်ငန်းစဉ်များကို လျင်လျင်မြန်မြန် အကောင်အထည်ဖော်နိုင်ပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီး ဖြစ်လာနိုင်မည်ဖြစ်။

စိတ်ပါဝင်စားစွာ လှည့်လည်ကြည့်ရှုကြရာ တာဝန်ရှိသူများက ပြခန်းအလိုက် ရှင်းလင်းတင်ပြကြသည်။

**ဖျော်ဖြေတင်ဆက်**

ယင်းနောက် အခမ်းအနားအစီအစဉ်ဒုတိယပိုင်းကို Plenary Hall ၌ ဆက်လက်ကျင်းပပြုလုပ်ရာ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ အနုပညာဦးစီးဌာနမှ အနုပညာရှင်များက တေးသရုပ်ဖော် အကအလှများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်နှင့် ကွန်ပျူတာအသင်းများ၏ ၂၅ နှစ်ပြည့် ငွေရတုအထိမ်းအမှတ် ဖွင့်ပွဲအခမ်းအနားကို Digital နည်းပညာအသုံးပြု၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်နှင့် ကွန်ပျူတာအသင်းများသည် ၁၉၉၆ ခုနှစ်က ထုတ်ပြန်ခဲ့သည့် ကွန်ပျူတာပညာဖွံ့ဖြိုးရေးဥပဒေနှင့်အညီ ၁၉၉၈ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့ပြီး ယခုအခါ နှစ်ပေါင်း ၂၅ နှစ် တိုင်ခဲ့ပြီဖြစ်ပါကြောင်း။

**အဆင့်ဆင့်ဖွဲ့စည်းထားရှိ**

မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်ကို ပညာရှင်အသင်း၊ လုပ်ငန်းရှင်အသင်း၊ ဝါသနာရှင်အသင်းတို့ကို အခြေပြုပြီး ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် အဆင့်ဆင့်ဖွဲ့စည်းထားရှိသည်ကို တွေ့ရှိရပါကြောင်း၊ ဖွဲ့စည်းခဲ့သည့် ၁၉၉၈ ခုနှစ်မှ ယနေ့အထိ ၂၅ နှစ်တာကာလအတွင်း နိုင်ငံတော်၏ သတင်းအချက်အလက်နှင့် နည်းပညာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို စွမ်းစွမ်းတမံ ပူးပေါင်းကြိုးပမ်းပါဝင်ဆောင်ရွက်ခဲ့ကြသည့်အတွက် ချီးကျူးဂုဏ်ပြုပါကြောင်း။

ယနေ့ကျင်းပပြုလုပ်သည့် အခမ်းအနားကိုလည်း **"ဒစ်ဂျစ်တယ် မြန်မာသို့ (Towards Digital Myan-mar)"** ဟူသည့်ဆောင်ပုဒ်နှင့်ကျင်းပခြင်းဖြစ်သဖြင့် နိုင်ငံတော်၏ လက်ရှိဆောင်ရွက်နေသည့် ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်များနှင့် လိုက်လျောညီထွေရှိပြီး လုပ်ငန်းစဉ်များကို များစွာအထောက်အကူပြုနိုင်မည်ဟု ယုံကြည်ပါကြောင်း။

**ယနေ့ကမ္ဘာကြီးတွင် ဒစ်ဂျစ်တယ်နည်းပညာနှင့် လွှမ်းခြုံလည်ပတ်လျက်ရှိ**

ယနေ့ကမ္ဘာကြီးတွင် ဒစ်ဂျစ်တယ်နည်းပညာနှင့် လွှမ်းခြုံလည်ပတ်လျက်ရှိနေပြီဖြစ်ပါကြောင်း၊ သိပ္ပံနှင့် နည်းပညာ တိုးတက်မြင့်မားလာသည်နှင့်အမျှ နယ်ပယ်ကဏ္ဍအသီးသီးတွင် ဒစ်ဂျစ်တယ်နည်းပညာကို အသုံးချပြီး အခွင့်အလမ်းများ ရယူလျက်ရှိနေကြပါကြောင်း၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစသည့် မျက်နှာစာအသီးသီးတွင် ဒစ်ဂျစ်တယ်နည်းပညာကို ထိရောက်အောင် အသုံးချနိုင်သည့် နိုင်ငံများ တိုးတက်အောင်မြင်နေကြသည်ကို အားလုံးအသိပင်ဖြစ်ပါကြောင်း၊ မျက်မှောက်ကာလတွင် ဒစ်ဂျစ်တယ်နည်းပညာဖြင့် အရာရာကို ဖန်တီးနေနိုင်ပြီဆိုသည်ကို သတိပြုမိကြရန်နှင့် **မိမိတို့နိုင်ငံအနေဖြင့်လည်း ကမ္ဘာနှင့်ရင်ပေါင်တန်းနိုင်ရန်၊ နောက်ကျမကျန်ရစ်စေရန်၊ ဒစ်ဂျစ်တယ်လူမှုဘဝ၊ ဒစ်ဂျစ်တယ်စီးပွားရေးဘဝများကို ထူထောင်နိုင်ရန် ကြိုးပမ်းဆောင်ရွက်သွားကြရမည်**ဖြစ်ပါကြောင်း။

နိုင်ငံတော်အနေဖြင့် e-Government စနစ်ကို အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်နိုင်ရေးအတွက် "e-Government ဦးဆောင်ကော်မတီ"ကို ဖွဲ့စည်းထားပြီး ဦးဆောင်ကော်မတီက ချမှတ်ထားသည့် မူဝါဒ၊ လမ်းညွှန်ချက်များနှင့်အညီ ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်နိုင်ရေးအတွက် "e-ID စနစ်လုပ်ငန်းကော်မတီ"၊ "e- Government အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီ" တို့ကို ပြင်ဆင်ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါကြောင်း။

နိုင်ငံတော်အတွက် အခြေခံကျပြီး အရေးကြီးဆုံးလုပ်ငန်းစဉ်တစ်ခုဖြစ်သည့် နိုင်ငံအတွင်း နေထိုင်သူ တစ်ဦးချင်းစီကို ဒစ်ဂျစ်တယ်နည်းပညာအသုံးပြုပြီး Unique ID (UID) တစ်ခုစီနှင့် မှတ်ပုံတင်ထားရှိရေး e-ID စနစ်ကို ကူးပြောင်းနိုင်ရေးအတွက် National Database စနစ်တည်ဆောက်ရေး ဦးဆောင်ကော်မတီကို ဖွဲ့စည်းခဲ့ပြီး လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိနေပါကြောင်း၊ ၂၀၂၄ ခုနှစ်တွင် ဆောင်ရွက်မည့် သန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်းများတွင်လည်း Computer-Assisted Personal Interviewing(CAPI)စနစ်ကို ကျင့်သုံးသွားမည်ဖြစ်ပါကြောင်း။

**ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းမှုများ ဆောင်ရွက်နေပြီဖြစ်**

နိုင်ငံတော်အနေဖြင့်လည်း တီထွင်ဖန်တီးမှု စွမ်းရည်ကို မြှင့်တင်ပြီး စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးကဏ္ဍနှင့် အုပ်ချုပ်ရေးကဏ္ဍများတွင် ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းမှုများ ဆောင်ရွက်နေပြီဖြစ်ပါကြောင်း၊ ဒစ်ဂျစ်တယ် စီးပွားရေးစနစ်ကို ဖွံ့ဖြိုးတိုးတက်စေပြီး ပြည်သူတို့၏ လူမှုစီးပွားဘဝကို တိုးတက်အောင် ဆောင်ရွက်ရန် ဆိုသည့် မျှော်မှန်းချက်နှင့် ဒစ်ဂျစ်တယ် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီ (Digital Economy Development Committee-DEDC) ကို ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါကြောင်း။

ဒစ်ဂျစ်တယ်နည်းပညာကို နိုင်ငံအတွင်း ကျေးလက်ဒေသများပါမကျန် နေရာဒေသမရွေး အသုံးပြုနိုင်ရန်အတွက် တစ်နိုင်ငံလုံးတွင် ဆက်သွယ်ရေးကွန်ရက်များ ဖြန့်ကြက်ထားရှိပြီး ဖြစ်ပါကြောင်း၊ ဆက်သွယ်ရေးကွန်ရက်များ ပိုမိုဖြန့်ကြက်လာနိုင်သည်နှင့်အမျှ တိုးတက်လာသည့် သတင်းအချက်အလက် နည်းပညာများနှင့်အတူ Facebook၊ Youtube၊ Telegram စသည့် ဆိုရှယ်မီဒီယာ အသုံးပြုမှုများလည်း များပြားလာသည်ကို တွေ့ရှိရမည်ဖြစ်ပါကြောင်း၊ ထိုကဲ့သို့ **ဆိုရှယ်မီဒီယာများကို အသုံးပြုကြသည့်နေရာတွင် စနစ်တကျ အကျိုးရှိရှိ အသုံးချနိုင်ရန် အရေးကြီးပါကြောင်း၊ မိမိတို့၏ အသုံးပြုမှုသည် အခြားသူကို ထိခိုက်နစ်နာမှုများ မဖြစ်စေရေး၊ အထူးသဖြင့် နိုင်ငံတော်၏ အမျိုးသားစရိုက်လက္ခဏာ၊ နိုင်ငံတော်လုံခြုံရေးနှင့် နိုင်ငံတော်၏ အကျိုးစီးပွားကို ထိခိုက်မှုမဖြစ်စေရေး အထူးဂရုပြုဆောင်ရွက်**ကြရမည်ဖြစ်ပါကြောင်း။

**ဒစ်ဂျစ်တယ်ရေစီးကြောင်း**

**ဒစ်ဂျစ်တယ်ရေစီးကြောင်းသည် ယနေ့ကာလတွင် တန်ဖိုးရှိသည့် သတင်းအချက်အလက်များ သိုမှီးရာနေရာဖြစ်သကဲ့သို့ အလိမ်အညာများ၊ မသေချာမရေရာမှုများနှင့် ပြည့်နှက်နေသည့် သတင်းအချက်အလက်များ စွန့်ပစ်ရာနေရာဖြစ်နေသည်ကိုလည်း သတိပြု**ကြရမည်ဖြစ်ပါကြောင်း၊ ဒစ်ဂျစ်တယ်နည်းပညာများကို အန္တရာယ်ကင်းစွာ စနစ်တကျ အသုံးပြုနိုင်ရန်အတွက် သုံးစွဲသူတစ်ဦးချင်းတွင် လုံလောက်သည့် အသိပညာဗဟုသုတရှိရန် လိုအပ်

သကဲ့သို့စောင့်ထိန်းရမည့်ကျင့်ဝတ်စည်းကမ်းများကိုလည်း လိုက်နာကြရန်နှင့် ဥပဒေပိုင်းအရလည်း လိုအပ်သည့် ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများ ပြဋ္ဌာန်းပေးရမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်အနေဖြင့် **ပြည်သူများ၏ သတင်းနည်းပညာ လုံခြုံစိတ်ချရမှုကို မျက်ခြည်မပြတ် စောင့်ကြည့်ပြီး ထိန်းသိမ်းနိုင်ရန်အတွက် အဆင့်ဆင့်ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများမှတစ်ဆင့် အများပြည်သူကို အသိပညာများပေးခြင်းနှင့် လိုအပ်သည့်ဥပဒေများ ဖြည့်စွက်ခြင်း၊ ပြင်ဆင်ခြင်း၊ ထုတ်ပြန်ခြင်းလုပ်ငန်းစဉ်များတွင်လည်း သက်ဆိုင်ရာဌာနအဖွဲ့အစည်းများနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်**ပေးသွားကြရန်ကိုလည်း တိုက်တွန်းမှာကြားလိုပါကြောင်း။

ယနေ့ကမ္ဘာတွင် ဒီဂျစ်တယ်နည်းပညာသည် တစ်ဟုန်ထိုး တိုးတက်နေခြင်းဖြစ်သဖြင့် မိမိတို့နိုင်ငံ ကျန်နေခဲ့ရန် မဖြစ်ပါကြောင်း၊ ယနေ့အခမ်းအနား၏ ဆောင်ပုဒ်ဖြစ်သည့် **"ဒစ်ဂျစ်တယ်မြန်မာသို့ (Towards Digital Myanmar)"** ဆောင်ပုဒ်နှင့်အညီ ဒစ်ဂျစ်တယ်မြန်မာဖြစ်ပေါ်လာစေရေး နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး စသည့် ကဏ္ဍအားလုံးတွင် ဒစ်ဂျစ်တယ်နည်းပညာကို နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်စေရန် မြှင့်တင်နိုင်ရေးနှင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကျိုးရှိအောင်ဆောင်ရွက်နိုင်စေရန် အရှိန်အဟုန်မြှင့်တင်ကြိုးစားကြရန် လိုအပ်သည်ဟု တိုက်တွန်းမှာကြားလိုပါကြောင်း။

**ဒီဂျစ်တယ်ကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန်**

ယနေ့လက်ရှိ မြန်မာနိုင်ငံ၏ ဒစ်ဂျစ်တယ်ကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန်နှင့် ဒစ်ဂျစ်တယ်နည်းပညာ အသုံးချနိုင်ရန်အတွက် နိုင်ငံတော်၏ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရန် မဖြစ်မနေ လိုအပ်သည်ကို တွေ့ရှိရမည်ဖြစ်ပါကြောင်း၊ အဆိုပါလိုအပ်ချက်ကို နိုင်ငံတော်က ဖြည့်ဆည်းဆောင်ရွက်ပေးနေခြင်း ရှိသကဲ့သို့ မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်နှင့် ကွန်ပျူတာအသင်းများကလည်း ပုဂ္ဂလိကကဏ္ဍအနေဖြင့် ဝိုင်းဝန်းလက်တွဲကြိုးပမ်းဆောင်ရွက်ပေးကြရန် တိုက်တွန်းမှာကြားလိုပါကြောင်း၊ ထိုသို့ နိုင်ငံတော်နှင့် ပုဂ္ဂလိကကဏ္ဍတို့ ဟန်ချက်ညီညီ ပူးပေါင်းဆောင်ရွက်နိုင်မှသာ ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းရေး လုပ်ငန်းစဉ်များကို လျင်လျင်မြန်မြန် အကောင်အထည်ဖော်နိုင်ပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီး ဖြစ်လာနိုင်မည်ဖြစ်ပါကြောင်း။

ယနေ့ကျင်းပသည့် မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်နှင့် ကွန်ပျူတာအသင်းများအနေဖြင့် ငွေရတုနှစ်ပတ်လည်ကာလမှ အနာဂတ်ကာလတစ်လျှောက်လုံးတွင် နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွားကို မိမိတို့ကျွမ်းကျင်ရာကဏ္ဍအသီးသီးမှ ပူးပေါင်းဆောင်ရွက်ပြီး အောင်မြင်မှုများ ရရှိပါစေကြောင်း ဆုမွန်ကောင်းတောင်းပါကြောင်း ပြောကြားသည်။

■ ■ ■

# ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၁/၂၀၂၄)တွင် ပြောကြားသည့်အမှာစကား

( ၂၉ - ၁ - ၂၀၂၄ )





ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေး အမှတ်စဉ် (၁/၂၀၂၄)ကို ဇန်နဝါရီလ ၂၉ ရက်နေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက Video Conferencing ဖြင့် တက်ရောက်ကြသည်။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ရည်မှန်းချက်များနှင့် ဦးတည်ချက်များ ချမှတ်ဆောင်ရွက်လျက်ရှိ**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် အစိုးရတစ်ရပ်ဆိုသည်မှာ တိုင်းပြည်ကောင်းစေရန်အတွက် အုပ်ချုပ်ရေးကဏ္ဍ၊ စီးပွားရေးကဏ္ဍ၊ တရားဥပဒေစိုးမိုးရေးကဏ္ဍနှင့် လူမှုရေးကဏ္ဍများကို လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်ရသည့် အာဏာပိုင်အဖွဲ့အစည်းတစ်ခုဖြစ်ကြောင်း၊ ဒီမိုကရေစီနိုင်ငံတွင် ဦးဆောင်သည့် နိုင်ငံရေးပါတီ၊ ထိန်းကြောင်းပေးသည့် လွှတ်တော်များ ရှိပြီး မူဝါဒများချမှတ်၍ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံတော်ကို အရေးပေါ်အခြေအနေကြေညာ၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကို ဖွဲ့စည်းပြီး ရှေ့လုပ်ငန်းစဉ်များ၊ ဦးတည်ချက်များချမှတ်၍ ဆောင်ရွက်ခဲ့ကြောင်း၊ ၎င်းတို့သည် အဂ္ဂမဟာဗျူဟာ၊ မဟာဗျူဟာ၊ နည်းဗျူဟာများဖြစ်ကြောင်း။

မိမိတို့နိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖက်ဒရယ်စနစ်ကို နိုင်ငံ၏အခြေအနေနှင့်ကိုက်ညီစွာ ကျင့်သုံးသည့် ပုံစံဖြစ်ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် တရားစီရင်ရေး၊ အုပ်ချုပ်ရေးနှင့် ဥပဒေပြုရေးအာဏာများ ခွဲဝေပေးထားသည်ကို ထည့်သွင်းပြဋ္ဌာန်းထားပြီးဖြစ်ကြောင်း၊ ပြီးခဲ့သည့် ဒီမိုကရေစီအစိုးရသက်တမ်းနှစ်ခုတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများအနေဖြင့် ၎င်းတို့အားပေးထားသည့် လုပ်ပိုင်ခွင့်များကို အပြည့်အဝ အကောင်အထည်ဖော်နိုင်မှုမရှိသည်ကို တွေ့ရှိခဲ့ရကြောင်း၊ ထို့ကြောင့် တိုင်းရင်းသားများအနေဖြင့် အားမလို အားမရမှုများ ဖြစ်ပေါ်ခဲ့သည်ကို တွေ့ရကြောင်း။

ဒီမိုကရေစီလမ်းကြောင်းပေါ်၌ လျှောက်လှမ်းရာတွင် အစိုးရတစ်ခုနှင့်တစ်ခု အကောင်အထည်ဖော် ဆောင်ရွက်မှုများ မတူညီမှုများရှိသဖြင့် လိုအပ်ချက်များရှိသည်ကို တွေ့ရှိရသဖြင့် မိမိတို့တာဝန်ယူ ဆောင်ရွက်ချိန်တွင် တတ်နိုင်သမျှ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ညီတူညီမျှ တိုးတက်မှုရှိအောင် ဆောင်ရွက်စေခဲ့ကြောင်း၊ မိမိတို့အနေဖြင့် ရှေ့လုပ်ငန်းစဉ်များနှင့် ဦးတည်ချက်များ ချမှတ်ဆောင်ရွက်ခြင်းတွင် အဆိုပါ အချက်များပါရှိပြီး ဖြစ်ကြောင်း၊ အမျိုးသားစီးပွားရေးစီမံကိန်းတွင် နှစ်အလိုက် ဆောင်ရွက်ရမည့်အချက်များကို အသေးစိတ်ဖော်ပြထားကြောင်း၊ ထိုသို့ဆောင်ရွက်ချိန်တွင် ပြည်ထောင်စုအဆင့် အကောင်အထည်ဖော် ဆောင်ရွက်ရခြင်းများရှိသကဲ့သို့ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်အလိုက် အကောင်အထည်ဖော် ဆောင်ရွက်ရခြင်းဖြစ်သဖြင့် အဓိကကျကြောင်း။

ပြည်ထောင်စုအစိုးရအဖွဲ့အနေဖြင့် ရှေ့လုပ်ငန်းစဉ်များ၊ ဦးတည်ချက်များအပေါ်တွင် အကောင်အထည်ဖော် ဆောင်ရွက်ရသကဲ့သို့ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ဆောင်ရွက်နေသည့် လုပ်ငန်းရပ်များကိုလည်း ကူညီဆောင်ရွက်ပေးရသည်များရှိကြောင်း၊ ထိုသို့လုပ်ငန်းတာဝန်များ များပြားသဖြင့် အစိုးရအဖွဲ့များ၌ အတွေ့အကြုံရှိသည့် နိုင်ငံ့ဝန်ထမ်းအများစုကို ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များအဖြစ် ထည့်သွင်းဖွဲ့စည်းထားခြင်းဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ ခန့်အပ်တာဝန်ပေးရာတွင်လည်း အလားတူပင်ဖြစ်ကြောင်း၊ မိမိတို့တာဝန်ထမ်းဆောင်ချိန်တွင် ယခင်က လွဲမှားခဲ့သည့် လုပ်ငန်းရပ်များကို ပြန်လည်တည့်မတ်ပေးနိုင်ခဲ့ကြောင်း၊ သို့သော် နိုင်ငံရေးအရ တောင်းဆိုမှုများရှိလာသဖြင့် အခက်အခဲများရှိခဲ့ကြောင်း၊ ၂၀၂၀ ခုနှစ်၊ ၂၀၂၁ ခုနှစ်နှင့် ၂၀၂၃ ခုနှစ်တို့တွင်ဖြစ်ပေါ်ခဲ့သည့် နိုင်ငံရေးအရ ဆူပူအကြမ်းဖက်မှုများ၊ တိုက်ခိုက်မှုများဖြစ်ပေါ်ခဲ့မှု၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားခဲ့မှု၊ နိုင်ငံတကာမှ အပြုသဘော မဆောင်သည့် တုံ့ပြန်မှုများမရှိခဲ့ပါက ယခုထက်များစွာ တိုးတက်မည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ဦးတည်ချက်များကို မှန်မှန်ကန်ကန် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ပြည်ထောင်စုအစိုးရအဖွဲ့နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့များအနေဖြင့် လုပ်ငန်းများကို အောင်မြင်အောင် ဆောင်ရွက်နိုင်ခဲ့သည့်

> **မိမိတို့တာဝန်ထမ်းဆောင်ချိန်တွင် ယခင်က လွဲမှားခဲ့သည့် လုပ်ငန်းရပ်များကို ပြန်လည်တည့်မတ်ပေးနိုင်ခဲ့၊ သို့သော် နိုင်ငံရေးအရ တောင်းဆိုမှုများ ရှိလာသဖြင့် အခက်အခဲများရှိခဲ့၊ ၂၀၂၀ ခုနှစ်၊ ၂၀၂၁ ခုနှစ်နှင့် ၂၀၂၃ ခုနှစ်တို့တွင်ဖြစ်ပေါ်ခဲ့သည့် နိုင်ငံရေးအရ ဆူပူအကြမ်းဖက်မှုများ၊ တိုက်ခိုက်မှုများဖြစ်ပေါ်ခဲ့မှု၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားခဲ့မှု၊ နိုင်ငံတကာမှ အပြုသဘောမဆောင်သည့် တုံ့ပြန်မှုများမရှိခဲ့ပါက ယခုထက် များစွာ တိုးတက်မည်ဖြစ်၊ နိုင်ငံခြားငွေ ရရှိမှုများ နည်းပါးသဖြင့် ငွေလဲလှယ်နှုန်းထားများ မြင့်တက်လာပြီး နိုင်ငံခြားမှ တင်သွင်းရသည့် ကုန်ပစ္စည်းများ၏ သွင်းအားစုတန်ဖိုး မြင့်တက်လာခြင်းကြောင့် ကုန်ပစ္စည်းများ၏ ဈေးနှုန်းများ ကြီးမြင့်လာခြင်းဖြစ်။**

အတွက် ကျေးဇူးတင်ရှိပါကြောင်း။

**နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဘဏ္ဍာငွေများကို သတ်မှတ်စည်းမျဉ်းစည်းကမ်းများအတိုင်း သုံးစွဲရန်လို**

နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ ဘတ်ဂျက်များသုံးစွဲရာတွင် အချို့လုပ်ငန်းများကို သတ်မှတ်ထားသည့် အချိန်ကာလအတွင်း ပြီးဆုံးအောင် အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှု မရှိသည်ကို တွေ့ရှိရကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်မှု မရှိခြင်းကြောင့် နိုင်ငံတော်အတွက် နစ်နာမှုများရှိကြောင်း၊ တိုင်းပြည်အတွက် အမှန်တကယ် အကျိုးရှိပြီး သင့်တော်သည့် လုပ်ငန်းရပ်များကို

အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်လိုကြောင်း၊ လုံခြုံရေး၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးလုပ်ငန်းများကို အဓိကထား ဆောင်ရွက်ရန်လိုကြောင်း။

အလားတူ နိုင်ငံ့စွမ်းပကားမြှင့်တင်ရေးအတွက် ဆောင်ရွက်ရာတွင် ကာကွယ်ရေးစွမ်းပကားကို မြှင့်တင်နိုင်ရန်လိုကြောင်း၊ ထို့ကြောင့် ပြောင်းလဲနေသည့် ခေတ်မီနည်းပညာများကို အသုံးချနိုင်ရေး ဆောင်ရွက်ရန်လိုကြောင်း၊ တပ်မတော်နှင့် ပြည်ထဲရေးဝန်ကြီးဌာနအောက်ရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအတွက် လိုအပ်သည့် အသုံးအဆောင်ပစ္စည်းများကို ခေတ်နှင့်လျော်ညီစွာ ဖြည့်ဆည်းဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း။

**နိုင်ငံ့စီးပွားမြှင့်တင်ရေးအတွက် ဆောင်ရွက်လျက်ရှိ**

နိုင်ငံ့စီးပွားရေးနှင့်ပတ်သက်၍ ယခင်အစည်းအဝေးများတွင် ပြောကြားပြီးဖြစ်ကြောင်း၊ ၂၀၁၇ ခုနှစ် နှောင်းပိုင်းမှစတင်၍ နိုင်ငံ့စီးပွားရေးကျဆင်းခဲ့သည်ကို တွေ့ရကြောင်း၊ မိမိတို့အစိုးရအနေဖြင့် နိုင်ငံတော်တာဝန်ကို စတင်ထမ်းဆောင်ချိန်တွင် နိုင်ငံ့စီးပွားရေးမှာ အနုတ် ၅ ဒသမ ၉ ရာခိုင်နှုန်းအထိ ကျဆင်းလျက်ရှိသည်ကို တွေ့ရကြောင်း၊ စီးပွားရေးစီမံခန့်ခွဲမှုများ လွဲမှားခဲ့မှုများနှင့် ပြည်တွင်းထုတ်လုပ်မှုကို အားမပေးဘဲ ပြည်ပမှတင်သွင်းမှုများကိုသာ ဦးစားပေးဆောင်ရွက်ခဲ့သည်ကို တွေ့ရကြောင်း၊ ထို့ကြောင့် မိမိတို့အစိုးရတာဝန်ယူချိန်တွင် နိုင်ငံ့စီးပွားမြှင့်တင်ရေးကို ဦးစားပေးဆောင်ရွက်ခဲ့ကြောင်း၊ ထိုသို့ ဆောင်ရွက်ခဲ့မှုကြောင့် ၂၀၂၁-၂၀၂၂ ခုနှစ် ဘဏ္ဍာရေးနှစ်တွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုနှင့် နိုင်ငံရေးပြဿနာများဖြစ်နေသည့်ကြားမှပင် နိုင်ငံ့စီးပွားရေးမှာ ၂ ဒသမ ၄ ရာခိုင်နှုန်းသို့ ပြန်လည်ရောက်ရှိခဲ့ကြောင်း၊ အလားတူ ၂၀၂၂ -၂၀၂၃ ခုနှစ် ဘဏ္ဍာရေးနှစ်တွင် နိုင်ငံရေးပြဿနာများဖြစ်ပွားမှုများ၊ စီးပွားရေးပိတ်ဆို့မှုများ စသည့်အခက်အခဲများကြားမှ ကြိုးပမ်းဆောင်ရွက်ခဲ့ရာ နိုင်ငံ့စီးပွားရေးမှာ ၃ ဒသမ ၄ ရာခိုင်နှုန်းအထိ ရောက်ရှိခဲ့ကြောင်း၊ ၂၀၂၃-၂၀၂၄ ခုနှစ် ဘဏ္ဍာရေးနှစ်တွင်လည်း ပြီးခဲ့သည့် ဒီဇင်ဘာလအထိ နိုင်ငံ့စီးပွားရေးမှာ ၃ ဒသမ ၃ ရာခိုင်နှုန်းရှိခဲ့ကြောင်း၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ရခိုင်ပြည်နယ်တို့မှလွဲ၍ ကျန်ရှိသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံးတွင် အပေါင်းလက္ခဏာပြခဲ့ကြောင်း။

**ကုန်စျေးနှုန်းကျဆင်းရေးအတွက် ကုန်ပစ္စည်းထုတ်လုပ်မှုများကို မြှင့်တင်ဆောင်ရွက်ရမည်**

စီးပွားရေးတိုးတက်သော်လည်း မိမိတို့နိုင်ငံတွင် ကုန်စျေးနှုန်းကြီးမြင့်မှုများရှိကြောင်း၊ အဓိကအားဖြင့် ထုတ်လုပ်မှုနှင့် လိုအပ်မှုကွာဟချက်များရှိခြင်း၊ ကုန်ထုတ်လုပ်မှု ကုန်ကျစရိတ်မြင့်မားခြင်း စသည့်အချက်များကြောင့်ဖြစ်ကြောင်း၊ ကုန်ထုတ်လုပ်မှု တန်ဖိုးမြင့်တက်လာပါက ထုတ်ကုန်များ၏ တန်ဖိုးမှာလည်း မြင့်တက်လာကြောင်း၊ ကုန်ပစ္စည်းများကို နိုင်ငံခြားငွေဖြင့်ရောင်းချခြင်း၊ ဝယ်ယူခြင်းများကို ဆောင်ရွက်ရာတွင်လည်း အချို့မှာ သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများနှင့် မညီစွာဆောင်ရွက်နေသည်ကို တွေ့ရကြောင်း၊ အလားတူ Non Trade income များအနေဖြင့်လည်း သတ်မှတ်စည်းကမ်းများနှင့် ညီညွတ်မှုမရှိစွာ ဆောင်ရွက်နေသည်ကို တွေ့ရကြောင်း၊ ထို့ကြောင့် နိုင်ငံခြားငွေရရှိမှုများနည်းပါးသဖြင့် ငွေလဲလှယ်နှုန်းထားများ မြင့်တက်လာပြီး နိုင်ငံခြားမှ တင်သွင်းရသည့် ကုန်ပစ္စည်းများ၏ သွင်းအားစုတန်ဖိုးမြင့်တက်လာခြင်းကြောင့် ကုန်ပစ္စည်းများ၏ စျေးနှုန်းများကြီးမြင့်လာခြင်းဖြစ်ကြောင်း။

ပြည်တွင်းစားသုံးမှုနှင့်ပတ်သက်၍ ကုန်ထုတ်လုပ်မှုများ ဆောင်ရွက်ရာတွင် ထုတ်လုပ်မှု ကုန်ကျစရိတ် အနည်းဆုံးနှင့်ထုတ်လုပ်ပြီး အမြတ်အနည်းဆုံး စျေးနှုန်းများဖြင့် ရောင်းချနိုင်ရန်လိုကြောင်း၊ နိုင်ငံတွင် ရှိသင့်ရှိထိုက်သည့် စီးပွားရေးအခွင့်အရေးများရရှိအောင် ဆောင်ရွက်ပေးရန်မှာ မိမိတို့အစိုးရ၏ တာဝန်ပင်ဖြစ်ကြောင်း။

စိုက်ပျိုးသည့်သီးနှံများအားလုံး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်မည်ဆိုပါက ထုတ်ကုန်များတိုးမြှင့်လာပြီး ထုတ်လုပ်သူများအတွက် ဝင်ငွေများပိုမိုတိုးတက်လာမည်ဖြစ်သဖြင့် ဝယ်လိုအားများ မြင့်တက်လာမည်ဖြစ်ကြောင်း၊ စီးပွားရေးသဘောတရားအရ ဝယ်လိုအား မြင့်တက်လာမည်ဆိုပါက ရောင်းလိုအားများလည်း မြင့်တက်လာမည်ဖြစ်သဖြင့် ငွေကြေးလည်ပတ်မှုများ ကောင်းမွန်လာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ကုန်ထုတ်လုပ်မှုများ တိုးမြှင့်အောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဝင်ငွေများတိုးတက်လာမည်ဆိုပါက နိုင်ငံ့စီးပွားရေးမှာ များစွာတိုးတက်လာမည်ဖြစ်ကြောင်း။

**စိုက်ပျိုးရေးထုတ်လုပ်မှုများ ပန်းတိုင်ရည်မှန်းချက်ပြည့်မီရေး ကြိုးပမ်းဆောင်ရွက်ရန်လို**

စိုက်ပျိုးရေးထုတ်ကုန်များ ပန်းတိုင်အထွက်နှုန်း မရရှိခြင်း၊ အထွက်နှုန်းနည်းခြင်းတို့နှင့် ပတ်သက်၍ အဖြေရှာဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးတွင် အဓိကလိုအပ်ချက်ဖြစ်သော မျိုး၊ မြေ၊ ရေ၊ နည်းဖြစ်သည့် မျိုးကောင်းမွန်မှုရှိစေရေး မျိုးကောင်းမျိုးသန့်ရရှိအောင် ဖန်တီးပေးနိုင်ရမည်၊ မြေအရည်အသွေးကောင်းမွန်အောင် စနစ်တကျပြုပြင်ခြင်းနှင့် သင့်လျော်သည့် မြေဩဇာများကို ရရှိအောင် ဖန်တီးပေးနိုင်ရမည်၊ စိုက်ပျိုးရေနှင့် အောင်ရေကို ဖူလုံစွာရရှိနိုင်ရေး ဖန်တီးပေးနိုင်ရမည်၊ စိုက်နည်းစနစ်များ မှန်ကန်မှုရှိစေရေး၊ ခေတ်မီနည်းစနစ်များ အသုံးပြုနိုင်ရေး ဖော်ဆောင်ပေးနိုင်ရမည်ဖြစ်ကြောင်း၊ အထက်ပါအချက် လေးချက်ဖြင့် ပြည့်စုံပါက စိုက်ပျိုးရေးလုပ်ငန်းများအနေဖြင့် ပန်းတိုင်အထွက်နှုန်းရရှိနိုင်မည်ဖြစ်ပြီး ယခုထက် ပိုမို အောင်မြင်နိုင်မည်ဖြစ်ကြောင်း၊ မွေးမြူရေးလုပ်ငန်းသည်လည်း အလားတူဖြစ်ကြောင်း၊ ထို့ကြောင့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ်နှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်များအနေဖြင့် အလေးထားဆောင်ရွက်သွားရန်လိုကြောင်း၊ တိုင်းပြည်ကို ကောင်းစေလိုသည့်စိတ်ဖြင့် မိမိတို့အား ပေးအပ်ထားသည့် တာဝန်များနှင့် ရည်မှန်းချက်များကို အောင်မြင်အောင် ဆောင်ရွက်သွားကြရန် အလေးထား မှာကြားလိုကြောင်း။

**ကုန်ထုတ်လုပ်မှုတိုးတက်ရေးနှင့် သယံဇာတများ ထုတ်ယူသုံးစွဲရာတွင် စနစ်တကျဖြင့် ဆောင်ရွက်ရန်လို**

ကုန်သွယ်မှုနှင့်ပတ်သက်၍ မိမိတို့နိုင်ငံတွင် နှစ်စဉ် လိုငွေပြလျက်ရှိပြီး ကုန်ထုတ်လုပ်မှုတွင်လည်း ဒေသတွင်း နိုင်ငံများထက် အားနည်းလျက်ရှိသည်ကို တွေ့ရှိရမည် ဖြစ်ကြောင်း၊ စိုက်ပျိုးရေးထုတ်ကုန်များ ပန်းတိုင် ရည်မှန်းချက်ပြည့်မီစွာ ရရှိမည်ဆိုပါက ပို့ကုန်ပစ္စည်းများ တိုးတက်လာမည်ဖြစ်ပြီး ဥပမာအားဖြင့် ဆန်စပါးတစ်ခု တည်းကိုပင် ပန်းတိုင်ရည်မှန်းချက်ပြည့်မီအောင်ဆောင်ရွက် နိုင်မည်ဆိုပါက နိုင်ငံ့စီးပွားရေးသည်လည်း များစွာ တိုးတက်လာနိုင်မည်ဖြစ်ကြောင်း၊ လုပ်ငန်းဆောင်ရွက်မှုများ အောင်မြင်မှုရရှိရေး၊ အထွက်နှုန်းများ တိုးတက်လာစေရေးအတွက် နိုင်ငံတော်အနေဖြင့် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ရင်းနှီးမတည်ငွေများ ပေးအပ်ထားပြီး ဖြစ်ကြောင်း၊ သို့သော်လည်း အကြောင်းအမျိုးမျိုးကြောင့် အောင်မြင်မှုများရရှိမှု အားနည်းလျက်ရှိသည်ကို တွေ့မြင်ရကြောင်း၊ ထို့ကြောင့် တိုက်ရိုက်သက်ဆိုင်နေသည့် ဝန်ကြီးဌာနများ၊ တာဝန်ရှိသူများအနေဖြင့် အလေးထား အားထည့်ဆောင်ရွက်သွားကြရန်လိုကြောင်း။

မိမိအနေဖြင့် မြေပေါ်မြေအောက်သယံဇာတများ ထုတ်ယူရောင်းချခြင်းကို အားမပေးသော်လည်း ပြန်လည်

**နိုင်ငံ့ဝန်ထမ်းများသည် ပါတီနိုင်ငံရေး ကင်းရှင်းစွာဖြင့် ဆောင်ရွက်ရမည်ဖြစ်ပြီး လူပုဂ္ဂိုလ်အတွက် ဆောင်ရွက်ခြင်း မဟုတ်ဘဲ နိုင်ငံ့အကျိုးအတွက် တာဝန်ထမ်းဆောင်ခြင်းဖြစ်စေလို၊ ထို့ကြောင့် တာဝန်ထမ်းဆောင်ရာတွင် အုပ်ချုပ်မှုအားနည်းဖြစ်စဉ်များ၊ လုံခြုံရေးအားနည်းဖြစ်စဉ်များ ဖြစ်ပေါ်မှု မရှိစေရေး သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်း များနှင့်အညီသာ ဆောင်ရွက်ကြရန်လို၊ မိမိတို့အစိုးရသည် နိုင်ငံရေးကင်းရှင်းသည့် အစိုးရဖြစ်ပြီး နိုင်ငံရေး အစိုးရမဟုတ်၊ နိုင်ငံ့ဝန်ထမ်းအများစုဖြင့် ဖွဲ့စည်းထားသည့် အစိုးရအဖွဲ့ဖြစ်ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌လည်း နိုင်ငံ့ဝန်ထမ်းများကိုသာ အဆင့်အလိုက် တာဝန်ပေးအပ်ထားခြင်းဖြစ်၊ ထို့ကြောင့် တရားဥပဒေစိုးမိုးရေးနှင့် အုပ်ချုပ်ရေးတွင် မှန်မှန်ကန်ကန်ဖြစ်ရမည် ဖြစ်ပြီး ဘက်လိုက်မှုမရှိဘဲ စည်းမျဉ်း စည်းကမ်းအတိုင်းသာ ဖြစ်ရမည်ဖြစ်။**

ပြည့်ဖြိုးနိုင်သည့်၊ ဖြည့်တင်းနိုင်သည့် ကိစ္စရပ်များကို နိုင်ငံတော်၏ လိုအပ်ချက်အရ ခွင့်ပြုပေးထားကြောင်း၊ သစ်တောသယံဇာတများထုတ်ယူ၍ လိုအပ်သည့်နေရာများတွင် သုံးစွဲနိုင်သည်ဖြစ်သော်လည်း ပြန်လည်စိုက်ပျိုးခြင်းများကို ဆောင်ရွက်၍ စဉ်ဆက်မပြတ်သည့် သယံဇာတနှင့်သဘာဝကို ပျက်စီးမှုမရရှိအောင် စနစ်တကျဆောင်ရွက်ရမည်ဖြစ်ကြောင်း။

**တရားဥပဒေစိုးမိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လုပ်ထုံးလုပ်နည်းများ၊ စည်းမျဉ်းစည်းကမ်းများနှင့် စနစ်တကျဆောင်ရွက်ရန်လို**

တရားဥပဒေစိုးမိုးရေးနှင့် ပတ်သက်၍လည်း အားနည်းချက်များရှိနေဆဲဖြစ်ကြောင်း၊ တရားဥပဒေ စိုးမိုးရေးတွင် အုပ်ချုပ်ရေးအဖွဲ့အစည်းများရှိပြီး လုံခြုံရေးနှင့်ပတ်သက်ပါက တပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့ရှိကြောင်း၊ နိုင်ငံ့ဝန်ထမ်းများသည် ပါတီနိုင်ငံရေးကင်းရှင်းစွာဖြင့် ဆောင်ရွက်ရမည်ဖြစ်ပြီး လူပုဂ္ဂိုလ်အတွက် ဆောင်ရွက်ခြင်းမဟုတ်ဘဲ နိုင်ငံ့အကျိုးအတွက် တာဝန်ထမ်းဆောင်ခြင်းဖြစ်စေလိုကြောင်း၊ ထို့ကြောင့် တာဝန်ထမ်းဆောင်ရာတွင် အုပ်ချုပ်မှုအားနည်းဖြစ်စဉ်များ၊ လုံခြုံရေးအားနည်းဖြစ်စဉ်များ ဖြစ်ပေါ်မှုမရှိစေရေး သတ်မှတ်ထားသည့်စည်းမျဉ်းစည်းကမ်း၊လုပ်ထုံးလုပ်နည်းများနှင့်အညီသာ ဆောင်ရွက်ကြရန်လိုကြောင်း၊ မိမိတို့အစိုးရသည် နိုင်ငံရေးကင်းရှင်းသည့် အစိုးရဖြစ်ပြီး နိုင်ငံရေးအစိုးရမဟုတ်ကြောင်း၊ နိုင်ငံ့ဝန်ထမ်းအများစုဖြင့် ဖွဲ့စည်းထားသည့် အစိုးရအဖွဲ့ဖြစ်ပြီး တိုင်းဒေသကြီးနှင့်ပြည်နယ်များ၌လည်း နိုင်ငံ့ဝန်ထမ်းများကိုသာ အဆင့်အလိုက် တာဝန်ပေးအပ်ထားခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် တရားဥပဒေစိုးမိုးရေးနှင့် အုပ်ချုပ်ရေးတွင် မှန်မှန်ကန်ကန်ဖြစ်ရမည်ဖြစ်ပြီး ဘက်လိုက်မှုမရှိဘဲ စည်းမျဉ်းစည်းကမ်းအတိုင်းသာ ဖြစ်ရမည်ဖြစ်ကြောင်း။

**နိုင်ငံ့ဝန်ထမ်းများအတွက် ချီးမြှင့်ထောက်ပံ့မှုများ ဆောင်ရွက်ပေးလျက်ရှိ**

နိုင်ငံ့ဝန်ထမ်းများနှင့်ပတ်သက်၍ မိမိတို့အစိုးရအနေဖြင့် ထောက်ပံ့မှုများ ဆောင်ရွက်ပေးခဲ့ကြောင်း၊ နိုင်ငံ့ဝန်ထမ်းများအတွက် လစာနှုန်းထား မတိုးမြှင့်ပေးနိုင်ခဲ့သော်လည်း အခြားထောက်ပံ့မှုများနှင့် ချီးမြှင့်မှုများကိုဆောင်ရွက်ပေးခဲ့ကြောင်း၊အဓိကမှာ ကုန်ဈေးနှုန်းကြီးမြင့်မှုကို ဖြေရှင်းပေးနိုင်ရန်ဖြစ်ပြီး ကုန်ထုတ်လုပ်မှုတိုးမြှင့်ရေးနှင့် ကုန်ဈေးနှုန်းကျဆင်းရေးကို ရည်ရွယ်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ အငြိမ်းစား နိုင်ငံ့ဝန်ထမ်းများအတွက်လည်း ပင်စင်ခံစားခွင့်နှုန်းထားများကို တိုးမြှင့်ပေးခဲ့ကြောင်း၊ ချီးမြှင့်မှုများတွင် ပညာရပ်ပိုင်းဆိုင်ရာ၊ ကျန်းမာရေးဆိုင်ရာ၊ လုံခြုံရေးဆိုင်ရာစသည်ဖြင့် ချီးမြှင့်ပေးလျက်ရှိသကဲ့သို့ နေထိုင်ရေးနှင့်ပတ်သက်၍လည်း စနစ်တကျဖြင့် အဆင်ပြေချောမွေ့မှုရှိစေရေး စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း။

**မကြာမီကျင်းပမည့် အခြေခံပညာကျောင်းစာမေးပွဲများအားလုံး အောင်မြင်စွာ ကျင်းပပြီးစီးနိုင်ရေး ဝိုင်းဝန်းဆောင်ရွက်ရန်လို**

ပညာရေးနှင့်ဆက်စပ်၍ တစ်နိုင်ငံလုံးတွင်ရှိသည့် အခြေခံပညာကျောင်းများ၊ တက္ကသိုလ်များ၊ ကောလိပ်များအားလုံး ဖွင့်လှစ်ပေးနိုင်ရေး စီမံဆောင်ရွက်လျက်ရှိသော်လည်း အချို့သောနယ်မြေများ၌ နယ်မြေအခြေအနေအရ မဖွင့်လှစ်နိုင်သည့် ကျောင်းများရှိကြောင်း၊ ဥပမာအားဖြင့် ကယားပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ရခိုင်ပြည်နယ်တို့ရှိအချို့သောမြို့နယ်များ၌ လက်နက်ကိုင်အကြမ်းဖက်မှုများ၊ ခြိမ်းခြောက်မှုများကြောင့် ဖွင့်လှစ်နိုင်ခြင်းမရှိကြောင်း၊ မိမိတို့အနေဖြင့် အခြေခံပညာကျောင်းများ၊ တက္ကသိုလ်များ၊ ကောလိပ်များ အားလုံးတတ်နိုင်သမျှ ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်ပေးထားသော်လည်း အဖျက်အမှောင့်လုပ်ရပ်များကို လုပ်ဆောင်သူများကြောင့် မဖွင့်လှစ်နိုင်ရခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် ကျောင်းသား၊ ကျောင်းသူများအနေဖြင့် များစွာထိခိုက်နစ်နာရလျက်ရှိကြောင်း၊ လာမည့် ဖေဖော်ဝါရီလ၊ မတ်လတို့တွင် အခြေခံပညာစာမေးပွဲများ ကျင်းပတော့မည်ဖြစ်ပြီး အောင်မြင်စွာကျင်းပပြီးစီးနိုင်ရေး တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ တာဝန်ရှိသူများ၊ အစိုးရအဖွဲ့မှ တာဝန်ရှိသူများအားလုံး အထူးအလေးထား ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ လုံခြုံရေးဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်ရွာအကျိုးလိုလားသူများအားလုံး အတူတကွဝိုင်းဝန်းပေါင်းစပ်၍ ဆောင်ရွက်ကြရန်လိုကြောင်း၊ စာသင်နှစ်တစ်နှစ် နစ်နာခြင်းသည် ကျောင်းသား၊ ကျောင်းသူများ၊ မိဘများနှင့် တိုင်းပြည်အတွက် ထိခိုက်

နစ်နာစေခြင်းပင်ဖြစ်သည့်အတွက် နစ်နာမှုမရှိရအောင် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ အဖျက်အမှောင့်လုပ်ဆောင်နေသူများအနေဖြင့် ကိုယ်ချင်းစာတရားကင်းမဲ့စွာ၊ အသိဉာဏ်ခေါင်းပါးစွာဖြင့် ပညာရေးကိုထိခိုက်နစ်နာအောင် လုပ်ဆောင်လျက်ရှိသော်လည်း မိမိတို့အနေဖြင့် ဝိုင်းဝန်းပူးပေါင်းညီညွတ်သည့်အားဖြင့် ပညာရေးကောင်းအောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ လက်ရှိအရေးကြီးသည်မှာ အခြေခံပညာ ကျောင်းစာမေးပွဲများအားလုံး အောင်မြင်စွာ ပြီးမြောက်စေရေး အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ လုံခြုံရေးအဖွဲ့အစည်းများ၊ မြို့မိမြို့ဖများ၊ ကျောင်းသား၊ ဆရာ၊ မိဘများအားလုံး အင်ပြည့်အားပြည့်ဖြင့် ဝိုင်းဝန်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

■ ■ ■

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ အစည်းအဝေး(၁/၂၀၂၄) တွင် ပြောကြားသည့်အမှာစကား

( ၃၁ - ၁ - ၂၀၂၄ )



ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအစည်းအဝေး (၁/၂၀၂၄) ကို ဇန်နဝါရီ ၃၁ ရက် မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်သည်။

အစည်းအဝေးသို့ ယာယီသမ္မတ ဦးမြင့်ဆွေ၊ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ၊ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ အထူးဖိတ်ကြားထားသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေးနှင့် တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦးတို့ တက်ရောက်ကြသည်။

ဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်တာဝန်များကို သက်တမ်းတိုးတာဝန်ယူခဲ့သည့် ၆ လတာ ကာလအတွင်း ဆောင်ရွက်ခဲ့မှုများနှင့် ဆက်လက်ဆောင်ရွက်ရန်လိုအပ်သည်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာတွင် နိုင်ငံတော်၏ လုံခြုံရေးအခြေအနေနှင့်ပတ်သက်၍ EAO အဖွဲ့အချို့နှင့် PDF အမည်ခံအကြမ်းဖက်သမားများသည် ယခု ၆ လတာကာလအတွင်း နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူလူထု၏ လူမှုစီးပွားဘဝပျက်ပြားစေရန် နည်းလမ်းမျိုးစုံဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပထမဦးစွာ ရှမ်းပြည်နယ် (မြောက်ပိုင်း) ဖြစ်စဉ်များနှင့် ပတ်သက်ပြီး တင်ပြလိုပါကြောင်း၊ MNDAA သောင်းကျန်းသူအဖွဲ့သည် ကိုးကန့်ဒေသအတွင်း ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၂၇ ရက်မှစပြီး "ဝ"ဒေသမှတစ်ဆင့် နမ့်တစ်

ချောင်းကိုဖြတ်ကူးပြီး ချင်းရွှေဟော်မြို့ကို Drone များ အသုံးပြုကာ အပြင်းအထန် စတင်တိုက်ခိုက်ခဲ့ပါကြောင်း၊ ယခုကဲ့သို့တိုက်ခိုက်မှုများ လုပ်ဆောင်နိုင်ရန်အတွက်လည်း ၂၀၂၂ ခုနှစ်ကတည်းကစပြီး ၎င်းတို့နှင့် မဟာမိတ်ပြုလုပ်ထားသည့်အဖွဲ့များနှင့် အကြိမ်ကြိမ်ဆွေးနွေးကာ ကြိုတင်ပြင်ဆင်မှုများ လုပ်ဆောင်ခဲ့သည်ဟု သိရှိရပါကြောင်း၊ မဟာမိတ်ပြုသူများကလည်း လိုအပ်သည့် လက်နက်ခဲယမ်းများရရှိရေး၊ အီလက်ထရွန်နစ်နည်းပညာသာလွန်မှုနှင့် ငွေကြေးသုံးစွဲနိုင်မှုကို အခွင့်အရေးရအောင် ဖန်တီးပေးကြသည်ကို တွေ့ရပါကြောင်း၊ MNDAA သောင်းကျန်းသူအဖွဲ့အနေဖြင့် ၎င်းတို့၏ ကြေညာချက်များတွင် အကြောင်းပြချက်များစွာ ဖော်ပြသော်လည်း အဓိကရည်မှန်းချက်ကို သုံးသပ်ကြည့်ရပါက ကိုးကန့်ဒေသအတွင်း အထူးဒေသ(၁)အနေဖြင့် ဩဇာအာဏာပြန်လည် တည်ဆောက်လိုခြင်းကြောင့် ယခုကဲ့သို့ တိုက်ခိုက်လာခြင်းလည်း ဖြစ်ပါကြောင်း၊ လက်ရှိ အခြေအနေတွင် MNDAA သောင်းကျန်းသူ အဖွဲ့အနေဖြင့် ၎င်းတို့ သိမ်းပိုက်ထားသောမြို့များတွင်ရှိသည့် ပြည်သူလူထု ပိုင်ပစ္စည်းဥစ္စာများကို လုယက်ယူဆောင်ခြင်းများ၊ ဖျက်ဆီးခြင်းများအပြင် ဒေသခံတိုင်းရင်းသားများအပေါ် မိသားစုအလိုက် မဝင်မနေရစနစ်ဖြင့် အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများ ဆောင်ရွက်ခဲ့သည်ကိုလည်း တွေ့ရှိရပါကြောင်း။

MNDAA အဖွဲ့အနေဖြင့် ယခုကဲ့သို့ လုပ်ဆောင်ခဲ့ခြင်းသည် ဒီမိုကရေစီကျင့်သုံးနေသည့် မြန်မာနိုင်ငံတွင် အာဏာကို ဥပဒေနှင့်အညီရရှိနိုင်ရန် ဆောင်ရွက်ခြင်း မပြုဘဲ လက်နက်ကိုင် တိုက်ခိုက်သည့်နည်းဖြင့် ရယူရန် ကြိုးပမ်းခဲ့ခြင်းပင်ဖြစ်ပါကြောင်း၊ မိမိတို့၏ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် တိုင်းရင်းသားများ၏ အခွင့်အရေးများကို တန်းတူပေးအပ်ထားပြီးဖြစ်ပါကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအားလုံးကိုလည်း တူညီသည့် အခွင့်အရေးများ ပေးအပ်ထားပြီး ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများတွင်လည်း ကိုယ်ပိုင်လုပ်ပိုင်ခွင့်များ ပေးထားပြီးဖြစ်ပါကြောင်း၊ သံလွင်အရှေ့ခြမ်းတွင်ရှိသည့် ကိုးကန့်နယ်မြေကို ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအဖြစ် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြဋ္ဌာန်းခဲ့ပြီး ဖြစ်ပါကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ အသက်မဝင်ခင်တွင် အထူးဒေသအဖြစ် ရှိခဲ့ပါကြောင်း၊ ဦးဖုန်ကြားရှင် ဦးစီး ဗမာပြည်ကွန်မြူနစ်ပါတီမှ ခွဲထွက်ခဲ့သည့် ကိုးကန့် လက်နက်ကိုင်အဖွဲ့သည် အဆိုပါဒေသတွင် တပ်မတော်နှင့်လက်တွဲပြီး ၂၀၀၉ ခုနှစ်အထိ ရှိခဲ့ပါကြောင်း၊ တပ်မတော်တပ်စခန်းဌာနချုပ်များ အဆိုပါကာလကတည်းက တည်ထောင်ဖွင့်လှစ်ခဲ့ပြီး အတူပူးတွဲအုပ်ချုပ်ခဲ့ခြင်းဖြစ်ပါကြောင်း၊ ၂၀၀၉ ခုနှစ်တွင် မူးယစ်ဆေးဝါး ထုတ်လုပ်မှုများမလုပ်ရန် အကြိမ်ကြိမ်သတိပေးတားမြစ်သော်လည်း လိုက်နာမှုမရှိသဖြင့် စစ်ရေးအရ အရေးယူတိုက်ခိုက်ခဲ့ရခြင်းဖြစ်ပါကြောင်း၊ ကိုးကန့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသကို ၂၀၁၁ ခုနှစ်မှစပြီး ရွေးချယ်ခံပုဂ္ဂိုလ်များနှင့် အုပ်ချုပ်ခဲ့ခြင်းဖြစ်ပါကြောင်း၊ ထို့နောက် လောက်ကိုင်မြို့ရှိ ရန်လုံကျိုင်းတွင် မြန်မာ–တရုတ် နယ်စပ်ဒေသကုန်သွယ်ရေး၊ ချင်းရွှေဟော်မြို့တွင် မြန်မာ–တရုတ်နယ်စပ် ကုန်သွယ်ရေးလုပ်ငန်းများကို နှစ်နိုင်ငံအစိုးရများ သဘောတူချက်ဖြင့် ဖွင့်လှစ်ဆောင်ရွက်ခဲ့သည်မှာ ယခုတိုက်ပွဲမတိုင်မီကာလအထိ ဖြစ်ပါကြောင်း၊ တပ်မတော်အနေဖြင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၏ လိုလားချက်များမှ အခြေခံဥပဒေအရ ဆောင်ရွက်နိုင်သည့် ကိစ္စရပ်များကို ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး အချို့သောကိစ္စရပ်များကို လွှတ်တော်တွင် မဲခွဲဆုံးဖြတ်အတည်ပြု ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြင်ဆင်လိုသည့် ကိစ္စရပ်များအနက် ဖြစ်နိုင်သည့်ကိစ္စရပ်များကို ပြင်ဆင်နိုင်ရန် တပ်မတော်မှ သဘောတူညီသည်ကို တိုင်းရင်းသားခေါင်းဆောင်များ၊ နိုင်ငံရေးခေါင်းဆောင်များနှင့် တွေ့ဆုံချိန်များတွင်လည်း ဆွေးနွေးပြောကြားပြီးဖြစ်ပါကြောင်း၊ **သမိုင်းကြောင်းနှင့်နိုင်ငံချင်း တရားဝင် ဆက်ဆံဆက်သွယ်ဆောင်ရွက်ရသည့်လုပ်ငန်းစဉ်များအရ ကိုးကန့်အထူးဒေသတွင် တရားဥပဒေနှင့်အညီသာ ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်**ပါကြောင်း၊ မိမိတို့ ကိုယ်စားလှယ်များနှင့် ဆွေးနွေးနေပါကြောင်း၊ အဆိုပါအချက်များကို လျစ်လျူရှုမည်ဆိုပါက နောက်ခံအကြောင်း တစ်မျိုးမျိုးကြောင့် စစ်ဘုရင်ဝါဒကို အသက်သွင်းခြင်းသာ ဖြစ်မည်ဟု ယူဆရပါကြောင်း။

**သတ်မှတ်ပေးပြီးဖြစ်**

MNDAA သောင်းကျန်းသူအဖွဲ့အနေဖြင့် ချင်းရွှေ

ဟော်မြို့ကိုတိုက်ခိုက်ပြီး တစ်ပြိုင်တည်းတွင် ကွမ်းလုံမြို့ကို တိုက်ခိုက်ခဲ့ပြီး ၎င်းတို့နှင့် မဟာမိတ်ပြုထားသည့် TNLA သောင်းကျန်းသူအဖွဲ့က လားရှိုး-မူဆယ်လမ်းကြောင်းပေါ်တွင်ရှိသော သိန္နီမြို့ကို တိုက်ခိုက်ခဲ့သကဲ့သို့ ကွတ်ခိုင်မြို့ကိုလည်း နှောင့်ယှက်တိုက်ခိုက်မှုများလုပ်ခဲ့ပါကြောင်း၊ TNLA သောင်းကျန်းသူ အဖွဲ့အနေဖြင့် ၂၀၁၆ ခုနှစ်တွင် မူဆယ်ကုန်သွယ်ရေးဇုန်ကို တိုက်ခိုက်ခဲ့သကဲ့သို့ ၂၀၁၈ ခုနှစ်တွင်လည်း မူဆယ်မြို့ပေါ်ရှိ ပြည်သူ့စစ်စခန်းများနှင့် လုံခြုံရေးစခန်းများကို တိုက်ခိုက်ခဲ့ခြင်းကြောင့် တပ်မတော်နှင့်တိုက်ပွဲဖြစ်ပွားခဲ့ပါကြောင်း၊ TNLA သောင်းကျန်းသူ အဖွဲ့အနေဖြင့် နမ့်ခမ်း၊ နမ့်ဆန်၊ မန်တုံ၊ နမ္မတူ၊ မိုင်းငေ့ါဒေသများကိုလည်း ဆက်လက်တိုက်ခိုက်ခဲ့ပါကြောင်း၊ ၎င်းအဖွဲ့၏ ရည်ရွယ်ချက်မှာ ပလောင်ဒေသရရှိရေးဖြစ်ပါကြောင်း၊ ပလောင်ဒေသအတွက် ဖွဲ့စည်းပုံအခြေခံ ဥပဒေအရ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သတ်မှတ်ပေးပြီးဖြစ်ပါကြောင်း၊ သို့သော် ထိုထက်ပိုမိုသည့် အာဏာလိုချင်သဖြင့် တိုက်ခိုက်ခြင်းဖြစ်သည်ဟု သိရပါကြောင်း၊ TNLA သောင်းကျန်းသူအဖွဲ့အနေဖြင့် ဒေသခံများ၏ ပိုင်ဆိုင်မှုများကို ဖျက်ဆီးမှု၊ လုယက်မှု၊ တပ်သားသစ် စုဆောင်းမှုများ အလွန်အကျွံပြုလုပ်မှုကြောင့် ဒေသခံများ အတိဒုက္ခရောက်ကြသကဲ့သို့ ပလောင်ဒေသ၏ အဓိကထွက်ကုန်ဖြစ်သည့် လက်ဖက်ထုတ်လုပ်မှုလည်း များစွာကျဆင်းသွားခဲ့ပါကြောင်း၊ အခြေခံပညာကျောင်းအားလုံးပိတ်ထားရပါကြောင်း၊ နဂိုကတည်းက စီးပွားရေး၊ ပညာရေးအားနည်းသည့် ပလောင်ဒေသသည် ပိုမိုပြီး အခက်အခဲများစွာ ကြုံတွေ့ရပါကြောင်း၊ ပါတီစုံဒီမိုကရေစီစနစ်ကို လက်ခံသည်ဆိုပါက နိုင်ငံရေးလမ်းကြောင်းများမှ ညှိနှိုင်းဆွေးနွေးနိုင်သည့် အခွင့်အရေးများစွာရှိပါကြောင်း၊ အဆိုပါအချက်ကို မျက်ကွယ်ပြုပြီး လက်နက်အားကိုးဖြင့် ဆောင်ရွက်ခဲ့ကြခြင်းဖြစ်ပါကြောင်း၊ ၎င်းတို့အဖွဲ့များ အဓိကအသုံးပြုခဲ့သည့် လက်နက်မှာ အိမ်နီးချင်း နိုင်ငံက ဝယ်ယူရရှိသည့် Drone များကိုသုံးပြီး Drop Bomb များနှင့် တိုက်ခိုက်ခဲ့ခြင်းပင်ဖြစ်ပါကြောင်း၊ အချို့သော Drone များသည် စစ်သုံးအဆင့်ပြုပြင်သုံးနိုင်ပြီး ဗုံးအကြီးစားများ ချိတ်ဆက်အသုံးပြုနိုင်သည်ကို တွေ့ရှိရပါကြောင်း၊ သောင်းကျန်းသူအဖွဲ့များအနေဖြင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) ဒေသတွင် နိုင်ငံတော်၏ နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းပြတ်တောက်ပြီး တိုင်းရင်းသား ပြည်သူများ၏ လူမှုစီးပွားဘဝများတိုးတက်မှု မရရှိစေရန်အတွက် အဓိကပြည်ထောင်စုလမ်းမကြီးများကို ဖြတ်တောက်ပိတ်ဆို့ခဲ့သည်ကိုလည်း တွေ့ရှိရပါကြောင်း၊ **နယ်စပ်ကုန်သွယ်ရေးဆိုသည်မှာ နှစ်နိုင်ငံအစိုးရများ၏ သဘောတူညီချက်ဖြင့် တရားဝင်ဆောင်ရွက်ရခြင်း ဖြစ်**ပါကြောင်း၊ ထို့ကြောင့် **မူဆယ်ဒေသ နယ်စပ်ကုန်သွယ်ရေးလုပ်ငန်းများ ပုံမှန်ဆောင်ရွက်နိုင်ရေး တရုတ်နိုင်ငံနှင့် ဆွေးနွေးဆဲဖြစ်သည်ကို တင်ပြလို**ပါကြောင်း။

**အကန့်အသတ်ဖြင့် ဆောင်ရွက်**

**တပ်မတော်အနေဖြင့် ယခုဖြစ်ပွားသည့် တိုက်ခိုက်မှုများသည် နယ်စပ်ဒေသနှင့်လွန်စွာနီးကပ်ခြင်းကြောင့် တစ်ဖက်နိုင်ငံမှ အထင်အမြင်လွဲမှားမှု မဖြစ်စေရန်အတွက် မိမိတို့၏ စစ်ဆင်ရေးများကို ကာကွယ် ခုခံပိုင်ခွင့်အတွက် ထိတွေ့တိုက်ခိုက်မှုစည်းမျဉ်း (Rules of Engagement for Self-Defence)နှင့် အကြမ်းဖက်သောင်းကျန်းမှု နှိမ်နင်းရေးဆိုင်ရာ တည်ငြိမ်မှုစစ်ဆင်ရေးအတွက် ထိတွေ့တိုက်ခိုက်မှု စည်းမျဉ်းများ**

> **ပလောင်ဒေသအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သတ်မှတ်ပေးပြီးဖြစ်၊ TNLA သောင်းကျန်းသူအဖွဲ့အနေဖြင့် ဒေသခံများ၏ ပိုင်ဆိုင်မှုများကို ဖျက်ဆီးမှု၊ လုယက်မှု၊ တပ်သားသစ် စုဆောင်းမှုများ အလွန်အကျွံပြုလုပ်မှုကြောင့် ဒေသခံများအတိ ဒုက္ခရောက်ကြသကဲ့သို့၊ ပါတီစုံဒီမိုကရေစီစနစ်ကို လက်ခံသည်ဆိုပါက နိုင်ငံရေးလမ်းကြောင်းများမှ ညှိနှိုင်းဆွေးနွေးနိုင်သည့် အခွင့်အရေးများစွာရှိ။**

**(Rules of Engagement for Counter–Terrorism and Counter–Insurgency Operations to restore normalcy)နှင့်အညီ ဆောင်ရွက်စေပြီး နယ်စပ်ဒေသ ကျည်ကျော်ကျရောက်မှု မရှိစေရေးနှင့် ယာဉ်ယန္တရားများ ကျော်လွန်မှုမရှိစေရေး အကန့်အသတ်ဖြင့် ဒေသခံပြည်သူများ ထိခိုက်မှုမရှိအောင် ဆောင်ရွက်ခဲ့ရပါကြောင်း၊** သောင်းကျန်းသူ အဖွဲ့များအနေဖြင့် တစ်ဖက်နိုင်ငံက အထင်အမြင်လွဲမှားစေရန် လက်နက်ကြီးများဖြင့် တရုတ်နိုင်ငံထဲသို့ ရည်ရွယ်ချက်ရှိရှိ ပစ်ခတ်ခဲ့ခြင်းကြောင့် နှစ်ဖက်တာဝန်ရှိသူများက ဖြေရှင်းခဲ့ရပါကြောင်း၊ သောင်းကျန်းသူအဖွဲ့များအနေဖြင့် တစ်ဖက်က နည်းပညာအသာစီးရယူကာ သာလွန်အင်အားဖြင့် တိုက်ခိုက်လာပြီး တပ်မိသားစုဝင်များကို အဓိကအန္တရာယ်ပြုလာခြင်းကြောင့် တပ်မတော်အနေဖြင့် အချို့နေရာများကို စွန့်ခွာပေးခဲ့ရခြင်း ရှိပါကြောင်း။

**ယခုကဲ့သို့ ရှုပ်ထွေးမှုများဖြစ်လာခဲ့ခြင်းသည် ကျားဖြန့်ဟုခေါ်သည့် Online လိမ်လည်မှုများမှတစ်ဆင့် ဖြစ်ပေါ်လာခြင်းပင်ဖြစ်**

ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် ယခုကဲ့သို့ ရှုပ်ထွေးမှုများ ဖြစ်လာခဲ့ခြင်းသည် ကျားဖြန့်ဟုခေါ်သည့် Online လိမ်လည်မှုများမှတစ်ဆင့် ဖြစ်ပေါ်လာခြင်းပင် ဖြစ်ပါကြောင်း၊ အဆိုပါ ကိုးကန့်ဒေသတွင် ယခင်ကတည်းက မူးယစ်ဆေးဝါးရောင်းဝယ်မှုများနှင့် လောင်းကစားဝိုင်းလုပ်ဆောင်မှုများရှိခဲ့ပါကြောင်း၊ ကိုဗစ်–၁၉ ဖြစ်ပွားချိန်တွင် သွားလာမှု ကန့်သတ်ချက်များ ဖြစ်ပေါ်ခဲ့ပြီး အွန်လိုင်းမှသာ လောင်းကစားမှုများ လုပ်ဆောင်ခဲ့ရာမှ လုပ်ငန်းအတွက် လိုအပ်သည့် ကျွမ်းကျင်သူများနှင့် အထောက်အကူပြုဝန်ထမ်းများကို ခေါ်ဆောင်လာခဲ့ပါကြောင်း၊ ထိုမှတစ်ဆင့် နိုင်ငံခြားသားများပါ လောက်ကိုင်ဒေသထဲသို့ တရားမဝင် ဝင်ရောက်လာသည်ကိုလည်း တွေ့ရှိရပါကြောင်း၊ လက်ရှိအချိန်တွင်လည်း တိုင်းရင်းသားလက်နက်ကိုင် တပ်ဖွဲ့များကြီးစိုးနေသည့် မြန်မာ၊ တရုတ်၊ ထိုင်းနယ်စပ်ဒေသများတွင် တရားမဝင် စီးပွားရေးလုပ်ငန်းအများစုရှိနေကြပြီး ကျားဖြန့်ဟုခေါ်သည့် Online လိမ်လည်မှုများ၊ Online လောင်းကစားမှုများကို ကျယ်ပြန့်စွာပြုလုပ်နေကြသည့်အတွက် မြန်မာ–တရုတ်–ထိုင်း ၃ နိုင်ငံပူးပေါင်းပြီး နှိမ်နင်းရှင်းလင်းမှုများကို ထိရောက်စွာဆောင်ရွက်နိုင်ရန် ညှိနှိုင်းဆောင်ရွက်နေပါကြောင်း၊ အဆိုပါ လုပ်ငန်းလုပ်နေသူအများစုသည် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များက အကာအကွယ်ပေးထားသည့် နိုင်ငံခြားသားများသာ ဖြစ်ပါကြောင်း၊ **လက်နက်အားကိုးဖြင့်သာ တရားမဝင်လုပ်ငန်းများ လုပ်ရခြင်းဖြစ်သဖြင့် လက်နက်ကိုင် လမ်းစဉ်ချုပ်ငြိမ်းအောင် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ပါဝင်ပတ်သက်သူများကိုလည်း ဖော်ထုတ်ပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန် အရေးယူလျက်ရှိ**ပါကြောင်း။

၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၅ ရက်မှ ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၂၉ ရက်အထိ မြန်မာနိုင်ငံအတွင်း တရားမဝင်ဝင်ရောက်နေထိုင်သည့် နိုင်ငံခြားသားများ လွှဲပြောင်းပေးမှုအနေဖြင့် တရုတ်နိုင်ငံသား ၄၈၂၁၀ ဦးနှင့် အခြားနိုင်ငံခြားသား ၁၈၁၀ ဦး၊ စုစုပေါင်း ၅၀၀၂၀ ဦးတို့ကို သက်ဆိုင်ရာနိုင်ငံများကို ပြန်လည်လွှဲပြောင်းပေးခဲ့ပြီးဖြစ်ပါကြောင်း၊ ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၂၃ ရက်တွင်လည်း ရှမ်းပြည်နယ်(တောင်ပိုင်း)၊ နမ့်စန်မြို့ပတ်ဝန်းကျင်ရှိ နေရာ ၃ နေရာတွင် ပန်ဆန်း၊ လောက်ကိုင်၊ မိုင်းပေါက်၊ မိုင်းလားဒေသမှ ထွက်ပြေးတိမ်းရှောင်လာသည့် တရုတ်နိုင်ငံသား ကျား ၁၀၀၂ ဦး၊ မ ၃၆ ဦး၊ စုစုပေါင်း ၁၀၃၈ ဦးတို့ကို ဖမ်းဆီးရမိခဲ့ခြင်းကြောင့် လိုအပ်သည့် စစ်ဆေးမှုများပြုလုပ်ခဲ့ပြီး သက်ဆိုင်ရာနိုင်ငံကို ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြန်လည်လွှဲပြောင်းပေးနိုင်ရေး ဆောင်ရွက်နေပါကြောင်း။

ဆက်လက်၍ AA သောင်းကျန်းသူအဖွဲ့နှင့် ပတ်သက်ပြီး တင်ပြလိုပါကြောင်း၊ AA သောင်းကျန်းသူအဖွဲ့အနေဖြင့် ၂၀၂၀ ပြည့်နှစ်က တပ်မတော်နှင့် သဘောတူထားသည့် ယာယီတိုက်ခိုက်မှုရပ်စဲရေး သဘောတူညီချက်ကို စတင်ချိုးဖောက်ပြီး ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ရှမ်းပြည်နယ်(မြောက်ပိုင်း)ဖြစ်စဉ်များတွင် ပါဝင်ကူညီတိုက်ခိုက်ခဲ့ပါကြောင်း၊ အဓိကမှာ ၎င်းတို့ကို မဟာမိတ်အဖွဲ့များက လက်နက်ထောက်ပံ့မှု လိုချင်သဖြင့်ဖြစ်ပါကြောင်း၊ ရခိုင်ပြည်နယ်သည် လမ်းပန်းဆက်သွယ်ရေးခက်ခဲပြီး ဖွံ့ဖြိုးတိုးတက်မှု နောက်ကျနေခြင်းကြောင့် တပ်မတော် အစိုးရလက်ထက်မှစပြီး ယနေ့အချိန်အထိ ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးကို များစွာဆောင်ရွက်ပေးခဲ့သဖြင့် ယခင်ကထက်အဆပေါင်းများစွာ ပြောင်းလဲတိုးတက်ခဲ့ပါကြောင်း၊

ရခိုင်ပြည်နယ်တွင် မိုခါမုန်တိုင်းတိုက်ခတ်မှုဒဏ် ခံခဲ့ရသည့် အချိန်တွင်လည်း ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို တပ်မတော်နှင့်နိုင်ငံတော်မှ ပြင်းပြင်းထန်ထန် ကြိုးပမ်းဆောင်ရွက်ပေးခဲ့ပါကြောင်း၊ မိမိကိုယ်တိုင်လည်း မိုခါမုန်တိုင်းတိုက်ခတ်ပြီး နောက်တစ်ရက်အကြာတွင် ရခိုင်ပြည်နယ်၊ စစ်တွေမြို့ကို သွားရောက်ပြီး သဘာဝဘေးဒဏ်ကြောင့် ပျက်စီးဆုံးရှုံးခဲ့သည်များကို ကြည့်ရှုပြီး လိုအပ်သည်များ စီမံပေးခဲ့ပါကြောင်း၊ အခြားမြို့နယ်အသီးသီးကိုလည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌနှင့် အခြားသော တပ်မတော်အဆင့်မြင့်အရာရှိကြီးများကို စေလွှတ်ခဲ့ပြီး ပျက်စီးဆုံးရှုံးမှုများကို ကြည့်ရှုစစ်ဆေးစေခဲ့ကာ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အမြန်ဆုံးဆောင်ရွက်နိုင်ရန် လိုအပ်သည်များကို စီမံခန့်ခွဲဆောင်ရွက်စေခဲ့ပါကြောင်း၊ ထိုသို့ဆောင်ရွက်ရသည်မှာလည်း မိုခါမုန်တိုင်းဒဏ်ခံရသည့် မိုးတွင်းကာလ ၆ လအတွင်းတွင် ဒေသခံများ ပြန်လည်အလုပ်လုပ်နိုင်ရန်အတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများပြီးစီးအောင် တွန်းအားပေး ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါကြောင်း၊ ထိုသို့ဆောင်ရွက်ပေးမှုကြောင့် ယခုပွင့်လင်းရာသီတွင် အလုပ်လုပ်နိုင်ခဲ့ပြီး ၎င်းနယ်မြေများအမြန်ပြန်လည် နာလန်ထူလာနိုင်ခဲ့ပါကြောင်း၊ မိုခါမုန်တိုင်းဒဏ်သင့် ဒေသအားလုံး ပုံမှန်အခြေအနေထက်သာလွန်သည့်အနေအထားမှာ လုပ်ကိုင်နိုင်ပြီဖြစ်ပါကြောင်း၊ ရခိုင်ပြည်နယ်တစ်ခုလုံး တက္ကသိုလ်နှင့် အခြေခံပညာကျောင်းများအားလုံး မိုခါမုန်တိုင်းအပြီး ပုံမှန်ကျောင်းဖွင့်သည့်ရက်၏ နောက် ၁၇ ရက်အကြာတွင် အားလုံးဖွင့်လှစ်နိုင်ခဲ့ပါကြောင်း၊ ရခိုင်ပြည်နယ်သည် ကျောင်းအပ်ရာခိုင်နှုန်း အမြင့်ဆုံးထဲတွင် ပါကြောင်း။

**ရခိုင်ပြည်နယ်မြောက်ပိုင်းရှိ နယ်မြေဒေသအချို့တွင် တိုက်ပွဲများ ဖော်ဆောင်လျက်ရှိ**

သို့သော်လည်း AA သောင်းကျန်းသူအဖွဲ့အနေဖြင့် မိုခါမုန်တိုင်းအပြီး ၇ လခန့်အကြာ ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၁၃ ရက်၊ နံနက် ၅ နာရီတွင် ရခိုင်ပြည်နယ် နယ်ခြားစောင့် ရဲကင်းစခန်းငယ်တစ်ခုဖြစ်သည့် ဒုံးပိုက်ရဲကင်းစခန်းကို ဝင်ရောက်စီးနင်းတိုက်ခိုက်ခြင်းမှ စတင်ခဲ့ပါကြောင်း၊ ထို့နောက် Drone များ အသုံးပြုပြီး ပလက်ဝဒေသတွင်ရှိသည့် လုံခြုံရေးစခန်း ၂ ခုနှင့် ပေါက်တောမြို့ကို ဆက်လက်တိုက်ခိုက်ခဲ့ပြီး လက်ရှိအချိန်တွင်လည်း ရခိုင်ပြည်နယ် မြောက်ပိုင်းရှိ နယ်မြေဒေသအချို့တွင် တိုက်ပွဲများ ဖော်ဆောင်လျက် ရှိပါကြောင်း၊ AA သောင်းကျန်းသူအဖွဲ့အနေဖြင့် ဒေသမတည်မငြိမ်ဖြစ်အောင် လုပ်ဆောင်နေသည့်အတွက် အဆိုပါဒဏ်ကို ဒေသခံ ရခိုင်တိုင်းရင်းသားအများစုသာ အဓိကခံစားနေကြရပါကြောင်း၊ ယခုအချိန်သည် ၂၀၂၃-၂၀၂၄ ပညာသင်နှစ်၏ အခြေခံပညာကျောင်းများနှင့် တက္ကသိုလ်များ ပညာသင်ကြားနေသည့်အချိန်ဖြစ်ပါကြောင်း၊ **ရခိုင်ပြည်နယ်တွင် ၂၀၂၃-၂၀၂၄ ပညာသင်နှစ် စတင်ချိန်တွင် အခြေခံပညာကျောင်းသားဦးရေ ၅၇၃၀၀၀ ဦး (ငါးသိန်းခုနစ်သောင်းသုံးထောင်) တက်ရောက်ခဲ့ပြီး ယခုအချိန်တွင် AA သောင်းကျန်းသူအဖွဲ့၏ အကြမ်းဖက်ခြိမ်းခြောက်မှုများကြောင့် အခြေခံကျောင်းများတွင်၂၇၉၃၆၂ ဦး (နှစ်သိန်း ခုနစ်သောင်း ကိုးထောင်ကျော်)သာ ကျောင်းတက်လျက်ရှိပါကြောင်း၊ ၄၈ ဒသမ ၇၆ ရာခိုင်နှုန်းကျော် ပျက်ကွက်မှုဖြစ်ခြင်းကြောင့် AA သောင်းကျန်းသူအဖွဲ့၏ ဆိုးကျိုးကိုဒေသခံတိုင်းရင်းသား ကျောင်းသား ကျောင်းသူများ၏ အနာဂတ်ထိခိုက်သည်အထိ ခံစားနေကြရပါ**ကြောင်း၊ AA သောင်းကျန်းသူအဖွဲ့သည် ၎င်းတို့၏ ရခိုင်တိုင်းရင်းသားများကိုပါ သူတို့အာဏာရရှိရေး တစ်ခုတည်းအတွက်ဖြင့် အရွယ်မရောက်သေးသည့် ကျောင်းသားအရွယ်များကို လက်နက်နှင့်အကြောက်တရားဖန်တီးပြီး လူသစ်စုဆောင်းခြင်းများနှင့် အခြားတိုင်းရင်းသားများအပေါ် လူမျိုးရေးမုန်းတီးမှုကို ရှေ့တန်းတင်လှုံ့ဆော်နေသည်ကိုလည်း တွေ့ရပါကြောင်း၊ **ရခိုင်ပြည်နယ်တွင် ထာဝရငြိမ်းချမ်းရေး ဆောင်ရွက်နိုင်မှသာ ဒေသခံနောင်လာနောက်သားများကို ကောင်းမွန်သည့် အနာဂတ်ဘဝများ လက်ဆင့်ကမ်းနိုင်မည်ဖြစ်ပြီး ဒေသသည်လည်း ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည့်အတွက် တပ်မတော်အနေဖြင့် နယ်မြေတည်ငြိမ်အေးချမ်းအောင် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ရခိုင်ဒေသရှိပြည်သူများအနေဖြင့်လည်း ပူးပေါင်းဆောင်ရွက်ရန် လိုအပ်**ပါကြောင်း။

NCA လက်မှတ်ရေးထိုးခဲ့သည့် EAO အဖွဲ့တစ်ခု ဖြစ်သည့် CNF သောင်းကျန်းသူအဖွဲ့သည် CDF အမည်ခံ အကြမ်းဖက်အဖွဲ့များနှင့်ပေါင်းပြီး ချင်းပြည်နယ်အတွင်း အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်ခဲ့သည်ကို တွေ့ရ

ပါကြောင်း၊ တပ်မတော်အနေဖြင့် ၂၀၂၃ ခုနှစ်၊ အောက်တိုဘာ ၂၉ ရက်တွင် CNF/CDF အကြမ်းဖက်သောင်းကျန်းသူများ ဝင်ရောက်နေရာယူထားသည့် ထန်တလန်မြို့ကို ပြန်လည်ထိန်းချုပ်တိုက်ခိုက်နိုင်ခဲ့ပါကြောင်း၊ CNF/CDF အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလအတွင်းတွင်လည်း ချင်းပြည်နယ်၊ ဖလမ်းမြို့နယ်တွင်ရှိသည့် ရိဒ်ခေါဒါရ်မြို့၊ မတူပီမြို့နယ်တွင်ရှိသည့် လိုင်လင်းပီမြို့နှင့် ရေဇွာမြို့တို့ကို ဝင်ရောက်တိုက်ခိုက်ခဲ့သည်များရှိပါကြောင်း၊ လက်ရှိအချိန်တွင်လည်း CNF သောင်းကျန်းသူများအနေဖြင့် ချင်းပြည်နယ်အတွင်းရှိ တီးတိန်မြို့၊ ကန်ပက်လက်မြို့နယ်၊ ကျင်ဒွေးမြို့နှင့် ဒေသအတွင်း နယ်မြေတည်ငြိမ်မှုမရှိအောင် လုပ်ဆောင်နေသည်ကို တွေ့ရပါကြောင်း။

KNPP/KNDF အဖွဲ့နှင့်ပတ်သက်၍လည်း KNPP/KNDF သောင်းကျန်းသူအဖွဲ့သည် ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၁၁ ရက်မှစပြီး ကယားပြည်နယ် လွိုင်ကော်မြို့ကို အင်အားအလုံးအရင်းဖြင့် ဝင်ရောက်တိုက်ခိုက်ခဲ့မှုများရှိပါကြောင်း၊ ထိုသို့အကြမ်းဖက်မှုကို မလိုလားသည့် ဒေသခံပြည်သူလူထု၏ သတင်းပေးမှုများကြောင့်လည်း KNPP/KNDF သောင်းကျန်းသူ အဖွဲ့ဝင်အများအပြားကို တပ်မတော်အနေဖြင့် ချေမှုန်းနိုင်ခဲ့ပါကြောင်း၊ KNPP/KNDF သောင်းကျန်းသူ အဖွဲ့အနေဖြင့် ထိုသို့တိုက်ခိုက်နိုင်ရန်အတွက် လက်နက်/ခဲယမ်းများကို ကြိုတင်စုဆောင်းရန် ကြိုးစားခဲ့သည်ကိုလည်း တွေ့ရှိရပါကြောင်း၊ ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာ ၁၇ ရက်တွင် ဟိုပုံးမြို့နယ် မိုင်းပျဉ်းကျေးရွာအုပ်စု ဆော်တာကျေးရွာတွင် ၎င်းတို့လက်နက်များ ဖမ်းဆီးရမိခဲ့ပါကြောင်း၊ ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာ ၁၆ ရက်တွင် ပင်လုံမြို့ ပန်မုန့်ကျေးရွာတွင် တစ်ကြိမ်၊ ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီ ၂၀ ရက်တွင် ဟိုပုံးမြို့နယ်၊ စံဖူးကျေးရွာတွင် တစ်ကြိမ်၊ စုစုပေါင်း ၃ ကြိမ်အတွင်း လက်နက်ငယ်မျိုးစုံ ၁၁၃၃ လက်၊ RPG ၁၀ လက်၊ ကျည်မျိုးစုံ တစ်သိန်းကျော်၊ လက်ပစ် ဗုံး ၇၆၀၀ ကျော်၊ ၁၀၇ မမ ရှေ့တိုက်ဒုံး ခြောက်လုံးနှင့် အခြားသော လက်နက်/ခဲယမ်းဆက်စပ်ပစ္စည်းများစွာကို သိမ်းဆည်းရမိခဲ့ပါကြောင်း၊ အဆိုပါ လက်နက်ခဲယမ်းများသည် ၎င်းတို့၏ မဟာမိတ်တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များထံမှ ရရှိခြင်း ဖြစ်ပါကြောင်း။

ထိုသို့ ကယားပြည်နယ်အတွင်းသို့ လက်နက်/ခဲယမ်းများ နည်းလမ်းမျိုးစုံအသုံးပြုပြီး ပို့ဆောင်လျက်ရှိသည်ကို ဖော်ထုတ်ဖမ်းဆီးရမိမှုများ ရှိခဲ့ခြင်းကြောင့် ကယားပြည်နယ်အတွင်းတွင် အကြမ်းဖက်မှုများ လုပ်ဆောင်နေသည့် KNPP/KNDF သောင်းကျန်းသူအဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများ၏ အကြမ်းဖက်မှုများကို အတိုင်းအတာတစ်ခုအထိ ဟန့်တားနိုင်ခဲ့ခြင်းဖြစ်ပါကြောင်း၊ **နိုင်ငံတော်ကြီးကို ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်အခြေခံသည့် ပြည်ထောင်စုကြီး တည်ဆောက်နေချိန်တွင် ပဋိပက္ခများ ပိုမိုကြီးမားအောင်၊ နိုင်ငံတော်ကို ပျက်စီးရာပျက်စီးကြောင်း လုပ်နေကြသည့် သစ္စာမဲ့တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့များ ရှိနေခြင်းသည် တိုင်းပြည်အတွက် အန္တရာယ်ကြီးမား** ပါကြောင်း။

KNU သောင်းကျန်းသူအဖွဲ့နှင့် ပတ်သက်၍လည်း KNU သောင်းကျန်းသူအဖွဲ့သည် ၂၀၂၁ ခုနှစ် နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှုများကို အကြောင်းပြုပြီး PDF များကို လေ့ကျင့်ထောက်ပံ့ပေးမှုများ ပြုလုပ်သည့်အပြင် တပ်မတော် တပ်စခန်းငယ်များ၊ မြဝတီမြို့နှင့် ကော့ကရိတ်မြို့များကို နှောင့်ယှက်တိုက်ခိုက်လာခဲ့ပြီး ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၂၄ ရက်တွင် တပ်မတော် စခန်းတစ်ခုကို အင်အားအလုံးအရင်းဖြင့် ဝင်ရောက်တိုက်ခိုက်ခဲ့မှုများ ရှိပါကြောင်း၊ ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၂၇ ရက်တွင် ကျိုက်မရောမြို့နယ်တွင်ရှိသည့် ချောင်းနှစ်ခွတံတားကို တိုက်ခိုက်ဖောက်ခွဲဖျက်ဆီးခဲ့သည်ကိုလည်း တွေ့ခဲ့ရပါကြောင်း၊ ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာ ၁ ရက် နံနက် ၃ နာရီတွင်လည်း KNU သောင်းကျန်းသူအဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်အဖွဲ့များအနေဖြင့် ကော့ကရိတ်မြို့၏ ၈ နေရာကို ထပ်မံလာရောက်တိုက်ခိုက်ခဲ့ခြင်းကြောင့် တပ်မတော်အနေဖြင့် ပြန်လည်တိုက်ခိုက်ခဲ့ပါကြောင်း၊ KNU သောင်းကျန်းသူ အဖွဲ့အနေဖြင့်နိုင်ငံရေးအရ သဘောထားကွဲလွဲမှုများကိုအကြောင်းပြုပြီး ဒေသအတွင်း အကြမ်းဖက်လုပ်ရပ်များကို နည်းလမ်းပေါင်းစုံနှင့် လုပ်ဆောင်နေသည့်အပြင် ထိုင်း-မြန်မာနယ်စပ် မြဝတီမြို့အနီးတွင် Online လိမ်လည်မှုများ၊ Online လောင်းကစားမှုများအပြင် လူမှောင်ခိုမှုများအထိ

လုပ်ဆောင်နေသည်ကို အထောက်အထားများနှင့် တွေ့ရှိရခြင်းကြောင့် အိမ်နီးချင်းနိုင်ငံများနှင့်ပူးပေါင်း၍ ဖမ်းဆီးနှိမ်နင်းခြင်းလုပ်ငန်းများကို လုပ်ဆောင်ပြီး တရားဥပဒေစိုးမိုးမှုရှိအောင် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ KNU သောင်းကျန်းသူအဖွဲ့အနေဖြင့် ကရင်ပြည်နယ်အတွင်း ဒေသခံတိုင်းရင်းသားများ၏ လူမှုစီးပွားဘဝတိုးတက်နေမှု အခြေအနေကောင်းများ ရပ်တန့်စေရန်အတွက် တိုက်ပွဲများ ဖော်ဆောင်လျက်ရှိခြင်းကြောင့် တပ်မတော်အနေဖြင့် နယ်မြေတည်ငြိမ်အေးချမ်းမှုရရှိအောင် ဆောင်ရွက်လျက်ရှိပါကြောင်း။

**PDF အမည်ခံ အကြမ်းဖက်သမားများ၏ တိုက်ခိုက်မှုများကြောင့် သေဆုံးသူပေါင်း ၆၈၈၀ ရှိ**

PDF အမည်ခံအကြမ်းဖက်သမားများအနေဖြင့် ၂၀၂၃ ခုနှစ်၊ ဩဂုတ် ၁ ရက်မှ ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီ ၂၉ ရက်အထိ ၆ လတာကာလအတွင်း နိုင်ငံတစ်ဝန်း အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် ရဟန်း/သံဃာ ပျံလွန် ၃ ပါး၊ အပြစ်မဲ့ပြည်သူ သေဆုံး ၄၃၈ ဦး၊ နိုင်ငံ့ဝန်ထမ်း သေဆုံး ၇၉ ဦး စုစုပေါင်းသေဆုံး ၅၂၀ ဦး ဖြစ်ပွားခဲ့ပါကြောင်း၊ အကြမ်းဖက်ဖျက်ဆီးမှုများအနေဖြင့် လျှပ်စစ်/ဆက်သွယ်ရေးတာဝါတိုင် ၁၁ ခု၊ လမ်းတံတား/တိုးဂိတ်အဆောက်အအုံ ၉၇ ခု၊ ကျန်းမာရေးအဆောက်အအုံ ၆ လုံး၊ စာသင်ကျောင်း/ပညာရေးအဆောက်အအုံ ၁၃ လုံးအပါအဝင် လူနေအိမ်များ၊ အခြားအဆောက်အအုံများ ဖျက်ဆီးခြင်း ခံခဲ့ရပါကြောင်း၊ PDF အမည်ခံအကြမ်းဖက် သမားများအနေဖြင့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီ ၁ ရက်မှ ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီ ၂၉ ရက်အထိ နိုင်ငံတစ်ဝန်း အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် ရဟန်း/သံဃာ ပျံလွန် ၇၇ ပါး၊ သီလရှင် ၂ ပါးရှိခဲ့ပြီး အပြစ်မဲ့ ပြည်သူ သေဆုံး ၅၆၇၇ ဦး၊ နိုင်ငံ့ဝန်ထမ်းသေဆုံး ၁၁၂၄ ဦး စုစုပေါင်းသေဆုံး ၆၈၈၀ ဦး ဖြစ်ပွားခဲ့ပါကြောင်း၊ အကြမ်းဖက်ဖျက်ဆီးမှုများအနေဖြင့် ဆက်သွယ်ရေး/လျှပ်စစ်တာဝါတိုင် ၅၅၉ ခု အပါအဝင်ကျန်းမာရေးအဆောက်အအုံ ၅၃ လုံး၊ ဘာသာရေးအဆောက်အအုံ ၆၆ လုံး၊ လမ်းတံတား/တိုးဂိတ်အဆောက်အအုံ ၁၄၈၇ ခု၊ စာသင်ကျောင်း/ပညာရေးအဆောက်အအုံ ၆၇၀ လုံး အပါအဝင် လူနေအိမ်များ၊ အခြားအဆောက်အအုံများ များစွာဖျက်ဆီးခြင်း ခံခဲ့ရပါကြောင်း၊ ထို့အပြင် ပညာရေးနှင့်ပတ်သက်၍ ပညာရေးဝန်ထမ်းများအပေါ် ၄၁၃ ကြိမ် ရိုင်းစိုင်းစွာခြိမ်းခြောက်မှုများ လုပ်ဆောင်ခဲ့ပါကြောင်း၊ ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာ ၁၃ ရက် ညနေ ၅ နာရီ ၅၀ မိနစ်အချိန်တွင်လည်း KNPP သောင်းကျန်းသူအဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက လွိုင်ကော် တက္ကသိုလ်ကို ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်ခဲ့ပြီး တက္ကသိုလ်တွင် တာဝန်ထမ်းဆောင်နေသည့် ပညာရေးဆိုင်ရာဝန်ထမ်းများနှင့် ပညာသင်ကြားလျက်ရှိသည့် ကျောင်းသား၊ ကျောင်းသူများကို အတင်းအဓမ္မ ဖမ်းဆီးခေါ်ဆောင် သွားခဲ့ပါကြောင်း။

သောင်းကျန်းသူအဖွဲ့များနှင့် အကြမ်းဖက်အဖွဲ့များအနေဖြင့် နိုင်ငံအတွင်း တည်ငြိမ်မှုမရှိအောင် လုပ်ဆောင်ပြီး ၎င်းကိုအခွင့်ကောင်းယူကာ ၎င်းတို့၏ ဝင်ငွေရလမ်းဖြစ်သည့် မူးယစ်ဆေးဝါး ထုတ်လုပ်မှုနှင့် သယ်ဆောင်ရောင်းချခြင်းများ လုပ်ဆောင်နေကြသည်ကို တွေ့ရှိရပါကြောင်း၊ **မူးယစ်ဆေးဝါးထုတ်လုပ် ရောင်းချခြင်းသည် ငွေကြေးခဝါချမှု၊ လက်နက်မှောင်ခိုမှု၊ အကြမ်းဖက်မှုတို့ကို အထောက်အပံ့ဖြစ်စေခြင်းကြောင့် နိုင်ငံအတွင်း တည်ငြိမ်အေးချမ်းမှုကို ခြိမ်းခြောက်နေသည့် စိန်ခေါ်မှုတစ်ရပ်ဖြစ်**နေပါကြောင်း၊ မြန်မာနိုင်ငံအတွင်းတွင် တရားမဝင်မူးယစ် ဆေးဝါးထုတ်လုပ်ရာတွင် အသုံးပြုသည့် ဓာတုပစ္စည်းများနှင့် ဆက်စပ်ပစ္စည်းများကို ထုတ်လုပ်နိုင်ခြင်း မရှိခြင်းကြောင့် သောင်းကျန်းသူအဖွဲ့များအနေဖြင့် အခြားနိုင်ငံများမှ နည်းမျိုးစုံဖြင့် မြန်မာနိုင်ငံအတွင်းသို့ ချိတ်ဆက်သယ်ဆောင်လျက်ရှိပါကြောင်း။

မူးယစ်ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများ ဖမ်းဆီးရမိမှုနှင့် ပတ်သက်ပြီး ၂၀၂၃ ခုနှစ်၊ ဩဂုတ် ၁ ရက်မှ ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီ ၂၉ ရက်အထိ ၆ လတာ ကာလအတွင်း ဘိန်းဖြူ ၁ ဒသမ ၁ တန်ကျော်၊ စိတ်ကြွရူးသွပ်ဆေးပြား ၁၁၇ သန်းကျော်၊ အိုက်စ် ၁၄ ဒသမ ၆၆၅ တန်ကျော် အပါအဝင် ဖမ်းဆီးရမိမှု အမှုပေါင်း ၃၂၇၂ မှု၊ တန်ဖိုးငွေကျပ် ၇၈၁ ဒသမ ၀၂ ဘီလီယံနှင့် ဖမ်းဆီးရမိသူ ကျား/မ စုစုပေါင်း ၄၃၇၃ ဦး ရှိခဲ့ပါကြောင်း၊ မြန်မာနိုင်ငံတွင် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၂၉ ရက် အထိ ဘိန်းဖြူ ၆ ဒသမ ၀၅ တန်ကျော်၊ စိတ်ကြွရူးသွပ်ဆေးပြား ၆၂၉ သန်းကျော်၊ အိုက်စ် ၅၃ တန်ကျော်၊ မူးယစ်ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများ ဖမ်းဆီးရမိမှု

အမှုပေါင်း ၂၁၀၉၈ မှု၊ တန်ဖိုးငွေကျပ် ၃၃၅၄ ဘီလီယံကျော် ဖမ်းဆီးရမိသူ ကျား/မ စုစုပေါင်း ၂၉၄၈၆ ဦး ရှိခဲ့ပါကြောင်း၊ AA သောင်းကျန်းသူအဖွဲ့မှ အဖွဲ့ဝင်များ၏ မူးယစ်ဆေးဝါး သယ်ဆောင်မှုကို ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာ ၃ ရက်မှ ဒီဇင်ဘာ ၉ ရက်အထိ သတင်းဆက်စပ်၍ ဖော်ထုတ်ဖမ်းဆီးမှုများ အရ ငွေကျပ် ၅၁ ဒသမ ၈၇ ဘီလီယံတန်ဖိုးရှိ အိုက်စ် (မက်သ်အဖက်တမင်း) ၂ တန်ကျော်၊ ထိန်းချုပ်ဓာတုပစ္စည်း ကဖင်း ၈၀၀ ကီလိုနှင့်အတူ AA သောင်းကျန်းသူများ ပါဝင်သည့် မူးယစ်မှောင်ခိုဂိုဏ်းအဖွဲ့ကို ဖော်ထုတ် ဖမ်းဆီးရမိခဲ့ပါကြောင်း။

**မြန်မာနိုင်ငံတွင် ခေတ်အဆက်ဆက်က မူးယစ်ဆေးဝါးထုတ်လုပ်မှုကိုကြည့်ပါက လမ်းပန်းဆက်သွယ်ရေးခက်ခဲသည့်နေရာများ၊ အုပ်ချုပ်မှုအလှမ်းဝေးသည့် နေရာများ၊ ဖွံ့ဖြိုးမှုနောက်ကျနေသည့် နေရာများ၊ လုံခြုံရေးတည်ငြိမ်မှုမရှိသည့်နေရာများနှင့် လူသူအရောက် အပေါက်နည်းပြီး တောတောင်ထူထပ်သည့်နေရာများတွင် စိုက်ပျိုးထုတ်လုပ်ခဲ့သည်ကို တွေ့ရပါကြောင်း၊** လွတ်လပ်ရေးရပြီးနောက် တရုတ်ဖြူတို့ မြန်မာနိုင်ငံအတွင်း ကျူးကျော်ဝင် ရောက်ချိန်မှစပြီး ရှမ်းပြည်နယ်တွင် ဘိန်းစိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားလာခဲ့ပါကြောင်း၊ ၎င်းနောက် ဗမာပြည်ကွန်မြူနစ်ပါတီကစပြီး နောက်ပိုင်း ပေါ်ပေါက်လာသည့် သောင်းကျန်းသူ လက်နက်ကိုင်အဖွဲ့အစည်းများက ၎င်းတို့ ရေရှည်ရပ်တည်နိုင်ရေးအတွက် ဘိန်းစိုက်ပျိုး ထုတ်လုပ်ရောင်းချမှုကို တိုးချဲ့လုပ်ဆောင်ခဲ့ခြင်းကြောင့် ရှမ်းပြည်နယ်သည် ကမ္ဘာပေါ်တွင် ဘိန်းထုတ်လုပ်မှုအများဆုံးဟူသည့် နာမည်ဆိုးနှင့် ကျော်ကြားသည့်နေရာတစ်ခု ဖြစ်ခဲ့ပါကြောင်း။

ဘိန်းကို ရှမ်းပြည်နယ်တွင် အများဆုံးစိုက်ပျိုးပြီး ရှမ်းပြည်နယ်သည် ဒေသတွင်း၌ မူးယစ်ဆေးဝါးများ ထွက်ရှိမှု၏ ဗဟိုချက်ဖြစ်ကြောင်းနှင့် အဆိုပါဒေသမှ တရားမဝင် မူးယစ်ဆေးဝါးများကို ကုန်းလမ်းကြောင်းမှ မှောင်ခိုသယ်ဆောင်ခြင်းကို စစ်ဆေးမှုများ ပိုမိုတင်းကျပ်သည့်အတွက် ရေလမ်းကြောင်းမှလှေများဖြင့် အခြားနိုင်ငံများကို မှောင်ခိုတင်သွင်းလျက်ရှိသည်ကို မူးယစ်ဆေးဝါးနှင့် ရာဇဝတ်မှုဆိုင်ရာကုလသမဂ္ဂရုံး(UNODC)၏ ၂၀၂၃ ခုနှစ် နှစ်ပတ်လည်အစီရင်ခံစာတွင် ဖော်ပြခဲ့သည်ကိုလည်း တွေ့ရှိရပါကြောင်း၊ UNODC နှင့် မြန်မာနိုင်ငံ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့တို့ ပူးပေါင်းပြီး ဘိန်းစိုက်ပျိုး/ထုတ်လုပ်မှုကိုတိုင်းတာခဲ့ရာ ၂၀၁၂ ဘိန်းစိုက်ရာသီမှစ၍ တစ်နှစ်ထက်တစ်နှစ် နှစ်စဉ် လျော့ကျလာခဲ့သည်ကို တွေ့ရှိရသော်လည်း **UNODC ၏ ၂၀၂၃ ခုနှစ် နှစ်ပတ်လည် အစီရင်ခံစာတွင် ၂၀၂၂ ခုနှစ်အတွင်း မြန်မာနိုင်ငံတွင် ဘိန်းစိုက်ပျိုး/ထုတ်လုပ်မှုအနေဖြင့် ၄၀၁၀၀ ဟက်တာ စိုက်ပျိုးခဲ့သည်ကို ဖော်ပြ**ခဲ့ပါကြောင်း၊ ၂၀၂၁ ခုနှစ်က ဘိန်းစိုက်ပျိုးမှု ၃၀၂၀၀ ဟက်တာစိုက်ပျိုးခဲ့ခြင်းကြောင့် ၂၀၂၂ ခုနှစ်အတွင်း ဘိန်းစိုက်ပျိုးမှုသည် ၃၃ ရာခိုင်နှုန်း တိုးတက်လာသည်ကို တွေ့ရပါကြောင်း၊ ထို့ကြောင့် **ဘိန်းစိုက်ပျိုးမှုကို တရုတ်၊ မြန်မာ၊ ထိုင်း ၃ နိုင်ငံအပြင်အခြား နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းပြီး စုံစမ်းစစ်ဆေးခြင်း၊ တိုင်းတာခြင်းနှင့် ဖျက်ဆီးခြင်းများကို ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်**ပါကြောင်း။

**မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းများကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် သတ်မှတ်ဆောင်ရွက်**

မြန်မာနိုင်ငံအနေဖြင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းများကို အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ် သတ်မှတ်ဆောင်ရွက်လျက်ရှိပြီး မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းများကို ကုလသမဂ္ဂအပါအဝင် အိမ်နီးချင်းနိုင်ငံများ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများ၊ မဲခေါင်ဒေသတွင်းနိုင်ငံများ၊ ဘင်းမ်စတက် အဖွဲ့ဝင်နိုင်ငံများ၊ နိုင်ငံတကာ မူးယစ်ဆေးဝါး ထိန်းချုပ်ရေးဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ **မူးယစ်ဆေးဝါး ပပျောက်ရေးကို နိုင်ငံတိုင်းကလည်း အမျိုးသားရေးတာဝန်အဖြစ် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ဘက်ပေါင်းစုံမှ ကြိုးပမ်းဆောင်ရွက်မှသာ ပိုမိုအောင်မြင်မည်ဖြစ်**ပါကြောင်း။

အကြမ်းဖက်သောင်းကျန်းသူများသည် နိုင်ငံတော်အတွင်း တည်ငြိမ်အေးချမ်းမှုပျက်ယွင်းပြီး မတည်မငြိမ်ဖြစ်စေရေးဘက်ပေါင်းစုံမှ တိုက်ခိုက်လျက်ရှိသောကြောင့် ဒေသခံပြည်သူ့စစ်များ အပါအဝင် ပြည်သူ့ကာကွယ်ရေးနှင့် လုံခြုံရေးစနစ်ကို တိုးမြှင့်ဆောင်ရွက်ရန် စီမံဆောင်ရွက်လျက်ရှိပါကြောင်း၊ နိုင်ငံတော် တည်ငြိမ်အေးချမ်းမှုသာ ဒီမိုကရေစီစနစ်ကို ခိုင်မာစွာလျှောက်

> **မိမိတို့အစိုးရက ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ်များအတိုင်း ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲတစ်ရပ် ကျင်းပနိုင်ရေး ဆောင်ရွက်ပေးပြီး ဖြစ်ပေါ်လာသည့် လွှတ်တော်များမှတစ်ဆင့် ခေတ်စနစ်နှင့် မကိုက်ညီသည့်အချက်များကို ပြင်ဆင်သွားရမည်ဖြစ်ကြောင်းကိုတင်ပြလို၊ NCA စာချုပ်ကို လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များ အနေဖြင့်လည်း နိုင်ငံ၏ ဒီမိုကရေစီစနစ် ခိုင်မြဲစေရေး မဖြစ်မနေဆောင်ရွက်ရမည့် ရွေးကောက်ပွဲကို ပါဝင်ကူညီရန်လိုအပ်။**

လှမ်းနိုင်မည်ဖြစ်သည့်အတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ချမှတ်ထားသည့် ရည်မှန်းချက်များ၊ ဦးတည်ချက်များအတိုင်း ဆက်လက်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ကြောင့်လည်း နိုင်ငံတော်တည်ငြိမ်အေးချမ်းရန်အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များသာမက ပြည်သူလူထုတစ်ရပ်လုံးကလည်း အကြမ်းဖက်တိုက်ခိုက်မှုများကို ဝိုင်းဝန်းကာကွယ်တားဆီးပေးရန် လိုအပ်ပါကြောင်း၊ ပြည်သူ့လုံခြုံရေးစနစ်နှင့် ပတ်သက်၍လည်း **လက်ရှိအချိန်တွင် သက်ဆိုင်ရာနယ်မြေအလိုက် ဆောင်ရွက်ရန် စီမံလျက်ရှိပြီး ပြည်သူလူထုနှင့် ပူးပေါင်းကာ ဒေသအလိုက် လုံခြုံရေးအပြည့်အဝ ဆောင်ရွက်နိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ထိုမှတစ်ဆင့် ပြည်သူ့ကာကွယ်ရေးစနစ်ကို သွားရမည်ဖြစ်**ပါကြောင်း၊ အရေးကြီးသည်မှာ ဒေသအလိုက် ရှိနေသည့် ဆန့်ကျင်ဘက်အဖွဲ့များ၏ သတင်းကို ပေးရန်ဖြစ်ပါကြောင်း၊ သတင်းပေးသူကိုလည်း အထူးလျှို့ဝှက်ပေးရန် လိုပါကြောင်း၊ ယင်းသို့ ဆောင်ရွက်သည့်အခါတွင် **နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်နှင့် နိုင်ငံတော်ကြီးကို ဖွံ့ဖြိုးတိုးတက်လိုစိတ်ရှိသူ တိုင်းရင်းသားပြည်သူ အားလုံးက ဝိုင်းဝန်းပူးပေါင်းပါဝင်ကြရန်လို**အပ်ပါကြောင်း၊ ထိုသို့ နိုင်ငံတော်၏ တည်ငြိမ်အေးချမ်းရေးကို နှောင့်ယှက်ဖျက်ဆီးရုံသာမက အမျိုး၊ ဘာသာ၊ သာသနာအပေါ် စော်ကားလာကြသောကြောင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ရနိုင်သမျှသော နည်းလမ်းမျိုးစုံ အသုံးပြုပြီး နိုင်ငံတော်တည်ငြိမ်အေးချမ်းမှု အပြည့်အဝ ပြန်လည်ရရှိအောင် ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

ပညာရေးကဏ္ဍနှင့်ပတ်သက်၍ ၂၀၂၃-၂၀၂၄ ပညာသင်နှစ်အတွင်း နိုင်ငံတစ်ဝန်းလုံးရှိ အခြေခံကျောင်းများအနေဖြင့် ကျောင်းအပ်နှံသူ ၈၁၀၈၂၂၇ ဦး ရှိခဲ့ပြီး ယနေ့အချိန်တွင် ၆၇၆၇၇၆၃ ဦးသာ ကျောင်းတက်ရောက်လျက်ရှိသောကြောင့် အကြောင်းအမျိုးမျိုးဖြင့် ကျောင်းတက်ရန် ပျက်ကွက်သူ ၁၃၄၀၄၆၄ ဦး ရှိကြောင်းကို တွေ့ရှိရပါကြောင်း၊ ရာခိုင်နှုန်းအားဖြင့် ၁၆ ဒသမ ၅၃ ရာခိုင်နှုန်းဖြစ်ပါကြောင်း၊ ပျက်ကွက်သည့်ဒေသများကို ပြန်ကြည့်ပါက ကရင်ပြည်နယ် ဒေသအချို့၊ ချင်းပြည်နယ်၊ ကယားပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း)ဒေသတို့တွင် ဖြစ်နေသည်ကို တွေ့ရှိရပါကြောင်း၊ တိုက်ပွဲများဖြစ်ပွားပြီး တည်ငြိမ်အေးချမ်းမှု မရှိခြင်း၏ ရလဒ်များဖြစ်သည်ကို ထင်ရှားစွာသိနိုင်ပါကြောင်း၊ တက္ကသိုလ်များအနေဖြင့်လည်း ၂၀၂၃-၂၀၂၄ ပညာသင်နှစ်အတွင်း ကျောင်းဖွင့်ချိန်တွင် စတင်တက်ရောက်သူ ၁၁၂၉၆၈ ဦးရှိခဲ့ပြီး ယနေ့အချိန်တွင် အေးချမ်းစွာပညာသင်ကြားလျက်ရှိသူ ၈၆၆၈၇ ဦး ရှိသောကြောင့် ပျက်ကွက်သူ ၂၆၂၈၁ ဦး ရာခိုင်နှုန်းအားဖြင့် ၂၃ ဒသမ ၃ ရာခိုင်နှုန်း ဖြစ်ပါကြောင်း၊ လွိုင်ကော်တက္ကသိုလ်အနေဖြင့် ၁၀၀ ရာခိုင်နှုန်း တက်ရောက်နိုင်ခြင်းမရှိဘဲ **ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း)တွင်ရှိသည့် တက္ကသိုလ်များတွင်လည်း ကျောင်းတက်ရန်ပျက်ကွက်မှု ရာခိုင်နှုန်းအများဆုံး ဖြစ်**သည်ကို တွေ့ရပါကြောင်း၊ အချို့ကျောင်းသား၊ ကျောင်းသူများသည် အခြားပြည်နယ်၊ တိုင်းဒေသကြီးရှိ တက္ကသိုလ်များသို့ ပြောင်းရွှေ့ကျောင်းတက်နေခြင်းများလည်းရှိပါကြောင်း၊ **အကြမ်းဖက်သောင်းကျန်းသူများ၏ လုပ်ရပ်သည် နိုင်ငံတော်၏ အနာဂတ် လူသားအရင်းအမြစ်များဖြစ်သည့် လူငယ်များ ပညာသင်ကြားရေးကို**

**တိုက်ရိုက်ထိခိုက်စေ**ပါကြောင်း၊ ယင်းလုပ်ရပ်သည် **နိုင်ငံတော်၏ အနာဂတ်အတွက် စိုးရိမ်ဖွယ်ရာဖြစ်သောကြောင့် ပြည်သူလူထု တစ်ရပ်လုံး၊ နိုင်ငံတကာအဖွဲ့အစည်းအားလုံးက ဝိုင်းဝန်းဆန့်ကျင်ရမည်ဖြစ်**ပါကြောင်း။

**မိမိတို့နိုင်ငံသည် ပါတီစုံဒီမိုကရေစီစနစ်ကို လျှောက်လှမ်းလျက်ရှိသောကြောင့် နိုင်ငံရေးအရ၊ တိုင်းရင်းသားရေးအရ၊ ဘာသာရေးအရ သဘောထားကွဲလွဲမှုများ မဖြစ်သင့်တော့ဘဲ ငြိမ်းချမ်းစွာနှင့် ဒီမိုကရေစီနှင့်လွှတ်တော်လမ်းကြောင်းအပေါ် ရောက်ရှိနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိ**ပါကြောင်း၊ NCA စာချုပ်ကို ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်တွင် အစိုးရ၊ လွှတ်တော်၊ တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများက ကမ္ဘာ့ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာက အသိသက်သေများ၊ ပြည်တွင်းအသိသက်သေများ ရှေ့မှောက်တွင် ခမ်းနားထည်ဝါစွာ လက်မှတ်ရေးထိုးခဲ့သည့် စာချုပ်တစ်ခုဖြစ်ပါကြောင်း၊ Union Accord အဖြစ် ပြည်ထောင်စုလွှတ်တော်က အတည်ပြုပေးထားသည့်သမိုင်းဝင်စာချုပ်ဖြစ်သောကြောင့် မည်သည့်အချိန်မှ ပျက်ပြယ်မှုမရှိဘဲ တည်ရှိနေမည့် စာချုပ်ဖြစ်ပါကြောင်း။

၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်တွင် ကျရောက်သည့် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးစာချုပ် (NCA) (၈)နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားကိုလည်း ပြည်တွင်းပြည်ပမှ သက်ဆိုင်သူ စုံစုံလင်လင်နှင့် လက်တွေ့ကျကျ၊ အဓိပ္ပာယ်ရှိရှိ အောင်မြင်စွာကျင်းပနိုင်ခဲ့ပါကြောင်း။

**KIA၊ SSPP/SSA၊ KNPP သောင်းကျန်းသူအဖွဲ့များအနေဖြင့် PDF အမည်ခံအကြမ်းဖက်သမားများကို အားပေးကူညီ**

မိမိအနေဖြင့် NCA စာချုပ်ကို လက်မှတ်ရေးထိုးထားသော တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ၊ စာချုပ်ကို လက်မှတ်မရေးထိုးရသေးသောအဖွဲ့အစည်းများနှင့် တွေ့ဆုံဆွေးနွေးချိန်များတွင် ၎င်းတို့၏ လိုလားချက်များကို လက်နက်ကိုင်ပြီး တောင်းဆိုပါက ဒီမိုကရေစီစနစ်ကို သွေဖည်ရာရောက်မည်ဖြစ်သောကြောင့် ငြိမ်းချမ်းရေးစားပွဲဝိုင်းမှတစ်ဆင့် လွှတ်တော်၌သာ လိုလားချက်များကို တောင်းဆိုရန် အကြိမ်ကြိမ်ပြောခဲ့ပါကြောင်း၊ NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအနက် KNU အဖွဲ့မှ အကြမ်းဖက်မှုကိုလိုလားသည့် အချို့အဖွဲ့များနှင့် NCA စာချုပ်ကို လက်မှတ်မထိုးရသေးသည့် လက်နက်ကိုင်အဖွဲ့ ၁၁ ဖွဲ့အနက် KIA၊ SSPP/SSA၊ KNPP သောင်းကျန်းသူအဖွဲ့များအနေဖြင့် PDF အမည်ခံအကြမ်းဖက်သမားများကို အားပေးကူညီခဲ့ပြီး နိုင်ငံတစ်ဝန်း အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်စေခဲ့သည်ကို တွေ့ရပါကြောင်း။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် စတင်ဖွဲ့စည်းစဉ်ကတည်းက စစ်မှန်စည်းကမ်း ပြည့်ဝသည့် ပါတီစုံ ဒီမိုကရေစီစနစ်ခိုင်မာရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးဟူသည့် နိုင်ငံရေးရည်မှန်းချက် ၂ ရပ်ကို ချမှတ်ဆောင်ရွက်ခဲ့ပါကြောင်း၊ ယင်းနိုင်ငံရေးရည်မှန်းချက် ၂ ရပ်ကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် နိုင်ငံသားတိုင်း၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှုသည် အရေးကြီးပါကြောင်း၊ **မည်သူမဆို၊ မည်သည့်အဖွဲ့အစည်းမဆို ဒီမိုကရေစီလမ်းကြောင်းက သွေဖည်သွားနိုင်သည့် လုပ်ဆောင်ချက်များကို ရှောင်ရှားကြရမည်ဖြစ်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ တည်ဆဲဥပဒေများကို လေးစားလိုက်နာကြရမည်ဖြစ်**ပါကြောင်း၊ တိုင်းရင်းသားပြည်သူအားလုံး၏ ဆန္ဒဖြစ်သည့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရာတွင်လည်း ဒီမိုကရေစီစနစ်၊ ဖက်ဒရယ်စနစ်တို့နှင့် ပတ်သက်ပြီး မိမိတို့နိုင်ငံနှင့် သဟဇာတဖြစ်သည့် စနစ်မျိုးကို ရွေးချယ်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ၏ တိုင်းဒေသကြီး၊ ပြည်နယ်များတွင် တိုင်းရင်းသားလူမျိုးတစ်မျိုးတည်းသာ နေထိုင်သည့် တိုင်းဒေသကြီး၊ ပြည်နယ်ဟူ၍မရှိပါကြောင်း၊ လူမျိုးပေါင်းစုံပျံ့နှံ့နေထိုင်နေကြပါကြောင်း၊ ထို့ကြောင့် **နိုင်ငံရေးအနေဖြင့် ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးသွားမည်ဖြစ်ပြီး အုပ်ချုပ်ရေးအနေဖြင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုစနစ်ကို ကျင့်သုံးနိုင်ရေး ဆောင်ရွက်နေခြင်းပင်ဖြစ်**ပါကြောင်း၊ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေတွင်လည်း ဖက်ဒရယ်ဆိုင်ရာ လုပ်ပိုင်ခွင့်နှင့်ပတ်သက်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေဇယား (၁၊ ၂၊ ၃၊ ၅) ပါ ပြည်ထောင်စုအဆင့်၊ တိုင်း

ဒေသကြီး၊ ပြည်နယ်အဆင့်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း၊ ဒေသတို့အတွက် ခွင့်ပြုပေးထားပြီးဖြစ်ပါကြောင်း။

တပ်မတော်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေသည် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲပြုလုပ်ပြီး ပြည်သူ့ဆန္ဒနှင့်အညီ ပြဋ္ဌာန်းထားသည့် ဥပဒေဖြစ်ခြင်း၊ ၂၀၀၈ ခုနှစ်မှ အတည်ပြု ပြဋ္ဌာန်းထားပြီး ခေတ်ကာလ အခြေအနေနှင့်အညီ ပြင်ဆင်သင့်သည်များရှိနိုင်ခြင်းတို့ကြောင့် ပြင်ဆင်သင့် ပြင်ဆင်ထိုက်သည်များ ပြင်ဆင်သွားရမည်ကိုလည်း သဘောတူကြောင်းကိုအကြိမ်ကြိမ်ပြောခဲ့ပြီးဖြစ်ပါကြောင်း၊ ယခင်အစိုးရကာလများအတွင်း၌ အချက်တော်တော် များများကို ပြင်ပေးနိုင်ခဲ့သော်လည်း ပြည်သူလူထု၏ ဆန္ဒခံယူပွဲများ မပြုလုပ်နိုင်သေးသည့်အတွက် အတည် မပြုနိုင်သေးသည့် အချက်များလည်း ရှိပါကြောင်း၊ အခြေခံဥပဒေ၏ အခန်း(၁၂)တွင် မည်သို့ပြင်ရမည် ဟူသော ပြဋ္ဌာန်းချက်များ ပါဝင်သည့်အတွက် အခြေခံ ဥပဒေနှင့်အညီသာ ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ အခြေခံဥပဒေပြင်ဆင်ရေးအတွက် လွှတ်တော်လမ်း ကြောင်းမှသာ ဆောင်ရွက်နိုင်မည်လည်း ဖြစ်ပါကြောင်း၊ ထို့ကြောင့် **မိမိတို့အစိုးရက ချမှတ်ထားသည့် ရှေ့ လုပ်ငန်းစဉ်များအတိုင်း ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲတစ်ရပ်ကျင်းပနိုင်ရေး ဆောင်ရွက်ပေးပြီး ဖြစ်ပေါ်လာသည့် လွှတ်တော်များမှတစ်ဆင့် ခေတ်စနစ်နှင့် မကိုက်ညီသည့်အချက်များကို ပြင်ဆင်သွားရမည်ဖြစ် ကြောင်းကို တင်ပြလို**ပါကြောင်း၊ NCA စာချုပ်ကို လက်မှတ်ရေးထိုးထားသည့်တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့များအနေဖြင့်လည်း နိုင်ငံ၏ ဒီမိုကရေစီစနစ် ခိုင်မြဲ စေရေး မဖြစ်မနေဆောင်ရွက်ရမည့် ရွေးကောက်ပွဲကို ပါဝင် ကူညီရန်လိုအပ်ပါကြောင်း။

**လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲဖြစ်မှ သာလျှင် ပြည်သူ့ဆန္ဒအစစ်အမှန်ကို ပုံပေါ်စေမည်**

မြန်မာ့တပ်မတော်အနေဖြင့်ပြည်သူများလိုလားသည့် ပါတီစုံ ဒီမိုကရေစီစနစ်ကို စနစ်တကျဖြစ်ပေါ်လာအောင် ဦးဆောင်ဖော်ဆောင်ပေးခဲ့သည့် အဖွဲ့အစည်းဖြစ် သကဲ့သို့ မြန်မာ့ဒီမိုကရေစီ စနစ်ခိုင်မာအောင် တည့်မတ် ဆောင်ရွက်ပေးနေသည့် အဖွဲ့အစည်းတစ်ခုပင်ဖြစ်ပါ ကြောင်း၊ ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးရာတွင် လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲသည် ယင်း စနစ်၏ အသက်ပင်ဖြစ်သောကြောင့် လွတ်လပ်၍တရား မျှတသော ရွေးကောက်ပွဲဖြစ်မှသာလျှင် ပြည်သူ့ဆန္ဒ အစစ်အမှန်ကိုပုံပေါ်စေမည်ဖြစ်ပါကြောင်း၊ရွေးကောက်ပွဲ တစ်ရပ်သည် လွတ်လပ် သန့်ရှင်း၍ တရားမျှတမှုအပြည့် ရှိမှသာ ပြည်သူ့ဆန္ဒအစစ်အမှန်ကို ထင်ဟပ်ပေါ်လွင်စေ မည် ဖြစ်သကဲ့သို့ ဒီမိုကရေစီစနစ်ကိုလည်း ပီပြင်စေမည် ဖြစ်ပါကြောင်း၊ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲတွင် ယခင် NLD ပါတီ အနေဖြင့် စည်းကမ်းမဲ့စွာဖြင့် ဆောင်ရွက်ခဲ့သောကြောင့် နိုင်ငံအတွက် အမည်းစက်တစ်ခုဖြစ်ပေါ် စေခဲ့ပါကြောင်း၊ ထိုကဲ့သို့ဖြစ်ရပ်မျိုး ထပ်မံမဖြစ်ပေါ်စေရေး စစ်မှန် စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ကို ခိုင်ခိုင် မာမာနှင့် သင်ခန်းစာယူ ဆောင်ရွက်သွားရန် လိုအပ်ပါ ကြောင်း။

ရွေးကောက်ပွဲတွင် ပါတီစုံပါဝင်စေရေးသည် အရေးကြီးသောကြောင့် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အနေဖြင့် ယခင်နိုင်ငံရေးပါတီများနှင့် ၄ ကြိမ် တွေ့ဆုံပြီး ယခင်ရွေးကောက်ပွဲများတွင် ဖြစ်ပေါ်ခဲ့သည့် လေလွင့်ဆုံးရှုံးသည့်မဲများ မဖြစ်စေရေးအတွက် မဲများသူ အနိုင်ရသည့်စနစ်(First Past The Post) FPTP စနစ် အစား မြန်မာနိုင်ငံနှင့် သင့်လျော်ပြီး ရိုးရှင်းလွယ်ကူသည့် စာရင်းပိတ် အချိုးကျကိုယ်စားပြုစနစ် (Closed List–PR) ကို ပေါင်းစပ်ကျင့်သုံးရန် နိုင်ငံရေးပါတီများက သဘောတူ ပြီးဖြစ်ပါကြောင်း၊ အချိုးကျကိုယ်စားပြုစနစ်နှင့် ကိုက် ညီသည့် သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေများကိုလည်း ပြင်ဆင်ထုတ်ပြန်ရန် ညှိနှိုင်း ဆောင်ရွက်လျက်ရှိပါကြောင်း၊ နိုင်ငံရေးပါတီများ အနေဖြင့် နိုင်ငံတော်တာဝန်ကို ဦးဆောင်ပြီး ဆောင်ရွက် ရမည်ဖြစ်သောကြောင့် ခိုင်မာအားကောင်းသည့် အဖွဲ့များ ဖြစ်စေရေး နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ၊ နည်းဥပဒေများကိုအသစ် ပြဋ္ဌာန်းထုတ်ပြန်ဆောင်ရွက် ခဲ့ပါကြောင်း၊ ပြဋ္ဌာန်းထုတ်ပြန်ခဲ့သည့် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေ၊ နည်းဥပဒေများနှင့်အညီ နိုင်ငံရေး ပါတီအဖြစ် ပြန်လည်မှတ်ပုံတင်ခွင့်လျှောက်ထားသည့် ပါတီ ၅၀ ပါတီနှင့် ပါတီအသစ်တည်ထောင်ခွင့် လျှောက် ထားသည့် ပါတီ ၁၅ ပါတီ၊ စုစုပေါင်း ၆၅ ပါတီရှိပြီဖြစ် ပါကြောင်း၊ ဥပဒေနှင့်အညီ ပြန်လည်မှတ်ပုံတင်ခွင့်

လျှောက်ထားခြင်းမရှိသည့် နိုင်ငံရေးပါတီ ၄၀ ပါတီရှိပြီး ၎င်းနိုင်ငံရေးပါတီများသည် မှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၂၅ အရ နိုင်ငံရေးပါတီအဖြစ်မှ အလိုအလျောက် ပျက်ပြယ်ပြီးဖြစ်ပါကြောင်း၊ ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်အနေဖြင့် ပြန်လည်မှတ်ပုံတင်ခွင့်နှင့် အသစ်တည်ထောင်မှတ်ပုံတင်ခွင့် တင်ပြလာသည့် နိုင်ငံရေး ပါတီ ၆၅ ပါတီအနက်မှ နိုင်ငံရေးပါတီ ၄၇ ပါတီကို

> ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် မဲစာရင်းမှားယွင်းမှုကြောင့် အမည်းစက် ဖြစ်ခဲ့ရသည့် အဖြစ်မျိုး ထပ်မံမဖြစ်စေရေး အဖြစ်နိုင်ဆုံး မဲစာရင်းမှန်ကန်အောင် ဆောင်ရွက်ရန်လို၊ ထို့ကြောင့် ၂၀၂၄ ခုနှစ်တွင် ပြည်လုံးကျွတ်သန်းခေါင်စာရင်း ကောက်ယူနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်၊ အောင်မြင်စွာ ကောက်ယူနိုင်ရေးနှင့် စာရင်းကောက်ယူရာတွင် တွေ့ကြုံလာနိုင်သည့် အခက်အခဲများကို ကြိုတင်ပြင်ဆင်ထားနိုင်ရေး စမ်းသပ်သန်းခေါင်စာရင်းကိုလည်း ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလတွင် မြို့နယ်ပေါင်း ၂၀ အတွင်းရှိ စာရင်းကောက်ကွက် ၁၀၀ ၌ ပဏာမဆောင်ရွက်ခဲ့ပြီးဖြစ်၊ ၂၀၁၄ ခုနှစ်၊ လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းမှ ကောက်ယူရရှိသည့် လူဦးရေကို အခြေခံပြီး ခန့်မှန်းတွက်ချက်ရာ ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၁ ရက် မြန်မာနိုင်ငံရှိ ခန့်မှန်းလူဦးရေမှာ ၅၆ ဒသမ ၂ သန်း ဖြစ်။

မှတ်ပုံတင်ခွင့်ပြုခဲ့ပြီး နိုင်ငံရေးပါတီ ၂ ပါတီကို ဥပဒေနှင့်အညီ ပါတီမှတ်ပုံတင်ခွင့် ပယ်ဖျက်ခဲ့သည့်အတွက် လက်ရှိတည်ဆဲနိုင်ငံရေး ပါတီ ၄၅ ပါတီ ရှိပါကြောင်း။

၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၆ ရက်တွင်လည်း မိမိဦးစီးပြီး မှတ်ပုံတင်ခွင့်ပြုထားပြီးဖြစ်သည့် နိုင်ငံရေးပါတီများမှ ဥက္ကဋ္ဌများ၊ ဒုတိယဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများကို တွေ့ဆုံပြီး နိုင်ငံတော်တွင်ဖြစ်ပေါ်နေသည့် လက်ရှိနိုင်ငံရေးပြောင်းလဲခဲ့ရမှု အခြေအနေ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အချို့၏ အကြမ်းဖက်တိုက်ခိုက်မှုများကို ကျယ်ပြန့်စွာ ပုံဖော်လုပ်ဆောင်လာမှုအခြေအနေ၊ PDF အမည်ခံ အကြမ်းဖက်သမားများ၏ အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်နေမှုအခြေအနေ၊ အစိုးရ၏ စီးပွားရေးနှင့် လူမှုရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နေမှုအခြေအနေ၊ ရွေးကောက်ပွဲ လုပ်ဆောင်မည့် အခြေအနေများကို ပွင့်လင်းစွာချပြခဲ့ပြီး တက်ရောက်လာသည့် ပါတီများကလည်း လက်ရှိနိုင်ငံအတွင်း ဖြစ်ပေါ်နေသည့် အခြေအနေများအပေါ် အမြင်များနှင့် ပါတီဆိုင်ရာအခက်အခဲများကို တင်ပြဆွေးနွေးခဲ့ကြပြီး ရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေး ဝိုင်းဝန်းကြိုးပမ်းကြရန်အားလုံးက သဘောတူခဲ့ကြပါကြောင်း၊ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေမှ ပြင်ဆင်သင့်သည်များကိုလည်း ပြင်ဆင်သည့်ဥပဒေ ထုတ်ပြန်ခဲ့ပြီးဖြစ်ပါကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)၏ ပုဒ်မ ၄၂၉ တွင်လည်း **အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် ပုဒ်မ ၄၂၆ အရ အမိန့်ကို ပယ်ဖျက်ကြောင်း ကြေညာသည့်နေ့မှစ၍ ခြောက်လအတွင်း ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် အညီ အထွေထွေရွေးကောက်ပွဲ ကျင်းပပေးရမည်** ဟု ဖော်ပြထားပါကြောင်း၊ ထို့ကြောင့် မိမိတို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီက ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ် (၅) ရပ်၏ နံပါတ် (ငါး) အချက်တွင်ပါသည့်အတိုင်းပါတီစုံ အထွေထွေရွေးကောက်ပွဲကြီးကို ကျင်းပနိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အန္တိမရည်မှန်းချက်မှာ လွတ်လပ်၍ တရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပနိုင်ရေးပင်ဖြစ်ပါ**ကြောင်း၊ ရွေးကောက်ပွဲ ရာနှုန်းပြည့် ကျင်းပ

အောင်မြင်ရန် ခက်ခဲသော်လည်း ပြည်သူတို့၏ မဲပေးပိုင်ခွင့် မဆုံးရှုံးစေရေး စွမ်းအားရှိသမျှ လုပ်ဆောင်သွားမည်ဖြစ်ပြီး စည်းစနစ်ကျနမှုရှိသည့် အထွေထွေရွေးကောက်ပွဲ တစ်ရပ်ဖြစ်စေရေး ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ဒီမိုကရေစီစနစ်တွင် လွှတ်တော်သည် နိုင်ငံရေးအရ အမြင့်ဆုံးဖြစ်သောကြောင့် တိုင်းရင်းသား အားလုံးက မိမိတို့ဒေသအခွင့်အရေးများကို တရားဥပဒေနှင့်အညီ တောင်းဆိုနိုင်ရေး နိုင်ငံရေးစင်မြင့် လွှတ်တော်တွင် ပါဝင်နိုင်အောင်လည်း ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံတော်၏ သမ္မတကို ပြည်ထောင်စုလွှတ်တော်မှ ရွေးချယ်ရပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များကို သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် လွှတ်တော်များမှ ရွေးချယ်ပေးရခြင်းဖြစ်ပါကြောင်း၊ **လွှတ်တော်အသီးသီးတွင် အစည်းအဝေး အထမြောက်ရေးအတွက် သိက္ခာရှိသည့် လွှတ်တော်အစည်းအဝေးဖြစ်အောင် သတ်မှတ်ကိုယ်စားလှယ်များ ရွေးချယ်တက်ရောက်နိုင်ရေး မဖြစ်မနေဆောင် ရွက်သွားရမည်ဖြစ်**ပါကြောင်း၊ အဆိုပါလွှတ်တော်များတွင် သက်ဆိုင်ရာ ဒေသအလိုက်ပါတီများ ပါဝင်မှသာ လွှတ်တော်အတွင်း ကိုယ်စားပြုမှုများမည်ဖြစ်ပြီး ပြည်သူတို့၏ အသံနှင့် ဖြစ်စေချင်သည့်အချက်များကို ပြောခွင့်ရမည်ဖြစ်ပါကြောင်း၊ **နိုင်ငံ့လူဦးရေ၏ ပျမ်းမျှ ၂၈ ရာခိုင်နှုန်းခန့်သည် မြို့ပေါ်နေပြီး ၇၂ ရာခိုင်နှုန်းခန့်သည် ကျေးလက်တွင်နေကြ**ပါကြောင်း၊ **အချို့ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် ယခု အချိုးထက် ပိုကွာဟ**ပါကြောင်း၊ ထို့ကြောင့် **မြို့ပေါ်တစ်ခုတည်း၏ ဆန္ဒကိုသာမကြည့်ဘဲ ကျေးလက်နေ ပြည်သူများ၏ မဲပေးခွင့်ဆန္ဒပြုမှုများကိုလည်း အလေးထားစဉ်းစားရမည်ဖြစ်**ကြောင်း၊ ထို့ကြောင့် လက်ရှိတည်ငြိမ်အေးချမ်းမှု နည်းပါးနေသည့် စစ်ကိုင်းတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်စသည့် တိုင်းဒေသကြီးများနှင့် ပြည်နယ်များအလိုက် ဒေသတည်ငြိမ်အေးချမ်းရေးကို အလေးအနက်ထား ဆောင်ရွက်နေပြီး ရွေးကောက်ပွဲအတွက် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ မိမိတို့အနေဖြင့်မည်သည့် တိုင်းဒေသကြီး၊ မည်သည့်ပြည်နယ်သည် ငြိမ်းချမ်းမှု မရှိသောကြောင့် ရွေးကောက်ပွဲပြုလုပ်၍ မရဟူ၍ ချန်ထားခဲ့၍ မရပါကြောင်း၊ အထက်တွင် မိမိတင်ပြခဲ့သည့် လွှတ်တော်အစည်းအဝေးများ အထမြောက်အောင် ရွေးကောက်ပွဲလုပ်နိုင်ရမည်ဖြစ်ပြီး ထိုသို့ချန်လှပ်ထားခဲ့ပါက ယင်းဒေသတွင် ဒီမိုကရေစီ ဆိတ်သုဉ်းသွားမည်၊ အာဏာရှင်စနစ်၊ စစ်ဘုရင်စနစ်များ ဝင်လာမည်၊ ဒေသခံတိုင်းရင်းသားပြည်သူများ နစ်နာမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ဒီမိုကရေစီစနစ်ကို အမှန်တကယ်လိုလားသည်ဆိုပါက လွတ်လပ်ပြီးတရားမျှတသည့် ရွေးကောက်ပွဲကို လုပ်နိုင်အောင် ကြိုးစားရမည်ဖြစ်ပြီး နိုင်ငံရေးပါတီများကလည်း ဝိုင်းဝန်းကူညီပေးရန် လိုပါကြောင်း။

**တစ်နိုင်ငံလုံး အကြားအလပ်မရှိ ဆန္ဒမဲပေးပိုင်ခွင့်ရရှိစေရေး မဲစာရင်း အခြေခံအချက်အလက်များကို မှန်ကန်စွာပြုစုရမည်**

တစ်နိုင်ငံလုံး အကြားအလပ်မရှိ ဆန္ဒမဲပေးပိုင်ခွင့်ရရှိစေရေး မဲစာရင်းအခြေခံ အချက်အလက်များကို မှန်ကန်စွာပြုစုရမည်ဖြစ်ပါကြောင်း၊ အခြေခံအချက်အလက်များ မှန်ကန်မှသာ မဲစာရင်းများလည်း မှန်ကန်မည်ဖြစ်ပါကြောင်း၊ **၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် မဲစာရင်း မှားယွင်းမှုကြောင့် အမည်းစက်ဖြစ်ခဲ့ရသည့် အဖြစ်မျိုး ထပ်မံမဖြစ်စေရေး အဖြစ်နိုင်ဆုံး မဲစာရင်းမှန်ကန်အောင် ဆောင်ရွက်ရန်လို**ပါကြောင်း၊ ထို့ကြောင့် ၂၀၂၄ ခုနှစ်တွင် ပြည်လုံးကျွတ်သန်းခေါင်စာရင်း ကောက်ယူနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ အောင်မြင်စွာ ကောက်ယူနိုင်ရေးနှင့် စာရင်းကောက်ယူရာတွင် တွေ့ကြုံလာနိုင်သည့် အခက်အခဲများကို ကြိုတင်ပြင်ဆင်ထားနိုင်ရေး စမ်းသပ်သန်းခေါင်စာရင်းကိုလည်း ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလတွင် မြို့နယ်ပေါင်း ၂၀ အတွင်းရှိ စာရင်းကောက်ကွက် ၁၀၀ ၌ ပဏာမဆောင်ရွက်ခဲ့ပြီးဖြစ်ပါကြောင်း၊ ၂၀၁၄ ခုနှစ်၊ လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းမှ ကောက်ယူရရှိသည့် လူဦးရေကို အခြေခံပြီး ခန့်မှန်းတွက်ချက်ရာ ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၁ ရက် မြန်မာနိုင်ငံရှိ ခန့်မှန်းလူဦးရေမှာ ၅၆ ဒသမ ၂ သန်း ဖြစ်ပါကြောင်း၊ တစ်နိုင်ငံလုံး အတိုင်းအတာနှင့် သန်းခေါင်စာရင်း ကောက်ယူပြီးမှသာ လူဦးရေ စာရင်းထွက်လာ

မည်ဖြစ်ပြီး မဲစာရင်းများ ပြုစုနိုင်မည်ဖြစ်ပါကြောင်း၊ သန်းခေါင်စာရင်းများ အပြည့်အဝ ကောက်ယူနိုင်မှသာ မှန်ကန်သည့် မဲစာရင်းများ ရရှိမည်ဖြစ်ပြီး ရွေးကောက်ပွဲကို မှန်ကန်စွာပြုလုပ်နိုင်မည် ဖြစ်ပါကြောင်း။

ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်က မဲဆန္ဒရှင်များအနေဖြင့် မဲပေးရာတွင် ရှင်းလင်းလွယ်ကူစွာ မဲပေးနိုင်ရေး၊ မဲရလဒ်မှန်ကန်ရေး၊ ပယ်မဲမရှိရေး၊ မဲမသမာမှု မပြုလုပ်နိုင်ရေးနှင့် ပွင့်လင်းမြင်သာမှုရှိစေရေးအတွက် မြန်မာအီလက်ထရောနစ် မဲပေးစက် (Myanmar Electronic Voting Machine) နှင့် စပ်လျဉ်းသည့် ရှင်းလင်းပြသခြင်းများ၊ လက်တွေ့သရုပ်ပြ စမ်းသပ်မဲပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိပြီး နေပြည်တော်ရှိ ဗဟိုအဆင့် အဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများ၊ နေပြည်တော်ကောင်စီ၊ နေပြည်တော်စည်ပင်နှင့် တက္ကသိုလ်များ စုစုပေါင်း ၄၂ ဖွဲ့၊ ပြည်ထောင်စုနယ်မြေနေပြည်တော်ရှိ မြို့နယ် ၈ ခုနှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အားလုံးတို့တွင် ဆောင်ရွက်ခဲ့ပြီး မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များတွင် ဆက်လက်ဆောင်ရွက်လျက်ရှိပါကြောင်း။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်၏ ဒီမိုကရေစီစနစ်လမ်းကြောင်း မှန်ကန်ခိုင်မာစေရေးအတွက် နိုင်ငံ့တာဝန်ကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ထမ်းဆောင်နေရခြင်းဖြစ်**ပါကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၅ အရ သာမန်အားဖြင့် သက်တမ်းတိုးမှုကို ၆ လ နှစ်ကြိမ် ပေး၍ရသော်လည်း လက်ရှိအချိန်သည် ရှမ်းပြည်နယ် (မြောက်ပိုင်း)ဒေသ၊ စစ်ကိုင်းတိုင်းဒေသအချို့၊ ချင်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ဖြစ်ပေါ်နေသည့် လက်နက်ကိုင်ပဋိပက္ခများကြောင့် နိုင်ငံတော်၏ တရားဥပဒေစိုးမိုးမှု နည်းပါးကာ ဒေသခံတိုင်းရင်းသားပြည်သူလူထု၏ လူမှုစီးပွားဘဝများ ဆုံးရှုံးလျက်ရှိပါကြောင်း၊ ယင်းအခြေအနေကို အခွင့်ကောင်းယူပြီး NUG နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက နိုင်ငံတစ်ဝန်း အကြမ်းဖက်တိုက်ခိုက်မှုများအပြင် ပြည်သူလူထု ကြောက်ရွံ့ထိတ်လန့်အောင် လုပ်ဆောင်လျက်ရှိသောကြောင့် နိုင်ငံအတွင်း တရားဥပဒေစိုးမိုးကာ တည်ငြိမ်အေးချမ်းမှု ပြန်လည်ရရှိအောင် လုပ်ဆောင်ရန်လိုအပ်ပါကြောင်း၊ သာမန်အခြေအနေမဟုတ်သည်မှာ သိသာထင်ရှားပါကြောင်း၊ **တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အချို့အနေဖြင့် နယ်စပ်ဒေသများတွင် တရားဥပဒေစိုးမိုးမှုမရှိအောင် တိုက်ပွဲများ ဖော်ဆောင်မှုနှင့်အတူ Online လိမ်လည်သည့် အဖွဲ့များနှင့် အကျိုးတူပူးပေါင်းလာသည်ကို တွေ့ရသည့်အတွက် နယ်စပ်ဒေသ တည်ငြိမ်ရေး၊ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးမှုရှိအောင် ဆောင်ရွက်ပြီး Online လိမ်လည်မှုများ အမြစ်ပြတ်သည်အထိ သက်ဆိုင်ရာနိုင်ငံများနှင့်ညှိနှိုင်းပြီး ချေမှုန်းနှိမ်နင်းရန်လိုအပ်**ပါကြောင်း၊ အထက်ပါလုပ်ငန်းများကို ထိရောက်စွာ လုပ်ဆောင်နိုင်ရေးအတွက် ပြည်သူအားလုံးပါဝင်သည့် ပြည်သူ့ကာကွယ်ရေးစနစ်ကို ဖော်ဆောင်နိုင်ရေး ပြည်သူ့လုံခြုံရေးစနစ်ကို မြှင့်တင်ဆောင်ရွက်သွားရန် လုပ်ဆောင်နေပြီဖြစ်ပါကြောင်း၊ တည်ငြိမ်အေးချမ်းပြီး တရားဥပဒေစိုးမိုးမှု အပြည့်အဝရရှိသည့် နိုင်ငံဖြစ်စေရေး တက်ရောက်လာသည့် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအဖွဲ့ဝင်များက ဝိုင်းဝန်းဆောင်ရွက်ပေးကြရန်လည်း တိုက်တွန်းလိုပါကြောင်း၊ ပါတီစုံဒီမိုကရေစီစနစ်ကို လျှောက်လှမ်းမည်ဖြစ်သဖြင့် မှတ်ပုံတင်ခွင့်လျှောက်ထားသည့် ပါတီများအနေဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ပါတီမှတ်ပုံတင်ခွင့်များ ဆောင်ရွက်ပေးသည့်အတွက် ပါတီများ အင်အားတည်ဆောက်ခြင်းနှင့် စည်းရုံးခြင်းများလုပ်ဆောင်ကြရန် လိုအပ်နေပါကြောင်း၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပပြုလုပ်နိုင်ရေး ဝိုင်းဝန်းဆောင်ရွက်ပေးကြရန် လိုအပ်ပါကြောင်း။

**ပြည်သူများ လိုလားတောင့်တခဲ့သည့် "စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်" မယိမ်းယိုင်အောင် စောင့်ရှောက်ခဲ့**

မိမိတို့အစိုးရအနေဖြင့် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် မဲမသမာမှုများကြောင့် နိုင်ငံတော်တာဝန်ကို ရယူခဲ့ရသည့် အစိုးရဖြစ်ပါကြောင်း၊ ပြည်သူများ လိုလားတောင့်တခဲ့သည့် "စစ်မှန် စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်" မယိမ်းယိုင်အောင် စောင့်ရှောက်ခဲ့ပါကြောင်း၊ **အစိုးရတာဝန် စတင်ယူစဉ်ကတည်းက ယနေ့တိုင် ရှေ့လုပ်ငန်းစဉ်တိုင်း၌ "လွတ်လပ်တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေ**

**ရွေးကောက်ပွဲ” ကျင်းပနိုင်ရေးအမြဲထည့်သွင်း ဦးတည်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဆန့်ကျင်ဘက် အဖွဲ့အစည်းများအနေဖြင့် ပြည်သူလိုလားသည့် ပါတီစုံဒီမိုကရေစီစနစ်ကို မျက်ကွယ်ပြုပြီး နိုင်ငံတော်ကြီး မအေးချမ်းအောင်၊ပြည်သူများ၏လူမှုစီးပွားဘဝပျက်ယွင်းအောင်မိုက်မဲသည့်အတွေးကို ရှေ့တန်းတင်ပြီး အကြမ်းဖက်လမ်းစဉ်ကို နေ့စဉ်နှင့်အမျှ ပုံဖော်ဆောင်ရွက်နေကြသည်ကို တွေ့နိုင်ပါကြောင်း၊ နိုင်ငံတော် တည်ငြိမ်အေးချမ်းပြီးပုံမှန်၊ သာမန်အခြေအနေရောက်လာပါက နိုင်ငံတော်အာဏာကို မတရားဖြတ်လမ်းနည်းဖြင့် ရယူမည့် ၎င်းတို့၏အကြမ်းဖက်အစီအမံများ ကျရှုံးသွားမည်ကို အထူးစိုးရိမ်နေကြ**ပါကြောင်း၊ ထို့ကြောင့် မိမိတို့ အစိုးရအနေဖြင့်နိုင်ငံအတွင်း အကြားအလပ်မရှိ ပါတီစုံရွေးကောက်ပွဲကျင်းပနိုင်ရေး ကြိုးပမ်းစီမံဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထိုကဲ့သို့ရွေးကောက်ပွဲကြီး မဖြစ်အောင် ဖန်တီးပုံဖော်နေသည့် အခက်အခဲများနှင့် စိန်ခေါ်မှုများကိုလည်း ကြိုးပမ်းပြီးရင်ဆိုင်ဖြေရှင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ နိုင်ငံသားတိုင်း တည်ငြိမ်အေးချမ်းမှု၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဒီမိုကရေစီ၏ အခွင့်အရေးများကိုအပြည့်အဝ ခံစားခွင့်ရအောင် ဆက်လက်ပြီး ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

လက်ရှိနိုင်ငံတော်ကြီး တည်ငြိမ်အေးချမ်းရေးနှင့် **လုံခြုံရေးကို အဘက်ဘက်က ပျက်ယွင်းအောင် လုပ်ဆောင်နေသော အဖျက်လုပ်ငန်းများကို ကာကွယ်လျက်ရှိသည့် တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များနှင့် ပြည်သူ့စစ်အဖွဲ့အစည်းများ၏ ရှေ့တန်းကျကျ ရဲဝံ့စွန့်စားစွာ တာဝန်ထမ်းဆောင်မှုများသည် သမိုင်းဝင်လုပ်ရပ်များဖြစ်**ပါကြောင်း၊ **၎င်းတို့ကို ပိုမိုထောက်ပံ့မှုပြုလုပ်သွားရမည်ဖြစ်**ပါကြောင်း၊ **ထို့အတူပင် ပြည်သူလူထုအနေဖြင့် လုံခြုံရေးအရ စိုးရိမ်ပူပန်မှုများကိုလျော့ပါးစေလိုသည့်စိတ်နှင့် ကိုယ်တိုင်ပူးပေါင်း ဆောင်ရွက်လိုသည့် ဆန္ဒပြင်းပြလျက်ရှိသည်ကို အသိအမှတ်ပြုသကဲ့သို့ ပူးပေါင်းလုပ်ဆောင်နိုင်ခွင့်ကိုလည်း ဥပဒေနှင့်အညီ စနစ်တကျဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းကို ပြောကြားလို**ပါကြောင်း။

လက်ရှိအခြေအနေတွင် ဒီမိုကရေစီစနစ်၏ အခြေခံအုတ်မြစ်ဖြစ်သည့် လွတ်လပ်တရားမျှတပြီး ဥပဒေစည်းကမ်းနှင့် ညီညွတ်သည့် အထွေထွေရွေးကောက်ပွဲဖြစ်နိုင်ရေး၊ ပြည်သူအားလုံး မိမိတို့၏ ဆန္ဒကို လွတ်လပ်စွာဖော်ထုတ်နိုင်ရေး လိုအပ်ချက်များစွာ ရှိနေပါသေးကြောင်း၊ တည်ငြိမ်အေးချမ်းသည့် ပုံမှန်အနေအထား၊ သာမန်အနေအထားရောက်အောင် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၅ အရ သာမန်အခြေအနေမဟုတ်သောကြောင့် လိုအပ်ချက်နှင့် လုပ်ဆောင်ရမည့် အချက်များကို အရှိန်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အန္တိမ ရည်မှန်းချက်မှာ လွတ်လပ်၍ တရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပနိုင်ရေးပင်ဖြစ်၊ တစ်နိုင်ငံလုံး အကြားအလပ်မရှိ ဆန္ဒမဲပေးပိုင်ခွင့် ရရှိစေရေး မဲစာရင်းအခြေခံ အချက်အလက်များကို မှန်ကန်စွာ ပြုစုရမည်ဖြစ်၊ ၂၀၂၀ ပြည့်နှစ် အထွေထွေ ရွေးကောက်ပွဲတွင် မဲစာရင်း မှားယွင်းမှုကြောင့် အမည်းစက်ဖြစ်ခဲ့ရသည့် အဖြစ်မျိုး ထပ်မံမဖြစ်စေရေး အဖြစ်နိုင်ဆုံး မဲစာရင်းမှန်ကန်အောင် ဆောင်ရွက်ရန်လို၊ ဆန့်ကျင်ဘက် အဖွဲ့အစည်းများအနေဖြင့် ပြည်သူလိုလားသည့် ပါတီစုံဒီမိုကရေစီ စနစ်ကို မျက်ကွယ်ပြုပြီး နိုင်ငံတော်ကြီး မအေးချမ်းအောင်၊ ပြည်သူများ၏ လူမှုစီးပွားဘဝ ပျက်ယွင်းအောင် မိုက်မဲသည့်အတွေးကို ရှေ့တန်းတင်ပြီး အကြမ်းဖက်လမ်းစဉ်ကို နေ့စဉ်နှင့်အမျှ ပုံဖော်ဆောင်ရွက်နေ။**

အဟုန်မပျက် ဆက်လက်လုပ်ဆောင်နိုင်ရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ တာဝန်ထမ်းဆောင်ခွင့်ကို ထပ်မံ၍ ၆ လ သက်တမ်းတိုးမြှင့်ပေးနိုင်ရေး တင်ပြအပ်ပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ တင်ပြချက်များနှင့်စပ်လျဉ်း၍ အမျိုးသား ကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအဖွဲ့ဝင်များက ဆွေးနွေးတင်ပြကြရာ ဦးစွာဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက ဆွေးနွေးပြောကြားရာတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ တင်ပြချက်ကို ထောက်ခံပါကြောင်း ဆွေးနွေးပြောကြားသည်။

**နိုင်ငံတစ်ဝန်းလုံး အရေးပေါ် အခြေအနေကြေညာထားသည့်ကာလကို နောက်ထပ် ၆ လ သက်တမ်း တိုးမြှင့်ပေးခြင်းအား ထောက်ခံ**

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ဆွေးနွေးပြောကြားရာတွင် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်၏ ရှင်းလင်းတင်ပြဆွေးနွေးချက်များသည် အကြောင်းအခြင်းအရာများအရသော်လည်းကောင်း၊ ဥပဒေအကြောင်းအရသော် လည်းကောင်း ကျိုးကြောင်းညီညွတ်မှုရှိပါသဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၅ အရ နိုင်ငံတစ်ဝန်းလုံး အရေးပေါ်အခြေအနေ ကြေညာထားသည့်ကာလကို နောက်ထပ် ၆ လ သက်တမ်းတိုးမြှင့်ပေးခြင်းအား ထောက်ခံပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက်ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက ဆွေးနွေးပြောကြားရာတွင် အမျိုးသား ကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသို့ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်က ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ တာဝန်ထမ်းဆောင်ခွင့်ကို ထပ်မံ၍ ၆ လ သက်တမ်းတိုးမြှင့် ပေးနိုင်ရေးတင်ပြမှုအပေါ် မိမိအနေဖြင့် ထောက်ခံပါကြောင်းကို ဦးစွာပြောကြားလိုပါကြောင်း၊ ပထမအချက်အနေဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ပြည်သူ့လူမှုစီးပွားဘဝ တိုးတက်ခိုင်မာရေးအတွက် ဆက်လက်ဆောင်ရွက်သွားရန် လုံခြုံရေးဆိုင်ရာများကို ဆက်လက်ဆောင်ရွက်ပေးသွားရမည်ဖြစ်ပြီး တစ်နိုင်ငံလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကိုလည်း ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ဒုတိယအချက်အနေဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အန္တိမရည်မှန်းချက်ဖြစ်သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး အဓိကလိုအပ်ချက်ဖြစ်သည့် မဲစာရင်းများ မှန်ကန်မှုရှိစေရေးအတွက်ပြည်လုံးကျွတ် သန်းခေါင်စာရင်းကောက်ယူရေးကိစ္စကို ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ရရှိလာသည့် စာရင်းအချက်အလက်များ မှန်ကန်မှသာလျှင် မဲစာရင်းများ မှန်ကန်မည်ဖြစ်သည့်အတွက် အဆင့်အလိုက် ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် အထက်ပါအချက်နှစ်ချက်ကို မဖြစ်မနေ ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်သည့်အတွက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ နိုင်ငံတစ်ဝန်းလုံး အရေးပေါ်အခြေအနေ ကြေညာထားသည့် ကာလအား ၆ လ သက်တမ်းတိုးမြှင့်ရန် တင်ပြခြင်းအပေါ် ထောက်ခံပါကြောင်းဖြင့် ဆွေးနွေးသည်။

ထို့နောက် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိသကဲ့သို့ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ သို့သော်လည်း အချို့သော တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများအနေဖြင့် NCA ကို အခွင့်ကောင်းယူ၍ အင်အားစုစည်း တည်ဆောက်မှုများ ပြုလုပ်ပြီး အဖျက်အမှောင့်လုပ်ရပ်များ၊ အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်လျက်ရှိသည်ကို တွေ့မြင်ရပြီး ထိုသို့ လုပ်ဆောင်လာခြင်းသည် နိုင်ငံတော်၏ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးကို ထိပါးလာခြင်းပင် ဖြစ်ကြောင်း၊ သို့ဖြစ်ပါ၍ ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်ကို အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး၊ နိုင်ငံတစ်ဝန်း တည်ငြိမ်အေးချမ်း၍ လွတ်လပ်တရားမျှတသော ပါတီစုံဒီမိုကရေစီ ရွေးကောက်ပွဲ ကျင်းပနိုင်ရေးတို့အတွက် နိုင်ငံတစ်ဝန်းလုံးအရေးပေါ် အခြေအနေ ကြေညာထားသည့်ကာလကို ဖွဲ့စည်းပုံ အခြေခံ

ဥပဒေနှင့်အညီ နောက်ထပ် ၆ လ သက်တမ်းတိုးမြှင့်ခြင်းအား ထောက်ခံပါကြောင်းဖြင့် တင်ပြသည်။

**ဆွေးနွေးတင်ပြ**

ဆက်လက်၍ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က ဆွေးနွေးတင်ပြရာတွင် ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်မှစ၍ ၂၀၂၃ ခုနှစ်အတွင်း အကြမ်းဖက်မှုဖြစ်စဉ်များ ဖြစ်ပေါ်ခဲ့မှုများနှင့် လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေးတို့တွင် သာမန်အခြေအနေမဟုတ်သည့်အတွက် နိုင်ငံတစ်ဝန်းလုံး အရေးပေါ်အခြေအနေ ကြေညာထားသည့် ကာလအား ဆက်လက်သက်တမ်းတိုးမြှင့်ခြင်းအပေါ် ထောက်ခံပါကြောင်း ဆွေးနွေးတင်ပြသည်။

ယင်းနောက် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေက လွန်ခဲ့သည့် ၆ လ တာကာလအတွင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အဘက်ဘက်မှ တိုးတက်အောင် ဆောင်ရွက်လျက်ရှိမှု အခြေအနေများကို နိုင်ငံတကာမှ သိရှိစေရေး ဆောင်ရွက်လျက်ရှိမှု အခြေအနေများ၊ နိုင်ငံတကာဆက်ဆံရေး တိုးတက်လာမှု အခြေအနေများနှင့် နိုင်ငံတစ်ဝန်းလုံး အရေးပေါ်အခြေအနေ ကြေညာထားသည့် ကာလအား ထပ်မံသက်တမ်းတိုးမြှင့်ခြင်းအပေါ် ထောက်ခံပါကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်က နိုင်ငံတော်တွင်ဖြစ်ပေါ်နေသည့် သာမန်မဟုတ်သည့် အခြေအနေများအား အမြန်ဆုံးပြန်လည် တည်ငြိမ်စေရေး ဆောင်ရွက်နိုင်ရန်နှင့်နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်ကို အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ ၄၂၅ နှင့်အညီ နိုင်ငံတစ်ဝန်းလုံး အရေးပေါ်အခြေအနေ ကြေညာထားသည့်ကာလအား သက်တမ်းထပ်မံတိုးမြှင့်ခြင်းအပေါ် သဘောတူထောက်ခံပါကြောင်းဖြင့် ဆွေးနွေးပြောကြားသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဖြည့်စွက်ဆွေးနွေးရာတွင် မိမိအနေဖြင့် ၆ လ တာကာလအတွင်း ဖြစ်ပျက်ခဲ့သည့် အခြေအနေများကို ဆွေးနွေးတင်ပြခဲ့ခြင်းဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ပြည်သူများမှ ရွေးချယ်သည့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းနေခြင်းဖြစ်ပြီး ဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့်အညီ ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)သည် ပြည်သူများ၏ ထောက်ခံဆန္ဒမဲများဖြင့် အတည်ပြုပြဋ္ဌာန်းထားခြင်းဖြစ်ကြောင်း၊ သို့သော် ပြင်ဆင်သင့်သည့်အချက်များကို ပြင်ဆင်ရန်အတွက် တပ်မတော်အနေဖြင့် သဘောတူညီပြီးဖြစ်ကြောင်း၊ အချို့ EAO အဖွဲ့များရှိသည့် နေရာများတွင် တည်ငြိမ်အေးချမ်းမှုနှင့် တရားဥပဒေစိုးမိုးမှုများမရှိဘဲ မူးယစ်ဆေးဝါးထုတ်လုပ်မှုနှင့် ရောင်းဝယ်မှုများကိုလည်း လုပ်ဆောင်လျက်ရှိသည်ကို တွေ့ရကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတည်ငြိမ်အေးချမ်းရေးအတွက် ဦးစားပေးဆောင်ရွက်လျက်ရှိကြောင်း၊ တပ်မတော်သားများနှင့် ရဲတပ်ဖွဲ့ဝင်များ၏ စွမ်းရည်မြှင့်တင်ရေးများကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း။

**ပြည်သူ့လုံခြုံရေးစနစ်ကို ဦးစားပေးအကောင် အထည်ဖော်ဆောင်ရွက်**

ပြည်သူ့လုံခြုံရေးစနစ်နှင့်ပတ်သက်၍ နိုင်ငံရေးပါတီအချို့နှင့် တိုင်းရင်းသားအဖွဲ့များက ပြောကြားမှုများရှိကြောင်း၊ EAO များရှိနေသည့်နေရာများနှင့် တည်ငြိမ်မှု မရှိသည့်နေရာများ၌ ပြည်သူ့ကာကွယ်ရေး ဆောင်ရွက်ရန်အတွက် အမျိုးသား စစ်မှုထမ်းစနစ်ကို လတ်တလော အခြေအနေအရအကောင်အထည်ဖော်ရန် လိုအပ်မှုများရှိနေသေးကြောင်း၊ ထို့ကြောင့် ပြည်သူ့လုံခြုံရေးစနစ်ကို ဦးစားပေးအကောင်အထည်ဖော် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ရပ်ကွက်များအလိုက်၊ မြို့ရွာများအလိုက် အဆင့်ဆင့်လုံခြုံရေးဆိုင်ရာ သတင်းပေးမှုစနစ်များ ကိုဆောင်ရွက်ပြီး ၎င်းမှတစ်ဆင့် ပြည်သူ့ကာကွယ်ရေးစနစ်ကို အကောင်အထည်ဖော် ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

နိုင်ငံတကာဆက်ဆံရေးနှင့်ပတ်သက်၍ မိမိတို့အနေဖြင့် အိမ်နီးချင်းနိုင်ငံများ အပါအဝင် နိုင်ငံအားလုံးနှင့် ဆက်ဆံရေးကောင်းမွန်အောင် ဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့နှင့် ပူးပေါင်းဆောင်ရွက်လိုသည့် နိုင်ငံများအားလုံးနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊

မိမိတို့အနေဖြင့် အခြေခံဥပဒေက ချမှတ်ထားသည့် နိုင်ငံခြားရေးမူဝါဒများအတိုင်း ဆက်ဆံဆောင်ရွက်လျက်ရှိကြောင်း။

မိမိတို့နိုင်ငံ၏ လက်ရှိအခြေအနေသည် ပုံမှန်အခြေအနေသို့ ပြန်လည်မရောက်ရှိသေးကြောင်း၊ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်နေ့ မတိုင်မီအခြေအနေသို့ ပြန်လည်ရောက်ရှိအောင် ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ၎င်းပုံမှန်အခြေအနေကို ဆူပူဆန္ဒပြမှုများ၊ ၎င်းမှတစ်ဆင့် လက်နက်ကိုင်အကြမ်းဖက် လမ်းစဉ်ကို လုပ်ဆောင်ခဲ့သူများက ဖျက်ဆီးခဲ့ခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် အဆိုပါအခြေအနေသို့ ပြန်လည်ရောက်ရှိရေးလွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲပြန်လည်ကျင်းပနိုင်ရေး ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ သိက္ခာရှိသည့် ရွေးကောက်ပွဲနှင့် သိက္ခာရှိသည့် လွှတ်တော်အစည်းအဝေးကျင်းပနိုင်ရေး ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ လွှတ်တော်အသီးသီးတွင် ရွေးချယ်ခံလွှတ်တော် ကိုယ်စားလှယ် အရေအတွက်သည် တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များထက် ပိုမိုများပြားနေရန်လိုအပ်ကြောင်း၊ သို့မှသာ သိက္ခာရှိသည့် ရွေးကောက်ပွဲ ဖြစ်မည်ဖြစ်ကြောင်း၊ လွှတ်တော်များအတွင်း၌လည်း အပြန်အလှန်ထိန်းကျောင်းနိုင်ရန် လိုအပ်ပါကြောင်း၊ အဆိုပါအချက်များအား အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီဝင်များ သိရှိအောင် ရှင်းလင်း ပြောကြားခြင်းဖြစ်ပါကြောင်းဖြင့် ဖြည့်စွက်ဆွေးနွေးပြောကြားသည်။

တင်ပြချက်များနှင့်စပ်လျဉ်း၍ ယာယီသမ္မတက ပြောကြားရာတွင် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအဖွဲ့ဝင်များ၏ တင်ပြချက်များအရ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ တာဝန်ထမ်းဆောင်ခွင့်ကို ထပ်မံ၍ ၆ လ သက်တမ်းတိုးမြှင့်ပေးရန် လိုအပ်သည်ကို တွေ့မြင်ရကြောင်း၊ လက်ရှိနိုင်ငံတော်တွင် ဖြစ်ပေါ်နေသည့် အခြေအနေများအရ အကြမ်းဖက်မှု တိုက်ဖျက်ရေးလုပ်ငန်းစဉ်များ ဆက်လက်ဆောင်ရွက်ရန်နှင့် သာမန်မဟုတ်သည့် အခြေအနေဖြစ်သည့်အတွက် တာဝန်ထမ်းဆောင်ခွင့်ကို ထပ်မံ၍ ၆ လ သက်တမ်းတိုးမြှင့်ပေးရန် မဖြစ်မနေ လိုအပ်မည်ဖြစ်ပြီး တိုးမြှင့်ရန် သဘောတူပါကြောင်း၊ မိမိအနေဖြင့်လည်း တင်ပြချက်များသည် မှန်ကန်နေသည် ဖြစ်သည့်အတွက် ထိုသို့တာဝန်ထမ်းဆောင်မှုကို ထပ်မံသက်တမ်း တိုးမြှင့်ပေးမှသာလျှင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ရှင်းလင်းတင်ပြမှုတွင် ပါဝင်သည့်တိုင်းပြည်၏အနာဂတ်ကောင်းကိုအောင်အောင်မြင်မြင်ဖြင့် ဆက်လက်ဖန်တီးပုံဖော်နိုင်မည်ဟု ထင်မြင်မိပါကြောင်း၊ ယခုထပ်မံတိုးမြှင့်လိုက်သည့် ၆ လတာကာလသက်တမ်း ဆောင်ရွက်နိုင်သည် မှန်သမျှကို ကြိုးပမ်းဆောင်ရွက်ပြီးရရှိလာသည့် ရလဒ်များအပေါ် မူတည်၍ လိုအပ်ပါက ထပ်မံသက်တမ်းတိုးမြှင့်ပေးရမည့် အနေအထားပင်ဖြစ်ကြောင်း၊ ယနေ့အစည်းအဝေးကို တက်ရောက်လာကြသည့် မိမိအပါအဝင် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအဖွဲ့ဝင်များအားလုံး၏ သဘောတူ ဆွေးနွေးဆုံးဖြတ်ချက်များအရ **“နိုင်ငံတစ်ဝန်းလုံး အရေးပေါ်အခြေအနေ ကြေညာထားသည့်ကာလကို နောက်ထပ် ၆ လ တိုးမြှင့်သတ်မှတ်ကြောင်း”**ကို အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသို့ အသိပေးကြေညာအပ်ပါကြောင်း ပြောကြားသည်။

■ ■ ■

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ
# နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်
# ပေးပို့ခဲ့သည့် သဝဏ်လွှာများ

# ၂၀၂၄ ခုနှစ်၊ (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာ

## ( ၄ - ၁ - ၂၀၂၄ )

**ချစ်ကြည်လေးစားရပါသော ပြည်ထောင်စုဖွား တိုင်းရင်းသားပြည်သူ အပေါင်းတို့ခင်ဗျား**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့ နေ့ထူးနေ့မြတ်အခါသမယတွင် နိုင်ငံတော်အတွင်း မှီတင်းနေထိုင်လျက်ရှိကြသော တိုင်းရင်းသားပြည်သူများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းပြီး ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြီးပြည့်စုံကြပါစေကြောင်း နှုတ်ခွန်းဆက်သအပ်ပါသည်။

မြန်မာနိုင်ငံရှိ ပြည်ထောင်စုဖွား တိုင်းရင်းသားပြည်သူများအားလုံးသည် ရှေးနှစ်ပေါင်းများစွာကပင် ကိုယ်ပိုင်ယဉ်ကျေးမှု၊ ကိုယ်ပိုင်ဓလေ့ထုံးတမ်းအစဉ်အလာများကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရင်း ကိုယ့်ထီးကိုယ့်နန်းဟူသော အရိပ်အာဝါသအောက်တွင် ခံ့ညားထည်ဝါစွာ ရပ်တည်နေထိုင်ခဲ့ကြပါသည်။ သို့ရာတွင် ကမ္ဘာပေါ်၌ ကျယ်ပြန့်စွာ စိုးမိုးဗိုလ်ကျလာခဲ့သော ကိုလိုနီစနစ်ဆိုးကြီးကြောင့် သယံဇာတပေါကြွယ်ဝသည့် မိမိတို့ နိုင်ငံသည်လည်း ၁၈၂၄ ခုနှစ်၊ ၁၈၅၂ ခုနှစ်နှင့် ၁၈၈၅ ခုနှစ်တို့တွင် နယ်ချဲ့ဗြိတိသျှတို့၏ ကျူးကျော်စစ် သုံးကြိမ်ဆင်နွှဲမှုဖြင့် မတရားကျူးကျော်သိမ်းပိုက်ခြင်းကို ခံခဲ့ရပြီး ၁၈၈၆ ခုနှစ်တွင် လွတ်လပ်ရေးနှင့်အတူ အချုပ်အခြာအာဏာကိုပါ ဆုံးရှုံးခဲ့ရပါသည်။

ကိုယ့်ထီးကိုယ့်နန်းကို တန်ဖိုးထားသည့်စိတ်၊ ဖိနှိပ်ချုပ်ချယ်မှုအပေါ် မခံချင်စိတ်၊ နယ်ချဲ့ဗြိတိသျှနှင့်ဖက်ဆစ်များအပေါ် နာကြည်းစိတ်များကြောင့် ဖြစ်ပေါ်လာသော ပြည်ထောင်စုစိတ်ဓာတ်ကို အကြီးမားဆုံးခွန်အား၊ စွမ်းအားအရှိဆုံးလက်နက်အဖြစ် အသုံးပြုကာ မဆုတ်မနစ်သော ဇွဲလုံ့လဖြင့် လွတ်လပ်ရေးတိုက်ပွဲဝင်ခဲ့ကြခြင်းကြောင့် ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်တွင် လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာပိုင်နိုင်ငံတစ်ခုအဖြစ် ပြန်လည်ရပ်တည် နေနိုင်ခဲ့သည်မှာ ယခုအခါ (၇၆)နှစ်တိုင်ခဲ့ပြီဖြစ်ပါသည်။

တစ်ခဏတာအတွင်း ဆုံးရှုံးလိုက်ရသော လွတ်လပ်ရေးကို နှစ်ပေါင်းများစွာ တိုင်းရင်းသားပြည်သူများ၏ အသက်၊ သွေး၊ ချွေးများကို ရင်းနှီးပေးဆပ်၍ ပြန်လည်ကြိုးပမ်း ရယူခဲ့ရပါသည်။ ရှေးဘိုးဘွားများ၏ မျိုးချစ်စိတ်၊ နိုင်ငံတော်အတွက်ပေးဆပ်စွန့်လွှတ်ရဲသည့်စိတ်များကြောင့် လွတ်လပ်ရေးဟူသော အနှိုင်းမဲ့ဂုဏ်ဒြပ်နှင့်အတူ ပြည်ထောင်စုတစ်ခုကို ပိုင်ဆိုင်ခဲ့ရသော်လည်း နိုင်ငံရေးနှင့် လူမျိုးရေးအရ အယူဝါဒကွဲပြားမှုများကြောင့်ပင် မြန်မာနိုင်ငံမှာ မုန်တိုင်းကြားမှပျိုးပင်ငယ်ပမာ ကာလများကို ရင်ဆိုင်ကြုံတွေ့ခဲ့ရပြန်ပါသည်။ ၎င်းပြည်တွင်း ပဋိပက္ခ၏ အမြုတေမှာ နယ်ချဲ့တို့၏ နှစ်ပေါင်းများစွာ သွေးခွဲအုပ်ချုပ်ခြင်းကြောင့် ဖြစ်ပေါ်လာသော တိုင်းရင်းသားစည်းလုံးညီညွတ်မှု အားနည်းခြင်းဖြစ်ပြီး ထိုမှတစ်ဆင့် ပြည်ထောင်စုပြိုကွဲခြင်း၊ အချုပ်အခြာအာဏာ ဆုံးရှုံးခြင်းဆိုသည့် အခြေအနေများကို ခြိမ်းခြောက်လာသော အန္တရာယ် အသွယ်သွယ်ကို ရင်ဆိုင်ခံစားခဲ့ရပြန်ပါသည်။

အသက်တမျှအရေးကြီးသည့် လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် မြန်မာ့တပ်မတော်မှ တိုင်းရင်းသားပြည်သူများနှင့် တွဲလက်ညီညီ ရင်ဆိုင်ကာကွယ်ခဲ့ခြင်းကြောင့် လွတ်လပ်ရေးနှင့် အချုပ်အခြာ အာဏာတည်တံ့နေခြင်းသာ ဖြစ်ပါသည်။ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် အဓိကမဏ္ဍိုင်ဖြစ်သော ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေးသုံးပါးသည် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ လေးနက်စွာ ခံယူစောင့်ထိန်းကြရမည့် ကျင့်ဝတ်တစ်ခုပမာ ထင်ရှားစွာ တည်ရှိနေပါသည်။ ထို့ကြောင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှု စွမ်းအားကို အားကောင်းစေသည့် စစ်မှန်၍

စည်းကမ်းပြည့်ဝပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုဖော်ဆောင်ရေးတွင် ပြည်ထောင်စုဖွားတိုင်းရင်းသားအားလုံးမှ လေးနက်စွာ လိုက်နာအကောင်အထည်ဖော် ဆောင်ရွက်ကြရမည် ဖြစ်ပါသည်။

**ချစ်ကြည်လေးစားရပါသော ပြည်ထောင်စုဖွား တိုင်းရင်းသားပြည်သူ အပေါင်းတို့ခင်ဗျား**

၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် ဖြစ်ပေါ်ခဲ့သည့် မဲမသမာမှုများကို ယခင်အစိုးရအနေဖြင့် တရားဥပဒေနှင့်အညီ ဖြေရှင်းဆောင်ရွက်ခဲ့ခြင်း မရှိသည့်အပြင် နိုင်ငံတော်၏ အာဏာကို အဓမ္မရယူရန် ကြိုးပမ်းခဲ့ခြင်းကြောင့် တပ်မတော်က ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ နိုင်ငံတော်၏ တာဝန်များကို ထမ်းဆောင်ခဲ့ရခြင်းဖြစ်ပါသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကို ဖွဲ့စည်းခဲ့ပြီး နိုင်ငံရေးရည်မှန်းချက်နှစ်ရပ်အဖြစ် စစ်မှန်၍ စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးတို့ကို ချမှတ်ထားပါသည်။ ထို့အတူ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာ ဖူလုံရေးဟူသော အမျိုးသားရေးရည်မှန်းချက် နှစ်ရပ်ကိုလည်း ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်ရာတွင် လူမျိုးကိုအခြေခံသည့် ဖက်ဒရယ်စနစ်ကို ဆောင်ရွက်ခြင်းမဟုတ်ဘဲ ဒေသကို အခြေခံသည့်စနစ်ကို အဓိက ဦးတည်ဆောင်ရွက်ရမည် ဖြစ်ပါသည်။ ထိုသို့ **"ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်ရာတွင် ဦးဆောင်သူ၊ အကောင်အထည်ဖော်ဆောင်ရွက်သူ၊ လိုက်နာကျင့်သုံးသူများအားလုံး အသိပညာ၊ အတတ်ပညာ၊ ပင်ကိုအရည်အသွေး၊ စဉ်းစားတွေးခေါ်မှုစွမ်းရည်များနှင့် ပြည့်စုံရန် လိုအပ်သဖြင့် နိုင်ငံတော်အတွက် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်သည့် ဘက်စုံပညာရေးကဏ္ဍကို မြှင့်တင်ကြိုးပမ်းဆောင်ရွက်"**ပေးရမည်ဖြစ်ပါသည်။

ယနေ့ခေတ်သည် ပညာခေတ်ဖြစ်သည်နှင့်အညီ ပညာတတ်မြောက်ထားမှသာ ဘဝရပ်တည်ရေးကို အာမခံနိုင်မည်ဖြစ်ပါသည်။ တိုင်းရင်းသားဒေသများ၊ အထူးသဖြင့် ပြည်နယ်များရှိကျေးလက်ဒေသအချို့တွင် ဘာသာစကား အခက်အခဲများ၊ ပညာရေးအားပေးမှု နည်းပါးခြင်းများနှင့် အခြားသော စိန်ခေါ်မှုများကြောင့် ပညာရေးအားနည်းသည်ကို တွေ့ရှိရပါသည်။ ထို့ကြောင့် ကျေးလက်နေပြည်သူများနှင့် တိုင်းရင်းသားပြည်သူအားလုံး စာတတ်မြောက်ရန်နှင့် အတန်းပညာများ တတ်မြောက်ရန် မလွဲမသွေ ဆောင်ရွက်ပေးကြရမည် ဖြစ်ပါသည်။ ၂၀၂၄ ခုနှစ်၊ နွေရာသီ ကျောင်းပိတ်ရက်တွင် ယခင် **"အ"** သုံးလုံးကျေ သင်တန်းကဲ့သို့ စာတတ်မြောက်ရေးလှုပ်ရှားမှုကို စေတနာရှင် ကျောင်းသား၊ ကျောင်းသူများ၊ ဆရာ၊ ဆရာမများ၊ ဒေသခံပညာတတ်များ၊ ဒေသခံဝန်ထမ်းများက တိုင်းရင်းသားဘာသာစကား သင်ကြားရေး အထောက်အကူပြု ဆရာ၊ ဆရာမများ၏ အကူအညီရယူကာ နိုင်ငံတစ်ဝန်း အမျိုးသားရေးလှုပ်ရှားမှုအသွင်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ကြမည် ဖြစ်ပါသည်။

ကျောင်းများတွင် ကျောင်းသား၊ ကျောင်းသူများ အမှန်တကယ် စာတတ်မြောက်အောင် ဆရာ၊ ဆရာမများက သင်ကြားပို့ချပေးရမည်ဖြစ်ပြီး စာပေဖတ်ရှုလေ့လာမှုကို ဆက်လက်အားပေးရမည် ဖြစ်ပါသည်။ ဥပဒေအသိပညာတတ်မြောက်သူများ၊ စီးပွားရေးအသိပညာ အခြေခံတတ်သိနားလည်သူများ ပေါ်များစေရေးနှင့် စီးပွားရေးပညာရှင်များ ပေါ်ထွန်းလာစေရေးတို့အတွက် တက္ကသိုလ်များတွင် ဥပဒေပညာနှင့် စီးပွားရေးပညာတို့ကို တိုးချဲ့သင်ကြားပေးလျက် ရှိပါသည်။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အသိပညာ၊ အတတ်ပညာနှင့် ပြည့်စုံသော ပညာတတ်များ ပေါ်များရေးကို ဦးတည်ကြိုးပမ်းကြရမည် ဖြစ်ပါသည်။ ပညာရည်မြင့်မားမှသာ ပိုင်းခြားဝေဖန်ဆန်းစစ်နိုင်သည့် အတွေးအခေါ်များ ရရှိမည်ဖြစ်သောကြောင့် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး ပညာရည်တိုးတက်အောင် ဆောင်ရွက်ပေးကြရမည်ဖြစ်ပါသည်။ အနာဂတ်လူငယ်များကို မိမိတို့ယဉ်ကျေးမှု၊ အမျိုးသားရေးစရိုက်လက္ခဏာများကို ထိန်းသိမ်းတတ်စေရေးနှင့် တိုးတက်ပြောင်းလဲနေသည့် ခေတ်နှင့်အညီ ရင်ပေါင်တန်းနိုင်စေရေးတို့အတွက် ဗဟုသုတနှင့်ပြည့်စုံသော လူငယ်

များဖြစ်စေရန် ဘက်စုံပညာရေးကဏ္ဍကို မြှင့်တင်ဆောင်ရွက်ကြရမည် ဖြစ်ပါသည်။

**ချစ်ကြည်လေးစားရပါသောပြည်ထောင်စုဖွား တိုင်းရင်းသား ပြည်သူ အပေါင်းတို့ခင်ဗျား**

မြန်မာနိုင်ငံတွင် နိုင်ငံသားအများစုမှာ စိုက်ပျိုးရေးလုပ်ငန်းကို အဓိကထား ဆောင်ရွက်နေကြသူများဖြစ်ကြပြီး ကျေးလက်နေလူဦးရေ ၇၂ ရာခိုင်နှုန်းအနက် ၄၅ ရာခိုင်နှုန်းခန့်မှာ စိုက်ပျိုးရေးနှင့်အသက်မွေးကြသူများဖြစ်ကြပါသည်။ အခြားကျေးလက်နေပြည်သူများမှာ စိုက်ပျိုးရေးနှင့်ဆက်နွယ်သည့် စီးပွားရေးလုပ်ငန်းများကို ဆောင်ရွက်နေကြပါသည်။ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများတွင် ရေရရှိရေး၊ မြေသြဇာ/အစားအစာ၊ မျိုးကောင်းမျိုးသန့်၊ စိုက်နည်းစနစ်တို့ကို ကြိုးစားအားထုတ်မှုဖြင့် ပေါင်းစပ်လုပ်ကိုင်မည်ဆိုပါက အမျိုးသားရေး ရည်မှန်းချက်တစ်ရပ်ဖြစ်သည့် စားရေရိက္ခာဖူလုံရေးကို စိုက်ပျိုးမွေးမြူရေးက ဖြည့်ဆည်းပေးနိုင်မည် ဖြစ်ပါသည်။

သို့ဖြစ်၍ စိုက်ပျိုးမွေးမြူရေးဆိုင်ရာ အသိပညာရှင်၊ အတတ်ပညာရှင်နှင့် ကျွမ်းကျင်သူများ မွေးထုတ်ပေးနိုင်မည့် တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံ၊ ကျောင်းများကို တိုးချဲ့ ဖွင့်လှစ်ပေးလျက်ရှိပါသည်။ လူတိုင်းလက်လှမ်းမီသည့် ပညာရေးဖြစ်ရန် လိုအပ်သည့်အတွက် အလယ်တန်းပညာပြီးမြောက်သူများ စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေးပညာရပ်များကို သင်ယူလေ့ကျင့်နိုင်ရန် ခရိုင် ၅၀ တွင် စက်မှုစိုက်ပျိုးရေးမွေးမြူရေးတွဲဖက်အထက်တန်းကျောင်း ၅၁ ကျောင်း ဖွင့်လှစ်ထားပြီး ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် ၃၄ ကျောင်း ထပ်မံဖွင့်လှစ်ကာ ဆက်လက်၍လည်း တိုးချဲ့ဖွင့်လှစ်သွားရန် စီမံထားရှိပြီး ဖြစ်ပါသည်။ အဆိုပါကျောင်းများမှ စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေး ကျွမ်းကျင်သူများဖြစ်အောင် သင်ကြားလေ့ကျင့်ပေးကာ ထိုမှတစ်ဆင့် ဘာသာရပ်အလိုက် ထူးချွန်သူများအနေဖြင့် သိပ္ပံ၊ ကောလိပ်၊ တက္ကသိုလ်များသို့ ဆက်လက်တက်ရောက်သင်ကြားနိုင်မည် ဖြစ်ပါသည်။ ထိုသို့ ကျွမ်းကျင်သူများ၊ ပညာရှင်များ၊ လူသားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ဒေသတစ်ခု ထုတ်ကုန်တစ်မျိုးထုတ်လုပ်ခြင်းမှ အဆင့်တက်ကာ ပြည်တွင်းလိုအပ်ချက် အခြေခံလူသုံးကုန်ပစ္စည်းများကို ပြည်ပမှ ကုန်ချောတင်သွင်းနေရသူ (Importer) အဖြစ်မှ ပြည်တွင်း ကုန်ချောလိုအပ်ချက် ပြည့်မီအောင်ထုတ်လုပ်လျက် ပြည်ပသို့ ကုန်ချောပြန်လည်တင်ပို့သူ (Exporter) အဖြစ်သို့ ရောက်ရှိသည်အထိ ကြိုးပမ်းဆောင်ရွက်ကြရမည် ဖြစ်ပါသည်။ **"စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ (MSME) ကို အားပေးမြှင့်တင်ဆောင်ရွက်"** ကာ အဆင့်မြင့်ကုန်ထုတ်လုပ်မှုနည်းပညာများကို လေ့လာဆည်းပူး၍ အရည်အသွေးကောင်းမွန်သော တန်ဖိုးမြင့်ထုတ်ကုန်ပစ္စည်းများကို ထုတ်လုပ်လျက် နိုင်ငံ၏ လူမှုစီးပွားဘဝ မြင့်မားတိုးတက်အောင် ဆောင်ရွက်ကြရမည် ဖြစ်ပါသည်။

**ချစ်ကြည်လေးစားရပါသော ပြည်ထောင်စုဖွား တိုင်းရင်းသားပြည်သူ အပေါင်းတို့ခင်ဗျား**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အဓိကရည်မှန်းချက်မှာ လွတ်လပ်၍ တရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပနိုင်ရေးပင် ဖြစ်ပါသည်။ သို့ဖြစ်၍ ပြည်တွင်း ပြည်ပ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ စာရင်းမှန်ကန်မှုရှိစေရေး၊ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများအားလုံး ဆန္ဒမဲပေးနိုင်ရေးနှင့် တစ်နိုင်ငံလုံးရာနှုန်းပြည့် ဆန္ဒမဲပေးနိုင်ရေးတို့အတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိပါသည်။ မဲဆန္ဒရှင်စာရင်းများ အောင်မြင်စွာ ကောက်ယူနိုင်ရေးနှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးတွင် လိုအပ်သည့်အချက်အလက်များ ရရှိစေရေးအတွက် ပြည်လုံးကျွတ် သန်းခေါင်စာရင်းကောက်ယူရန် လိုအပ်ပါသည်။ ထို့ကြောင့် ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်မှစတင်၍ စမ်းသပ်သန်းခေါင်စာရင်း ကောက်ယူခဲ့ပြီး ၂၀၂၄ ခုနှစ်တွင် ပြည်လုံးကျွတ် သန်းခေါင်စာရင်းကောက်ယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ ယင်းအပေါ်မူတည်၍ ခိုင်မာမှန်ကန်သည့် မဲစာရင်းများရရှိလာပါက **"ဥပဒေနှင့်အညီ လွတ်လပ်၍ တရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပနိုင်ရေးနှင့် တစ်နိုင်ငံလုံး အကြားအလပ်မရှိ ဆန္ဒမဲပေးပိုင်ခွင့်ရရှိစေရေးအတွက် ကြိုးပမ်းဆောင်ရွက်"** သွားကြရမည်ဖြစ်ပါသည်။ စည်းစနစ်ကျနမှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ် ဖြစ်စေရေးနှင့် ၎င်းရွေးကောက်ပွဲမှ ထွက်ပေါ်လာသည့် အစိုးရကို နိုင်ငံတော်တာဝန်များ လွှဲအပ်နိုင်ရေး ဆက်လက်

ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

**ချစ်ကြည်လေးစားရပါသော ပြည်ထောင်စုဖွား တိုင်းရင်းသားပြည်သူ အပေါင်းတို့ခင်ဗျား**

နိုင်ငံတော်အစိုးရအနေဖြင့် တိုင်းရင်းသားအားလုံး၏ သွေးစည်းညီညွတ်မှု၊ အပြန်အလှန် လေးစားယုံကြည်မှု များဖြင့် ပြည်ထောင်စုစိတ်ဓာတ်ကို မဏ္ဍိုင်ပြု၍ ချမှတ်ထားသော အဂ္ဂမဟာဗျူဟာ၊ မဟာဗျူဟာ၊ နည်းဗျူဟာ များကို လက်တွေ့ကျကျကျင့်သုံးပြီး ဆက်လက်၍ ကြိုးပမ်း အကောင်အထည်ဖော် ဆောင်ရွက်သွားပါမည်။

၂၀၂၄ ခုနှစ် (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေး ဦးတည်ချက် (၅)ရပ်ကို ပြည်ထောင်စုဖွား တိုင်းရင်းသားညီနောင်အားလုံးက လေးနက်စွာခံယူ၍ သမိုင်းအစဉ်အလာကြီးမားသော အမိမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲ ရေးအတွက် စစ်မှန်သောမျိုးချစ်စိတ်၊ ပြည်ထောင်စု စိတ်ဓာတ်များဖြင့် သွေးစည်းညီညွတ်စွာ လက်တွဲပါဝင် ကြိုးပမ်း ဆောင်ရွက်သွားကြပါရန် တိုက်တွန်းနှိုးဆော် လျက် သဝဏ်လွှာအား ပေးပို့အပ်ပါသည်။

■ ■ ■

# (၇၆) နှစ်မြောက် ကချင်ပြည်နယ်နေ့အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာ

## ( ၁၀ - ၁ - ၂၀၂၄ )

**ချစ်ကြည်လေးစားရပါသော ကချင်ပြည်နယ်အတွင်းရှိ တိုင်းရင်းသားမိဘပြည်သူ ညီအစ်ကိုမောင်နှမများ ခင်ဗျား–**

ယနေ့ကျရောက်သည့် (၇၆)နှစ်မြောက် ကချင်ပြည်နယ်နေ့၏နေ့ထူးနေ့မြတ်အခါသမယတွင် ကချင်ပြည်နယ်အတွင်းရှိ တိုင်းရင်းသားမိဘပြည်သူ ညီအစ်ကိုမောင်နှမများနှင့် နိုင်ငံတစ်ဝန်းရှိ ပြည်ထောင်စုဖွားတိုင်းရင်းသားမိဘပြည်သူ ညီအစ်ကိုမောင်နှမများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပြီး ကောင်းကျိုးလိုအင်ဆန္ဒများပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် နှုတ်ခွန်းဆက်သအပ်ပါသည်။

မြန်မာနိုင်ငံတွင် တိုင်းရင်းသားလူမျိုးစုအားလုံးတို့သည် ရှေးနှစ်ပေါင်းများစွာကတည်းကပင် တစ်မြေတည်းနေ တစ်ရေတည်းသောက် မရှိအတူရှိအတူ၊ အေးအတူ ပူအမျှ စည်းလုံးညီညွတ်စွာဖြင့် ကမ္ဘာ့အလယ်တွင် ထည်ထည်ဝါဝါရပ်တည်နေထိုင်ခဲ့ကြပါသည်။ မြန်မာနိုင်ငံလွတ်လပ်ရေးရရှိပြီးနောက် ၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ(၁၀) ရက်နေ့တွင် ကချင်ပြည်နယ်ကောင်စီညီလာခံ ပထမဆုံးညီလာခံ၏ ပထမဆုံး အစည်းအဝေး၌ ကချင်ပြည်နယ်အစိုးရအဖွဲ့ ဖွဲ့စည်းခဲ့သည်ကို ဂုဏ်ပြုသည့်အနေဖြင့် ဇန်နဝါရီလ (၁၀) ရက်နေ့ကို “ကချင်ပြည်နယ်နေ့” အဖြစ် သတ်မှတ်ပြဋ္ဌာန်း၍ နှစ်စဉ်ကျင်းပခဲ့ရာ ယနေ့ဆိုလျှင် (၇၆)နှစ် ပြည့်မြောက်ခဲ့ပြီဖြစ်ပါသည်။

ကချင်ပြည်နယ်တွင် ဂျိန်းဖော၊ လာချိဒ်၊ လော်ဝေါ်၊ လီဆူ၊ ရဝမ်၊ ဇိုင်ဝါး စသည့် ကချင်မျိုးနွယ်စုများနှင့်အတူ တိုင်းလုံ၊ တိုင်းလိုင်၊ တိုင်းခမ်းတီ၊ တိုင်းဆာ၊ တိုင်းလေ စသည့် ရှမ်းမျိုးနွယ်စုများနှင့် ဗမာတိုင်းရင်းသားများ အပြင် အခြားတိုင်းရင်းသားမျိုးနွယ်စုများ အပါအဝင် လူဦးရေ စုစုပေါင်း(၁၇)သိန်းကျော် အတူတကွချစ်ကြည်ရင်းနှီးစွာဖြင့် စုပေါင်းနေထိုင်လျက်ရှိသည့် ပြည်နယ်တစ်ခုဖြစ်ပါသည်။

ကချင်တိုင်းရင်းသားမျိုးနွယ်စုများ၏ ဝတ်စားဆင်ယင်မှု၊ ရိုးရာအကအလှများ၊ စာပေယဉ်ကျေးမှုဓလေ့ထုံးစံများမှာ လှပခန့်ညားကျက်သရေရှိသည်သာမက တိုင်းရင်းသားဝတ်စုံများနှင့် စုပေါင်းညီညာစွာကပြသည့် မနောအကသည် ကချင်တိုင်းရင်းသားတို့၏ နှစ်သက်မြတ်နိုးဖွယ်ရာ စည်းလုံးညီညွတ်မှုကိုဖော်ပြသည့် ရိုးရာယဉ်ကျေးမှုတစ်ခုဖြစ်ပါသည်။

ထို့ပြင် အဖိုးတန်သယံဇာတ တန်ဖိုးရှိရတနာများပေါများကြွယ်ဝကာ သာယာလှပသည့် တောတောင်ရေမြေသဘာဝပတ်ဝန်းကျင်ကောင်းများနှင့် စိုက်ပျိုးဖြစ်ထွန်းသည့် ရေခံမြေခံကောင်းမွန်သော ပြည်နယ်တစ်ခုလည်း ဖြစ်ပါသည်။ တစ်နှစ်ပတ်လုံး ဆီးနှင်းများ ဖုံးအုပ်လျက်ရှိသည့် ရေခဲတောင်များ၏ လှပမှုနှင့် အင်းတော်ကြီးအိုင်၊ မြစ်ဆုံတို့၏ သာယာမှုတို့သည် ပြည်နယ်၏ ထင်ရှားသော အလှအပ သဘာဝများဖြစ်ပါသည်။

ကချင်ပြည်နယ်သည် သဘာဝက ဖန်တီးပေးထားသည့် သယံဇာတ အခြေခံကောင်းများစွာ ရှိပြီးဖြစ်ရာ ၎င်းသဘာဝအလှတရားများနှင့် သယံဇာတ ထွက်ကုန်များကို အခြေပြု၍ ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများဆောင်ရွက်နိုင်ပါက ဒေသခံတိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝနှင့် အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်လာမည်ဖြစ်ပါသည်။

ယနေ့အချိန်အခါသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက နိုင်ငံတော်တာဝန်အရပ်ရပ်ကို ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ တာဝန်ယူဆောင်ရွက်လျက်ရှိသော ကာလဖြစ်ပါသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်ကို စတင်တာဝန်ယူသည့် အချိန်မှစပြီး ရှေ့လုပ်ငန်းစဉ်(၅)ရပ်နှင့် ဦးတည်ချက်(၉)ရပ်တို့ကို ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူအားလုံးအတွက်

ငြိမ်းချမ်းသာယာဝပြောသည့် အနာဂတ်ကို ရည်မှန်းလျက် ကောင်းမွန်သည့်ပစ္စုပ္ပန်ကို တည်ဆောက်လျက်ရှိပါသည်။ "တိုင်းပြည်သာယာဝပြောရေး"နှင့် "စားရေရိက္ခာဖူလုံရေး" ကို အမျိုးသားရေးရည်မှန်းချက်အဖြစ် ဦးတည်ထားရှိပြီး "စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာရေး"နှင့် "ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသော ပြည်ထောင်စုတည်ဆောက်ရေး"ကို နိုင်ငံရေး ရည်မှန်းချက်အနေဖြင့် ချမှတ်ထားရှိပါသည်။ ချမှတ်ထားသည့် ရည်မှန်းချက်များ၊ ရှေ့လုပ်ငန်းစဉ်များ၊ ဦးတည်ချက်များ ပြည့်ဝစေရေးနှင့်ပါတီစုံဒီမိုကရေစီစနစ် ခိုင်ခိုင်မာမာဖြစ်စေရေးတို့အတွက် နိုင်ငံတော်အစိုးရနှင့် တပ်မတော်အနေဖြင့် တိုင်းရင်းသားပြည်သူများနှင့် လက်တွဲပြီး အောင်မြင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

အမျိုးသားရေးရည်မှန်းချက်များနှင့် နိုင်ငံရေးရည်မှန်းချက်များ အောင်မြင်စွာ ဆောင်ရွက်နိုင်ရန်အတွက် ဒေသတွင်း တိုင်းရင်းသားများ၏ အသိဉာဏ်ပညာပြည့်စုံမှုများဖြင့် ဆောင်ရွက်နိုင်ရန်အရေးကြီးသဖြင့် ပညာရေး မြှင့်တင်မှုကို အထူးအားပေးစေလိုပါသည်။

နိုင်ငံတော်က ကချင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ပညာရေး၊ ကျန်းမာရေး၊ ဆက်သွယ်ရေးနှင့် လျှပ်စစ်ကဏ္ဍများအပါအဝင် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကိုကဏ္ဍအလိုက် အစီအမံများ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ ထို့ပြင် သဘာဝထွက်ကုန်များဖြစ်သော သစ်၊ ဝါး၊ ကြိမ်နှင့် အခြားပစ္စည်းများကိုအခြေခံသည့် MSME လုပ်ငန်းများကို မြှင့်တင်အားပေးပြီး ပြည်နယ်အတွင်းရှိ တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝ မြှင့်တင်နိုင်ရေးနှင့် ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးကို အလေးထားဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားလိုပါသည်။

ကချင်ပြည်နယ်အနေဖြင့် ရှိပြီးဖြစ်သော သဘာဝအရင်းအမြစ်များကို ထိန်းသိမ်းပြီး စနစ်တကျဖြင့် ကုန်ချောအဖြစ် ထုတ်လုပ်မှုကို တိုးမြှင့်နိုင်မည်ဆိုပါက ပြည်နယ်အတွင်း လိုအပ်ချက်ကို ဖူလုံစေမည့်အပြင် ပြည်တွင်းလိုအပ်ချက်ကိုပါ ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ပါသည်။ ထို့ပြင်နယ်စပ်ဒေသလည်းဖြစ်၍ ပြည်ပသို့ တင်ပို့နိုင်မည်ဆိုပါက ဒေသခံများ၏ လူမှုစီးပွားဘဝ အဆင်ပြေတိုးတက်မည့်အပြင် နိုင်ငံအတွက် ဝင်ငွေလည်း တိုးတက်လာနိုင်မည်ဖြစ်ပါသည်။

နိုင်ငံတော်အစိုးရသည် တပ်မတော်အပါအဝင် တိုင်းရင်းသားပြည်သူများနှင့်အတူ ပူးပေါင်းပြီး စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ကို အရင်းတည်ကာ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို အမျိုးသားနိုင်ငံရေးတာဝန်များအဖြစ် ထာဝစဉ်ထိန်းသိမ်းကာကွယ်စောင့်ရှောက်သွားမည် ဖြစ်ပါသည်။

မိမိတို့ပြည်သူအားလုံး မျှော်မှန်းတောင့်တသည့် အေးချမ်းသာယာသော နိုင်ငံတော်ကြီးကို တည်ဆောက်နိုင်ရန် မရှိမဖြစ်လိုအပ်သည့် ပြည်ထောင်စုကြီးတစ်ခုလုံး ငြိမ်းချမ်းရေးရရှိစေရန် NCA လမ်းကြောင်းအတိုင်း ဆောင်ရွက်ရမည်ဖြစ်ပါသည်။ မိမိတို့နိုင်ငံ၏ ငြိမ်းချမ်းရေးကို ဖော်ဆောင်ရာတွင် တိုင်းရင်းသားညီအစ်ကို အချင်းချင်း ပြည်ထောင်စုစိတ်ဓာတ်အရင်းခံကာ နိုင်ငံရေးနည်းလမ်းအရ တွေ့ဆုံဆွေးနွေးအဖြေရှာခြင်းဖြင့်သာ အောင်မြင်နိုင်မည်ဖြစ်ပါသည်။ တိုင်းရင်းသား ပြည်သူအားလုံး စည်းလုံးညီညွတ်သော စုပေါင်းအားဖြင့် နိုင်ငံ့အကျိုးကို တက်ညီလက်ညီဆောင်ရွက်သွားကြရန် တိုက်တွန်းလိုပါသည်။

လွတ်လပ်ရေးရပြီးချိန်ကတည်းကစပြီး ယခုအချိန်ထိ ကချင်ပြည်နယ်အပါအဝင် အထူးသဖြင့်နယ်စပ်ဒေသ၊ တိုင်းရင်းသားများ နေထိုင်ရာဒေသများတွင် တည်ငြိမ်အေးချမ်းမှု မရှိခဲ့သဖြင့် ဒေသခံတိုင်းရင်းသားပြည်သူများမှာ လွတ်လပ်ရေး၏ အရသာကို အပြည့်အဝမခံစားရသေးဘဲ လူမှုဒုက္ခများကို ရင်ဆိုင်နေကြရဆဲဖြစ်ပါသည်။ ထိုကဲ့သို့သော အဖြစ်ဆိုးကို မိမိတို့၏ လက်ထက်တွင် ချုပ်ငြိမ်းစေပြီး ထာဝရငြိမ်းချမ်းရေးနှင့်အတူ ဖွံ့ဖြိုးတိုးတက်သောနိုင်ငံကိုတည်ဆောက်ပြီး အနာဂတ်အတွက် ကောင်းမွန်သည့်အမွေကို လွှဲပြောင်းပေးနိုင်ရေး ကြိုးစားဆောင်ရွက်ကြရန် လိုအပ်နေပြီဖြစ်ကြောင်း အသိပေးတိုက်တွန်း မှာကြားလိုပါသည်။

နိဂုံးချုပ်အနေဖြင့် ကချင်ပြည်နယ်မှ မိဘပြည်သူ တိုင်းရင်းသားညီအစ်ကို မောင်နှမများအပါအဝင် နိုင်ငံနှင့် လူမျိုးကို အမှန်တကယ်ချစ်မြတ်နိုးကြသည့် တိုင်းရင်းသား

ပြည်သူများသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ ထာဝရငြိမ်းချမ်းရေး၊ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေး၊ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး၊ ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့်ပြည်ထောင်စု တည်ဆောက်ရေးလုပ်ငန်းများတွင် မိမိတို့ကျရာကဏ္ဍအလိုက် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ဝိုင်းဝန်းပါဝင် ကြိုးပမ်း တည်ဆောက်သွားကြရန် အလေးအနက်ထားတိုက်တွန်း ရင်း (၇၆) နှစ်မြောက် ကချင်ပြည်နယ်နေ့သို့ ဤဂုဏ်ပြု သဝဏ်လွှာ ပေးပို့အပ်ပါသည်။

■ ■ ■

# ကရင်အမျိုးသားနှစ်သစ်ကူးနေ့သို့ ပေးပို့သည့် သဝဏ်လွှာ

## ( ၁၁ - ၁ - ၂၀၂၄ )

**ချစ်ခင်လေးစားအပ်ပါသော မြန်မာနိုင်ငံအတွင်းရှိ မိဘပြည်သူများနှင့် ကရင်တိုင်းရင်းသား ညီအစ်ကိုမောင်နှမများခင်ဗျာ–**

ယနေ့ ခရစ်နှစ် ၂၀၂၄ ခုနှစ် ဇန်နဝါရီလ ၁၁ ရက်၊ ကရင်သက္ကရာဇ် ၂၇၆၃ ခုနှစ်၊ မြန်မာသက္ကရာဇ် ၁၃၈၅ ခု ပြာသိုလဆန်း ၁ ရက်နေ့သည် ကရင်တိုင်းရင်းသား ညီအစ်ကိုမောင်နှမများ မြတ်နိုးတန်ဖိုးထားသည့် ကရင်အမျိုးသားနှစ်သစ်ကူး နေ့ထူးနေ့မြတ်ဖြစ်ပါသည်။ ကရင်နှစ်သစ်ကူးအခါသမယတွင် ကရင်တိုင်းရင်းသားများအပါအဝင် မိဘပြည်သူအားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းစသည့် ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် နှုတ်ခွန်းဆက်သအပ်ပါသည်။

ကမ္ဘာပေါ်ရှိ လူမျိုးအသီးသီးတို့သည် ရေးပဝေသဏီကပင် မိမိတို့ဆိုင်ရာ လူမျိုးအလိုက်စုပေါင်း၍ ရေကြည်ရာ မြက်နုရာဒေသများသို့ အဆင့်ဆင့်ရွှေ့ပြောင်း နေထိုင်အခြေချခဲ့ကြသည်။ ကရင်လူမျိုးတို့သည် ဘီစီ ၇၃၉ ခုနှစ်၌ မြန်မာနိုင်ငံအတွင်းသို့ ရောက်ရှိ အခြေချနေထိုင်လာခဲ့ခြင်းကြောင့် ကရင်အမျိုးသားများ စတင်ရောက်ရှိခဲ့သည့် ဘီစီ ၇၃၉ ခုနှစ်ကို အခြေခံပြီး တွက်ချက်လာခဲ့ကြရာ ယခုနှစ်သည် ကရင်သက္ကရာဇ် ၂၇၆၃ ခုနှစ် ဖြစ်ပါသည်။

ယခုနှစ်တွင် ကျရောက်သည့် ကရင်သက္ကရာဇ် ၂၇၆၃ ခုနှစ်၊ သလေး (စကောကရင်) (၁) ရက်နေ့နှင့် ထိုင်ခေါက်ဖို (ပိုးကရင်) (၁) ရက်နေ့သည် ကရင်တိုင်းရင်းသားတို့၏ ကရင်အမျိုးသားနှစ်သစ်ကူးနေ့ဖြစ်ပါသည်။ မြန်မာသက္ကရာဇ်အရဆိုပါက ၁၃၈၅ ခုနှစ် ပြာသိုလဆန်း (၁) ရက်နေ့ ဖြစ်ပါသည်။ ကရင်နှစ်သစ်ကူးနေ့ကို နိုင်ငံတော်အစိုးရက မြန်မာတစ်နိုင်ငံလုံး တရားဝင် ရုံးပိတ်ရက်အဖြစ် ဂုဏ်ပြု သတ်မှတ်ပေးထားပါသည်။

**ချစ်ခင်လေးစားအပ်ပါသော တိုင်းရင်းသားမိဘပြည်သူ ညီအစ်ကို မောင်နှမများ ခင်ဗျာ–**

ကရင်အမျိုးသားဆိုသည်မှာ လူမျိုးတစ်ခုတည်း၏ အမျိုးဇာတိ၊ ဘာသာအယူဝါဒ၊ ယုံကြည်ကိုးကွယ်မှုတို့နှင့် မသက်ဆိုင်ဘဲ အားလုံးသော ကရင်မျိုးနွယ်များ၊ မျိုးနွယ်စုများ၊ မိသားစုဝင်အနွယ်တူ လူမျိုးများအားလုံးကို စုပေါင်း၍ ခေါ်ဆိုခြင်းဖြစ်ပါသည်။ ကရင်မျိုးနွယ်စု ၁၁ မျိုးရှိပြီး ၎င်းတို့မှာ ကရင်လူမျိုး၊ ကရင်ဖြူလူမျိုး (ဂေဘားကရင်)၊ ပလေကီးလူမျိုး (ပလေချီး)၊ မွန်ကရင်လူမျိုး (စာဖြူ) (အရှေ့ပိုးကရင်)၊ စကောကရင်လူမျိုး၊ တလေ့ပွာလူမျိုး (တလေ့ပွား)၊ ပကူးလူမျိုး၊ ဘွဲလူမျိုး၊ မောနေပွားလူမျိုး၊ မိုးပွလူမျိုး(မိုးပွား)၊ ပိုးကရင်လူမျိုး(ရှိ) (အနောက်ပိုးကရင်) တို့ဖြစ်သည်ကို တွေ့ရှိရပါသည်။ ကရင်လူမျိုးများတွင် စကောကရင်နှင့် ပိုးကရင်ဟူ၍ အဓိကလူမျိုးစုကြီးနှစ်စုရှိပြီး ယဉ်ကျေးမှုဓလေ့စရိုက်နှင့် အသုံးပြုသော ဘာသာစကားတွင် ကွဲပြားခြားနားမှုရှိသည်ကို တွေ့ရှိရပါသည်။

ကရင်တိုင်းရင်းသားများသည် မြန်မာတိုင်းရင်းသားများဖြစ်သည်နှင့်အညီ ကရင်ပြည်နယ်နှင့် မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် နေထိုင်ခဲ့ကြပါသည်။ အထူးသဖြင့် မွန်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးတို့တွင် ပျံ့နှံ့နေထိုင်လျက်ရှိကြပါသည်။ သမိုင်းတစ်လျှောက် မြန်မာနိုင်ငံအနှံ့ တိုင်းရင်းသားအားလုံးနှင့် အေးအတူပူအမျှ စည်းလုံးညီညွတ်စွာ အတူယှဉ်တွဲနေထိုင်ခဲ့ကြပါသည်။ ထို့မျှသာမက မိမိတို့နိုင်ငံ သူ့ကျွန်လက်အောက် ကျရောက်ခဲ့စဉ်ကလည်း နိုင်ငံလွတ်လပ်ရေးအတွက် မျိုးချစ်စိတ်၊ တိုင်းချစ်ပြည်ချစ်စိတ်၊ နိုင်ငံချစ်စိတ်အပြည့်ဖြင့် တိုင်းရင်းသားအားလုံးနှင့်အတူ အသက်၊ သွေး၊ ချွေးစတေး၍ တိုက်ပွဲဝင်ခဲ့ကြသည်မှာ လေးစားဂုဏ်ယူဖွယ်ရာဖြစ်ပါသည်။

ကရင်ပြည်နယ်၏ အထင်ကရနေရာအမှတ်အသားသည် ဇွဲကပင်တောင်ဖြစ်သကဲ့သို့ ကရင်တိုင်းရင်းသားတို့၏ ကိုယ်စားပြုယဉ်ကျေးမှု သင်္ကေတမှာ ဖားစည်နှင့် ကျွဲချိုဖြစ်ပါသည်။ ကရင်မျိုးနွယ်စုအားလုံးတို့သည် နှစ်သစ်ကူးပွဲ၊ အိမ်သစ်တက်ပွဲ၊ ကောက်သစ်စားပွဲ၊ လိပ်ပြာ

ခေါ်ပွဲ၊ ဝါခေါင်လချည်ဖြူပွဲ၊ မင်္ဂလာပွဲတော်စသည့် ဘာသာရေးဆိုင်ရာနှင့် ရိုးရာပွဲတော်များကို သတ်မှတ်ကာလအလိုက် ပြုလုပ်ကျင်းပကြပါသည်။ ထို့ပြင် ကရင်လူမျိုးတို့၏ ကရင်ဒုံးအကသည် မြူးကြွသွက်လက်၍ လူကြိုက်များသော အကဖြစ်ပြီး ပြည်တွင်း၌သာမက ကမ္ဘာအနှံ့အထိ ပျံ့နှံ့ကာ နိုင်ငံတကာက စိတ်ဝင်စားနှစ်ခြိုက်မြတ်နိုးကြသည့် မိမိတို့ တိုင်းရင်းသား ကိုယ်ပိုင်ယဉ်ကျေးမှု အကတစ်ခု ဖြစ်ပါသည်။

မြန်မာနိုင်ငံအတွင်း နေထိုင်ကြသည့် ကရင်တိုင်းရင်းသားများနှင့် အနယ်နယ်အရပ်ရပ်ရှိ ကရင်တိုင်းရင်းသားညီအစ်ကိုမောင်နှမများ အားလုံးအနေဖြင့် စည်းလုံးညီညွတ်ခြင်းများနှင့်အတူ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းများကို သားစဉ်မြေးဆက် လက်ဆင့်ကမ်းထိန်းသိမ်းစောင့်ရှောက်သွားကြရမည်ဖြစ်ပါသည်။ တိုင်းရင်းသားအားလုံးတို့သည် မိမိတို့၏ကောင်းမြတ်သော အစဉ်အလာများကို အစဉ်အမြဲထိန်းသိမ်း စောင့်ရှောက်သွားမည်ဆိုပါက ပြည်ထောင်စုကြီး စည်းလုံးညီညွတ်စွာဖြင့် အရှည်တည်တံ့ ခိုင်မြဲနေမည်ဖြစ်ပါသည်။

ထို့ကြောင့် ကရင်တိုင်းရင်းသားများအနေဖြင့် မိမိတို့၏ တိုင်းရင်းသားစာပေ၊ ဘာသာစကား၊ ယဉ်ကျေးမှု၊ အနုပညာ၊ ရိုးရာဓလေ့ထုံးတမ်း၊ သမိုင်းအမွေအနှစ်များ ဘိုးဘွားဘီဘင် အစဉ်အဆက် လက်ဆင့်ကမ်း ထိန်းသိမ်းလာခဲ့ကြသကဲ့သို့ ရိုးသားမှု၊ ကြိုးစားမှု၊ သစ္စာရှိမှု၊ တိကျပြတ်သားစွာ ဆောင်ရွက်တတ်မှုစသည့် အစဉ်အလာကောင်းများကို နောင်အနာဂတ် တိုင်းရင်းသားလူငယ်မျိုးဆက်သစ်များက ဆက်လက်ထိန်းသိမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းလိုပါသည်။

**ချစ်ခင်လေးစားအပ်ပါသော တိုင်းရင်းသား မိဘပြည်သူ ညီအစ်ကို မောင်နှမများ ခင်ဗျာ–**

မိမိတို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် တိုင်းရင်းသားပြည်သူများ၏ ဆန္ဒနှင့်အညီ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီး တည်ဆောက်ရေးအတွက် ရည်မှန်းချက်များနှင့် ရှေ့လုပ်ငန်းစဉ် (၅)ရပ်၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဦးတည်ချက် (၉) ရပ်တို့ကို ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများနှင့် ဝန်ကြီးဌာနများနှင့်အတူ ဒေသအလိုက် အကောင်အထည်ဖော် ဆောင်ရွက်ရသော တိုင်းဒေသကြီး၊ ပြည်နယ်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အစိုးရအဖွဲ့များက ရည်မှန်းချက်များအောင်မြင်ရေး အလေးထားအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

မိမိတို့နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများအားလုံး ပူးပေါင်း၍ ညီညီညွတ်ညွတ်ဆောင်ရွက်သွားကြရမည်ဖြစ်ပါသည်။ နိုင်ငံတော်အနေဖြင့် ပြည်သူများအတွက် တည်ငြိမ်အေးချမ်းရေးနှင့်အဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်စေရေး ဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ လူမှုစီးပွားဘဝဖွံ့ဖြိုး တိုးတက်စေရန် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုး၊ မွေးမြူရေးကို ဦးစားပေး ဆောင်ရွက်ပေးလျက်ရှိပါသည်။ ၎င်းမှတစ်ဆင့် ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်လာစေရန် ကြိုးပမ်းအကောင်အထည်ဖော်လျက်ရှိပါသည်။

၎င်းအပြင် နိုင်ငံနှင့် ပြည်သူလူထုအတွက် အကျိုးရှိပြီး ရေရှည်အာမခံချက်ရှိသော စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံနိုင်ပါက လုပ်ငန်းရှင်၊ အလုပ်သမား၊ နိုင်ငံတော်နှင့် ပြည်သူအကျိုးများစွာ ရရှိနိုင်သည့်အတွက် ရင်းနှီးမြှုပ်နှံမှုများကို အားပေးဆောင်ရွက်လျက်ရှိပါသည်။ မိမိတို့နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံ့စီးပွားရေး အင်အားတောင့်တင်း ခိုင်မာရန်မှာလည်း အဓိကလိုအပ်ချက်တစ်ရပ် ဖြစ်ပါသည်။ ဒေသအလိုက်စိုက်ပျိုးရေးနှင့် မွေးမြူရေး သဘာဝထွက်ကုန်များကို အခြေခံသော MSME လုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်ရေးအတွက် အခြေခံသွင်းအားစုများ တိုက်ရိုက်တင်သွင်းနိုင်ရေးဆောင်ရွက်၍ စီးပွားရေးကို မြှင့်တင်ကြရမည် ဖြစ်ပါသည်။

ပြည်နယ်အတွင်း ထွက်ရှိသည့် ကုန်ကြမ်းများကို အခြေပြုပြီး **"ဒေသတစ်ခု ထုတ်ကုန်တစ်ခု"** ဖြစ်အောင် ကြိုးစားလုပ်ဆောင်သွားနိုင်ပါက တိုင်းရင်းသားတို့၏ လူမှုစီးပွားဘဝကို မြှင့်တင်ပေးနိုင်မည်ဖြစ်ပြီး တစ်ဖက်တစ်လမ်းကလည်း နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုမည်ဖြစ်ကြောင်း တိုက်တွန်းမှာကြားလိုပါသည်။

**ချစ်ခင်လေးစားအပ်ပါသော တိုင်းရင်းသား မိဘပြည်သူ ညီအစ်ကို မောင်နှမများ ခင်ဗျာ–**

ယခုအချိန်တွင် ကရင်ပြည်နယ် ဒေသအချို့ အပါအဝင် နိုင်ငံတော်အတွင်း ဖြစ်ပေါ်နေသည့် ပဋိပက္ခများကြောင့် နိုင်ငံတော်နှင့်ပြည်သူအားလုံး ဘက်ပေါင်းစုံမှ များစွာထိခိုက်နစ်နာမှုများ ဖြစ်ပေါ်လျက်ရှိပါသည်။ အမှန်တရားအပေါ် အခြေမပြုဘဲ ပြည်တွင်းပြည်ပ သွေးထိုးမြှောက်ပင့်မှုများနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အချို့၏ အားပေးကူညီမှုများကြောင့် ဖြစ်ပေါ်နေသည့် ဆူပူအကြမ်းဖက်မှုများနှင့် တိုက်ပွဲများ၏ ဆိုးကျိုးနှင့် ဆင်းရဲဒုက္ခကို လက်တွေ့ခံစားနေကြရသူများမှာ တိုင်းရင်းသားပြည်သူများသာ ဖြစ်ပါသည်။ အသက်ဘေးလွတ်ရာသို့ ထွက်ပြေးတိမ်းရှောင်ကြရပြီး စားဝတ်နေရေး၊ ကျန်းမာရေး၊ ပညာရေး စသည့် ဘက်ပေါင်းစုံတွင် အခက်အခဲများစွာကို ရင်ဆိုင်နေကြရပါသည်။ အချိန်ကာလကြာမြင့်စွာ အချိန်ယူတည်ဆောက်ခဲ့ရသည့် ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုများမှာ ပျက်စီးဆုံးရှုံးပြီး မူလအခြေအနေ ပြန်လည်ရရှိရန် အချိန်ကာလ၊ လူအင်အား၊ ငွေအင်အား ဘက်ပေါင်းစုံမှ ကြိုးစားတည်ဆောက်ကြရမည်ဖြစ်ပါသည်။

နိုင်ငံအတွင်းဖြစ်ပွားနေသည့် ဆူပူအကြမ်းဖက်မှုများနှင့် လက်နက်ကိုင်ပဋိပက္ခများကြောင့် ပျက်စီးဆုံးရှုံးသွားသမျှသော အသက်ခန္ဓာများနှင့် အရာဝတ္ထုအားလုံးမှာ မိမိတို့နိုင်ငံ၏ အဖိုးတန် အရင်းအမြစ်များပင်ဖြစ်ပါသည်။ တည်ငြိမ်အေးချမ်းမှုမရှိသော နေရာဒေသသည် ဖွံ့ဖြိုးတိုးတက်မှုနှင့် သာယာဝပြောမှု ကင်းဝေးလျက် ဒေသခံတိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝမှာလည်း နိမ့်ကျလျက်ရှိနေမည်ဆိုသည့်အချက်ကို အားလုံးက သတိပြုအလေးအနက် ထားကြစေလိုပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ဒို့တာဝန်အရေးသုံးပါးဖြစ်သည့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးကို အမျိုးသားရေး ခံယူချက်ဖြင့် ဆောင်ရွက်လျက်ရှိပါသည်။ အဆိုပါ အမျိုးသားရေးလုပ်ငန်းသုံးရပ်ကို အခြေခံသော ဖွဲ့စည်းပုံအခြေခံ ဥပဒေဖြင့် နိုင်ငံတော်ကို တည်ဆောက်ပေးထားခြင်းဖြစ်ပြီး ခိုင်ခိုင်မာမာ ဆောင်ရွက်ထားခြင်းဖြစ်သဖြင့် လုံးဝအထိခိုက်ခံမည် မဟုတ်ပါကြောင်း အလေးအနက်ပြောကြားလိုပါသည်။

ထို့ပြင် နိုင်ငံတော်ငြိမ်းချမ်းရေးအတွက် အစဉ်ထာဝရ တံခါးဖွင့် ကြိုဆိုလျက်ရှိပြီး အခက်အခဲမှန်သမျှကို လက်နက်ကိုင်လမ်းစဉ်ဖြင့် မဖြေရှင်းဘဲ ဆွေးနွေးညှိနှိုင်းခြင်းဖြင့် NCA ပါ သဘောတူညီချက်များနှင့်အညီ လက်တွဲဖြေရှင်းဆောင်ရွက်နိုင်ကြပါရန် တိုင်းရင်းသား အဖွဲ့အစည်းများအားလုံးကို အမြဲလက်ကမ်းဖိတ်ခေါ် ကြိုဆိုလျက်ရှိပါကြောင်း ထပ်လောင်းပြောကြားလိုပါသည်။

ယနေ့ မိမိတို့နိုင်ငံအတွက် လိုအပ်လျက်ရှိသော တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကရင်ပြည်နယ် အပါအဝင် တိုင်းရင်းသားပြည်သူအားလုံးက ဝိုင်းဝန်းအကောင်အထည်ဖော် ဆောင်ရွက်နိုင်မှသာလျှင် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံအဖြစ် ကမ္ဘာ့အလယ်တွင် ရပ်တည်နိုင်မည် ဖြစ်ပါသည်။ မိမိတို့နေထိုင်ရာဒေသများတွင် တိုက်ပွဲများနှင့် ဆူပူအကြမ်းဖက်မှုများ လျော့နည်းပပျောက်လာအောင် အချင်းချင်းဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ပြီး တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်စွာဖြင့် ပြည်ထောင်စုကြီး အေးချမ်းသာယာဝပြောရေး ဆောင်ရွက်ကြကာ နိုင်ငံနှင့်ပြည်သူအကျိုးကို အကောင်အထည်ဖော်ဆောင်ရွက်ပေးကြပါရန် တိုက်တွန်းနှိုးဆော်လျက် ကရင်အမျိုးသားနှစ်သစ်ကူးနေ့ သဝဏ်လွှာ ပေးပို့အပ်ပါသည်။

■ ■ ■

# (၇၂) နှစ်မြောက် ကယားပြည်နယ်နေ့အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာ

## ( ၁၅ - ၁ - ၂၀၂၄ )

**ချစ်ခင်လေးစားအပ်ပါသော ကယားပြည်နယ်အတွင်းရှိ တိုင်းရင်းသားပြည်သူညီအစ်ကို မောင်နှမများခင်ဗျား–**

ယနေ့ဇန်နဝါရီလ ၁၅ ရက်နေ့သည် ကယားပြည်နယ် အတွင်းရှိ တိုင်းရင်းသားညီအစ်ကိုမောင်နှမများနှင့် ကယား တိုင်းရင်းသားများအတွက် မင်္ဂလာအပေါင်းနှင့် ပြည့်စုံသော ကယားပြည်နယ်နေ့ ဖြစ်ပါသည်။

ယခုကဲ့သို့နှစ်သစ်ကူးအခါသမယတွင် ကျရောက်သည့် ကယားပြည်နယ်နေ့၌ ကယားတိုင်းရင်းသားများနှင့် ပြည်ထောင်စုဖွား တိုင်းရင်းသားများအားလုံး ကိုယ်၏ ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့် ပြည့်စုံကြပါစေ ကြောင်း ဆုမွန်ကောင်းတောင်းလျက် နှုတ်ခွန်းဆက်သ အပ်ပါသည်။

၁၉၄၇ ခုနှစ်၊ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေအရ ကရင်နီပြည်နယ်သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ ပြည်နယ်တစ်ခုအဖြစ် ပါဝင်ခဲ့ပြီး ၁၉၅၁ ခုနှစ်၊ ဖွဲ့စည်း အုပ်ချုပ်ပုံအခြေခံဥပဒေ ပြင်ဆင်ချက် အက်ဥပဒေအရ လူထုဆန္ဒဖြင့် ၁၉၅၂ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက်နေ့မှစ၍ ကရင်နီပြည်နယ်မှ ကယားပြည်နယ်အဖြစ် တရားဝင် ပြောင်းလဲခေါ်ဝေါ်ခဲ့ပါသည်။ ထိုသို့ကယားပြည်နယ်ဟု ပြောင်းလဲခေါ်ဝေါ်ခဲ့သည့်နေ့ရက်ကို **"ကယားပြည်နယ် နေ့"** အဖြစ် သတ်မှတ်ခဲ့ခြင်း ဖြစ်ပါသည်။

ကယားပြည်နယ်သည် မြန်မာနိုင်ငံ၏ အရှေ့ပိုင်း တောင်တန်းဒေသဖြစ်ပြီး တောတောင်ရေမြေသဘာဝ အလှတရားများ၊ မြေပေါ်မြေအောက်သယံဇာတများ ပေါ ကြွယ်ဝကာ ရိုးရာယဉ်ကျေးမှု အလှတရားများဖြင့် သာယာ လှပသော ပြည်နယ်ဖြစ်ပါသည်။ ရာသီဥတုမျှတပြီး ဒေသခံ တိုင်းရင်းသားများ၏ ရင်းနှီးဖော်ရွေမှု၊ ရိုးသားမှုတို့သည် ပြည်နယ်၏ နှစ်သက်စွဲလမ်းဖွယ်ရာ ဂုဏ်အင်္ဂါများပင် ဖြစ်ပါသည်။ သာယာလှပသည့်ရှုခင်း၊ သန့်ရှင်းသပ်ရပ်သည့် အခင်းအကျင်း၊ တိုင်းရင်းသားတို့၏ ပွင့်လင်းရိုးသားမှု၊ ဒေသခံသားချင်းများက ပြည်နယ်အကျိုးကို ဝိုင်းဝန်း ဆောင်ရွက်မှုတို့ကြောင့် ဖွံ့ဖြိုးတိုးတက်ပြီး ခိုင်ခိုင်မာမာ ရပ်တည်နိုင်ခဲ့သည့် ပြည်နယ်တစ်ခုလည်း ဖြစ်ပါသည်။

ထိုသို့ရရှိပြီး အခြေခံကောင်းများကို အမိအရ ဆုပ်ကိုင်၍ ကယားပြည်နယ် တည်ငြိမ်အေးချမ်းဖွံ့ဖြိုး တိုးတက်ရေးအတွက် ပြည်နယ်အတွင်းရှိ တိုင်းရင်းသား ပြည်သူများက နိုင်ငံတော်အစိုးရနှင့်အတူ ကြိုးပမ်း ဆောင်ရွက်သွားကြရန်နှင့် ထာဝရငြိမ်းချမ်းရေးကို သားစဉ်မြေးဆက် ခံစားနိုင်အောင် တည်ဆောက်သွား ကြရန် အထူးလိုအပ်နေချိန်ဖြစ်ပါသည်။

မိမိတို့မြန်မာနိုင်ငံသည် တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်ကြပြီး ကမ္ဘာ့အလယ်တွင် ထည်ထည် ဝါဝါ သိက္ခာရှိရှိ နှစ်ပေါင်းထောင်ချီ လွတ်လပ်စွာရပ်တည် နေထိုင်ခဲ့ကြပါသည်။ သို့သော်လည်း နယ်ချဲ့တို့မှ မတရား ကျူးကျော်စစ်သုံးကြိမ်ဖြင့် မြန်မာတစ်နိုင်ငံလုံးကို ကိုလိုနီနိုင်ငံအဖြစ် သွတ်သွင်းပြီး ကုပ်သွေးစုပ်ခြယ်လှယ် အုပ်ချုပ်ခဲ့ကြသည်မှာ အားလုံးအသိပင် ဖြစ်ပါသည်။

ထိုသို့မတရားဖိနှိပ်အုပ်ချုပ်မှုအောက်မှ တိုင်းရင်းသား အားလုံးက မျိုးချစ်စိတ်အပြည့်အဝဖြင့် အသက်သွေးချွေး မြောက်မြားစွာ ပေးဆပ်ကာ လွတ်လပ်ရေးအတွက် တိုက်ပွဲဝင် ကြိုးပမ်းခဲ့ကြပါသည်။ လွတ်လပ်ရေးရချိန်တွင် လွတ်လပ်ရေးနှင့်အတူ နယ်ချဲ့တို့၏ သွေးခွဲအုပ်ချုပ်သည့် အမွေဆိုးကြောင့် ပြည်ထောင်စုကြီးအတွင်း တိုင်းရင်းသား စည်းလုံးညီညွတ်မှုပြိုကွဲကာ ပြည်တွင်းရေး ပဋိပက္ခများ ဖြစ်ပေါ်လာခဲ့ပါသည်။ ယခုကာလတွင်လည်း ကယား ပြည်နယ်အပါအဝင် အထူးသဖြင့် တိုင်းရင်းသားများ နေထိုင်ရာ ဒေသများတွင် လက်နက်ကိုင် တိုက်ပွဲများ ဖော်ဆောင်နေခြင်း၊ ဆူပူအကြမ်းဖက်၊ ဖျက်ဆီးနှောင့်ယှက် မှုများကြောင့် ဒေသခံတိုင်းရင်းသားပြည်သူများ ဒုက္ခ များစွာ ခံစားနေကြရပြီး နိုင်ငံအတွက် အန္တရာယ်များ

လာနိုင်သဖြင့် သက်ဆိုင်သူအားလုံးနှင့် တိုင်းရင်းသားပြည်သူအားလုံးအနေဖြင့် တည်ငြိမ်အေးချမ်းရေးနှင့် ထာဝရငြိမ်းချမ်းရေးအတွက် အလေးထား စဉ်းစားဆောင်ရွက်သင့်ပြီဖြစ်ကြောင်း အသိပေးပြောကြားလိုပါသည်။

ကယားပြည်နယ်တွင်လည်းအကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ဒေသတွင်းတည်ငြိမ်နေမှုများ ပျက်ပြားအောင်ဆောင်ရွက်ခြင်း၊ မြို့ရွာများကို တိုက်ခိုက်ခြင်း၊ လမ်းပန်းဆက်သွယ်ရေး ကုန်စည်စီးဆင်းမှုပြတ်တောက်အောင် လမ်း၊ တံတားများကို မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်း စသည်တို့အပြင် အများပြည်သူပိုင် မော်တော်ယာဉ်များ၊ အဆောက်အအုံများ၊ ဈေးများဖျက်ဆီးခြင်း၊ ဘုန်းကြီးကျောင်းများ၊ ကလေးသူငယ်များ ပညာသင်ကြားနေသော စာသင်ကျောင်းများ၊ ခရစ်ယာန်ဘာသာရေးကျောင်းများ၊ ရုံးအဆောက်အဦးများအစရှိသည်တို့ကို ဖျက်ဆီးခဲ့ခြင်းများသည် လွန်စွာမှ အကျည်းတန်ရုပ်ဆိုးလှပြီး ပြည်သူလူထု အတိဒုက္ခရောက်စေခြင်းကို ဖြစ်ပေါ်စေခဲ့ပါသည်။

ထိုအခြေအနေများ၏ အကျိုးဆက်သည် ကယားပြည်နယ်နှင့် ဒေသခံတိုင်းရင်းသားတို့၏ ကောင်းကျိုးကို ဖော်ဆောင်နိုင်မည် မဟုတ်သကဲ့သို့ နိုင်ငံတော်နှင့် ပြည်သူအားလုံးအတွက် အန္တရာယ်ဖြစ်စေကြောင်း သတိထားဆင်ခြင်နိုင်ကြရန် လိုအပ်ပါသည်။

မိမိတို့ပြည်ထောင်စုဖွား တိုင်းရင်းသားများအနေဖြင့် မတူညီသော မိမိတို့ဆန္ဒများကို ရှေ့တန်းတင်ဆောင်ရွက်နေမည်ဆိုပါက အချင်းချင်းအကြား မပြေလည်မှုများ၊ ပဋိပက္ခများဖြင့် တည်ငြိမ်အေးချမ်းမှုကင်းမဲ့ကာ ဆင်းရဲဒုက္ခများကိုဆက်လက်ရင်ဆိုင်နေကြရမည်သာ ဖြစ်ပါသည်။ ထို့ကြောင့် နိုင်ငံတော်အတွင်းဖြစ်ပေါ်နေသော အခြေအနေများကို မှန်မှန်ကန်ကန်ရှုမြင်ပြီး ကောင်းကျိုးများ ဖြစ်ထွန်းလာအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရမည် ဖြစ်ပါသည်။

**ချစ်ခင်လေးစားအပ်ပါသော တိုင်းရင်းသားပြည်သူညီအစ်ကိုမောင်နှမများ ခင်ဗျား-**

တိုင်းရင်းသားပြည်သူအားလုံး၏ ဆန္ဒအမှန်မှာ အေးချမ်းသာယာဝပြောရေး၊ တရားဥပဒေစိုးမိုးရေး၊ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် စားဝတ်နေမှုဖူလုံရေးပင်ဖြစ်ပါသည်။ နိုင်ငံတော်တည်ငြိမ်အေးချမ်းပြီး တရားဥပဒေစိုးမိုးမှုရှိမှသာ တိုင်းရင်းသားပြည်သူများ အေးချမ်းစွာဖြင့် အသက်မွေးဝမ်းကျောင်းပြုနိုင်ကြမည်ဖြစ်ကာ လူမှုစီးပွားဘဝ တိုးတက်လာနိုင်မည်ဖြစ်ပါသည်။ လက်ရှိနိုင်ငံအတွင်း ကြုံတွေ့နေရသော အခက်အခဲများနှင့် ကြမ်းတမ်းခက်ထန်မှုများအတွက် အဓိကကျသောအဖြေမှာ အမျိုးသားရင်ကြားစေ့ရေး၊ စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးပင်ဖြစ်ပါသည်။ ထို့ကြောင့် ပြည်ထောင်စုအရေး၊ နိုင်ငံရေးနှင့် တိုင်းရင်းသားပြည်သူအားလုံး၏အရေးကို အလေးပေးကာ တည်ငြိမ်အေးချမ်းရေးနှင့် ထာဝရငြိမ်းချမ်းရေးအတွက် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် တိုင်းရင်းသားပြည်သူအားလုံးတို့က လက်တွဲညီစွာဖြင့် ဝိုင်းဝန်းဆောင်ရွက်သွားကြရန် တိုက်တွန်းလိုပါသည်။

နိုင်ငံတော်အစိုးရအနေဖြင့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့ကို အမျိုးသားရေးရည်မှန်းချက်အဖြစ် ချမှတ်ဆောင်ရွက်လျက်ရှိပါသည်။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးတို့ကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်လာအောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်လာစေရန် အားပေးမြှင့်တင်ဆောင်ရွက်လျက်ရှိပါသည်။ တိုးတက်ကောင်းမွန်လာသော စီးပွားရေး မောင်းနှင်အားကို မဏ္ဍိုင်ပြု၍ အသေးစား၊ အငယ်စား၊ အလတ်စားစီးပွားရေးလုပ်ငန်း(MSME)များကို အားပေးမြှင့်တင်ပေးလျက်ရှိပါသည်။ တိုင်းရင်းသားပြည်သူအားလုံးက အမျိုးသားရေးရည်မှန်းချက်များ အောင်မြင်ရေး ကျရာကဏ္ဍမှ ပါဝင်ဆောင်ရွက်သွားကြရမည် ဖြစ်ပါသည်။

နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအား အဓိကစွမ်းအားစုအဖြစ် ပါဝင်လာနိုင်ရေး မြှင့်တင်ဆောင်ရွက်ပေးကြရမည်ဖြစ်ပါသည်။ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့်ပြည်ထောင်စုတည်ဆောက်ရေးအတွက် လူငယ်လူရွယ်များအပါအဝင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးသည် အသိပညာ၊ အတတ်ပညာများ၊ စဉ်းစားတွေးခေါ်နိုင်သည့် စွမ်းရည်များ ပြည့်စုံကြရန် လိုအပ်ပါသည်။ နိုင်ငံတော်အစိုးရအနေဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်တည်ဆောက်ရေးအတွက်

လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်သည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

ပညာရေးသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတွင် အခြေခံအုတ်မြစ်ဖြစ်ပါသည်။ ထို့ကြောင့်လည်း လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ရေး လူမှုရေးဦးတည်ချက် ချမှတ်ဆောင်ရွက်လျက်ရှိပါသည်။ ကျောင်းနေအရွယ်ကလေးအားလုံး ပညာသင်ယူခွင့်ရရှိရေး၊ အနည်းဆုံးအလယ်တန်းအဆင့် (KG+9)ပြီးမြောက်သည်အထိ ပညာသင်ယူနိုင်ရေး၊ စက်မှု၊ စိုက်ပျိုးရေးနှင့် မွေးမြူရေး အသက်မွေးဝမ်းကျောင်းပညာကို အထက်တန်းအဆင့်တွင် သင်ယူနိုင်ရေးတို့ကို အကောင်အထည်ဖော်လျက်ရှိပါသည်။

လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေး၊ ပညာရည်မြင့်မားရေး၊ တိုင်းရင်းသားညီအစ်ကိုအားလုံး စည်းလုံးညီညွတ်ရေးတို့သည် အမျိုးသားရေးကိစ္စ၊ အမျိုးသားရေးအကျိုးစီးပွားပင်ဖြစ်ပါသည်။ လူငယ်များကို အတတ်ပညာနှင့်အတူ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်တို့ ရှင်သန်ကိန်းအောင်းလာပြီး အမှန်နှင့်အမှား၊ အကောင်းနှင့်အဆိုးကို စဉ်းစားဝေဖန်ပိုင်းခြားနိုင်စွမ်းရှိသော ဥပဒေနှင့် စည်းကမ်းများကို လေးစားလိုက်နာပြီး စွမ်းဆောင်ရည်မြင့်မားသည့် နိုင်ငံ့သားကောင်းများ ဖြစ်လာစေရန် ပြုစုပျိုးထောင်ပေးကြရပါမည်။ သို့မှသာ ဗလငါးတန်နှင့်ပြည့်စုံပြီး စွမ်းဆောင်ရည်မြင့်မားသည့် မျိုးဆက်သစ်များအဖြစ် အနာဂတ်နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်နိုင်ကြမည် ဖြစ်ပါသည်။

**ချစ်ခင်လေးစားအပ်ပါသော တိုင်းရင်းသားပြည်သူညီအစ်ကိုမောင်နှမများ ခင်ဗျား-**

ပြည်ထောင်စုကြီး အဓွန့်ရှည်တည်တံ့ခိုင်မြဲရေးအတွက် အမျိုးသားရေးတာဝန်ဖြစ်သည့် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားပြီး တိုင်းရင်းသားပြည်သူများအကြား တိုင်းရင်းသား စည်းလုံးညီညွတ်ရေးစိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ်အခြေခံကောင်းများ ပွားများဖြစ်ထွန်းအောင် ကြိုးပမ်းဆောင်ရွက်ကြရမည် ဖြစ်ပါသည်။

မိမိတို့ ပြည်ထောင်စုဖွား တိုင်းရင်းသားညီအစ်ကိုမောင်နှမများအကြား အပြန်အလှန်လေးစားမှု၊ နားလည်မှု၊ ယုံကြည်မှုများဖြင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီး တည်ဆောက်ကြရာတွင် ကယားပြည်နယ်ရှိ တိုင်းရင်းသားများကလည်း အတွေးအခေါ် အယူအဆမှန်ကန်စွာဖြင့် စည်းလုံးညီညွတ်စွာဖြင့် ဝိုင်းဝန်းပူးပေါင်း ပါဝင်ဆောင်ရွက်သွားကြရန် အလေးအနက် တိုက်တွန်းလျက် သဝဏ်လွှာပေးပို့အပ်ပါသည်။

■ ■ ■

# (၇၆) ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေး စာမေးပွဲတွင် တိပိဋကဓရ တိပိဋကကောဝိဒ ဘွဲ့တံဆိပ်တော်မြတ် အလှူခံရရှိတော်မူမည့် ဘဒ္ဒန္တပညာသိရီလင်္ကာရဆရာတော်ထံသို့ ပေးပို့ ဆက်ကပ်သည့် ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာ

( ၂၇ - ၁ - ၂၀၂၄ )

**ဝမ်းမြောက်စွာလျှောက်ထားအပ်ပါသည်ဘုရား–**

ယခုနှစ် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေး စာမေးပွဲကို ယမန်နှစ်ကုန်ပိုင်းနှင့် ယခုနှစ်နှစ်ဦးအစတွင် ရန်ကုန်မြို့၊ ကမ္ဘာအေးကုန်းမြေ၊ ဆဋ္ဌသင်္ဂါယနာ မဟာပါသာဏ လိုဏ်ဂူသိမ်တော်ကြီးတွင် ကျင်းပနေကြောင်း သိရှိရပါသည်ဘုရား။

တပည့်တော်အနေဖြင့် မြန်မာနိုင်ငံတွင်သာမက ကမ္ဘာပေါ်တွင် အဆင့်မြင့်ဆုံး ရက်အရှည်ဆုံးကျင်းပသည့် တိပိဋကဓရ တိပိဋက ကောဝိဒရွေးချယ်ရေးစာမေးပွဲကြီးတွင် တိပိဋကဓရဘွဲ့တံဆိပ်တော်ရ၊ တိပိဋကကောဝိဒ ဘွဲ့တံဆိပ်တော်ရ ဆရာတော်များ ပေါ်ထွန်းစေချင်သည့် ဆန္ဒရှိပါသည်ဘုရား။

ထို့ကြောင့်ပင် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးအဖွဲ့ ဆရာတော်ကြီးများ အပြီးသတ်ဆုံးဖြတ်၍ ထုတ်ပြန်လာမည့် အောင်စာရင်းစောင့်မျှော်နေခဲ့ရာ ဆရာတော်သည် ယခုနှစ် (၇၆) ကြိမ်မြောက် ကျင်းပသော စာမေးပွဲကြီးတွင် အဘိဓမ္မာနောက်ပိုင်းဖြစ်သော ယမကနှင့် ပဋ္ဌာနဟူသော ခက်ခဲနက်နဲလှသော ကျမ်းနှစ်ဆူ၏ ခက်ရာ ခက်ဆစ်သဘောအဓိပ္ပာယ်များကို အောင်မြင်စွာဖြေဆိုနိုင်ခဲ့သဖြင့် တိပိဋကဓရ တိပိဋကကောဝိဒဘွဲ့တံဆိပ်တော်၊ အောင်လက်မှတ်၊ အရိုးဝါကနက္ကဒဏ်ထီးဖြူတော် (၃)လက် အမှတ်တံဆိပ်ပါ သာသနာ့အောင်လံတော်ကိုခံယူရရှိမည်ဖြစ်သောကြောင့်အတိုင်းမသိဂုဏ်ယူဝမ်းမြောက်ကာ ဖရဏာပီတိဂွမ်းဆီထိသကဲ့သို့ ခံစားရပါသည်ဘုရား။

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနရှိ အချက်အလက်များအရ ဆရာတော်သည် စစ်ကိုင်းတိုင်းဒေသကြီး၊ မြင်းမူမြို့နယ်၊ ခွက်ခွင်း စံပြကျေးရွာတွင် ဖွားမြင်တော်မူခဲ့ကြောင်း၊ ၁၃၄၆–ခုနှစ်တွင် မုံရွာမြို့ ပဓာနတာရုံကျောင်းတိုက်ဆရာတော်ဘဒ္ဒန္တနာဂဝံသ(အဂ္ဂမဟာပဏ္ဍိတ)ကို ဥပဇ္ဈာယ်ပြု၍ မြင့်မြတ်သော ရဟန်းအဖြစ်သို့ရောက်ရှိတော်မူခဲ့ကြောင်း၊ ဆရာတော်သည် သာမဏေကျော်၊ သာသနဓဇ ဓမ္မာစရိယ၊ ဝိနယဓရ၊ ဝိနယကောဝိဒ၊ ဒီဃဘာဏက၊ ဒီဃနိကာယကောဝိဒ စသည့်ဘွဲ့တော်များ အောင်မြင်ရရှိတော်မူပြီး ဆက်လက်၍ အားထုတ်တော်မူရာ ၁၃၇၃–ခုနှစ်တွင် ကျင်းပသော (၆၄)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒရွေးချယ်ရေးစာမေးပွဲတွင် သင်ရိုးပိဋကတ်သုံးပုံဟု ဆိုအပ်သော ဝိနည်းငါးကျမ်း၊ သုတ်သုံးကျမ်း၊ အဘိဓမ္မာခုနစ်ကျမ်းတို့ကို ခက်ခဲနက်နဲစွာလေ့လာကျက်မှတ်၍ သတ်မှတ်အချိန် သတ်မှတ်ရက်အတွင်း၊ သတ်မှတ်စာမျက်နှာ သတ်မှတ်ကျမ်းစာများကို အာဂုံ ပြန်ဆိုနိုင်ခဲ့ပြီး အာဘိဓမ္မိက ဘွဲ့တံဆိပ်တော်နှင့် တိပိဋကဓရ ဘွဲ့တံဆိပ်တော်တို့ကို ရရှိတော်မူခဲ့ကြောင်း သိရှိရပါသည်ဘုရား။

တပည့်တော်များ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအစိုးရ လက်ထက် ယခုနှစ်ကျင်းပသော (၇၆) ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒရွေးချယ်ရေးစာမေးပွဲတွင် သင်ရိုးပိဋကတ်တော်များ၏ အဖွင့်ကျမ်းများဖြစ်သော အဋ္ဌကထာ၊ ဋီကာ၊ အနုဋီကာ၊ ယောဇနာ၊ ဂဏ္ဌိ၊ နိဿယများလာ ခက်ခဲနက်နဲသော သဘောအဓိပ္ပာယ်တို့ကို ဆရာတော်၏ သဒ္ဓါစွမ်းအား၊ သတိစွမ်းအား၊ သမာဓိစွမ်းအား၊ ပညာစွမ်းအားတို့ဖြင့် ဖြေဆိုအောင်မြင်ခဲ့ပြီးဖြစ်၍ နိုင်ငံတော်မှ ဆက်ကပ်သော တိပိဋကဓရ တိပိဋကကောဝိဒ ဘွဲ့တံဆိပ်တော်ကို

အလှူခံရရှိတော်မူမည်ဖြစ်ရာ ဆရာတော်သည် ပရိယတ္တိ သာသနာအတွက် တပည့်ရဟန်းသံဃာများအား စာပေ ပို့ချခြင်းစသော သာသနာပြုလုပ်ငန်းများ ကျန်းမာ ချမ်းသာစွာဖြင့် ဆောင်ရွက်တော်မူနိုင်ပါမည့်အကြောင်း ယခုကဲ့သို့ တိပိဋကဓရ တိပိဋကကောဝိဒ ဘွဲ့တံဆိပ်တော် ဆွတ်ခူးရရှိတော်မူသဖြင့် (၁၆)ပါးမြောက် တိပိဋကဓရ တိပိဋကကောဝိဒ သာသနာ့အာဇာနည်အဖြစ် ပေါ်ထွန်း လာခြင်းကိုလည်း အထူးပင်ဂုဏ်ယူဝမ်းမြောက်ကြောင်း ထပ်လောင်းလျှောက်ထားအပ်ပါသည်ဘုရား။

■ ■ ■

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
# ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော် တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

ISBN 978-99986-56-14-7
9 789998 656147